http://www.dhammadownload.com

အဖိုးတန်ဆုံးဘဝပညာ
အထူးရက်တို့ အဘိဓမ္မာသင်တန်းလက်စွဲ
အဘိဓမ္မာစာမေးပွဲဖြေဆိုသူများလက်စွဲ

# ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်

## ဒေါက်တာမင်းတင်မွန်

စတုတ္ထအကြိမ်

ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်
ဒေါက်တာမင်းတင်မွန်

http://www.dhammadownload.com

# ကမ္ဘာကျော်ဗုဒ္ဓအဘိဓမ္မာအနှစ်သာရ

- ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့ရကျိုးနပ်ချင်လျှင်
ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်ကို လေ့လာဆည်းပူးပါ။

- ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်ကို သိနားလည်မှ
တရားတော်၏အနှစ်သာရကို သိနားလည်မည်။

- တရားတော်၏အနှစ်သာရကို သိနားလည်မှ
လောကနှင့်ဘဝအကြောင်းကို ကောင်းစွာသိနားလည်မည်။

- သင်၏ဘဝအမြင်ကြည်လင်မှန်ကန်မှ ......
အဖိုးတန်ဆုံးဘဝကို ထူထောင်နိုင်လိမ့်မည်။

- ဗုဒ္ဓအဘိဓမ္မာကို လေ့လာ၍ မှန်ကန်သော ဘဝအမြင် ......
THE RIGHT PHILOSOPHY OF LIFE ကို ရယူကြ။

## ဒေါက်တာမင်းတင်မွန်

design mehmthitsa

http://www.dhammadownload.com

# ဗုဒ္ဓအဘိဓမ္မာ

## အနှစ်ချုပ်

(စတုတ္ထအကြိမ်)

## ဒေါက်တာမင်းတင်မွန်

အထူးရက်တို အဘိဓမ္မာသင်တန်းလက်စွဲ
အဘိဓမ္မာစာမေးပွဲဖြေဆိုသူများ လက်စွဲ

မြမွန်ရတနာ စာပေဖြန့်ချိရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၅၂၆၁၊ ၀၉၈၀-၂၂၅၁၆

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၅၇/၂၀၀၁)(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၉၅/၂၀၀၁)(၂)

●

**ပုံနှိပ်ခြင်း**

၂၀၀၁ ခုနှစ်၊ မတ်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ-၅၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးကျော်ငွေး၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
၆၄/၄၆၇၊ စက်မှုဇုန်ရပ်ကွက်၊ တောင်ဒဂုံ၊ ရန်ကုန်။

●


**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၅၂၆၁၊ ၀၉၈၀-၂၂၅၁၆

●

**တန်ဖိုး - ၁၀၀၀ ကျပ်**

http://www.dhammadownload.com



ရန်ကုန်တက္ကသိုလ်ရက်တိုအဘိဓမ္မာသင်တန်းဓာတ်ပုံ

မော်လမြိုင်တက္ကသိုလ်ရက်တိုအဘိဓမ္မာသင်တန်းဓာတ်ပုံ



http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဘဝမီးရှူးတန်ဆောင်

လူသည် မိမိ၏ ယုံကြည်ချက်နှင့်အညီ ကျင့်ကြံပြောဆို ပြုမူသည်။

အယူဝါဒအမှားကို ယုံကြည်ထားလျှင် အမှားကိုသာ ကျင့်ကြံ, ပြောဆို, ပြုမူမည်ဖြစ်၍ ဤဘဝ၌ လွန်စွာအကျိုးယုတ်မည့်အပြင် တမလွန်ဘဝ၌လည်း အပါယ်လားရမည် ဖြစ်သည်။

အယူဝါဒအမှန်ကို ယုံကြည်ထားလျှင်မူ အမှန်ကိုသာ အများအားဖြင့် ကျင့်ကြံ, ပြောဆို, ပြုမူမည်ဖြစ်၍ ဤဘဝ၌ မိမိ၏ အကျိုးနှင့် သူတစ်ပါးတို့၏အကျိုးကို လွန်စွာ သယ်ပိုးထမ်းရွက်နိုင်မည့်အပြင် တမလွန်ဘဝ၌လည်း ကြီးကျယ်သည့်အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သည်။

အမှောင်နှင့် အလင်းသည် လွန်စွာကွာခြားသကဲ့သို့ အမှားသိသူနှင့် အမှန်သိသူတို့သည်လည်း လွန်စွာကွာခြားကြ၏။

ဗုဒ္ဓ၏အဘိဓမ္မာသည်ကား လောကဖြစ်စဉ်နှင့် ဘဝဖြစ်စဉ်တို့၏ အမှန်သဘောကိုပီပြင်ပေါ်လွင်အောင် မီးမောင်းထိုးပြထားသည့် ဘဝမီးရှူးတန်ဆောင်ပေတည်း။

ဤဘဝမီးရှူးတန်ဆောင်ဖြင့် သင်လျှောက်သွားရမည့် ဘဝခရီးလမ်းကို ထွန်းလင်းတောက်ပစေလျက် အဖိုးအနဂ္ဃ ထိုက်တန်သော ကောင်းကျိုးချမ်းသာ အဖြာဖြာကို ဘဝ အဆက်ဆက် ခံစားနိုင်ရန် တည်ဆောက်ပါလေလော့။

http://www.dhammadownload.com

# အကြိုမိတ်ဆက်

## ဒေါက်တာမင်းတင်မွန်

## "ဇေရက်တက်ခဲ့ပြီ"

(သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်း၊ ၁၉၉၇ ခု၊ မေလ)

ရန်ကုန်မြို့၊ တက္ကသိုလ်များ ဓမ္မာရုံမှာ သင့်တန်းသား ၂၀၀ ကျော်တို့အား အဘိဓမ္မာသင်္ဂြိုဟ် ကိုးပိုင်းကို ၃–ရက်ဖြင့်အပြီး လိပ်ပတ်လည်အောင် ခေတ်အမြင်နှင့် ရှင်းလင်း ပို့ချရာ ထိရောက်အောင်မြင်ခဲ့ခြင်း။

"ဆရာ... မော်လမြိုင်တက္ကသိုလ်ကို ပြောင်းသွားပြီးတဲ့နောက် ဆရာ့ဆောင်းပါးတွေ သင့်ဘဝ မဂ္ဂဇင်းမှာ အပါနည်းသွားတယ်။ စာဖတ်ပရိသတ်က ဆရာ့ဆောင်းပါးတွေကို ငံ့မျှော်နေကြတယ်"

"ကြားသိရတာ ဝမ်းသာပါတယ်။ ကျွန်တော်လည်း လတ်တလော အရေးကြီးတဲ့ ကိစ္စတွေကို ဦးစားပေးပြီး ဆောင်ရွက်နေရလို့ ယာယီတဲ့ဆိုင်းသွားတာပါ။ မော်လမြိုင် တက္ကသိုလ်က ထူထောင်ခါစ တက္ကသိုလ်ဆိုတော့ ကျွန်တော်တို့ တွဲဖက် ပါမောက္ခများက ကိုယ့်ဆိုင်ရာ ဌာနတွေကို တိုးချဲ့နေကြတယ်။ တက္ကသိုလ် တစ်ခုလုံးနဲ့ သက်ဆိုင်တဲ့

http://www.dhammadownload.com



ကိစ္စရပ်များကိုလည်း ဝိုင်းဝန်း လုပ်ဆောင်နေကြပါတယ်။ ဒီ့အပြင် ကျွန်တော်က မော်လမြိုင် တက္ကသိုလ်နယ်မြေ ဗုဒ္ဓဘာသာအသင်းရဲ့ ဥက္ကဋ္ဌတာဝန်ကို ယူထားပြီး မော်လမြိုင်တက္ကသိုလ် နယ်မြေမှာရှိတဲ့ သာသနာ့မြေပေါ်မှာ သိန်း ၂၀ ကျော်တန် ဓမ္မာရုံကြီး ပေါ်ပေါက်လာအောင်လည်း ကြိုးပမ်းနေပါတယ်"

"သာဓုပါ... ကြားရတာ ဝမ်းသာပါတယ်..."

"အဲ... နောက်ရှိသေးတယ်၊ မော်လမြိုင်တက္ကသိုလ်နယ်မြေမှာ ကျောင်းသူ ကျောင်းသားများနဲ့ ဆရာ ဆရာမများအတွက် အဘိဓမ္မာ သင်တန်းသစ် တစ်ခုရယ်၊ မော်လမြိုင် မြို့ထဲမှာ မြို့သူ မြို့သားများအတွက် ညဘက် အဘိဓမ္မာ သင်တန်းတစ်ခုရယ် သင်တန်း နှစ်ခုဖွင့်လှစ်ပြီး ကျွန်တော် ပို့ချပေးနေတယ်။ ပြီးတော့တစ်ခါ ဗုဒ္ဓဓမ္မ ဟောပြောပွဲများကိုလည်း မော်လမြိုင် မြို့ပေါ်က နေရာအနှံ့အပြားနဲ့ အနီးအနားက မြို့များဖြစ်ကြတဲ့ မုဒုံ၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ပေါင်၊ မုတ္တမ၊ ဖားအံစသည်တို့မှာ လိုက်လံ ဟောပြောနေပါတယ်"

"သြော်... ဒီလိုဆို ဆရာက ဓမ္မကထိကလည်း လုပ်နေရတာပေါ့"

"ဟုတ်တယ်... မရှယ်ဘဲ ဓော်ကဲမင်းဖြစ်သလို လိုက်လံ ဟောနေရပါတယ်။ အခု သင်္ကြန်လွန်တဲ့ အခါမှာလည်း တောင်ငူ၊ မိတ္ထီလာ၊ မြင်းခြံမြို့များမှာ တရားပွဲများ ဟောပြောဖို့နဲ့ အထူးရက်တို အဘိဓမ္မာသင်တန်းများ ပို့ချပေးဖို့ ကျွန်တော် လက်ခံထားပါတယ်"

"ရန်ကုန် တက္ကသိုလ် ဓမ္မာရုံမှာတော့ ဆရာ မဟောပြောဘူးလား"

"ဟောပါတယ်... ၁၉၈၆–ခု စာသင်နှစ်အစမှာ ဓမ္မဆော်ဦး တရားပွဲအနေနဲ့ 'ဗုဒ္ဓဝါဒ၏ အနှစ်သာရ' အကြောင်းကို သုံးရက်ဟောခဲ့ပါတယ်။ ဒုတိယနှစ်ဝက်မှာ 'ဘဝအစီပွာယ်နှင့်ဘဝပန်းတိုင်' အကြောင်း

http://www.dhammadownload.com



ကို အနောက်တိုင်းအမြင်နဲ့ ဗုဒ္ဓအမြင်တို့ကို ပေါင်းစပ်ပြီး ဟောကြားဖို့ ရည်ရွယ်ထားပါတယ်"

## တက္ကသိုလ်နှင့် အဘိဓမ္မာ ပန်းသင့်လို့

"ကောင်းတယ်... လူငယ်တွေ စိတ်ဝင်စားကြမှာပါ။ ရန်ကုန်တက္ကသိုလ် အဘိဓမ္မာသင်တန်းကော ဆက်ပို့ချနေသလား"

"ဟုတ်ကဲ့၊ အဆက်မပြတ်ပို့ချနေပါတယ်။ ဗုဒ္ဓအဘိဓမ္မာဆိုတာ အဖိုးတန်ဆုံး ဘဝပညာဖြစ်လို့မို့ တက္ကသိုလ်နယ်မြေနဲ့ အလွန်ပန်းသင့်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ဓမ္မာရုံမှာ စနေနေ့နဲ့ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိ ပို့ချပေးပါတယ်။ ယခု ကျောင်းပိတ်ခိုက် ခေတ္တရပ်ထားပြီး မေလ ၉ ရက်နေ့မှာ သင်တန်း ပြန်စပါမယ်"

"ဆရာကိုယ်တိုင် ပို့ချပေးသလား"

"ကျွန်တော် ရန်ကုန်လာတာနဲ့ကြုံရင် ဝင်ပို့ချပါတယ်။ ပုံမှန် ပို့ချပေးနေတာက ကျွန်တော့်ရဲ့ လက်ထောက် သင်တန်းဆရာမဖြစ်တဲ့ လက်ထောက် ကထိက ဒေါ်သန်းသန်းနွဲ့ ဖြစ်ပါတယ်။ သူလည်းပဲ အစိုးရ အဘိဓမ္မာ စာမေးပွဲမှာ တစ်ပြည်လုံးမှာ ဒုတိယရခဲ့တဲ့ လူပဲ"

"ဆရာက အဘိဓမ္မာ ရိုးရိုးတန်း၊ အဘိဓမ္မာဂုဏ်ထူးတန်းနဲ့ ဝိသုဒ္ဓိမဂ် စာမေးပွဲများမှာ ပထမဆုချည်း သုံးထပ်ကွမ်း ဆွတ်ခူးခဲ့တော့ ဆရာ့ရဲ့ နည်းနာနိဿယကိုပါ တပည့်တွေ ရရှိသွားရင် ပိုကောင်းမှာပေါ့"

"ဟုတ်ကဲ့... ကျွန်တော် ပြုစုထားတဲ့ တက္ကသိုလ် အဘိဓမ္မာ စာအုပ်ကို သင်တန်းကိုင်အဖြစ် သုံးပြီး ကျွန်တော်ပို့ချတဲ့နည်းအတိုင်း ပို့ချပေးနေပါတယ်။ ဒါနဲ့... ဝမ်းသာစရာ သတင်းတစ်ခု ပြောရဦးမယ်"

"ဘာသတင်းတုန်း ဆရာ"

http://www.dhammadownload.com



## ဝေရက်တောင်ကို တက်ခဲ့ပြီတဲ့

"ကျွန်တော်တို့ ဝေရက်တက်ခဲ့တဲ့ သတင်းပါ"

"ဘယ်လို ဝေရက်တက်ခဲ့တာလဲ။ ခက်ခဲတဲ့ အလုပ်တစ်ခုကို ကျော်လွှားနိုင်ခဲ့တာကို ဆိုလိုတာလား"

"ဦးတင်မောင် တော်တယ်ဗျာ၊ဟုတ်တယ်၊လူတွေက မဖြစ်နိုင်ဘူးဆိုတဲ့ အလုပ်တစ်ခုကို ကျွန်တော်တို့ အောင်မြင်စွာ လုပ်ပြနိုင်ခဲ့ပြီ"

"ဘယ်လိုအလုပ်တဲ့လဲ၊ ဝမ်းသာစရာရှိရင် ဝမ်းသာရအောင် ပြောစမ်းပါဦး"

"အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို သုံးရက်တည်းနဲ့ လိပ်ပတ်လည်အောင် အပြတ်ပို့ချနိုင်ခဲ့တဲ့ သတင်းထူးပါပဲ"

"ဟုတ်ပါရဲ့၊ ဗုဒ္ဓအဘိဓမ္မာဆိုတာ ဗုဒ္ဓတရားတော်များရဲ့ အနှစ်အသားပဲ မဟုတ်လား၊ ဆရာတို့က ဂျက်ခေတ်နဲ့အညီ ၃ ရက်တည်းနဲ့ ဘယ်လို ပေါကြားလိုက်တာလဲ"

"အဘိဓမ္မာ ဒေသနာအကျယ်က သမုဒ္ဒရာလေးစင်းထက် တောင်ပိုကျယ်သေးတော့ တစ်သက်လုံးဟောပြောရင်တောင်ကုန်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့်အဘိဓမ္မာ ဒေသနာတော်ရဲ့ အနှစ်ချုပ်ကို သီဟိုဠ်သာသနာတော်အတွင်းက အရှင်အနုရုဒ္ဓါမထေရ်ရွေးနုတ်ပြီး အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းငယ်တစ်စောင်ကို ပြုစုခဲ့တယ် မဟုတ်လား။ ဒီကျမ်းကို မြန်မာ ဆရာတော်များက မြန်မာဘာသာပြန်ပြီး အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းလို့ ခေါ်ကြတယ်။ ဒီကျမ်းမှာပါတဲ့ သဘောတရားများကို နားလည်သဘောပေါက်သွားတဲ့သူဟာ ပိဋကသုံးပုံရဲ့လိုရင်း အနှစ်ချုပ်ကို သိရှိသွားတာပါပဲ။ ဒါကြောင့် သူ့အဖို့ ဒီဘဝမှာ အေးငြိမ်းချမ်းသာ အကျိုးရှိစွာ ကျင့်ကြံနေ ထိုင်ဖို့အတွက် အကောင်းဆုံး ဘဝပညာကို ရရှိလိုက်တာနဲ့ တူတယ်"

http://www.dhammadownload.com



"မှန်ပါတယ်"

## အရေးကြီးတဲ့ ဘာသာရေးမှတ်တိုင်

"အဲဒီ အဘိဓမ္မာအနှစ်ချုပ်ကို တစ်ပတ်နှစ်ကြိမ်ကျ ပို့ချရင် တစ်နှစ်လောက်ကြာပါတယ်။ ခုတော့ အချိန်ရက်ရှည် မပေးနိုင်ကြတဲ့လူတွေအတွက် ၃ ရက်တည်းနဲ့ အပြတ်ပို့ချပေးပါလို့ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးရဲ့ ဥက္ကဋ္ဌ ဒေါက်တာသိန်းလှိုင်က မေတ္တာရပ်ခံတာနဲ့ ပြီးခဲ့တဲ့ မတ်လ (၂၇၊ ၂၈၊ ၂၉) ရက်တို့မှာ အောင်မြင်စွာ ပို့ချပေးနိုင်ခဲ့ပါတယ်။ ဒါဟာ ဗုဒ္ဓဓမ္မ ဖြန့်ချိရေးမှာ အရေးကြီးတဲ့ မှတ်တိုင်တစ်ခုပဲလို့ ကျွန်တော်ယူဆပါတယ်"

"ဘယ်လိုအကြောင်းကြောင့်လည်း"

"ဗုဒ္ဓဘာသာမှာ သဘောတရားပိုင်းဆိုတဲ့ ပရိယတ္တိနဲ့ လက်တွေ့ပိုင်းဆိုတဲ့ ပဋိပတ္တိရယ်လို့ ၂ ပါးစုံရှိတာကို သာသနာပြုလုပ်ငန်းမှာ ဒီနှစ်ပါးစုံကို အခြေချ ပျိုးထောင်ပေးရပါတယ်။ ဗုဒ္ဓဘာသာကို နားလည်အောင် ရှင်းပြပါလို့ဆိုရင် အဘိဓမ္မာနဲ့ အကြောင်းအကျိုး ဆက်နွယ်ပြီး ရှင်းမှ ခုခေတ် လူငယ်လူရွယ် ပညာတတ်တွေ လက်ခံကြတယ်။ ဗုဒ္ဓအဘိဓမ္မာက ခေတ်သစ်အဏုမြူသီအိုရီထက် ပိုပြီးထက်မြက်စူးရှတယ်။ ခေတ်သစ် အဏုမြူသီအိုရီနဲ့ ဓာတ်ပြောင်းလဲခြင်း သဘောတွေ အဏုမြူစွမ်းအင် သဘောတွေကို ကွက်ကွက်ကွင်းကွင်း ရှင်းပြနိုင်သလို ဗုဒ္ဓအဘိဓမ္မာနဲ့ ဗုဒ္ဓဘာသာရဲ့ သဘောတရားများကို ကွက်ကွက်ကွင်းကွင်း ခိုင်ခိုင်လုံလုံ ရှင်းပြနိုင်ပါတယ်"

## အနောက်တိုင်းက အဘိဓမ္မာကို မျှော်နေကြတယ်

"အနောက်တိုင်းမှာ သာသနာပြုတဲ့အခါ ဗုဒ္ဓအဘိဓမ္မာက သိပ်အရေးပါမှာပေါ့"

"ဟုတ်ပါတယ်၊ ဆရာတော် ဦးသေဋ္ဌိလတို့၊ ဆရာတော် အရှင်

http://www.dhammadownload.com



ဉာဏ်သိသရတို့ ယခုနိုင်ငံခြားမှာ သာသနာပြုနေကြတာဟာ အဘိဓမ္မာတရားကို ဟောကြားတာပါပဲ။ အမေရိကန် တက္ကသိုလ်များမှာ ဗုဒ္ဓအဘိဓမ္မာကို ဆရာတော် ဦးသေဋ္ဌိလ ဟောပြတော့ ပါမောက္ခများက သဘောကျလွန်းလို့ '(Mental science) စိတ်သိပ္ပံ' ရယ်လို့ ကင်ပွန်းတပ်ကြပါတယ်။ ယနေ့အနောက်တိုင်းသားများက အဘိဓမ္မာကိုကျကျနန ဟောနိုင်တဲ့ လူတွေကို ဖိတ်ခေါ်နေပါတယ်"

"ဆရာတို့ရဲ့ ၃ ရက်အပြတ်သင်တန်းစနစ်နဲ့ဆိုရင် သိပ်ဟန်ကျမှာပေါ့။ ဆရာတို့က ယခုလို ရက်တိုတိုနဲ့ အပြီးသင်နိုင်အောင် ဘယ်လိုနည်းကို သုံးသလဲ"

## ထိရောက်အောင်မြင်တဲ့နည်းလမ်း

"သာသနာရေး ဦးစီးဌာနက အဘိဓမ္မာရိုးရိုးတန်း စာမေးပွဲအတွက် ပြဋ္ဌာန်းထားတဲ့ အရှင်ဇနကာဘိဝံသ ဆရာတော်ရေးတဲ့ 'အခြေပြု သင်္ဂြိုဟ်' နဲ့ မူလပဋ္ဌာန်းဆရာတော် ဦးနာရဒ ပြုစုခဲ့တဲ့ 'သင်္ဂြိုဟ်ဇယား' များကို အခြေခံပြီး လွယ်ကူရှင်းလင်းတဲ့ သင်တန်းကိုင် စာအုပ်ကို ကျွန်တော် ပြုစုပါတယ်။ မူလပဋ္ဌာန်း ဆရာတော်ဟာ အင်မတန် ဉာဏ်ကြီးပါတယ်။ သင်္ဂြိုဟ်အချက်အလက် အများကြီးကို ဇယားတစ်ခုထဲမှာ ပေါ်လွင်အောင် ကွက်ကွက် ကွင်းကွင်း ရေးဆွဲခဲ့တယ်။ ဒီဇယားတွေကို သုံးပြီး "အဘိဓမ္မာကို ၁၅ မိနစ်နဲ့ မင်းတို့နားလည်အောင် ငါရှင်းပြပေးမယ်"လို့ ဆရာတော်က ကြွေးကြော်ခဲ့ပါတယ်။ ဆရာတော်ထံမှာ ကျွန်တော် တပည့်ခံခဲ့ပါတယ်။ ပြီးတော့ မစိုးရိမ်ဆရာတော်ရဲ့ တပည့်ဖြစ်တဲ့ ဆရာကြီး ဦးထွန်းတင်ထံမှာလည်း ကျွန်တော် ပညာယူခဲ့ပါတယ်။ ဆရာကောင်းများရဲ့ နည်းများနဲ့ ယနေ့ တက္ကသိုလ်သင်ကြားနည်း စနစ်များကို ပေါင်းစပ်ပြီး လွယ်ကူ ရှင်းလင်း လျင်မြန်ထိရောက်အောင် ကျွန်တော် ကြံဆပြီး ပို့ချပေးလိုက်တာပါ"

http://www.dhammadownload.com



## ကျပ်သုံးသိန်းမကတန်တဲ့ ဘဝပညာကို ရကြပြီ

"သင်တန်းကို ဘယ်သူတွေ တက်ကြသလဲ။ နားကောလည်ကြရဲ့လား"

"တက္ကသိုလ် ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပြင်ပမှ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ အခြေခံ အထက်တန်း ကျောင်းသူ ကျောင်းသားများနဲ့ စိတ်ဝင်စားသူတွေ စုစုပေါင်း ၂၀၀ ကျော် တက်ကြပါတယ်။ စေတနာရှင်များလည်း ပေါ်ပေါက်လာလို့ သင်တန်း ရပ်နားချိန်များမှာ အကျွေးအမွေးနဲ့ မပြတ်ညှော်ခံကြတာ အကုန်လုံးက ဖျော်ရွှင်ကြပါတယ်။ သင်တန်းအစအဆုံး ပျင်းစရာ တစ်ကွက်မှမရှိဘဲ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားကြတယ်လို့ ၉ တန်း ကျောင်းသူကလေးကအစ အားလုံးက ပြောကြားကြပါတယ်။ သင်တန်း တက်တဲ့လူတိုင်းဟာ ငွေကျပ်သုံးသိန်းမက တန်ဖိုးရှိတဲ့ ဘဝပညာကို ရရှိသွားပြီး သံသရာခရီးအတွက် အဆုံးအစမရှိ တန်ဖိုးကြီးမားတဲ့ ကုသိုလ်ပါရမီထူးကို ရရှိသွားကြပြီလို့ ကျွန်တော်ယုံကြည်ပါတယ်"

"သာဓု၊ သာဓု၊ ကြားရတာ သိပ်ဝမ်းသာပါတယ်။ အမြို့မြို့ အရွာရွာက ဒီသင်တန်းမျိုး ကျင်းပပေးဖို့ ဖိတ်ခေါ်ရင် ဆရာ ပို့ချပေးနိုင်မလား"

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ အလှူအပေါင်းမှာ တရားအလှူက အမြတ်ဆုံးမို့ သင့်ဘဝမဂ္ဂဇင်းကသာ နိဗ္ဗာန်ကူးတို့လုပ်ပြီး များများ ဆော်ဩပေးပါတော့"

> ပညာသည် ခွန်အား၊
> အမြင့်မြတ်ဆုံးပညာသည် အကြီးကျယ်ဆုံး
> အကျိုးပေးမည်မှာ ဧကန်မလွဲတည်း။

http://www.dhammadownload.com

# လူငယ်များကြီးပွားချမ်းသာရေးအစစ်

(သင့်ဘဝအောင်မြင်ရေး မဂ္ဂဇင်း၊ ၁၉၈၇ ခု ဩဂုတ်လနှင့် စက်တင်ဘာလ)

## မော်လမြိုင်တက္ကသိုလ်မှာထူးတယ်

"ဆရာမင်းတင်မွန် 'ဝေရက်' တက်ပြီးတဲ့နောက် ဘာထူးသလဲ"

"ထူးသဗျို့... ရန်ကုန်တက္ကသိုလ်ဓမ္မာရုံမှာ အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို သုံးရက်နဲ့အပြတ် ဝေရက်တက်တဲ့ သင်တန်းဟာ လူသိ တော်တော်များသွားတယ်။ တစ်ချို့က ဆရာ ဘယ်လိုသင်သလဲလို့ မေးလာကြတယ်။ မိုးမကျမီ အချိန်ကလေးက တောင်ငူ၊ မိတ္ထီလာ၊ မြင်းခြံနဲ့ သထုံမြို့တို့မှာ အဘိဓမ္မာရက်တိုသင်တန်းသဘောကို နမူနာ သင်ပြပေးခဲ့တယ်...

"ပြီးခဲ့တဲ့ ဇွန် (၂၀၊ ၂၁၊ ၂၇၊ ၂၈)ရက်များမှာတော့ မော်လမြိုင်တက္ကသိုလ်မှာ ၄ ရက်အပြတ် သင်တန်းလုပ်တာ တက္ကသိုလ်ကျောင်းသူကျောင်းသား ၄၀၀ ကျော် တက်သဗျ။ ၄ ရက်စလုံး စိတ်ပါ လက်ပါနဲ့ ပျော်ပျော်ပါးပါး တက်ကြတယ်"

"ဟင်– တယ်ဟုတ်ပါလား၊ ကျွန်တော့်အမြင်က တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေဟာ အပျော်အပါးဘက်မှာ ပိုအားသန်ကြတယ်လို့"

http://www.dhammadownload.com



"အပျော်အပါးကို လူတိုင်း ကြိုက်တယ်လေ။ တက္ကသိုလ် ကျောင်းသူ ကျောင်းသားတို့က အရွယ်လည်း ကောင်း၊ လွတ်လပ်မှုက လည်း ရှိတော့ ပိုပျော်ကြတယ် ထင်ရတာပေါ့။ ဒါပေမယ့် သူတို့တစ်တွေ က မီးခဲပြာဖုံးကလေးတွေဗျ။ သင်တန်းအဖွင့် မိန့်ခွန်းမှာ ထိုစဉ်က ဒုတိယပါမောက္ခချုပ် ဦးခင်မောင်တင့် (တက္ကသိုလ် ဘုန်းနိုင်) က သူတို့ကို ချီးကျူးသွားတယ်...

"နောက်ပြီး အဘိဓမ္မာကို သိနားလည်ထားရင် နေတတ်၊ ကျင့် တတ်၊ ချစ်တတ်၊ တွေးတတ်၊ ဆက်ဆံတတ်၊ ဒီဘဝအကျိုးများအောင် အကုန်လုံးကို ပညာရှိရှိ လုပ်တတ် ကိုင်တတ်သွားကြလိမ့်မယ်။ လူငယ် တွေ ကြီးပွားချမ်းသာဖို့ အကောင်းဆုံး အခြေခံ ပညာပါပဲတဲ့"

## အကျိုးရှိတဲ့ ပျော်ရွှင်နည်း

"အဘိဓမ္မာဟာ ဘဝမှာ ဒီလောက်တန်ဖိုးရှိမှန်း လူငယ်အများစု က မတွေးမိကြဘူးနော်"

"တန်ဖိုးအရှိဆုံးပညာဖြစ်လို့ 'အဖိုးတန်ဆုံးဘဝပညာ' လို့ကျွန် တော် ကြွေးကြော်နေတာပါပဲ။ လေးရက်အပြတ် သင်တန်းပြီးဆုံးတဲ့အခါ သင်တန်းသားတွေ ကောင်းကောင်း သဘောပေါက်သွားကြပါတယ်"

"တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေ အဘိဓမ္မာမှာ စိတ် ဝင်စားလာအောင် ဆရာဘယ်လို နှိုးဆော်ပေးတာလဲ"

"ခေတ်အကြိုက်ကိုလိုက်ပြီး ကြော်ငြာပေးရတယ်။ ရက်တို အဘိဓမ္မာသင်တန်းဟာ ပျော်စရာအကောင်းဆုံး သင်တန်း၊ အကျိုးအများ ဆုံး သင်တန်း၊ တစ်သက်တာလုံး အမှတ်တရဖြစ်မယ့် သင်တန်းလို့ ကြော် ငြာပါတယ်။ ဒါပေမယ့် ဆွဲဆောင်မှုအကောင်းဆုံးအချက်က တစ်နေ့ သုံး ကြိမ် ကျွေးမွေးမယ်ဆိုတဲ့ အချက်ပါပဲ"

"ဆရာပြောတဲ့အတိုင်း တကယ်ဖြစ်ရဲ့လား"

http://www.dhammadownload.com



"ဖြစ်တာပေါ့၊ ကျွန်တော်က အာမခံနဲ့ ကြော်ငြာတာပဲ။ တက္ကသိုလ်ကျောင်းသူအဆောင်များကိုမေတ္တာရပ်ခံလိုက်တော့ သူတို့က ရက်ရက်ရောရော ကျွေးမွေးကြတာလေဗျာ။ သင်ပေးလိုက်တဲ့ ပညာက လည်း ဘဝအကြောင်း သိစရာအကောင်းဆုံး အချက်များဖြစ်တော့ အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကျွန်တော်တို့က အနောက် တိုင်း အတွေးအခေါ်, သိပ္ပံအသိအမြင်တို့နဲ့ယှဉ်ပြီး ပြောပြသွားတာမို့ အဘိဓမ္မာပညာဟာ အဆန်းသစ်ဆုံးပညာဖြစ်တာကို သင်တန်းသားတွေ သဘောပေါက်သွားကြတယ်"

"ကြားရတာ အားရစရာပဲ"

"စိတ်အကြောင်းစသင်လိုက်တာနဲ့ အပြစ်ရှိတဲ့ အကုသိုလ်စိတ် နဲ့ အကျိုးရှိတဲ့ ကုသိုလ်စိတ်တို့ကို သူတို့ ခွဲခြားသိသွားတယ်။ ကိုယ့်သန္တာန် မှာ ဘာစိတ်တွေ ဖြစ်နေတာကို ချက်ချင်းဆန်းစစ်နိုင်တယ်။ အကုသိုလ် စိတ် အဖြစ်နည်းပြီး ကုသိုလ်စိတ် အဖြစ်များအောင် နှလုံးသွင်းနည်းကို လည်းတစ်ခါတည်း သိသွားတယ်။ ဒီတစ်ချက်တည်းနဲ့ကို အဘိဓမ္မာ သင် တန်းဟာ တစ်နေ့ကျပ်တစ်သိန်းမက တန်ဖိုးရှိသွားပြီလေ"

"ဆရာ့ သင်တန်းဟာ နေ့တိုင်းသိန်းဆုပေါက်တဲ့ သင်တန်းပေါ့.. ဟဲ....ဟဲ..."

"ဒါက အကျိုးရှိတာ မရှိတာကို ငွေနဲ့တိုင်းတာတတ်ကြလို့ဥပမာ နှိုင်းပြီးပြောတာပါ။ တကယ့်တန်ဖိုးက တစ်နေ့ တစ်သိန်းဘယ်က မလဲ။ ကုသိုလ်စိတ်တစ်မိနစ်ကြာဖြစ်ရင်ပဲ ဒီကုသိုလ်ကံတွေအကျိုးပေးရင် လူ ချမ်းသာ နတ်ချမ်းသာ ဘဝတွေ ကုဋေပေါင်းများစွာ ခံစားနိုင်တာကိုး။ လူတွေက တစ်နေ့ ကျပ်တစ်ရာလောက် ရတဲ့အလုပ်ကို မညည်းမညူ လုပ်ကြတယ်။ တစ်နေ့ကျပ်တစ်သိန်းမကတန်တဲ့ အဘိဓမ္မာသင်တန်းကို သိပ်တက်ကြဖို့ ကောင်းတာနော်"

"အကျိုးလည်းရှိ၊ ပျော်စရာလည်းကောင်းဆိုတော့ သိပ်တက်

http://www.dhammadownload.com



သင့်တာပေါ့"

"ဒါလည်း ဆိုကရေးတီး(စ်) ပြောသလို ကောင်းတာကို တကယ် သိလာတဲ့အခါ မကောင်းတာကို မလုပ်တော့ဘူးတဲ့၊ မကောင်းတာကို လည်း မကောင်းမှန်း မသိ၊ ကောင်းတာကိုလည်း ကောင်းမှန်းမသိတော့ တစ်နပ်စာ ပျော်ရွှင်မှုနောက်ကိုပဲ လူတွေလိုက်နေကြတယ်လေ"

## ဘဝမီးရှူးတန်ဆောင်အမှန်ကိုရမှ ကြီးပွားမယ်

"ဆရာ့ အဘိဓမ္မာသင်တန်းတွေ များများဖြစ်လာရင် ကောင်း မယ်"

"လူတွေဟာ အမြင်မှန်ရလာဖို့ အရေးကြီးတယ်။ ဘဝ ဘယ်လို ဖြစ်လာခဲ့တယ်၊ ဘဝ ဘယ်လိုဆက်ဖြစ်ဦးမယ်၊ ဘဝအဓိပ္ပာယ်၊ ဘဝကိစ္စ၊ ဘဝပန်းတိုင်တို့ကို မမြင်မသိဘဲ မစင်ဗွက်တောထဲမှာ ဝက်တွေ လူးပျော် နေသလို ကာမဂုဏ်နွံ ထဲမှာ အပျော်လွန်နေကြရင် အကြီးအကျယ် ဘဝ ဆုံးရှုံးသွားလိမ့်မယ်...

"Life is not a gamble" ဘဝဆိုတာ လောင်းတမ်းကစားစရာ မဟုတ်ဘူး။ အမှောင်ထဲမှာ လမ်းလျှောက်နေတဲ့သူဟာ ဆူးငြောင့်ခလုတ် ကန်သင်းတို့ကို တိုးမိပြီး ချောက်ထဲလဲကျနိုင်သလို ဘဝအကြောင်းကို သိနားလည်ထားတဲ့ ဘဝအမြင် Life Philosophy မရှိဘဲ စမ်းတဝါးဝါးနဲ့ ဒီဘဝခရီး နှင်နေရင် ဘဝဆုံးရှုံးသွားမှာ သေချာတယ်။ ဘဝအမြင်မှန်ပေါ် မှာ ရပ်တည်မှ ဘဝကြီးပွားချမ်းသာလိမ့်မယ်"

"ဗုဒ္ဓအဘိဓမ္မာဟာ ဘဝအမြင်မှန်ဖြစ်ကြောင်း သက်သေပြဖို့ လိုပါလိမ့်မယ်"

"သက်သေပြနိုင်ပါတယ်– အနောက်တိုင်း တက္ကသိုလ်များမှာ ဒဿနိကဗေဒ Philosophy ကိုအမြင့်ဆုံးပညာအဖြစ် သတ်မှတ်ထားကြ တယ်။ ဒဿနပညာရှင်ကြီးတွေ တွေးခေါ်ရှင်ကြီးတွေ တွေးခေါ်ထားတာ

http://www.dhammadownload.com



တွေကို လေ့လာမှ ဘဝအမြင်မှန် ရနိုင်တယ်လို့ သူတို့ယူဆကြတယ်။

"ဒါပေမယ့် တွေးခေါ်ရှင်ကြီးတွေရဲ့ အယူဝါဒများက တစ်ကျောင်းတစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသလို အမျိုးမျိုးဖြစ်နေတော့ ဘယ်ဝါဒက မှန်တာကို ဘယ်သူမှ မဆုံးဖြတ်နိုင်ဘူး။ သူတို့ရဲ့ တွေးခေါ်ချက်များမှာ စရဏအကျင့်တရား မပါရှိလို့မို့ သိပ္ပံနည်းကျ မှန်ကန်တယ်လို့ လက်တွေ့ မပြနိုင်ဘူး"

"လေ့လာမှု, စဉ်းစားတွေးခေါ်မှုဆိုတဲ့ သုတမယပညာ, စိန္တာမယ ပညာလောက်နဲ့ ဘဝသစ္စာကို မမြင် မသိနိုင်ဘူး။ သမာဓိထူထောင်ပြီး ထိုးထွင်းသိတဲ့ ဘာဝနာမယ ပညာနဲ့သာ ဘဝသစ္စာကို သိမြင်နိုင်တယ်လို့ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓမြတ်စွာ ဟောကြားထားတာ တကယ်မှန်တယ်။ ဗုဒ္ဓတရားတော်မှာ စရဏခေါ် လက်တွေ့အကျင့်တရားတွေ ပါနေတော့ ကျင့်ကြံကြည့်တာနဲ့ မှန် မမှန် ဆုံးဖြတ်နိုင်ပါတယ်"

"ဗုဒ္ဓအဘိဓမ္မာကသာ ဘဝသစ္စာကို ညွှန်ပြနိုင်ပြီး အနောက်တိုင်း ဒဿနိကဗေဒက ဘဝသစ္စာကို မညွှန်ပြနိုင်ဘူးလို့ ဆရာဆိုလိုတာပေါ့၊ ဟုတ်လား"

"အဲဒီအတိုင်း ဆိုလိုပါတယ်။ သူတို့ရဲ့ ဘဝအတွေးအခေါ်တွေ မမှန်ကန်လို့ တကယ်ငြိမ်းချမ်း ပျော်ရွှင်တဲ့ဘဝကို သူတို့ မထူထောင်နိုင်ကြဘူးလေ၊ စိတ္တဇဆေးရုံတွေ နေရာမဆန့်လို့ ဆေးရုံသစ်တွေ တစ်ရုံပြီး တစ်ရုံ တိုးဆောက်နေကြရတယ်လေ။ မြန်မာနိုင်ငံမှာတော့ စိတ္တဇဆေးရုံ တစ်ခုတည်း ရှိတယ် မဟုတ်လား။ အဲဒီတစ်ခုတည်းတောင်မှ လူပြည့်တဲ့ အခါ နည်းပါတယ်။

"မြန်မာတွေက ရုပ်ပစ္စည်းပိုင်းမှာ မချမ်းသာပေမယ့် စိတ်ပိုင်းမှာတော့ ကမ္ဘာ့အပျော်ရွှင်ဆုံး လူတွေစာရင်းထဲမှာ ပါကြတယ်။ ဒါဟာ ဗုဒ္ဓဒဿနရဲ့ မှန်ကန်မှုကို ဖော်ပြတာပဲ။ ဒါတောင် ယနေ့ မြန်မာအများက ဗုဒ္ဓတရားတော်ကို မသိနားမလည်လို့ ရုန်းကြမ်းလာကြပြီ"

http://www.dhammadownload.com



## ကမ္ဘာ့တက္ကသိုလ်တွေမှာ အဘိဓမ္မာသင်ဖို့ မကောင်းဘူးလား

"ဒီလိုဆိုရင် ဗုဒ္ဓအဘိဓမ္မာကို အနောက်တိုင်းတက္ကသိုလ်များမှာ သင်ကြားပေးဖို့ မကောင်းဘူးလား ဆရာ"

"သိပ်ကောင်းတာပေါ့ဗျာ။ ဗုဒ္ဓဘာသာကို ရယ်လီဂျီယန် (Religion) ဘာသာတစ်ရပ်လို့ သူတို့ ယူဆထားတော့ ဗုဒ္ဓအဘိဓမ္မာကို ဒဿနိကဗေဒထဲမှာ ထည့်ရကောင်းမှန်း မသိကြသေးဘူး။ အမှန်က အနောက်တိုင်း ဒဿနဆရာကြီးတွေ ရှာဖွေကြံဆနေကြတဲ့ ဘဝသစ္စာနဲ့ လောကသစ္စာတွေဟာ ဗုဒ္ဓအဘိဓမ္မာထဲမှာ အကုန်အရန်သင့်ရှိတယ်။ ဒီသစ္စာတွေကလည်း မှန်ကန်ကြောင်း လက်တွေ့ပြပြီးတဲ့ အမှန်တရား (Verified-Truth) တွေပါပဲ။

"ဗုဒ္ဓဘာသာကို ကမ္ဘာသိအောင် လုပ်နိုင်ရင် မြန်မာကို ကမ္ဘာက လေးစားလာရမှာပဲ"

"ဆရာ့အဆိုပြုချက်က တယ်ဟုတ်ပါလား။ ဖြစ်အောင် လုပ်နိုင်ပါ့မလားဆရာ"

"ကြိုးစားရင် ဖြစ်နိုင်တာပေါ့။ ဆရာတော် ဦးသေဋ္ဌိလ၊ ဆရာတော် အရှင်ဉာဏိဿရ စတဲ့ပုဂ္ဂိုလ်များက နိုင်ငံခြားမှာ အဘိဓမ္မာတရား ဟောပြခဲ့ကြလို့ ဟိုကလူတွေက ဗုဒ္ဓအဘိဓမ္မာကို အလွန်တောင်းဆိုနေကြပြီ။

"မြန်မာတက္ကသိုလ် များမှာလည်း အနောက်တိုင်း ဒဿနိကဗေဒထက်သာလွန်တဲ့ ဗုဒ္ဓအဘိဓမ္မာကို အထူးအလေးပေးပြီး သင်ကြားပို့ချပေးဖို့ ကောင်းတယ်။ မြန်မာ ဒဿနိကဆရာတွေက ဗုဒ္ဓအဘိဓမ္မာကို ကမ္ဘာသိအောင် လုပ်ပေးကြဖို့ကောင်းတယ်"

"ဘယ်လို လုပ်ရမလဲ ဆရာ"

http://www.dhammadownload.com



"ဗုဒ္ဓအဘိဓမ္မာကို ဒဿနိကဆရာတွေ ကောင်းကောင်း ကျွမ်းကျင်အောင် အလျင်လေ့လာပေါ့။ ပြီးတော့ အနောက်တိုင်း ဒဿနိကဗေဒနဲ့ နှိုင်းယှဉ်ပြီး ဒဿနိကအမြင်နဲ့ အနောက်တိုင်းသားများက ဗုဒ္ဓအဘိဓမ္မာကို မြင်လာနိုင်အောင် ရေးသား ဟောပြောပေးကြပေါ့"

## လောကီနဲ့ လောကုတ္တရာ ခွဲခြားမရပါ

"ဗုဒ္ဓအဘိဓမ္မာပညာက လောကုတ္တရာမဟုတ်လား။ လောကီပညာနဲ့ တွဲစပ်လို့ ရပါ့မလား"

"သိပ်ကောင်းတဲ့ မေးခွန်းဗျာ။ လောကုတ္တရာဆိုတာ လောကမှ လွတ်မြောက်ခြင်းလို့ အဓိပ္ပာယ်ပြန်ကြတယ်။ လောကခေါ် ၃၁-ဘုံမှ လွတ်မြောက်နိုင်အောင် လမ်းညွှန်ပြပေးတဲ့ လောကုတ္တရာပညာဆိုတာ လက်ရှိဘဝမှာလည်း အကျိုးကျေးဇူး အထူးများစေပါတယ်။

"သိပ္ပံနယ်မှာ ယခုအခါကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားကိုကျော်လွန်ပြီး အာကာသထဲကို ထွက်ကာ စူးစမ်းရှာဖွေနေကြတယ် မဟုတ်လား။ ဒီကမ္ဘာရဲ့ပြင်ပဖြစ်တဲ့ အာကာသအကြောင်းကို လေ့လာထားတဲ့ ပညာဟာ ယနေ့လောကလူသားတွေကို အကျိုးပြုနေပြီလေ။ ဂြိုဟ်တုများမှ တစ်ဆင့် အသံလွှင့်တာတို့၊ မိုးလေဝသ စူးစမ်းတာတို့၊ ဓာတ်သတ္တု ရှာဖွေရေးတို့ကို ပြုလုပ်နေကြပြီလေ။ အာကာသ သိပ္ပံနဲ့ ကမ္ဘာ့သိပ္ပံ တစ်ထပ်တည်း ဖြစ်နေပါပြီ။

"ထိုနည်းအတိုင်းပဲ လောကုတ္တရာအရေးနဲ့ လောကီအရေးတို့ဟာ တစ်ထပ်တည်းဖြစ်မှ ကောင်းတယ်။ လောကုတ္တရာအရေးဆိုတာ ကိလေသာ ပယ်သတ်ရေးပဲ မဟုတ်လား။ လိုချင်တပ်မက်မှု လောဘ၊ ခက်ထန်ကြမ်းတမ်းမှု ဒေါသ၊ တွေဝေမိုက်မဲမှု မောဟ၊ ထောင်လွှားဝင့်ကြွားမှု မာန၊ အယူလွဲမှု ဒိဋ္ဌိ၊ ဘုရား တရား သံဃာတို့ကို ယုံမှားသံသယဖြစ်မှု ဝိစိကိစ္ဆာ၊ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စ၊ မကောင်းတာပြုလုပ်ဖို့ရန် မရှက်မှု

http://www.dhammadownload.com



အပဟိရိက၊ မကောင်းတာ ပြုလုပ်ဖို့ရန် မကြောက်လန့်မှု အနောတ္တပ္ပ၊ ဒီကိလေသာတရားဆိုးတွေကလူတွေရဲ့ဘဝကို ယုတ်ညံ့ပူလောင်နေစေကြတယ်မဟုတ်လား။ ကမ္ဘာလောကကိုမီးလောင်တိုက်ထဲသွင်းပေးနေကြတယ်မဟုတ်ဘူးလား။ လူတွေကို အပါယ်ကျအောင်လည်း တွန်းပို့ပေးနေကြတယ်မဟုတ်လား။

"ကိလေသာတရားတွေ ခေါင်းပါးသွားပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားတွေရှင်သန်လာတာနဲ့တစ်ပြိုင်နက် လူတိုင်းရဲ့ဘဝဟာ ပျော်ရွှင်ချမ်းမြေ့စရာကောင်းလာမယ်မဟုတ်လား။ ကမ္ဘာတစ်ဝှန်းလုံး ငြိမ်းချမ်းသာယာသွားမယ်မဟုတ်လား"

"မှန်လိုက်လေ ဆရာရယ် . . ."

"ဒီလိုဆိုရင်ယနေ့လူငယ်လူရွယ်တို့ရဲ့ ဘဝကြီးပွားတိုးတက်ရေးအတွက် အကောင်းဆုံးအခြေခံပညာဟာဘာလဲ"

"ဘဝအမြင်မှန်ကို သိရှိနိုင်စေတဲ့အဘိဓမ္မာပညာပဲပေါ့ဆရာ"

"ဒါလောက်အဖိုးတန်တဲ့ အဘိဓမ္မာပညာကို မြန်မာနိုင်ငံတစ်ဝှန်းလုံးပျံ့နှံ့သွားအောင် ကြိုးပမ်းကြပါစို့လား"

"မိဘများက အမြင်မှန်ရကြပြီး မိမိတို့ရဲ့ သားသမီးများကို လောကီပညာအမွေပေးကြသလို လောကုတ္တရာအမွေကိုလည်းကြိုးစားပေးကြပါလို့ ကျွန်တော်တို့ ဝိုင်းဝန်းဆော်ဩပေးပါ့မယ်"

"ကမ္ဘာသူ ကမ္ဘာသားတို့ရဲ့ အကျိုးစီးပွားအတွက် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ဆည်းပြီးမှရရှိခဲ့တဲ့ သဗ္ဗညုတ

http://www.dhammadownload.com

ဉာဏ်တော်နဲ့ထုတ်ဖော်ဟောကြားထားတဲ့ ကမ္ဘာ့အလှပဆုံး အဆင့် မြင့်ဆုံး အဘိဓမ္မာဒေသနာတော်သည် ဤကမ္ဘာမြေပြင်မှ မပပျောက် သွားအောင် အားသွန်ကြိုးပမ်း စောင့်ရှောက်ကြပါကုန်စို့."

" သာဓု ... သာဓု ... သာဓု ..."

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

## မြန်မာကို ကမ္ဘာက လေးစားရေး

ဗီလိုဆိုဖီခေါ် ဒဿနိကဗေဒသည် ဘဝအကြောင်းနှင့် လောကအကြောင်းတို့ကို တွေးခေါ်ထားကြသည့် အတွေးအမြင် ဆိုင်ရာ ပညာဖြစ်၏။

အနောက်တိုင်း ဒဿနပညာရှင်များသည် မောဟမျက်နှာဖုံး စွပ်လျက်နှင့် ပညတ်နယ်တွင် ဘဝသစ္စာနှင့် လောကသစ္စာများကို ရှာဖွေနေကြရာ ယနေ့တိုင် မတွေ့ရှိကြသေးပါ။

သူတို့ရှာကြနေသော သစ္စာအမှန်တရားများအားလုံးသည် ဗုဒ္ဓအဘိဓမ္မာတွင် အကုန်အရန်သင့်ရှိနေကြ၏။ မှန်ကန်ကြောင်း သိပ္ပံ နည်းကျ လက်တွေ့ပြပြီးလည်းဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာကို ကမ္ဘာသိအောင် လုပ်နိုင်လျှင် မြန်မာကို ကမ္ဘာက လေးစားလာရမည် ဖြစ်သတည်း။

❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀

http://www.dhammadownload.com

# မာတိကာ


## အကြိုမိတ်ဆက်

ဘဝမီးရှူးတန်ဆောင်
ရန်ကုန်တက္ကသိုလ် ရက်တိုအဘိဓမ္မာသင်တန်းဖွင့်ပုံ
မော်လမြိုင်တက္ကသိုလ် ရက်တို အဘိဓမ္မာသင်တန်းဖွင့်ပုံ
ဒေါက်တာမင်းတင်မွန် "ဝေရက်တက်ခဲ့ပြီ" ... ၁
လူငယ်များ ကြီးပွားချမ်းသာရေးအစစ် ... ၈
**အမှာစာ** ... ၂၆
**နိဒါန်း** ... ၂၉
**ပဏာမအဖွင့်** ... ၃၁

## အခန်း (၁) စိတ်ပိုင်း

ဘုံအားဖြင့် စိတ်ကို ၄ မျိုးခွဲခြားပုံ ... ၃၄
အကုသိုလ်စိတ် ၁၂-ပါး ... ၃၅
လောဘမူစိတ် ၈-ပါး ... ၃၅
ဒေါသမူစိတ် ၂-ပါး ... ၃၇
မောဟမူစိတ် ၂-ပါး ... ၃၈
အဟိတ်စိတ် ၁၈-ပါး ... ၃၉
အကုသလဝိပါက်စိတ် ၇-ပါး ... ၃၉
အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး ... ၄၀

http://www.dhammadownload.com




အဟိတ်ကြိယာစိတ် ၃–ပါး ... ၄၂
ကာမသောဘဏစိတ် ၂၄–ပါး ... ၄၃
မဟာကုသိုလ်စိတ် ၈–ပါး ... ၄၃
မဟာဝိပါက်စိတ် ၈–ပါး ... ၄၄
မဟာကြိယာစိတ် ၈–ပါး ... ၄၅
ရူပါဝစရစိတ် ၁၅–ပါး ... ၄၅
အရူပါဝစရစိတ် ၁၂–ပါး ... ၄၀
လောကုတ္တရာစိတ်အကျဉ်း ၈–ပါး ... ၅၀
လောကုတ္တရာစိတ်အကျယ် ၄၀ ... ၅၁
မဂ်စိတ်အကျယ် ၂၀ ... ၅၁
ဖိုလ်စိတ်အကျယ် ၂၀ ... ၅၂
စိတ်များကို သရုပ်ခွဲခြင်း ... ၅၃


## အခန်း (၂) စေတသိက်ပိုင်း


စေတသိက်ဆိုသည်မှာ ... ၅၆
စေတသိက် ၅၂–ပါး ... ၅၇
အညသမာန်းစေတသိက် ၁၃–ပါး ... ၅၇
သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး ... ၅၇
ပကိဏ်ဏကစေတသိက် ၆–ပါး ... ၅၈
အကုသိုလ်စေတသိက် ၁၄–ပါး ... ၆၀
သောဘဏသာဓာရဏစေတသိက် ၁၉–ပါး ... ၆၃
ဝိရတိစေတသိက် ၃–ပါး ... ၆၈
အပ္ပမညာစေတသိက် ၂–ပါး ... ၆၉
ပညိန္ဒြေစေတသိက် ... ၇၀
စေတသိက်၌စိတ်ယှဉ်–သမ္ပယောဂနည်း ... ၇၀
စိတ်၌စေတသိက်ယှဉ်–သင်္ဂဟနည်း ... ၇၂
နိယတယောဂီနှင့် အနိယတယောဂီ ... ၇၈
လက်တွေ့ စိစစ်ပုံ ၈၀

http://www.dhammadownload.com



## အခန်း (၃) ပကိဏ်းပိုင်း

ရုပ်နာမ်ဆက်သွယ်မှု ... ၈၂
ဝေဒနာသင်္ဂဟ ... ၈၂
ဟေတုသင်္ဂဟ ... ၈၄
ကိစ္စသင်္ဂဟ ... ၈၅
ကိစ္စဆောင်ရွက်သည့်စိတ်များ ... ၈၆
ကိစ္စဆောင်ရွက်ရန် ဌာနများ ... ၈၇
ကိစ္စနှင့် ဌာနတပ်သောစိတ်များ ... ၈၉
ဒွါရသင်္ဂဟ ... ၈၉
ဒွါရအသီးသီး၌ ဖြစ်သောစိတ်များ ... ၉၀
အာရမ္မဏသင်္ဂဟ ... ၉၂
အာရုံအသီးသီးကို ယူနိုင်သည့်စိတ်များ ... ၉၃
ဝတ္ထုသင်္ဂဟ ... ၉၄
ဘုံနှင့်ဝတ္ထု ... ၉၅
ဝိညာဏဓာတ် ၇–ပါး ... ၉၅

## အခန်း (၄) ဝီထိပိုင်း

ဝီထိ၏အဓိပ္ပာယ်၊ စိတ်၏အသက် ... ၉၈
ရုပ်၏အသက်၊ ဝိညာဏဆက္က ... ၉၉
ဝီထိဆက္က ... ၉၉
စက္ခုဒွါရဝီထိဖြစ်ရန် အကြောင်း ၄–ပါး ... ၁၀၀
ဝိသယပ္ပဝတ္တိဆက္က ... ၁၀၂
ဝီထိစိတ်များနှင့် ဝီထိမုတ်စိတ်များ ... ၁၀၃
ဘဝင်စိတ် ၃–မျိုး ... ၁၀၄
စက္ခုဒွါရဝီထိ ၁၅–ပါး ... ၁၀၅
အတိမဟန္တာရုံ ၁–ဝီထိဖြစ်ပုံ ... ၁၀၆
မဟန္တာရုံ ၂–ဝီထိဖြစ်ပုံ ... ၁၀၇

http://www.dhammadownload.com




ပရိတ္တာရုံ ၆–ဝီထိဖြစ်ပုံ ... ၁၀၈
အတိပရိတ္တာရုံ ၆–ဝီထိဖြစ်ပုံ ... ၁၁၀
ပဉ္စဒွါရဝီထိ ၇၅–ပါး ... ၁၁၁
သရက်သီးကြွေသည့်ဥပမာ ... ၁၁၂
ပဉ္စဒွါရဝီထိစိတ် ၅၄–ပါး ... ၁၁၂
ဝီထိစိတ်တို့၏ အာရုံနှင့် မှီရာဝတ္ထု ... ၁၁၃
မနောဒွါရဝီထိအပြား ... ၁၁၄
ကာမဇောမနောဒွါရ ၄–ဝီထိ ... ၁၁၅
ကာမဇောမနောဒွါရ ဝီထိစိတ်များ ... ၁၁၆
တဒနုဝတ္တက မနောဒွါရ ၄–ဝီထိ ... ၁၁၇
အပ္ပနာဇောဝါရဝီထိများ ... ၁၁၇
ရူပါဝစရအပ္ပနာဝီထိ ၅–ပါး ... ၁၁၉
အရူပါဝစရအပ္ပနာဝီထိ ၄–ပါး ... ၁၂၁
အဘိညာ အပ္ပနာဝီထိ ... ၁၂၂
မဂ္ဂအပ္ပနာဝီထိ ၄–ပါး ... ၁၂၄
ဖလသမာပတ္တိဝီထိ ၄–ပါး ... ၁၂၅
နိရောဓသမာပတ္တိဝီထိ ... ၁၂၆
ဝိပါကနိယာမ ... ၁၂၇
ကာမဇောအကြိမ် ... ၁၂၈
အပ္ပနာဇောအကြိမ် ... ၁၂၈
တဒါရုံစစ်ခန်း ... ၁၂၉
အာဂန္တုကဘဝင် ... ၁၂၉
ဘုံ၃၁စိတ်ရ ... ၁၃၀
ပုဂ္ဂလဘေဒ (ပုဂ္ဂိုလ်အပြား) ... ၁၃၁
ပုဂ္ဂိုလ်စိတ်ရ ... ၁၃၂

http://www.dhammadownload.com



## အခန်း (၅) ဘုံပိုင်း


ဝီထိမုတ်စိတ်များ ... ၁၃၇
စတုက္ကလေးလီ ... ၁၃၇
ဘုံလေးမျိုး ... ၁၃၈
ဘုံများ၏တည်ရာ ... ၁၃၈
ဘုံနှင့် ပုဂ္ဂိုလ် ... ၁၄၁
ပဋိသန္ဓေ ၄–မျိုး ... ၁၄၂
ပုဂ္ဂိုလ်နှင့် ပဋိသန္ဓေ ... ၁၄၂
ပဋိသန္ဓေတည်ပုံ ၄–မျိုး ... ၁၄၅
ဘုံသားနှင့် ပဋိသန္ဓေ ... ၁၄၅
သတ္တဝါတို့၏သက်တမ်း ... ၁၄၆
ကမ္ဘာပျက်ပုံ ... ၁၄၉
ကမ္မစတုက္က ... ၁၄၉
ကိစ္စကမ္မစတုက္က ... ၁၅၀
ပါကဒါနပရိယာယ ကမ္မစတုက္က ... ၁၅၁
ပါကကာလ ကမ္မစတုက္က ... ၁၅၁
ပါကဋ္ဌာန ကမ္မစတုက္က ... ၁၅၂
ကမ္မဒွါရနှင့် ကံသုံးပါး ... ၁၅၂
အကုသိုလ်ကံ ၁၀–ပါး ... ၁၅၃
သုစရိုက် ၁၀–ပါး ... ၁၅၅
ပုညကြိယဝတ္ထု ၁၀–ပါး ... ၁၅၇
အကုသိုလ်ကံနှင့် ကုသိုလ်ကံတို့၏ အကျိုးပေးပုံ ... ၁၅၉
သေခြင်းအကြောင်း ၄–ပါး ... ၁၆၃
စုတေခါနီး အာရုံထင်ပုံ ... ၁၆၃
မရဏာသန္နဝီထိ ... ၁၆၄
ပဋိသန္ဓေစိတ်နှင့် အာရုံ ... ၁၆၅
အရူပစုတိနောင် ပဋိသန္ဓေအပြား ... ၁၆၆

http://www.dhammadownload.com



ရူပစုတိနောင် ပဋိသန္ဓေအပြား ... ၁၆၇
ကာမစုတိနောင် ပဋိသန္ဓေအပြား ... ၁၆၇

## အခန်း (၆) ရုပ်ပိုင်း

ရူပသမုဒ္ဒေသ ... ၁၆၈
ဘူတရုပ် ၄–ပါး ... ၁၆၈
ဥပါဒါရုပ် ၂၄–ပါး ... ၁၆၉
နိပ္ဖန္နရုပ် ၁၈–ပါး ... ၁၇၃
ရူပဝိဘာဂ ... ၁၇၄
ရူပသမုဋ္ဌာန ... ၁၇၆
ရုပ်ဖြစ်ပုံ ... ၁၇၈
ရုပ်အမျိုးအစားများ ... ၁၇၉
ရူပကလာပ ... ၁၈၁
ကမ္မဇကလာပ် ၉–စည်း ... ၁၈၂
စိတ္တဇကလာပ် ၆–စည်း ... ၁၈၃
ဥတုဇကလာပ် ၄–စည်း ... ၁၈၄
အာဟာရဇကလာပ် ၂–စည်း ... ၁၈၄
ရူပပဝတ္တိက္ကမ ... ၁၈၅
ဘုံ ၃–ပါး၌ ရနိုင်သောရုပ်များ ... ၁၈၅
ယောနိခေါ် အမျိုးဇာတ် ၄–ပါး ... ၁၈၆
ပဋိသန္ဓေအခါ ရုပ်ဖြစ်စဉ် ... ၁၈၆
စတုဇရုပ်ဖြစ်စဉ် ... ၁၈၇
စတုဇရုပ်တို့၏ ဖြစ်ပျက်စဉ် ... ၁၈၈
နိဗ္ဗာန် ... ၁၈၉
နိဗ္ဗာန် ၂–မျိုး ... ၁၉၀
နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ ... ၁၉၀

http://www.dhammadownload.com



## အခန်း (၇) သမုစ္စည်းပိုင်း


အဘိဓမ္မာယ် ဖွင့်ဆိုချက် ... ၁၉၂
အကုသလသင်္ဂဟ ... ၁၉၂
အာသဝေါတရား ၄-ပါး ... ၁၉၂
ဩဃ ၄-ပါး ... ၁၉၃
ယောဂ ၄-ပါး၊ ဂန္ထ ၄-ပါး ... ၁၉၃၊ ၁၉၄
ဥပါဒါန် ၄-ပါး ... ၁၉၅
နီဝရဏ ၆-ပါး ... ၁၉၆
အနုသယ ၇-ပါး ... ၁၉၇
သံယောဇဉ် ၁၀-ပါး ... ၁၉၈
ကိလေသာ ၁၀-ပါး ... ၁၉၉
မိဿကသင်္ဂဟ၊ ဟိတ် ၆-ပါး ... ၂၀၀
ဈာနင် ၇-ပါး ... ၂၀၁
မဂ္ဂင် ၁၂-ပါး ... ၂၀၂
ဣန္ဒြေ ၂၂-ပါး ... ၂၀၃
ဗိုလ် ၉-ပါး ... ၂၀၅
အဓိပတိ ၄-ပါး ... ၂၀၇
အာဟာရ ၄-ပါး ... ၂၀၈
ဗောဓိပက္ခိယ သင်္ဂဟ ... ၂၀၈
သတိပဋ္ဌာန် ၄-ပါး ... ၂၀၉
သမ္မပ္ပဓာန် ၄-ပါး ... ၂၁၀
ဣဒ္ဓိပါဒ် ၄-ပါး ... ၂၁၁
ဣန္ဒြေ ၅-ပါး ... ၂၁၁
ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး ... ၂၁၂
မဂ္ဂင် ၈-ပါး ... ၂၁၃
သဗ္ဗသင်္ဂဟ၊ ခန္ဓာ ၅-ပါး ... ၂၁၄
ဥပါဒါနက္ခန္ဓာ ၅-ပါး ... ၂၁၄

http://www.dhammadownload.com




အာယတန ၁၂–ပါး ... ၂၁၆
ဓာတ် ၁၈–ပါး ... ၂၁၇


## အခန်း (၈) ပစ္စည်းပိုင်း


ပစ္စည်းနှင့် ပစ္စယုပ္ပန် ... ၂၂၀
ကျေးဇူးပြုနည်း ၂–မျိုး ... ၂၂၀
ပဋိစ္စသမုပ္ပါဒ်နည်း ... ၂၂၁
အဝိဇ္ဇာပစ္စယာ သင်္ခါရာ ... ၂၂၁
သင်္ခါရပစ္စယာ ဝိညာဏံ ... ၂၂၂
ဝိညာဏပစ္စယာ နာမရူပံ ... ၂၂၃
နာမရူပပစ္စယာ သဠာယတနံ ... ၂၂၄
သဠာယတနပစ္စယာ ဖဿော ... ၂၂၄
ဖဿပစ္စယာ ဝေဒနာ ... ၂၂၅
ဝေဒနာပစ္စယာ တဏှာ ... ၂၂၅
တဏှာပစ္စယာ ဥပါဒါနံ ... ၂၂၅
ဥပါဒါနပစ္စယာ ဘဝေါ ... ၂၂၇
ဘဝပစ္စယာ ဇာတိ ... ၂၂၈
ဇာတိပစ္စယာ ဇရာမရဏံ ... ၂၂၈
ပဋိစ္စသမုပ္ပါဒ်တရားတော်၏ သိမှတ်ဖွယ်များ ... ၂၃၀
ပဋ္ဌာန်းဒေသနာနည်း ... ၂၃၇
ပစ္စယသတ္တိများ ... ၂၃၇
ပစ္စည်းအကျဉ်း ၆–မျိုး ... ၂၄၂
ပစ္စည်း ၆–မျိုးတို့၏ ကျေးဇူးပြုပုံများ ... ၂၄၃
ပညတ် ၂–မျိုး ... ၂၄၈
အတ္ထပညတ်အကျယ် ... ၂၄၉
သဒ္ဒပညတ်အကျယ် ... ၂၅၁

http://www.dhammadownload.com



## အခန်း (၉) ကမ္မဋ္ဌာန်းပိုင်း


ဘာဝနာ ... ၂၅၅
ကမ္မဋ္ဌာန်း ... ၂၅၆
ကသိုဏ်း ၁၀-ပါး ... ၂၅၆
အသုဘ ၁၀-ပါး ... ၂၅၇
အနုဿတိ ၁၀-ပါး ... ၂၅၈
အပ္ပမညာ ၄-ပါး ... ၂၆၀
အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် ... ၂၆၀၊ ၂၆၁
အာရုပ္ပ ၄-ပါး၊ စရိုက် ၆-ပါး ... ၂၆၁
သပ္ပါယဘေဒ ... ၂၆၂
ဘာဝနာဘေဒ ... ၂၆၃
ဂေါစရဘေဒ ... ၂၆၅
နိမိတ်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ ... ၂၆၆
ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ ... ၂၆၇
ဒုတိယစျာန် စသည်တက်ပုံ ... ၂၆၈
အာရုပ္ပစျာန်တက်ခန်း ... ၂၇၀
အဘိညာဉ်ခန်း ... ၂၇၁
ဝိပဿနာ ကမ္မဋ္ဌာန်း ... ၂၇၂
ဝိသုဒ္ဓိ ၇-ပါး ... ၂၇၃
လက္ခဏာ ၃-ပါး ... ၂၇၃
အနုပဿနာ ၃-ပါး ... ၂၇၄
ဝိပဿနာဉာဏ် ၁၀-ပါး ... ၂၇၄
ဝိမောက္ခ ၃-ပါး ... ၂၇၅
ဝိမောက္ခမုခ ၃-ပါး ... ၂၇၆
ဝိသုဒ္ဓိနှင့် ဉာဏ်စဉ် အဆင့်ဆင့် ဖြစ်ပေါ်ပုံ ... ၂၇၆
ဥပက္ကိလေသ ၁၀-ပါး ... ၂၈၃
အရိယာ ပုဂ္ဂိုလ်များ ... ၂၈၉
ကျမ်းကိုးစာရင်း ... ၂၉၇

http://www.dhammadownload.com

# အမှာစာ

အဖိုးတန်ဆုံး ဘဝပညာဖြစ်သည့် ဗုဒ္ဓအဘိဓမ္မာကို တက္ကသိုလ်ဓမ္မာရုံ၌ ၁၉၈၃–ခုနှစ်မှစတင်ကာ ကျွန်တော်တို့ပို့ချပေးခဲ့ပါသည်။ ၁၉၈၆ ခုနှစ်၌ မော်လမြိုင်တက္ကသိုလ်သို့ ကျွန်တော် ပြောင်းရွှေ့သွားရသည့်အခါ ကျွန်တော်၏ လက်ထောက်ဆရာမဖြစ်သူ ဒေါ်သန်းသန်းနွဲ့ (ပထဝီဝင် လက်ထောက်ကထိက)က ဆက်လက် ပို့ချပေးပါသည်။ တက္ကသိုလ် ကျောင်းဖွင့်ရက်အတွင်း စနေနှင့်တနင်္ဂနွေနေ့များ၌ တစ်နေ့လျှင် နှစ်နာရီကျဖြင့် ၆–လမျှ ပို့ချသည့်အခါ သင်္ဂြိုဟ် ကိုးပိုင်းစလုံး ပြီးမြောက်လေ့ရှိပါသည်။

သင်ရိုးမှာ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲသုံးဆင့်အတွက် သာသနာရေး ဦးစီးဌာနမှ ပြဋ္ဌာန်းထားသည့် သင်ရိုးဖြစ်သည်။ မူလ ပဋ္ဌာန်းဆရာတော် ဦးနာရဒ၏ သင်္ဂြိုဟ်ဇယားများကို အထောက်အကူအဖြစ် အသုံးပြု၍ ခေတ်အမြင်နှင့်ယှဉ်ကာ ခေတ်မီဆန်းသစ်သော နည်းများဖြင့် သင်ကြားပို့ချပေးသည့်အတွက် သင်တန်းသားများ မငြီးငွေ့ဘဲ လွယ်ကူလျင်မြန်စွာ သဘောပေါက်ကြပါသည်။

နှစ်စဉ် သင်တန်းတက်ရောက်ကြသော တက္ကသိုလ်ကျောင်းသူ ကျောင်းသားဦးရေမှာ ၅၀၀ ခန့်ရှိပြီး သင်တန်းအစအဆုံး တက်ရောက်သူ အရေအတွက်မှာ (၁၀၀)ခန့်ရှိပါသည်။ သင်တန်းသားထက်ဝက်လောက်သည် အစိုးရ အဘိဓမ္မာစာမေးပွဲကို ဝင်ရောက်ဖြေဆိုကြပြီး အောင်မြင်မှုများ ရရှိခဲ့ကြပါသည်။

http://www.dhammadownload.com



သင်တန်းသားအားလုံးပင် ဗုဒ္ဓအဘိဓမ္မာသည် လက်တွေ့ဘဝအတွက် အဖိုးအနဂ္ဃထိုက်တန်ပြီး ဘဝချမ်းသာ တိုးတက်ရေးအတွက် အလွန်တရာ ကျေးဇူးများလှကြောင်းကို နားလည်သွားကြပါသည်။ သဒ္ဓါတရား ဖွံ့ဖြိုးတိုးတက်လာကာ စစ်မှန်တက်ကြွသော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။

ဤအကျိုးကျေးဇူးများကို မြင်သိကြသည့် တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ပုံမှန်အဘိဓမ္မာသင်တန်းကို မတက်ရောက်နိုင်ကြသော တက္ကသိုလ်ကျောင်းသူ ကျောင်းသားများနှင့် တက္ကသိုလ်ဝန်ထမ်း ရာထမ်းများတို့အား အဘိဓမ္မာတရားကို လေ့လာမှတ်သားခွင့် ရစေခြင်းအကျိုးငှာ အထူးရက်တို အဘိဓမ္မာသင်တန်း တစ်ရပ် ဖြစ်မြောက်အောင် စီစဉ်ကြပါသည်။

ဗုဒ္ဓမြတ်စွာသည် အဘိဓမ္မာဒေသနာတော်ကို တာဝတိံသာ နတ်ပြည်၌ ဝါတွင်းသုံးလ, တစ်နည်း ရက်ပေါင်း ၉၀ တိုင်တိုင် မရပ်မနား ဟောကြားခဲ့ပါသည်။ ဤအဘိဓမ္မာဒေသနာတော်ကို ဓမ္မသေနာပတိ အကျော် အရှင်သာရိပုတ္တရာမထေရ်မြတ်က အကျဉ်းချုံးကာ မိမိ၏ တပည့်ငါးရာတို့အား လူ့ပြည်၌ တစ်ပြိုင်တည်း ပို့ချပေးခဲ့ပါသည်။

လူ့ပြည်၌ဟောကြားသော အဘိဓမ္မာတရားတော်ကို တစ်ဖန် အရှင်အနုရုဒ္ဓမထေရ်က အထူးအကျဉ်းရုံးကာ "အဘိဓမ္မတ္ထသင်္ဂဟကျမ်း" တစ်စောင်ကို ပြုစုပေးခဲ့ပါသည်။ ပါဠိစာသားဖြင့် လက်သန်းအထူမျှသာရှိသော ဤအဘိဓမ္မာသင်္ဂြိုဟ်ကျမ်းသည် ကြောင်းကျိုးပြည့်စုံညီညွတ်၍ ရှင်းလင်းပြတ်သားလှသဖြင့် နိုင်ငံခြားဘာသာ အသီးသီးသို့ ပြန်ဆိုခြင်းကို ခံခဲ့ရပေသည်။

ယင်း အဘိဓမ္မတ္ထသင်္ဂဟကျမ်း (ဝါ) အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း၌ လာသော သဘောတရားများကိုပင် အဘိဓမ္မာရိုးရိုးတန်း သင်ရိုးအဖြစ် သာသနာရေးဦးစီးဌာနက ပြဌာန်းထားပါသည်။ ဤသဘောတရားများကို ပင် စေ့စေ့စပ်စပ် သဘောပေါက်နားလည်ရန်အတွက် ပုံမှန်သင်တန်းဖြင့် ၆–

http://www.dhammadownload.com



လခန့် ကျွန်တော်ပို့ချ ရှင်းပြခဲ့ရပါသည်။

ယခုမူ ဤသင်ရိုးအပြည့်အစုံကို ၁၉၈၇–ခုနှစ်၊ မတ်လ ၂၇၊ ၂၈၊ ၂၉ ရက်တည်းဟူသော ရုံးပိတ်ရက် သုံးရက်၌ အပြတ်ပို့ချရန် စီစဉ်ခဲ့ကြသည်။ နတ်ပြည်၌ ရက် ၉၀ ကြာ ဗုဒ္ဓမြတ်စွာ ဟောကြားထားသော အဘိဓမ္မာဒေသနာတော်၏အနှစ်သာရကို၃–ရက်အတွင်းရှင်းလင်းပို့ချရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။ အဘိဓမ္မာနားလည်သူတို့က "မဖြစ်နိုင်" ဟုပင် မှတ်ချက်ချခဲ့ကြ၏။

ဤမဖြစ်နိုင်သော "၃–ရက်အပြတ် အဘိဓမ္မာရက်တိုသင်တန်း"ကို အောင်မြင်စွာ ပို့ချနိုင်ခဲ့လေပြီ။

အဘိဓမ္မာ၏ အနှစ်အသားများကို အလွန်ကျေးဇူးများအောင် ပြည်မြန်မာအနှံ့ ဖြန့်ချိနိုင်ရန် နည်းလမ်းကောင်းများ ပေါ်ထွန်းလာလေပြီ။

အတု မရှိအောင် အနှစ်သာရရှိလှသော အတိုင်း မသိအောင် အကျိုးကျေးဇူး ကြီးမားလှသော ကမ္ဘာ့တစ်ဝှန်းလုံးက အံ့မခန်းအောင် ချီးကျူးထောပနာပြုကြရသော အဘိဓမ္မာအနှစ်ချုပ်ကို လူဖြစ်ကျိုးနပ်အောင်သာသနာတော်နှင့်ကြုံကြိုက်ရကျိုးနပ်အောင်ဆည်းပူးလေ့လာကြပါလော့။

*လူတိုင်း၏ဘဝ မြင့်မားရေးကို ရှေးရှုလျက်–*

ဒေါက်တာမင်းတင်မွန်

✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# နိဒါန်း

ဘဝအကြောင်း လောကအကြောင်းတို့ကို အမှန်တကယ်ရှိသည့် ပရမတ္ထတရားတို့ဖြင့် ရှင်းလင်း ဖော်ပြထားသော ဗုဒ္ဓအဘိဓမ္မာသည် အဖိုးတန်ဆုံး ဘဝပညာ ဖြစ်ပါသည်။

အဘယ်ကြောင့် အဖိုးတန်ဆုံး ဖြစ်ပါသနည်း။

မှန်ကန်သော ဘဝအမြင်နှင့် လောက အမြင်တို့ကို ရှင်းရှင်းလင်းလင်း ဖွင့်ပြထားသောကြောင့် ဖြစ်ပေသည်။

လောကကြီးကို လွှမ်းမိုး ခြယ်လှယ်နေကြသော စိတ်စေတသိက်တို့၏ သဘော သဘာဝများကို မခြွင်းမချန် မှန်ကန် ပြည့်စုံစွာ ဟောကြားထားသည့် ဗုဒ္ဓအဘိဓမ္မာသည် လူတိုင်းအတွက် မှန်ကန် တည့်မတ်သော ဘဝဒဿန (Life Philosophy) ဖြစ်ပေ၏။

လူတို့အား ဆိုးသွမ်း ယုတ်ညံ့ ဆင်းရဲစေတတ်သည့် အကုသိုလ်စေတသိက်များကို လည်းကောင်း၊ လူတို့၏ ဘဝကို မြင့်မြတ် တင့်တယ် ချမ်းသာစေတတ်သည့် သောဘဏ စေတသိက်များကို လည်းကောင်း၊ ကောင်းမြတ်သည့် လုပ်ငန်းများ၌ အောင်ပန်း ဆင်စေတတ်သော ဗလ အင်အားနှင့် အဓိပတိတရားများကို လည်းကောင်း၊ ဝဋ်ဆင်းရဲတွင်းမှ လွတ်မြောက်စေပြီး အချမ်းသာဆုံး သန္တိသုခကို ရရှိစေသော ကျင့်စဉ် အမှန်တရားကို လည်းကောင်း၊ ဗုဒ္ဓအဘိဓမ္မာက တိတိကျကျ ညွှန်ပြထားပါသည်။

http://www.dhammadownload.com



ဗုဒ္ဓ အဘိဓမ္မာသည် အနောက်တိုင်း ဒဿနပညာတို့ထက် အဆင့်မြင့်ကြောင်းကို ဤဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်က သက်သေပြပါလိမ့်မည်။

ဤအဘိဓမ္မာ အနှစ်ချုပ်မျှကို လေ့လာဆည်းပူးသဖြင့် ဘဝ အမြင်မှန်ကို ရရှိသွားသူသည် ဗုဒ္ဓအဘိဓမ္မာ၏ ရတနာ ရွှေသော့ကို ရရှိလိုက်ပြီဖြစ်၍ ကျမ်းစာအုပ် အဆူဆူတို့ကို လွယ်ကူစွာ လေ့လာနိုင်ပါပြီ။ ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ကို သံသယကင်းရှင်းစွာ မြတ်နိုးပူဇော်နိုင်ပါပြီ။

စိတ်စေတသိက်တို့၏ အလုပ်လုပ်ပုံများကို သိနားလည်လာလျှင် ဤခန္ဓာကိုယ်ထဲ၌ "ငါ"ဟုစွဲယူအပ်သည့် "အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်"တို့ မရှိကြောင်းကို ဘွင်းဘွင်းကြီး သိမြင်သွားပါလိမ့်မည်။

ဤသို့ "ငါစွဲ"ဟူသည့် သက္ကာယဒိဋ္ဌိနှင့် ရတနာသုံးပါး၌ ယုံမှားသံသယဖြစ်မှုဟူသော ဝိစိကိစ္ဆာတို့ ကင်းပလောက်အောင် အမြင်ကြည်လင်လာသည့်အခါ စူဠသောတာပန်အဖြစ်သို့ရောက်ပြီး နောက်ဘဝအတွက် အပါယ်တံခါးပိတ်လေပြီ။

ဘဝ အမြင်မှန်တည်းဟူသော အဘိဓမ္မာမျိုးစေ့သည် လူချမ်းသာနှင့် သန္တိသုခဟူသည့် ထာဝရ ချမ်းသာတို့ကို ရှင်သန် ပေါက်ဖွားလာအောင် ဧကန် အကျိုးဆောင်ပေးမည် ဖြစ်ပေသတည်း။

✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# ပဏာမအဖွင့်

## ဗုဒ္ဓအဘိဓမ္မာ

အဘိဓမ္မာသည် လောကသုံးပါးနှင့် နိဗ္ဗာန်တို့၏ အကြောင်းအရာများကို တကယ် အစစ်အမှန်ရှိသည့် ပရမတ္ထတရား ၄–ပါးတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားသော တရားတော်ဖြစ်၏။

## ပိဋကသုံးပုံ

◆ သုတ္တန်ပိဋကသည် သတ္တဝါတို့၏ အသိဉာဏ်နှင့် လျော်ညီသော ဝေါဟာရများကို အများဆုံးသုံး၍ ဗုဒ္ဓ ဟောကြားထားသည့် ဝေါဟာရဒေသနာ ဖြစ်၏။

◆ ဝိနယပိဋကသည် တပည့်သာဝကများက လိုက်နာကျင့်ကြံရန် အာဏာကို အများဆုံးသုံး၍ ဗုဒ္ဓ ပညတ်တော်မူခဲ့သော အာဏာ ဒေသနာ ဖြစ်၏။

◆ အဘိဓမ္မာပိဋကသည် မဖောက်မပြန် မှန်ကန်သော သဘောတရားများ (ပရမတ္ထ တရားများ)ကို အကြွင်းမရှိပြည့်စုံစွာ ဗုဒ္ဓဟောကြားခဲ့သည့် ပရမတ္ထဒေသနာ ဖြစ်၏။

## အဘိဓမ္မာအမည်တွင်ပုံ

သုတ္တန်ပိဋက တွင် ဓမ္မက္ခန္ဓာ (တရားအစု) ၂၁၀၀၀၊ ဝိနယပိဋကတွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ အဘိဓမ္မာပိဋကတွင် ဓမ္မက္ခန္ဓာ ၄၂၀၀၀

http://www.dhammadownload.com



အသီးသီးရှိကြသည်။ သို့အတွက် အဘိဓမ္မာပိဋကသည် သုတ္တန်ပိဋက၊ ဝိနယပိဋကတို့ထက်–

(၁) ဓမ္မက္ခန္ဓာ အရေအတွက်ပိုများခြင်း၊
(၂) ဟောကြားသောနည်းအရေအတွက် ပိုများခြင်း၊
(၃) သာလွန်ထူးဆန်းသည့် တရားတော်ဖြစ်ခြင်းတို့ကြောင့် အဘိဓမ္မာ (သာလွန်ထူးဆန်းသောတရား)ဟု အမည်တွင်၏။

## ပရမတ်နှင့် ပညတ်

*ပရမတ္ထ = ပရမ + အတ္ထ = မြတ်သော + အနက်သဘော*

မဖောက်မပြန် တည့်မတ်မှန်ကန်သဖြင့် မြတ်သည်ဟု ခေါ်ဆိုထိုက်သော အမှန်တကယ်ရှိသည့် သဘာဝတရားများကို ပရမတ္ထ (ဝါ) ပရမတ်ဟုခေါ်၏။ ပရမတ်သည် ဉာဏ်ဖြင့် ခွဲခြမ်းစိတ်စစ်လျှင် ဖောက်ပြန်ပျောက်ကွယ်ခြင်းမရှိဘဲ အမြဲမှန်ကန် မြဲမြဲနေ၏။

ပညတ်သည် လူတို့သမုတ်ခေါ်ဝေါ်ထားသော ဝေါဟာရများဖြစ်၏။ အမှန်ရှိသည်ဟု ထင်ရသော်လည်း ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်စစ်လျှင် ပျောက်ကွယ်သွား၏။

ပုံစံ။ ။လူ၊ ခွေး၊ ကျောင်း၊ အိမ်၊ မော်တော်ကား စသည့် အမည်ဝေါဟာရများ။

## ပရမတ္ထ ၄–ပါး

| စိတ် | စေတသိက် | ရုပ် | နိဗ္ဗာန် |
|---|---|---|---|
| ၁ | ၅၂ | ၂၈ | ၁ |

စိတ် = အာရုံကို သိတတ်သောသဘောတရား၊

http://www.dhammadownload.com



စေတသိက် = စိတ်၌မှီတွယ်၍စိတ်ကိုခြယ်လှယ်သော သဘောတရား၊

ရုပ် = အပူအအေးစသော ဆန့်ကျင်ဘက် အကြောင်းများ, ကြောင့် ဖောက်ပြန်တတ်သည့် သဘောတရား၊

နိဗ္ဗာန် = ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ ချမ်းသာ အစစ် အမှန်တရား၊

စိတ် + စေတသိက် = နာမ် = အာရုံသို့ ကိုင်းညွတ်ပြီး အာရုံကို သိတတ်၏။

လူနှင့် သတ္တဝါတို့သည် နာမ်ရုပ်အစုများသာ ဖြစ်ကြ၏။ နိဗ္ဗာန်၌ နာမ်ရုပ် မရှိချေ။ နာမ်ရုပ်မရှိသဖြင့် ထာဝရ ချမ်းသာ၏။

သင်နှင့် ကျွန်ုပ်တို့သည် ဘာတွေလဲ....

ရုပ်နာမ် နှစ်ပါးမျှသာဖြစ်သော လူသားတို့သည် ငါစွဲဖြင့် ထောင်လွှားဝင့်ကြွားနေသင့်ကြပါသလော။

✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၁)

## စိတ်ပိုင်း

### ဘုံအားဖြင့် စိတ်ကို ၄ မျိုးခွဲခြားပုံ

စိတ်

| ကာမဘုံ (ကာမ ၁၁–ဘုံ) | ရူပဘုံ (ရူပဗြဟ္မာ ၁၆–ဘုံ) | အရူပဘုံ (အရူပဗြဟ္မာ ၄–ဘုံ) | လောကုတ္တရာဘုံ (လောကုတ္တရာ အဝတ္ထာဘုံ) |
|---|---|---|---|
| ↓ | ↓ | ↓ | ↓ |
| ကာမာဝစရစိတ် | ရူပါဝစရစိတ် | အရူပါဝစရစိတ် | လောကုတ္တရာစိတ် |
| ၅၄ | ၁၅ | ၁၂ | ၈ (၄၀) |
| ↓ | | | |

အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ ကာမသောဘဏစိတ် ၂၄

# အကုသိုလ်စိတ် ၁၂–ပါး

အပြစ်ရှိသောစိတ်များကို အကုသိုလ်စိတ်များဟု ခေါ်၏။

## အကုသိုလ်စိတ်

| လောဘမူစိတ် | ဒေါသမူစိတ် | မောဟမူစိတ် |
|---|---|---|
| ၈ | ၂ | ၂ |
| လိုချင်တပ်မက်မှု လောဘအရင်းခံသည် | စိတ်ဆိုးစိတ်ပျက်မှု ဒေါသအရင်းခံသည် | မသိတွေဝေမှု မောဟအရင်းခံသည် |

## လောဘမူစိတ် ၈–ပါး

| ဒိဋ္ဌိသံ | ဒိဋ္ဌိဝိ | ဒိဋ္ဌိသံ | ဒိဋ္ဌိဝိ |
|---|---|---|---|
| + + | + + | – – | – – |
| အ သ | အ သ | အ သ | အ သ |

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၂။ ။ ။ သသင်္ခါရိကစိတ် ၁
၃။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
၄။ ။ ။ သသင်္ခါရိကစိတ် ၁
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၆။ ။ ။ သသင်္ခါရိကစိတ် ၁
၇။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
၈။ ။ ။ သသင်္ခါရိကစိတ် ၁

http://www.dhammadownload.com



## အဓိပ္ပာယ်

သောမနဿသဟဂုတ် = ဝမ်းမြောက်ရွှင်လန်းခြင်းနှင့်တကွဖြစ်သော

ဥပေက္ခာသဟဂုတ် = ဝမ်းမြောက် ဝမ်းနည်းမဖြစ်ဘဲ

ဒိဋ္ဌိဂတသမ္ပယုတ် = အယူမှားခြင်း ဒိဋ္ဌိယှဉ်လျက်
(ကံ–ကံ အကျိုးကို မယုံ)

ဒိဋ္ဌိဂတဝိပ္ပယုတ် = အယူမှားခြင်း ဒိဋ္ဌိမယှဉ်ဘဲ
(ကံ–ကံ အကျိုးကိုယုံ)

အသင်္ခါရိကစိတ် = တိုက်တွန်းပြုပြင်မှုမပါဘဲ အလိုအလျောက် ဖြစ်သောစိတ် (ထက်မြက်သည့်စိတ်)

သသင်္ခါရိကစိတ် = တိုက်တွန်းပြုပြင်မှုကြောင့် ဖြစ်သောစိတ် (ထိုင်းမှိုင်းသည့်စိတ်)

## အသုံးချမှု

ကာမဂုဏ်အာရုံကိုနှစ်သက်တွယ်တာနေသည့်အခါ လောဘမူ စိတ် ဖြစ်သည်။

ဥပမာ။ ။ ရုပ်ရှင်ကို ပျော်ရွှင်စွာ ကြည့်နေသူ၌ လောဘမူ သောမနဿ သဟဂုတ်စိတ်ဖြစ်၏။ ရုပ်ရှင်ကြည့်သည်ကို အပြစ်ရှိမှန်း မဆင်ခြင်မိသဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဖြစ်၏။ မိမိ အလိုအလျောက် နှစ်သက် တပ်မက်နေသည့် အတွက် အသင်္ခါရိကစိတ် ဖြစ်သည်။

ပျော်ရွှင်စွာ ဝတ္ထုဖတ်နေသူ၊ သီချင်းနားထောင်နေသူ၊ သနပ် ခါး မိတ်ကပ် လိမ်းကျံနေသူ၊ ရေခဲမုန့်စားသူ၊ ပန်ကာလေခံသူ စသည်တို့ ၌လည်း အလားတူပင် လောဘမူ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်၏။ ဝမ်းမြောက် ဝမ်းနည်းမဖြစ်ဘဲ အာရုံ

http://www.dhammadownload.com



ခံစားလျှင် ဥပေက္ခာသဟဂုတ်စိတ်၊ အပြစ်ရှိသည်ဟု ဆင်ခြင်မိလျှင် ဒိဋ္ဌိမယှဉ်သဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၊ သူတစ်ပါးတိုက်တွန်း၍ ပြုလုပ်လျှင် သသင်္ခါရိကစိတ် အသီးသီးဖြစ်သည်။

## ဒေါသမူစိတ် ၂–ပါး

ပဋိဃသံ

* *

အ သ

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁
၂။ ။ ။ သသင်္ခါရိကစိတ် ၁

## အဓိပ္ပာယ်

ဒေါမနဿသဟဂုတ် = စိတ်ဆင်းရဲခြင်းနှင့်တကွဖြစ်သော
ပဋိဃသမ္ပယုတ် = အမျက်ဒေါသယှဉ်လျက်

## အသုံးချမှု

စိတ်ဆိုး၊ စိတ်ပျက်၊ စိတ်ဆင်းရဲသောအခါတိုင်း ဒေါသမူစိတ်ဖြစ်သည်။ ဒေါသမူစိတ်ဖြစ်တိုင်း စိတ်ပူလောင် ဆွေးမြေ့ရသဖြင့် ဒေါမနဿဝေဒနာ ဖြစ်ပေါ်ပြီး ပဋိဃခေါ် ဒေါသစေတသိက် ယှဉ်၏။

မိမိအလိုအလျောက် စိတ်ဆိုး/ စိတ်ပျက်နေလျှင် အသင်္ခါရိကစိတ်ဖြစ်၏။ သူတစ်ပါး တိုက်တွန်းပြောဆိုမှ စိတ်ဆိုး/ စိတ်ပျက်လျှင် သသင်္ခါရိကစိတ် ဖြစ်၏။

http://www.dhammadownload.com



## မောဟမူစိတ် ၂–ပါး

| ဝိစိသံ | ဥဒ္ဓစ္စသံ |
|---|---|
| – | – |

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ၁
၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁

### အဓိပ္ပာယ်

ဝိစိကိစ္ဆာ = ဘုရား၊ တရား၊ သံဃာ၊ ကံတရားစသည့် ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘော

ဥဒ္ဓစ္စ = အာရုံအမျိုးမျိုးသို့ စိတ်ပျံ့လွင့်ခြင်းသဘော

### အသုံးချမှု

ရတနာသုံးပါး ကံတရားစသည်၌ ယုံမှားသံသယဖြစ်နေသူတွင် မောဟမူ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ဖြစ်၏။ အာရုံပျံ့လွင့်ပြီး တွေဝေ ငေးမောနေသူ၌ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ဖြစ်၏။

### အကုသိုလ်မဖြစ်ရေး

အကုသိုလ်စိတ်ဖြစ်တိုင်း သတိထားမိလျှင် အကုသိုလ်စိတ် အစဉ်ပြတ်သွားမည်။ အထူးသဖြင့် မကောင်းမှုဒုစရိုက် ၁၀–ပါးကို အကုသိုလ်စိတ်တို့ဖြင့် ပြုလုပ်ရပေရာ အပါယ်ကျနိုင်သည့် အကုသိုလ်စိတ်ကို အဖြစ်မခံဘဲ ရှောင်ရှားနိုင်လျှင် အပါယ်ဘေး လုံခြုံသွားလိမ့်မည်။ စိတ်အကြံကို ထိန်းနိုင်ပါက ကိုယ်နှုတ် အမူအရာတို့ကို ထိန်းပြီးသား ဖြစ်သွားလိမ့်မည်။

http://www.dhammadownload.com



## အဟိတ်စိတ် ၁၈-ပါး

(ဟိတ်မပါသည့်စိတ်များ)

၁။ အကုသလ ဝိပါက်စိတ် ၇-ပါး
၂။ အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး
၃။ အဟိတ်ကြိယာစိတ် ၃-ပါး

ဟိတ် = ဟေတု = အကြောင်းတရား (ဝါ) အရင်းအမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား

အကုသိုလ်ဟိတ် ၃-ပါး = လောဘ၊ ဒေါသ၊ မောဟ
ကုသိုလ်ဟိတ် ၃-ပါး = အလောဘ၊ အဒေါသ၊ အမောဟ

## အကုသလ ဝိပါက်စိတ် ၇-ပါး

| | | | | | | |
|---|---|---|---|---|---|---|
| စက် | | ဃာ | | ကာ | | တိ |
| – | – | – | – | ʌ | – | – |
| | သော | | ဇိ | | သံ | |

| | | | | |
|---|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ်စိတ် | (မြင်သိစိတ်) | ၁ |
| ၂။ | ။ | သောတဝိညာဏ်စိတ် | (ကြားသိစိတ်) | ၁ |
| ၃။ | ။ | ဃာနဝိညာဏ်စိတ် | (နံသိစိတ်) | ၁ |
| ၄။ | ။ | ဇိဝှာဝိညာဏ်စိတ် | (စားသိစိတ်) | ၁ |
| ၅။ | ဒုက္ခသဟဂုတ် | ကာယဝိညာဏ်စိတ် | (ထိသိစိတ်) | ၁ |
| ၆။ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုန်းစိတ် | (အာရုံလက်ခံစိတ်) | ၁ |
| ၇။ | ။ | သန္တီရဏစိတ် | (အာရုံစူးစမ်းစိတ်) | ၁ |

## ရှင်းလင်းချက်

အကုသလဝိပါက်စိတ်များသည် ရှေးအကုသိုလ်ကံတို့၏အကျိုး (ဝိပါက် = ဝိပါက = အကျိုး) ဖြစ်သောစိတ်များ ဖြစ်ကြ၏။ မကောင်းသော အာရုံများကို မြင်– ကြား– နံ– စား– ထိတွေ့သည့်အခါ အာရုံကို သိသောစိတ်များ ဖြစ်ကြ၏။

စိတ်တို့သည် တစ်စက္ကန့်အတွင်း၌ ကုဋေတစ်သိန်းကျော် ရှေ့ဆင့် နောက်ဆင့် ဖြစ်ပျက်သွားကြရာ မြင်သိစိတ်, ကြားသိစိတ်တစ်လုံး ဖြစ်ပျက်သွားသောအချိန်သည် အလွန်တိုတောင်း၏။ ဤတိုတောင်းသည့် အချိန်အတွင်း၌ အာရုံကိုပြတ်ပြတ်သားသား မသိနိုင်သဖြင့် အာရုံကိုခံစားမှု မရှိသေးချေ။ သို့အတွက် ကာယဝိညာဏ်စိတ်မှလွဲလျှင် အားလုံး ဥပေက္ခာသဟဂုတ်စိတ်များ ဖြစ်ကြ၏။

ကာယဝိညာဏ်စိတ်မှာ ကိုယ်ဆင်းရဲခြင်းနှင့်တကွ ဖြစ်သဖြင့် ဒုက္ခသဟဂုတ်စိတ်ဖြစ်၏။ စက္ခုဝိညာဏ် စသည့်အာရုံသိစိတ် ချုပ်ငြိမ်းသွားသောအခါ ၎င်းစိတ်ယူခဲ့သည့် အာရုံကို ပဋ္ဌာန်းနည်းအရ နောက်နောက်သောစိတ်သို့ လက်ဆင့်ကမ်းပေး၏။ ထိုအာရုံကို သမ္ပဋိစ္ဆန်းက ဆက်ခံယူပြီး သန္တီရဏစိတ်က စူးစမ်း၏။ ထို့နောက် အဟိတ်ကြိယာတွင် ပါသော မနောဒွါရာဝဇ္ဇန်းစိတ်က ထိုအာရုံကို ဆုံးဖြတ်ပေး၏။ ထိုအခါမှ အာရုံကို သိလာနိုင်သည်။

### အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး

| | | | | | | | |
|---|---|---|---|---|---|---|---|
| စက် | | ဃာ | | ကာ | | တိ | |
| – | – | – | – | v | – | – | + |
| | သော | | ဇိ | | သံ | | တိ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ်စိတ် | ၁ |
| ၂။ | ။ | သောတဝိညာဏ်စိတ် | ၁ |
| ၃။ | ။ | ဃာနဝိညာဏ်စိတ် | ၁ |
| ၄။ | ။ | ဇိဝှာဝိညာဏ်စိတ် | ၁ |
| ၅။ | သုခသဟဂုတ် | ကာယဝိညာဏ်စိတ် | ၁ |
| ၆။ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆန်းစိတ် | ၁ |
| ၇။ | ။ | သန္တီရဏစိတ် | ၁ |
| ၈။ | သောမနဿသဟဂုတ် | သန္တီရဏစိတ် | ၁ |

## ရှင်းလင်းချက်

ကုသလဝိပါက်စိတ်များသည် ရှေးကုသိုလ်ကံတို့၏ အကျိုးတရားဖြစ်သော စိတ်များတည်း။ ကောင်းသောအာရုံကိုမြင်–ကြား–နံ–စား– ထိတွေ့ရန်နှင့် ထိုအာရုံတို့ကို လက်ခံစူးစမ်းရန်တို့အတွက် အလုပ်လုပ်ပေးကြ၏။ ကုသလဝိပါက်ကာယဝိညာဏ်စိတ်သည် သုခသဟဂုတ် (ကိုယ်ချမ်းသာခြင်းနှင့်တကွ) ဖြစ်သည်ကို သတိပြုပါ။

ကုသလဝိပါက်စိတ်များသည် အဟိတ်နှင့် သဟိတ်ဟူ၍ ၂–မျိုး ရှိကြ၏။ အဟိတ်ကုသလဝိပါက်စိတ်များကို ဤနေရာ၌ ဖော်ပြထား၏။

ဟိတ်ရှိသည့် သဟိတ်ကုသလဝိပါက်စိတ်များကို မဟာဝိပါက်စိတ်များအဖြစ် ကာမသောဘဏစိတ်များကဏ္ဍ၌ ဖော်ပြလိမ့်မည်။

အကုသလဝိပါက် စက္ခုဝိညာဏ်နှင့် ကုသလဝိပါက်စက္ခုဝိညာဏ် တစ်စုံရှိသည်ကို စက္ခုဝိညာဏ်ဒွေဟု ခေါ်၏။ အလားတူပင် သောတဝိညာဏ်ဒွေ, ဃာနဝိညာဏ်ဒွေ, ဇိဝှာဝိညာဏ်ဒွေ, ကာယဝိညာဏ်ဒွေ ဟူ၍ စုစုပေါင်း ဒွေပဉ္စဝိညာဏ် ၁၀–ပါး ရှိ၏။

http://www.dhammadownload.com



## အဟိတ်ကြိယာစိတ် ၃–ပါး

| ပဉ္စဒွါ | မနောဒွါ | ဟသိတုပ္ပါဒ် |
|---|---|---|
| – | – | + |

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ |
| ၂။ | ” | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ |
| ၃။ | သောမနဿသဟဂုတ် | ဟသိတုပ္ပါဒ်စိတ် | ၁ |

### ရှင်းလင်းချက်

**ပဉ္စဒွါရာဝဇ္ဇန်းစိတ်** = ပဉ္စ + ဒွါရ + အာဝဇ္ဇန်းစိတ် = မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တည်းဟူသော တံခါး ၅–ပေါက်၌ ထင်လာသည့်အာရုံများကိုဆင်ခြင်နှလုံးသွင်းတတ်သောစိတ်။

**မနောဒွါရာဝဇ္ဇန်းစိတ်** = မနောဒွါရ + အာဝဇ္ဇန်းစိတ် = စိတ်တံခါးပေါက်၌ ထင်လာသည့် အာရုံကို ဆင်ခြင်နှလုံးသွင်းတတ်သောစိတ်။

**ဟသိတုပ္ပါဒ်စိတ်** = မြတ်စွာဘုရားနှင့် ရဟန္တာတို့ ပြုံးရယ်သောစိတ်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်တို့သည် ဝီထိစိတ်ခေါ် အသိစိတ်ဖြစ်ပေါ်ရန် မိမိတို့၏ဆိုင်ရာကိစ္စများကိုဝတ္တရားအရလုပ်ဆောင်ကြရသောကြောင့် "ဥပေက္ခာသဟဂုတ်" စိတ်များဖြစ်ကြရ၏။ ဟသိတုပ္ပါဒ်စိတ်မှာ ဝမ်းမြောက်ရွှင်လန်းမှုဖြင့် ပြုံးရယ်ရသောကြောင့် "သောမနဿသဟဂုတ်"စိတ် ဖြစ်၏။

http://www.dhammadownload.com



## ကာမသောဘဏစိတ် ၂၄–ပါး

(ကာမဘုံ၌ အများအားဖြင့် ဖြစ်တတ်သော တင့်တယ်သည့်စိတ်များ)

၁။ မဟာကုသိုလ်စိတ် ၈–ပါး (ရဟန္တာမဟုတ်သော ပုဂ္ဂိုလ်တို့ ကုသိုလ်ပြုသည့်စိတ်များ)

၂။ မဟာဝိပါက်စိတ် ၈–ပါး (ရှေးကုသိုလ်ကံ၏ အကျိုးဖြစ်သော စိတ်)

၃။ မဟာကြိယာစိတ် ၈–ပါး (ရဟန္တာပုဂ္ဂိုလ်တို့ ကုသိုလ်ပြုသည့် စိတ်များ)

ဤစိတ်တို့ကို ကာမကုသိုလ်စိတ်၊ ကာမဝိပါက်စိတ်၊ ကာမကြိယာစိတ်ဟူ၍လည်း ခေါ်ကြသည်။

သေက္ခပုဂ္ဂိုလ်ဆိုသည်မှာ မဂ်ဖိုလ်ရရန် ကြိုးစားနေကြသည့် ပုထုဇဉ်များ၊ အထက်မဂ်ဖိုလ်ရရန် ဆက်လက် အားထုတ်နေကြသည့် သောတာပန်, သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။

### မဟာကုသိုလ်စိတ် ၈–ပါး

| ဉာဏသံ | | ဉာဏဝိ | | ဉာဏသံ | | ဉာဏဝိ | |
|---|---|---|---|---|---|---|---|
| + | + | + | + | – | – | – | – |
| အ | သ | အ | သ | အ | သ | အ | သ |

| | | | | |
|---|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| ၂။ | ။ | ။ | သသင်္ခါရိကစိတ် | ၁ |
| ၃။ | ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| ၄။ | ။ | ။ | သသင်္ခါရိကစိတ် | ၁ |
| ၅။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| ၆။ | ။ | ။ | သသင်္ခါရိကစိတ် | ၁ |
| ၇။ | ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| ၈။ | ။ | ။ | သသင်္ခါရိကစိတ် | ၁ |

http://www.dhammadownload.com



## ရှင်းလင်းချက်

ဉာဏသမ္ပယုတ် = ကံ–ကံ၏အကျိုးကို သိသော ဉာဏ်နှင့်ယှဉ်လျက်
ဉာဏဝိပ္ပယုတ် = ကံ–ကံ၏အကျိုးကိုသိသော ဉာဏ်နှင့်မယှဉ်ဘဲ

ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကုသိုလ်ကောင်းမှု တစ်ခုခုကိုပြုတိုင်း မဟာကုသိုလ်စိတ်ဖြစ်၏။ ဝမ်းမြောက်ရွှင်လန်းစွာ ကုသိုလ်ပြုလျှင် သောမနဿသဟဂုတ်စိတ် ဖြစ်၏။ ဝမ်းမြောက်ဝမ်းနည်း မဖြစ်ဘဲ အလယ်အလတ် သဘောဖြင့်ပြုလျှင် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်၏။ ကုသိုလ်ပြုရာတွင် ဉာဏ်ယှဉ်ပါက ဉာဏသမ္ပယုတ်စိတ် ဖြစ်ပြီး ဉာဏ်မယှဉ်လျှင် ဉာဏဝိပ္ပယုတ်စိတ် ဖြစ်၏။

တိုက်တွန်းမှုမပါဘဲ မိမိအလိုအလျောက် ကုသိုလ်ပြုလျှင် အသင်္ခါရိကစိတ် ဖြစ်၏။ မိမိကိုယ် မိမိ တိုက်တွန်းနှိုးဆော်၍ဖြစ်စေ၊ သူတစ်ပါး တိုက်တွန်းမှုကြောင့်ဖြစ်စေ ကုသိုလ်ပြုလျှင် သသင်္ခါရိက ကုသိုလ်စိတ် ဖြစ်၏။ အသင်္ခါရိက ကုသိုလ်ကံသည် သသင်္ခါရိက ကုသိုလ်ကံထက် ပို၍အကျိုးပေး ထက်သန်၏။

## မဟာဝိပါက်စိတ် ၈–ပါး

ဤစိတ်တို့၏ အမည်များသည် မဟာကုသိုလ်စိတ် ၈–ပါးတို့၏ အမည်များအတိုင်းပင် ဖြစ်ကြ၏။ ခွဲခြားရန် လိုအပ်သောအခါ....

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်။

သောနမဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ် စသည်ဖြင့် ခွဲခြားနိုင်၏။

မဟာဝိပါက်စိတ်တို့သည် ရှေးဘဝများက ကုသိုလ်ကောင်းမှုကြောင့် လက်ရှိဘဝတွင် အကျိုးခံစားရသည့် စိတ်များဖြစ်ကြ၏။ လူနှင့်နတ်တို့သည် မဟာဝိပါက်စိတ် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြရ၏။

http://www.dhammadownload.com



ထိုမဟာဝိပါက်စိတ်ကပင်လျှင် တစ်သက်လုံး "ဘဝင်စိတ်" (ဘဝဆက်ပေးသောစိတ်)အဖြစ် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်ရ၏။ နောက်ဆုံးသေသည့်အခါ၌လည်း ထိုမဟာဝိပါက်စိတ်ကပင် "စုတိစိတ်"အဖြစ်ဆောင်ရွက်၏။

မဟာဝိပါက်စိတ်တို့သည် ဝိထိ စိတ် အစဉ်များ၌လည်း တဒါရုံကိစ္စတွင် ပါဝင်အမှုထမ်းကြ၏။

ဉာဏသမ္ပယုတ်မဟာဝိပါက်စိတ်တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့သောသူ၏ ဘဝင်စိတ်အစဉ်၌ အလောဘ၊ အဒေါသ၊ အမောဟ (ဉာဏ်ပညာ)ဟူသည့် ဟိတ် ၃-ပါးယှဉ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို **တိဟိတ်ပုဂ္ဂိုလ်**ဟု ခေါ်၏။ ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ် ၁-ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့သောသူ၏ ဘဝင်စိတ်အစဉ်၌မူ အလောဘနှင့် အဒေါသ ဟူသည့် ဟိတ် ၂-ပါးသာယှဉ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို **ဒွိဟိတ်ပုဂ္ဂိုလ်**ဟု ခေါ်ဆိုရ၏။

## မဟာကြိယာစိတ် ၈-ပါး

ဤစိတ်တို့သည်လည်း မဟာကုသိုလ်စိတ်များ အတိုင်းပင် အမည်ရကြ၏။ ရဟန္တာများက ကုသိုလ်ပြုကြသည့်အခါ မဟာကြိယာစိတ်များဖြင့် ပြုကြ၏။ ရဟန္တာအရှင်မြတ်တို့သည် ဘဝတစ်ဖန် ထပ်မံနေစရာ မလိုတော့သဖြင့် ကုသိုလ်၏အကျိုးကို ခံစားစရာ မရှိတော့ချေ။ ထို့ကြောင့် ထိုအရှင်မြတ်တို့၏ ကောင်းမှုပြုခြင်းသည် ပြုကာမတ္တမျှဖြစ်၏။ ပြုထိုက်၍ ပြုခြင်းမျှသာ ဖြစ်၏။

## ရူပါဝစရစိတ် ၁၅-ပါး

၁။ ရူပါဝစရ ကုသိုလ်စိတ် ၅-ပါး (ရူပဈာန်ရ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ ရူပဈာန်ကုသိုလ်စိတ်များ)

၂။ ရူပါဝစရ ဝိပါက်စိတ် ၅-ပါး (ရူပဈာန်ကုသိုလ်၏ အကျိုးစိတ်များ)

http://www.dhammadownload.com



၃။ ရူပါဝစရကြိယာစိတ် ၅-ပါး (ရူပဈာန်ရရဟန္တာတို့၏ ရူပဈာန်စိတ်များ)

ဤစိတ်တို့သည် ရူပဗြဟ္မာဘုံတို့၌ အများအားဖြင့်ဖြစ်ကြသော်လည်း ရူပကုသိုလ်စိတ်နှင့် ရူပကြိယာစိတ်တို့သည် လူ့ဘုံ၌လည်း ဖြစ်နိုင်ကြ၏။ ဈာန်ရသည်အထိ သမထဘာဝနာ ပွားများကြသော သူတို့၌ ဖြစ်နိုင်ကြ၏။ ရူပကုသိုလ်စိတ်တို့သည် ဈာန်ရသည့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်တို့၌ ဖြစ်ကြ၏။ ရူပကြိယာစိတ်တို့သည် ဈာန်ရသည့် ရဟန္တာအရှင်မြတ်တို့၌ ဖြစ်ကြ၏။ ရူပါဝစရ ဝိပါက်စိတ်တို့သည် ရူပဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်များ ဖြစ်ကြ၏။

ဈာန်ဟူသည်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ (ဥပေက္ခာ), ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါတို့၏ အပေါင်းအစုဖြစ်၏။

ဝိတက် = ယှဉ်ဖက် စိတ်စေတသိက်တို့ကို အာရုံသို့ တင်ပေးခြင်း သဘော၊

ဝိစာရ = အာရုံကို သုံးသပ်ခြင်း သဘော၊

ပီတိ = အာရုံကို နှစ်သက်ခြင်းသဘော၊

သုခ = ချမ်းသာသည့် ခံစားခြင်းသဘော၊

(ဥပေက္ခာ) = ချမ်းသာ ဆင်းရဲမဖြစ်ဘဲ အလယ်အလတ် ခံစားခြင်း သဘော၊

ဧကဂ္ဂတာ = တစ်ခုတည်းသော အာရုံ၌ စိုက်ဝင်တည်တံ့ခြင်း သဘော။

ဤဈာန်အင်္ဂါစေတသိက်တို့သည်စိတ်နှင့် စေတသိက်အပေါင်းအစုက ဘာဝနာအာရုံ၌ စူးစိုက်၍တည်နေကြရန် ဆောင်ရွက်ပေးကြ၏။

ပထမဈာန်တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်

http://www.dhammadownload.com



အင်္ဂါ ၅–ပါး ပါဝင်ကြ၏။ အလေ့အကျင့်များလာသည့်အခါ ဝိတက်မပါဘဲ ဈာန်သို့တက်နိုင်၏။ ထိုဈာန်ကို ဒုတိယဈာန်ဟုခေါ်၏။ တတိယဈာန်တွင် ဝိစာရကိုပါ ထပ်ပယ်သဖြင့် ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃–ပါးသာ ကျန်၏။ စတုတ္ထဈာန်တွင် ပီတိကိုပါ ထပ်ပယ်သဖြင့် သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးသာ ကျန်၏။ ပဉ္စမဈာန်တွင် သုခထက် ပိုမိုသိမ်မွေ့သော ဥပေက္ခာနှင့် ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ၂–ပါးသာ ပါဝင်၏။

## ရူပါဝစရကုသိုလ်စိတ် ၅–ပါး

| | | | | |
|---|---|---|---|---|
| တက် | စာ | ပီ | သု | ဥ + ဧ |
| + | + | + | + | – |
| ပ | ဒု | တ | စ | ပဉ္စ |

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့် ပြည့်စုံသော ပထမဈာန် ကုသိုလ်စိတ် ၁၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄–ပါးနှင့် ပြည့်စုံသော ဒုတိယဈာန် ကုသိုလ်စိတ် ၁၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃–ပါးနှင့်ပြည့်စုံသော တတိယဈာန် ကုသိုလ်စိတ် ၁၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန် ကုသိုလ်စိတ် ၁၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန် ကုသိုလ်စိတ် ၁၊

ရူပါဝစရဝိပါက်စိတ် ၅–ပါးနှင့် ရူပါဝစရကြိယာစိတ် ၅–ပါးတို့ကို အထက်ပါအမည်များ အတိုင်းပင် ခေါ်ဆို၏။ "ကုသိုလ်စိတ်" နေရာ၌ "ဝိပါက်စိတ်" သို့မဟုတ် "ကြိယာစိတ်" ဟု ပြောင်းလဲပေးရန်သာ လိုအပ်၏။

http://www.dhammadownload.com



ဤ၌လူ့ဘဝ၌ပထမဈာန်ရအောင် အားထုတ်ထားသောသူသည် ထိုဈာန်မပျက်ဘဲကွယ်လွန်လျှင် ပထမဈာန် ဝိပါက်စိတ်ဖြင့် ပထမဈာန် ရူပဘုံ၌ဥပပတ်ပဋိသန္ဓေဖြစ်ရ၏။ အခြားဈာန် ကုသိုလ်စိတ်တို့ကလည်း အလားတူ အကျိုးပေးကြပါသည်။

## အရူပါဝစရစိတ် ၁၂-ပါး

၁။ အရူပါဝစရကုသိုလ်စိတ် ၄-ပါး (အရူပဈာန်ရပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ အရူပဈာန် ကုသိုလ်စိတ်များ)

၂။ အရူပါဝစရဝိပါက်စိတ် ၄-ပါး (အရူပဈာန် ကုသိုလ်၏ အကျိုးစိတ်များ)

၃။ အရူပါဝစရကြိယာစိတ် ၄-ပါး (အရူပဈာန်ရရဟန္တာတို့၏ အရူပဈာန် စိတ်များ)

## အရူပါဝစရကုသိုလ်စိတ် ၄-ပါး

| အာကာ | ဝိညာ | အာကိ | နေဝသညာ |
|---|---|---|---|
| - | - | - | - |

၁။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော အာကာသာနဉ္စာယတန ကုသိုလ်စိတ် ၁၊

၂။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတနကုသိုလ်စိတ် ၁၊

၃။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော အာကိဉ္စညာယတနကုသိုလ်စိတ် ၁၊

၄။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော နေဝသညာနာသညာယတန ကုသိုလ်စိတ် ၁၊

http://www.dhammadownload.com



အရူပါဝစရဝိပါက်စိတ် ၄-ပါးနှင့် အရူပါဝစရကြိယာစိတ် ၄-ပါးတို့ကို အထက်ပါ အမည်များအတိုင်းပင် ခေါ်ဆိုပါသည်။ "ကုသိုလ်စိတ်" နေရာ၌ "ဝိပါက်စိတ်" သို့မဟုတ် "ကြိယာစိတ်" ဟုပြောင်းလဲရန်သာ လိုပါသည်။

## အရူပဈာန်စိတ်များ ဖြစ်ပေါ်လာပုံ

ရူပါဝစရပဉ္စမဈာန်ကို ကောင်းစွာ လေ့ကျင့်ထားပြီးသောသူသည် ရုပ်ခန္ဓာ၏ အပြစ်ကိုမြင်၍ ရုပ်နှင့်မဆက်ဆံသော အရူပဈာန်ကို အလိုရှိသော် ကသိုဏ်းနိမိတ်ကို လျစ်လျူရှုလျက် အာကာသဟူသည့် ကောင်းကင်ပညတ်ကို အာရုံပြုကာ ဘာဝနာ ပွားများရ၏။ ဈာန်ဇောကျသည့်အခါ အာကာသကို အာရုံပြုသော အာကာသာနဉ္စာယတန ကုသိုလ်စိတ် ဖြစ်၏။

ထို့နောက်တစ်ဖန် အာကာသာနဉ္စာယတနစိတ် (ဝိညာဏ်)ကို အာရုံပြု၍ ဘာဝနာဆက်ပွားလျှင် ဈာန်ဇောကျသည့်အခါ ဝိညာဏဉ္စာယတနကုသိုလ်စိတ် ဖြစ်၏။

ထို့နောက်တစ်ဖန် ထိုအာကာသာနဉ္စာယတနစိတ်၏ စိုးစဉ်းမျှ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြုလျက် ဘာဝနာ ဆက်ပွားလျှင် ဈာန်ရောက်သည့်အခါ အာကိဉ္စညာယတန ကုသိုလ်စိတ်ဖြစ်၏။

ဤတတိယာ ရုပ္ပဝိညာဏ်ကို အာရုံပြု၍ နောက်တစ်ဆင့်မြင့်သော ဈာန်သို့ရောက်အောင် ဘာဝနာဆက်ပွားသော် နေဝသညာနာသညာယတန ကုသိုလ်စိတ်ဖြစ်၏။ ဤစိတ်သည် "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်" ဟု ဆိုရလောက်အောင် အလွန်သိမ်မွေ့သော စိတ်ဖြစ်၏။

ရဟန္တာအရှင်မြတ်တို့က အထက်ပါနည်းအတိုင်း ရူပါဝစရပဉ္စမဈာန် ကြိယာစိတ်ကို အခြေခံပြီးနောက် ဆက်လက်အားထုတ်သွားကြလျှင် အရူပါဝစရ ကြိယာစိတ်များကို ရရှိကြ၏။

http://www.dhammadownload.com



အရူပါဝစရစိတ် ၁၂–ပါးလုံးပင် ပုထုဇဉ်စျာန်စိတ်များ ဖြစ်ကြ၏။

## လောကုတ္တရာစိတ်အကျဉ်း ၈–ပါး

တိဟိတ်ပုဂ္ဂိုလ်တစ်ဦးသည် ဝိပဿနာတရား အားထုတ်သဖြင့် ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို ဉာဏ်မျက်စိဖြင့် ထင်ထင်ရှားရှား သိမြင်သောအခါ သောတာပတ္တိမဂ်စိတ် ၁–ကြိမ်ဖြစ်၏။ ထို့နောက် စိတ်အခြားမလပ်ဘဲ သောတာပတ္တိဖိုလ်စိတ် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သောတာပန်အဆင့်သို့ ရောက်လေပြီ။

ဝိပဿနာအလုပ်ကိုဆက်လက်အားထုတ်သဖြင့် ဉာဏ်အဆင့်ဆင့် ရင့်ကျက်လာသောအခါ သကဒါဂါမိ မဂ်စိတ်နှင့် ဖိုလ်စိတ်၊ အနာဂါမိ မဂ်စိတ်နှင့် ဖိုလ်စိတ်၊ အရဟတ္တမဂ်စိတ်နှင့် ဖိုလ်စိတ်တို့သည် အစဉ်အတိုင်း ဖြစ်ပေါ်ကြ၏။

မဂ်စိတ်နှင့် ဖိုလ်စိတ်အားလုံးတို့သည် နိဗ္ဗာန်ကို အာရုံပြုကြ၏။ မဂ်စိတ်တို့သည် လောကုတ္တရာ ကုသိုလ်စိတ်များ ဖြစ်ကြပြီးလျှင် ဖိုလ်စိတ်တို့သည် လောကုတ္တရာ ဝိပါက်စိတ်များ ဖြစ်ကြ၏။

### လောကုတ္တရာမဂ်စိတ် ၄–ပါး

| | | |
|---|---|---|
| ၁။ | သောတာပတ္တိမဂ်စိတ် | ၁ |
| ၂။ | သကဒါဂါမိမဂ်စိတ် | ၁ |
| ၃။ | အနာဂါမိမဂ်စိတ် | ၁ |
| ၄။ | အရဟတ္တမဂ်စိတ် | ၁ |

### လောကုတ္တရာ ဖိုလ်စိတ် ၄–ပါး

| | | |
|---|---|---|
| ၁။ | သောတာပတ္တိဖိုလ်စိတ် | ၁ |
| ၂။ | သကဒါဂါမိဖိုလ်စိတ် | ၁ |
| ၃။ | အနာဂါမိဖိုလ်စိတ် | ၁ |
| ၄။ | အရဟတ္တဖိုလ်စိတ် | ၁ |

http://www.dhammadownload.com



## လောကုတ္တရာစိတ်အကျယ် ၄၀

တိဟိတ်ပုဂ္ဂိုလ်သည် သမထဘာဝနာဖြင့် ရူပါဝစရကုသိုလ်စျာန်တို့ကို ဦးစွာရယူပြီးနောက် ဝိပဿနာဘက်သို့ ဦးလှည့်ကာ ရုပ်နာမ်အဖြစ်အပျက်ကို ရှုမှတ်နိုင်၏။ ပထမစျာန်ကိုဝင်စားပြီးနောက် ထိုစျာန်မှထွက်ကာ ဝိပဿနာရှုမှတ်သဖြင့် သောတာပတ္တိမဂ်ဆိုက်လျှင် ပထမစျာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ဖြစ်၏။ ထိုမဂ်၏အကျိုးဖြစ်သော သောတာပတ္တိဖိုလ်စိတ်သည်လည်း ပထမစျာန်နှင့်ပင် ယှဉ်၏။

အလားတူပင် ဒုတိယစျာန်ကို အခြေခံပြုပြီး ဝိပဿနာတရားအားထုတ်သောသူသည် မဂ်ဖိုလ်ရသည့်အခါ ဒုတိယစျာန်နှင့်ယှဉ်သော မဂ်စိတ်၊ ဖိုလ်စိတ်တို့ကို ရ၏။ ဤနည်းအတိုင်း သောတာပတ္တိမဂ်စိတ်နှင့် သောတာပတ္တိဖိုလ်စိတ်တို့သည် ရူပါဝစရကုသိုလ်စျာန် ၅–ပါးနှင့် အသီးသီးယှဉ်နိုင်ကြသဖြင့် ၅–ပါးစီ ကွဲပြားသွားကြ၏။

လောကုတ္တရာစိတ်အကျဉ်း ၈–ပါးကို ရူပစျာန် ၅–ပါးဖြင့် မြှောက်ပွားလိုက်လျှင် လောကုတ္တရာ စိတ်အကျယ် ၄၀ ဖြစ်လာ၏။

### မဂ်စိတ်အကျယ် ၂၀

| | | | | |
|---|---|---|---|---|
| တက် | စာ | ပီ | သု | ဥ+ဧ |
| + | + | + | + | ÷ |
| ပ | ဒု | တ | စ | ပဉ္စ |

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅–ပါးနှင့် ပြည့်စုံသော ပထမစျာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄–ပါးနှင့်ပြည့်စုံ သော ဒုတိယစျာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃–ပါးနှင့်ပြည့်စုံသော တတိယစျာန်နှင့် ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁၊

http://www.dhammadownload.com



၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁။

အလားတူပင် သကဒါဂါမိမဂ်စိတ် ၅–ပါး၊ အနာဂါမိမဂ်စိတ် ၅–ပါးနှင့် အရဟတ္တမဂ်စိတ် ၅–ပါးတို့ရှိကြ၏။ ထို့ကြောင့် မဂ်စိတ် အကျယ် ၂၀ ရှိ၏။

## ဖိုလ်စိတ်အကျယ် ၂၀

| တက် | စာ | ပီ | သု | ဥ+ဧ |
|---|---|---|---|---|
| + | + | + | + | – |
| ပ | ဒု | တ | စ | ပဥ္စ |

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်ပြည့်စုံသော ပထမဈာန်နှင့်ယှဉ်သည့် အရဟတ္တဖိုလ်စိတ် ၁၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄–ပါးနှင့်ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သည့် အရဟတ္တဖိုလ်စိတ် ၁၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃–ပါးနှင့်ပြည့်စုံသော တတိယဈာန်နှင့်ယှဉ်သည့် အရဟတ္တဖိုလ်စိတ် ၁၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်နှင့် ယှဉ်သည့် အရဟတ္တဖိုလ်စိတ် ၁၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်နှင့် ယှဉ်သည့် အရဟတ္တဖိုလ်စိတ် ၁။

အလားတူပင် သောတာပတ္တိဖိုလ်စိတ် ၅–ပါး၊ သကဒါဂါမိဖိုလ်

http://www.dhammadownload.com



စိတ် ၅–ပါးနှင့် အနာဂါမိ ဖိုလ်စိတ် ၅–ပါးတို့ရှိကြ၏။ ထို့ကြောင့် ဖိုလ်စိတ် အကျယ် ၂၀ ရှိ၏။

## စိတ်များကို သရုပ်ခွဲခြင်း

မူလပဌာန်းဆရာတော် ဦးနာရဒ စီစဉ်ထားခဲ့သော "စိတ်ပိုင်းဇယားချုပ်" သည် စိတ်များကို မှတ်သားရာနှင့် သရုပ်ခွဲရာတို့တွင် အလွန်အထောက်အကူ ဖြစ်ပါသည်။ ထိုဇယားကို ဤစာအုပ်၏ နောက်ကျောတွင် ပူးတွဲထားပါသည်။

၁။ **ကာမစိတ် ၅၄** = အကုသိုလ်စိတ် ၁၂ + အဟိတ်စိတ် ၁၈ + ကာမသောဘဏစိတ် ၂၄

၂။ **မဟဂ္ဂုတ်စိတ် ၂၇** = ရူပါဝစရစိတ် ၁၅ + အရူပါဝစရစိတ် ၁၂ 'မြတ်သောအဖြစ်သို့ ရောက်သောစိတ်' ကို မဟဂ္ဂုတ်စိတ် ဟု ခေါ်၏၊ ကာမစိတ်ထက် ပို၍မြတ်၏။

၃။ **လောကီစိတ် ၈၁** = ကာမစိတ် ၅၄ + မဟဂ္ဂုတ်စိတ် ၂၇ ဘုံ ၃၁–ပါး၌ ကျင်လည်ကြကုန်သော သတ္တဝါတို့၏ လောကဆိုင်ရာ စိတ်များတည်း။

၄။ **စိတ်အကျဉ်း ၈၉** = လောကီစိတ် ၈၁ + လောကုတ္တရာစိတ် အကျဉ်း ၈

၅။ **စိတ်အကျယ် ၁၂၁** = လောကီစိတ် ၈၁ + လောကုတ္တရာစိတ် အကျယ် ၄၀

၆။ **အသောဘဏ စိတ် ၃၀** = အကုသိုလ် စိတ် ၁၂ + အဟိတ် စိတ် ၁၈ အကုသိုလ်စိတ်တို့သည် အပြစ်ရှိ၍ မတင့်တယ်ကြပါ။ အဟိတ်စိတ်တို့သည် ကောင်းသော ဟိတ်များ မယှဉ်ကြသည့်အတွက် မတင့်တယ်ကြပါ။

http://www.dhammadownload.com



၇။ **သောဘဏစိတ် ၅၉**=စိတ်အကျဉ်း ၈၉ – အသောဘဏစိတ် ၃၀
၉၁=စိတ်အကျယ် ၁၂၁ – အသောဘဏစိတ် ၃၀

တင့်တယ်သောစိတ်တို့မှာ (ကာမသောဘဏ ၂၄ + မဟဂ္ဂုတ် ၂၇ + လောကုတ္တရာစိတ်အကျဉ်း ၈ (ဝါ) အကျယ် ၄၀)တို့ ဖြစ်ကြ၏။

၈။ **ဈာန်စိတ် ၆၇** = မဟဂ္ဂုတ်စိတ် ၂၇ + လောကုတ္တရာစိတ် အကျယ်၄၀။ ဤစိတ်တို့တွင် ပထမဈာန်စိတ် ၁၁၊ ဒုတိယ ဈာန်စိတ် ၁၁၊ တတိယဈာန်စိတ် ၁၁၊ စတုတ္ထ ဈာန်စိတ် ၁၁ နှင့် ပဥ္စမဈာန်စိတ် ၂၃–ပါးတို့ ပါဝင်ကြ၏။

၉။ **ဇာတိဘေဒအရခွဲခြင်း**

စိတ်တို့တွင် အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာဟူ၍ အမျိုး ဇာတ် ၄–ခု ရှိ၏။

လောကီစိတ် ၈၁–ပါးတွင် အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၁၇၊ ဝိပါက်စိတ် ၃၂ နှင့် ကြိယာစိတ် ၂၀ ပါဝင်ကြ၏။

စိတ်အကျဉ်း ၈၉–ပါး၌ အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၂၁၊ ဝိပါက်စိတ် ၃၆ နှင့် ကြိယာစိတ် ၂၀ ပါဝင်ကြ၏။

စိတ်အကျယ် ၁၂၁–ပါးတွင် အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၃၇၊ ဝိပါက်စိတ် ၅၂ နှင့် ကြိယာစိတ် ၂၀ ပါဝင်ကြ၏။

http://www.dhammadownload.com



## ၁၀။ ဝေဒနာဘေဒအရခွဲခြင်း

| စိတ်အမည် | သောမနဿ | ဒေါမနဿ | ဥပေက္ခာ | သုခ | ဒုက္ခ |
|---|---|---|---|---|---|
| အကုသိုလ်စိတ် ၁၂ | ၄ | ၂ | ၆ | – | – |
| အဟိတ်စိတ် ၁၈ | ၂ | – | ၁၄ | ၁ | ၁ |
| ကာမသောဘဏ ၂၄ | ၁၂ | – | ၁၂ | – | – |
| ကာမစိတ် ၅၄ | ၁၈ | ၂ | ၃၂ | ၁ | ၁ |
| မဟဂ္ဂုတ်စိတ် ၂၇ | ၁၂ | – | ၁၅ | – | – |
| လောကီစိတ် ၈၁ | ၃၀ | ၂ | ၄၇ | ၁ | ၁ |
| လောကုတ္တရာ အကျယ် ၄၀ | ၃၂ | – | ၈ | – | – |
| စိတ်အကျယ် ၁၂၁ | ၆၂ | ၂ | ၅၅ | ၁ | ၁ |

### ဆောင်ပုဒ်

ကာမစိတ် ၅၄ ၌ "ဥ–သုံးဆယ့်နှစ်၊ သော–ဆယ့်ရှစ်၊ ဒေါ–နှစ်၊ ဒုသု–တစ်"

လောကီစိတ်၈၁၌ "ဥ–ဇေသတ္တ၊ သော–တိ သ၊ ဒေါ–ဒွ၊ ဒုသု–ဧက်"

(ဥပေက္ခာ = ၄၇၊ သောမနဿ = ၃၀၊ ဒေါမနဿ = ၂၊ ဒုက္ခ = သုခ = ၁)

စိတ်အကျယ်၁၂၁၌ "ဥ–ပဉ္စေးစေး၊ သော–ဆဒွေး၊ ဒေါ–ဒွေး၊ ဒု–သု–ဧက်"

(ဥပေက္ခာ = ၅၅၊ သောနမဿ = ၆၂၊ ဒေါမနဿ = ၂၊ ဒုက္ခ = သုခ = ၁)

✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၂)

## စေတသိက်ပိုင်း

### စေတသိက်ဆိုသည်မှာ

စိတ်၌မှီတွယ်၍ စိတ်ကိုခြယ်လှယ်သော သဘောတရားကို စေတသိက်ဟု ခေါ်၏။

စေတသိက်၏ အင်္ဂါ ၄–ရပ်ရှိ၏။

၁။ ကေပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း။
၂။ ကေနိရောဓ = စိတ်နှင့်အတူချုပ်ခြင်း။
၃။ ကောလမ္ဗန = စိတ်နှင့်တူသော အာရုံရှိခြင်း။
၄။ ကေဝတ္ထုက = စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း။

စိတ်နှင့် စေတသိက်တို့သည် မှီတွယ်ရာ အာရုံနှင့် ဝတ္ထုတို့ရှိမှ ဖြစ်နိုင်ကြ၏။

http://www.dhammadownload.com



**စေတသိက် ၅၂–ပါး**

- အညသမာန်း ၁၃
  - (၁) သဗ္ဗစိတ္တသာဓာရဏ ၇
  - (၂) ပကိဏ်း ၆
- အကုသိုလ်စေတသိက် ၁၄
  - (၁) မောစတုက် ၄
  - (၂) လောဘတြိ ၃
  - (၃) ဒေါစတုက် ၄
  - (၄) အဆုံးတြိ ၃
- သောဘဏစေတသိက် ၂၅
  - (၁) သောဘဏသာဓာရဏ ၁၉
  - (၂) ဝိရတိစေတသိက် ၃
  - (၃) အပ္ပမညာစေတသိက် ၂
  - (၄) ပညိန္ဒြေစေတသိက် ၁

## အညသမာန်း စေတသိက် ၁၃

"ကောင်းဆိုး နှစ်တန်၊ ခပ်တိုင်းငန်၊ သမာန်အည တော်ရသ်"

သောဘဏစိတ်တို့နှင့် လည်းကောင်း၊ အသောဘဏစိတ်တို့နှင့် လည်းကောင်း၊ ယှဉ်တွဲနိုင်ကြသော စေတသိက်များကို အညသမာန်း စေတသိက်များဟု ခေါ်၏။ ဤစေတသိက်စုတွင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါးနှင့် ပကိဏ်းစေတသိက် ၆–ပါးတို့ ပါဝင်ကြ၏။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး

အလုံးစုံသော စိတ်တို့နှင့်ဆက်ဆံသော စေတသိက်များတည်း။

၁။ **ဖဿ** = အာရုံကို တွေ့ထိခြင်းသဘော၊

၂။ **ဝေဒနာ** = အာရုံ၏ အရသာကို ခံစားခြင်းသဘော၊

၃။ **သညာ** = အာရုံကို မှတ်သားခြင်းသဘော၊

၄။ **စေတနာ** = ယှဉ်ဖက် စိတ်စေတသိက်တို့ကို ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်း သဘော၊

http://www.dhammadownload.com



၅။ **ကေဂ္ဂတာ** = တစ်ခုတည်းသော အာရုံ၌ တည်တံ့ခြင်း တည်ကြည်ခြင်း သဘော၊

၆။ **ဇီဝိတိန္ဒြေ** = ယှဉ်ဖက်တရားတို့ကိုသက်တမ်းပြည့်တည်တံ့အောင်စောင့်ထိန်းခြင်း သဘော၊ (နာမ်အသက်)

၇။ **မနသိကာရ**= အာရုံကို နှလုံးသွင်းခြင်းသဘော။

"ဖသ်, ဝေ, သဉ်, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်"

## ရှင်းလင်းချက်

စိတ်တစ်လုံးတွင် အနည်းဆုံးအထက်ပါစေတသိက် ၇–လုံးယှဉ်စပ်မှ အာရုံယူခြင်းကိစ္စ ပြီးမြောက်၏။

**မနသိကာရ**သည် စိတ်နှင့် စေတသိက်အပေါင်းတို့က အာရုံသို့ ဦးတည်သွားရန် ပဲ့ထိန်းသဖွယ် တည့်မတ်ပေး၏။ **စေတနာ**က စိတ်စေတသိက်တို့ကို အာရုံနှင့် ယှဉ်စပ်ပေး၏။ **ဖဿ**က စိတ်စေတသိက်တို့ကို အာရုံနှင့်ထိတွေ့ပေး၏။ **ဝေဒနာ**က အာရုံ၏အရသာကိုခံစား၏။ **သညာ**က အာရုံကို မှတ်သား၏။ **ကေဂ္ဂတာ**က အာရုံ၌ စိတ်စေတသိက်တို့ တည်ငြိမ်နေအောင်ထိန်းပေးထား၏။ **ဇီဝိတိန္ဒြေ**က စိတ်နှင့် စေတသိက်တို့ သက်တမ်းပြည့် ရှင်သန်တည်တံ့ကြစေရန် စောင့်ထိန်းပေး၏။

## ပကိဏ်းစေတသိက် ၆–ပါး

၁။ ဝိတက် = ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံသို့ တင်ပေးခြင်း သဘော၊

၂။ ဝိစာရ = အာရုံကို သုံးသပ်ခြင်း (ထပ်၍ ထပ်၍ ယူခြင်း) သဘော၊

၃။ အဓိမောက္ခ = အာရုံကို ဆုံးဖြတ်ခြင်း သဘော၊

၄။ ဝီရိယ = ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် အားထုတ်

http://www.dhammadownload.com



ခြင်း သဘော၊

၅။ ပီတိ = အာရုံကို နှစ်သက်ခြင်း သဘော၊

၆။ ဆန္ဒ = အာရုံကိုလိုချင်တောင့်တခြင်း သဘော။

"တက်, စာ, ဝိ, ပိ၊ ဆန်, အဓိ၊ ပြွမ်းဘိပကိဏ်းခြောက်"

## ရှင်းလင်းချက်

ပကိဏ်းစေတသိက်တို့သည် စိတ်အားလုံးနှင့် မယှဉ်ကြပါ။ သို့သော် သောဘဏ,အသော်ဘဏစိတ် ၂–မျိုးလုံးနှင့် ယှဉ်သင့်သလို ပြီးပြွမ်း၍ ယှဉ်ကြ၏။

အာရုံတို့သည် မနောဒွါရနှင့် တိုက်ရိုက် မထိတွေ့နိုင်ကြသဖြင့် ထိတွေ့ရန် ဝိတက်၏ အကူအညီလို၏။ **ဝိတက်**သည်စိတ်စေတသိက်တို့ကို အာရုံအမျိုးမျိုးသို့ တင်ပေးခြင်းဖြင့် စိတ်ကူးအကြံအစည်များစေ၏။

**ဝိစာရ**သည် ဝိတက်တင်ပို့ပေးလိုက်သည့် အာရုံပေါ်မှ စိတ် စေတသိက်တို့ ချက်ချင်း မလျှောကျရန် အာရုံကို သုံးသပ်စေ၏။ **အဓိမောက္ခ**သည် စိတ်စေတသိက်တို့ကို အာရုံ၌ ခိုင်မြဲနေအောင် ဆောင်ရွက်ပေးပြီး အာရုံကို ဆုံးဖြတ်ပေး၏။

**ဝီရိယ**သည် စိတ်စေတသိက်တို့ မဆုတ်နစ်အောင် ထောက်ပံ့ခြင်း အားထုတ်ခြင်းသဘောဖြစ်၏။ အခက်အခဲကြုံတွေ့လျှင် နောက်မတွန့်, မကြောက်ရွံ့တတ်သော ရဲရင့်သူ၊ လုံ့လရှိသူ၊ သည်းခံနိုင်သူ၏ အရည် အသွေးဖြစ်၏။

**ပီတိ**သည် အာရုံကို နှစ်သက်ခြင်းဖြင့် အာရုံ၌ စိတ်စေတသိက် တို့ခိုင်မြဲနေရန် ကူညီပေး၏။ စိတ်စေတသိက်တို့ကို ပဒုမ္မာကြာပန်းကဲ့သို့ ပွင့်လန်းတိုးပွားစေ၏။ ရေပြတ်၍ နွမ်းလျနေသော ခရီးသွား ယောကျ်ားသည် ရေကန်ကို လှမ်းမြင်ရသည့်အခါ ရွှင်လန်းအားရပြီး ခွန်အားလန်း

http://www.dhammadownload.com



သစ်လာ၏။ ဤသို့ လန်းသစ်လာခြင်းသည် ပီတိ၏ စွမ်းအားကြောင့် ဖြစ်၏။

ဆန္ဒသည် အာရုံကို လိုချင်ကာမျှ သဘောဖြစ်၏။ လောဘကဲ့သို့ တပ်မက်မှုမပါချေ။ လှုပ်ရှားမှုဟူသမျှသည် ဆန္ဒမှစတင်၏။ ဆန္ဒ, ဝီရိယ, စိတ်နှင့် ပညာတို့သည် အဓိပတိတပ်သော တရားများဖြစ်ကြသဖြင့် ယှဉ်ဖက်တရားတို့ကို ဦးဆောင်နိုင်ကြ၏။

## အကုသိုလ်စေတသိက် ၁၄–ပါး

(က) မောဟစတုက္ကခေါ် မောဟအသင်းဝင် စေတသိက် ၄–ပါးမှာ–

၁။ မောဟ = အာရုံ၏သဘောမှန်ကိုမသိခြင်း၊ ဖုံးကွယ်ခြင်း သဘော၊

၂။ အဟိရိက = ဒုစရိုက်မကောင်းမှုကိုပြုရန် မရှက်ခြင်း သဘော၊

၃။ အနောတ္တပ္ပ = ဒုစရိုက်မကောင်းမှုကိုပြုရန် မကြောက်လန့်ခြင်း သဘော၊

၄။ ဥဒ္ဓစ္စ = အာရုံတစ်ခု၌ မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်း သဘော၊

"မော, ဟိ, နောတ်, ဥဒ်၊ မောစတုက်"

(ခ) လောတိခေါ် လောဘအသင်းဝင်စေတသိက် ၃–ပါးမှာ–

၅။ လောဘ = ကာမဂုဏ်အာရုံကိုငြိကပ်တပ်မက်ခြင်းသဘော၊

၆။ ဒိဋ္ဌိ = လွဲမှားစွာ ထင်မြင်ယူဆခြင်း သဘော၊

၇။ မာန = ထောင်လွှားဝင့်ကြွားခြင်း သဘော၊

"လော, မာန်, ဒိဋ္ဌိ၊ လောတိ"

http://www.dhammadownload.com



(ဂ) ဒေါသစတုက္ကခေါ် ဒေါသအသင်းဝင်စေတသိက် ၄–ပါးမှာ

၈။ ဒေါသ = ခက်ထန်ကြမ်းတမ်းခြင်း သဘော၊

၉။ ဣဿာ = သူတစ်ပါး၏ စည်းစိမ်ချမ်းသာကို ငြူစူခြင်း မနာလိုခြင်း သဘော၊

၁၀။ မစ္ဆရိယ = မိမိ၏ စည်းစိမ်ချမ်းသာကို လျှို့ဝှက်ခြင်း၊ ဝန်တိုခြင်း၊ နှမြောခြင်း သဘော၊

၁၁။ ကုက္ကုစ္စ = ပြုမိခဲ့သော ဒုစရိုက်၊ မပြုခဲ့မိသော သုစရိုက်တို့ကို နောင်တစာစ်ဖန် ပူပန်ခြင်းသဘော၊

"ဒေါ၊ ဣသ်၊ မစ်၊ ကုက်၊ ဒေါစတုက်"

(ဃ) အဆုံးတြိခေါ် နောက်ဆုံးအကုသိုလ်စေတသိက် ၃–ပါးမှာ–

၁၂။ ထိန = စိတ်၏အမှုန်ို လေးလံထိုင်းမှိုင်းခြင်း၊ စိတ်မခံ့ခြင်း သဘော၊

၁၃။ မိဒ္ဓ = စေတသိက်တို့၏ အမှုန်ို လေးလံထိုင်းမှိုင်းခြင်း၊ မခံ့ခြင်း သဘော၊

၁၄။ ဝိစိကိစ္ဆာ = ရတနာ ၃–ပါး၊ သစ္စာ ၄–ပါး၊ ကံတရား စသည့် ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘော၊

"ထိ, မိဒ်, ဝိစိ၊ ဆုံးတြိ"

## ရှင်းလင်းချက်

အကုသိုလ်စေတသိက် ၁၄–လုံးတို့ကား ကျွန်ုပ်တို့၏ ကြောက်စရာအကောင်းဆုံး ရန်သူများတည်း။ သတိမရှိသော စိတ်တွင်းသို့ဝင်ချင်သလို ဝင်နိုင်ကြသည်။ စိတ်ကို ပူလောင် ဆင်းရဲစေပြီး အပါယ်သို့ တွန်းချနိုင်ကြသည်။

http://www.dhammadownload.com



မောဟ၊ လောဘ၊ ဒေါသတို့ကား အကုသိုလ်ဟိတ်များ ဖြစ်ကြသည်နှင့်အညီ အကုသိုလ်၏ အရင်းအမြစ်မူလများ ဖြစ်ကြ၏။

**မောစတုက်** ၄–ပါးတို့သည် အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်ကြသဖြင့် **အကုသလသာဓာရဏ** ဟု အမည်ရကြ၏။ မောဟသည် ရုပ်နာမ်သဘော၊ ကံသဘော၊ သစ္စာသဘော စသည်တို့ကိုဖုံးကွယ်ထားပြီး သတ္တဝါတို့အား အမှောင်တိုက်၌ ကျင်လည်စေ၏။ ထိုအမှောင်တိုက်၏ အထောက်အပံ့ဖြင့် မကောင်းမှု ဒုစရိုက်ကိုပြုလုပ်ဖို့ အဟိရိကက မရှက်မုန်းရန်၊ အနောတ္တပ္ပက မကြောက်ရွံ့ရန် အားပေးအားမြှောက် ပြုကြ၏။ ဥဒ္ဓစ္စက အမှန်သဘောကို မတွေးတောမိအောင် စိတ်ကို ပျံ့လွင့်စေ၏။

**လောဘတြိ**ဟုခေါ်သော လောဘ၊ ဒိဋ္ဌိနှင့် မာနတို့သည် သံသရာကို ချဲ့ကားတတ်သော **ပပဉ္စတရားများ** ဖြစ်ကြ၏။ ၄လောဘသည် ကာမဂုဏ်အာရုံကို ထမ်းတမ်းစွဲ၊ ငမ်းငမ်းတက်၊ တပ်မက်တွယ်တာလိုချင်သည့်သဘော ဖြစ်၏။ သတ္တဝါတို့အား မည်သည့်အခါမျှ မရောင့်ရဲမတင်းတိမ်စေဘဲ အာရုံသစ်များကို အမြဲရှာဖွေနေစေ၏။ ဒိဋ္ဌိသည် မိမိကို ချစ်ခင် တပ်မက်သည့် လောဘအပေါ် အခြေပြုလျက် ရုပ်နာမ် ၂–ပါးသာဖြစ်သည့် လောကီ ခန္ဓာငါးပါးကို "ငါ၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ" စသည့်ဖြင့် လွဲမှားစွာ ထင်မြင်စွဲလမ်းစေ၏။ မာနသည် လောကီခန္ဓာငါးပါးကိုပင် "ငါ တကား၊ ငါလိုလူ ဇမ္ဗူမှာ ရှိသေးလား" ဟု ထောင်လွှားဝင့်ကြွားစေ၏။

**"ဒေါသနှင့်တူသော အပြစ်သည်မရှိ"** ဟု ဘုရားဟောထားသည်နှင့်အညီ ဒေါသသည် အဖျက်ဆိုးတတ်ဆုံးသော တရားဖြစ်၏။ မြွေပွေးမြွေဟောက်နှင့်တူ၏။ တက်ကြွသော ဒေါသကသာ ဖျက်ဆီးတတ်သည် မဟုတ်၊ ဆုတ်နစ်သော ဒေါသကြောင့်ဖြစ်သည့် စိတ်ပျက်ခြင်း၊ ကြောက်လန့်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ စိတ်နှလုံးမသာယာခြင်း၊ လွမ်းကဲစွာ ပူဆွေးခြင်းတို့ကလည်း ကိုယ်စိတ် နှစ်ပါးကို ပျက်စီးစေကြ၏။

ဣဿာနှင့် မစ္ဆရိယတို့သည် အလိုလိုနေရင်း စိတ်ကို ဆင်းရဲ

http://www.dhammadownload.com



စေပြီး အကုသိုလ်တိုးပွားစေကြ၏။ ၎င်းတို့ကို နှိမ်နင်းလိုက်သည်နှင့် တစ်ပြိုင်နက် စိတ်ချမ်းသာသွားမည့် အကြောင်းကို "**မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာသည်**"ဟု မဟာစည် ဆရာတော် စပ်ဆိုခဲ့ပေ၏။

ကုက္ကုစဖြင့် နောင်တတစ်ဖန် ပူပန်နေခြင်းသည် ပြုခဲ့မိပြီးသော ဒုစရိုက်ကို မပြုရာရောက်အောင် မပြုခဲ့မိသေးသည့် သုစရိုက်ကိုလည်း ပြုရာရောက်အောင် မစွမ်းဆောင်ပေးနိုင်သည့်အပြင် အကုသိုလ်ကိုပင် တိုးပွားစေသဖြင့် အမြင်ကပ်စရာ အကျိုးယုတ်စရာ အမှုအရာသာ ဖြစ်၏။

ထိနနှင့် မိဒ္ဓတို့သည် စိတ်နှင့်စေတသိက်တို့ကို ထိုင်းမှိုင်းလေးလံစေခြင်းဖြင့် ပျင်းရိငိုက်မျဉ်းခြင်းကိုဖြစ်ပေါ်စေကြ၏။ ကုသိုလ်အလုပ်ကို ဆုတ်ယုတ်စေကြ၏။ ဘုရား၊ တရား၊ သံဃာနှင့် ကုသိုလ်ရေးကိစ္စများ၌ ယုံမှားသံသယဖြစ်စေသော ဝိစိကိစ္ဆာသည်လည်း ကုသိုလ်အလုပ်ကို ဆုတ်နစ်စေ၏။ သို့အတွက် ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာတို့ကို အကုသိုလ်စေတသိက်များအတွင်း ထည့်သွင်းထားခြင်းဖြစ်၏။

စိတ်ကိုညစ်ညူး ပူလောင်စေတတ်သော ကိလေသာတရား ၁၀–ပါးတို့ကား လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိကနှင့် အနောတ္တပ္ပတို့ ဖြစ်ကြ၏။

## သောဘဏသာဓာရဏ စေတသိက် ၁၉–ပါး

သောဘဏစိတ်အားလုံးနှင့် ဆက်ဆံသော (ဝါ) သောဘဏစိတ်ဖြစ်တိုင်း ပါဝင်ကြသော စေတသိက်တို့တည်း။

၁။ သဒ္ဓါ = ဘုရား၊ တရား၊ သံဃာ စသည့်ကုသိုလ်အာရုံ၌ ယုဉ်ဖက်တရားတို့ကို ကြည်လင်စေခြင်း, ယုံကြည်စေခြင်း သဘော၊

http://www.dhammadownload.com



၂။ သတိ = ဘုရား၊တရား၊ သံဃာ စသည့်ကုသိုလ်အာရုံ၌ ယှဉ်ဖက်တရားတို့ကို အောက်မေ့ အမှတ်ရစေခြင်း သဘော၊

၃။ဟိရိ = မကောင်းမှု ဒုစရိုက်မှ ရှက်မုန်းခြင်း သဘော၊

၄။ဩတ္တပ္ပ = မကောင်းမှု ဒုစရိုက်မှ ကြောက်လန့်ခြင်း သဘော၊

၅။အလောဘ = ကာမဂုဏ်အာရုံကို မလိုချင် မတပ်မက်ခြင်း သဘော၊

၆။အဒေါသ = မကြမ်းတမ်း မခက်ထန်ခြင်း သဘော (မေတ္တာ)

၇။တတြမဇ္ဈတ္တတာ = ယှဉ်ဖက်တရားတို့အား ဆိုင်ရာကိစ္စများကို မယုတ်မလွန် မျှတစွာ ဆောင်ရွက်ကြရန် တည့်မတ် ထိန်းသိမ်းပေးခြင်း သဘော (ဥပေက္ခာ)

၈။ကာယပဿဒ္ဓိ = စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်း သဘော၊

၉။စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးခြင်း သဘော၊

၁၀။ကာယလဟုတာ= စေတသိက်အပေါင်း၏ ပေါ့ပါးသွက်လက်ခြင်း သဘော၊

၁၁။စိတ္တလဟုတာ = စိတ်၏ ပေါ့ပါးသွက်လက်ခြင်း သဘော၊

၁၂။ကာယမုဒုတာ = စေတသိက်အပေါင်း၏ နူးညံ့ပျောင်း

http://www.dhammadownload.com



အိခြင်း သဘော၊

၁၃။ စိတ္တမုဒုတာ = စိတ်၏ နူးညံ့ပျောင်းအိခြင်းသဘော၊

၁၄။ ကာယကမ္မညတာ= စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခံ့ညားခြင်း သဘော၊

၁၅။ စိတ္တကမ္မညတာ = စိတ်၏ ကုသိုလ်ကောင်းမှု၌ ခံ့ညားခြင်း သဘော၊

၁၆။ ကာယပါဂုညတာ= စေတသိက် အပေါင်း၏ ကုသိုလ်ကောင်းမှု၌ လေ့လာနိုင်နင်းခြင်း သဘော၊

၁၇။ စိတ္တပါဂုညတာ = စိတ်၏ကုသိုလ်ကောင်းမှု၌ လေ့လာနိုင်နင်းခြင်း သဘော၊

၁၈။ ကာယုဇုကတာ = စေတသိက်အပေါင်း၏ ဖြောင့်မတ်စွာ ဖြစ်ခြင်းသဘော၊

၁၉။ စိတ္တုဇုကတာ = စိတ်၏ ဖြောင့်မတ်စွာ ဖြစ်ခြင်း သဘော၊

"**သံခိပ်လင်္ကာ**" = သဒ္ဓါ၊ သတိ၊ ဟိရီ၊ သြတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တာ၊ ပဿဒ္ဓိ၊လဟု၊ မုဒု၊ ကမ္မညီ၊ ပါဂုညင်နှင့်၊ ထို့ပြင် ဥဇုက၊ ခြောက်ဝမ္မ၊ ကာယစိတ်နှင့်နှော"

## ရှင်းလင်းချက်

စကြဝတေးမင်း၏ ပတ္တမြားရတနာသည် နောက်ကျိနေသော ရေမှ အနည်များကို ထိုင်စေကာ ရေကိုကြည်လင်စေသကဲ့သို့ သဒ္ဓါသည် ကိလေသာ အညစ်အကြေးများကို အနည်ထိုင်စေပြီး စိတ်စေတသိက်တို့ကို ကြည်လင်စေ၏။ မောဟ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကို ဖယ်ရှားပြီး ဘုရား၊

http://www.dhammadownload.com



တရား၊ သံဃာ၌ ယုံကြည်မှုကို ဖြစ်ပေါ်စေ၏။

အကုသိုလ်အမှုများ၌ မောဟဦးဆောင်သကဲ့သို့ ကုသိုလ်ရေးတွင် သဒ္ဓါဦးဆောင်၏။ သဒ္ဓါမရှိသူသည် ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်နေပါသော်လည်း ကုသိုလ်ပြုခွင့် မရချေ။ လက်မရှိသောသူသည် ရွှေတောင်ပေါ် ရောက်နေသော်လည်း ရွှေတုံးများကို မကောက်ယူနိုင်သကဲ့သို့တည်း။ ထို့ကြောင့် "ဤလောကမှာ၊ လူ့ဥစ္စာ၊ သဒ္ဓါ အမြတ်ဆုံးတည်း" ဟု ဗုဒ္ဓမိန့်ကြားတော်မူ၏။

သတိသည် ဖြစ်ပြီးဖြစ်ဆဲ အာရုံများကို ရေစီးကြောင်း၌ ဗူးတောင်းများ လွင့်မျောသွားသလို လွင့်မျော ပျောက်ကွယ်မသွားရန် အောက်မေ့ အမှတ်ရစေသော သဘောဖြစ်၏။ **"သတိမမူ ဂူမမြင်"** ဟူသကဲ့သို့ သတိမထားလျှင် မြင်ကြားသည်များကို မှတ်မှတ်ရရ မသိလိုက်ပါ။ ဝိပဿနာ ရှုမှတ်ရာတွင် ဒွါရ ၆–ပါး၌ အာရုံများထင်လာသမျှကို မလွတ်တမ်း ရှုမှတ်နိုင်ရန် သတိကပ်၍ ရှုမှတ်ရ၏။ ဤနည်းဖြင့် သတိဟူသော တံခါးမှူးသည် စိတ်ထဲသို့ ကိလေသာများ မစိမ့်ဝင်ရန် စောင့်ကြပ်တားဆီးပေးနိုင်၏။

ဟိရီနှင့် ဩတ္တပ္ပတို့သည် အဟိရိကနှင့် အနောတ္တပ္ပတို့၏ ဆန့်ကျင်ဘက် တရားများ ဖြစ်ကြ၏။ အမိနှင့်သား၊ အဖနှင့်သမီး စသည်ဖြင့် ဖောက်ပြားခြင်း မရှိရန် လူနှင့် တိရစ္ဆာန်အကြား စည်းခြားပေးသော လောကပါလတရားများ (ကမ္ဘာစောင့်တရားများ) ဖြစ်ကြ၏။

အလောဘသည် ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာ အရှင်မြတ်တို့၌ထင်ရှား၏။ ထိုအရှင်မြတ်တို့သည်မည်သည့် ပစ္စည်းဥစ္စာကိုမျှ "ငါ့ဥစ္စာ" ဟူသော အမှတ်ဖြင့် သိမ်းဆည်းထားခြင်း မရှိချေ။ ပစ္စည်းဥစ္စာကိုစွန့်လွှတ်၍ ဒါနပြုသူသည် လောဘကိလေသာကို အလောဘဖြင့် ခေတ္တ အနိုင်ရလိုက်ခြင်းပင် ဖြစ်၏။

အဒေါသသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဖျက်ဆီးတတ်

http://www.dhammadownload.com



မှု၊ ရန်ငြိုးဖွဲ့မှု ဒေါသအစုကို တွန်းလှန်ပြီး စန်းလအသွင် ကြည်လင် အေးမြစေသော တရားဖြစ်၏။ သတ္တဝါများ ဘေးရန်ကင်းဝေးရန်၊ ချမ်းသာ ကြီးပွားရန် မေတ္တာပို့သခြင်းသည် အဒေါသစေတသိက်၏ အမှုကိစ္စတစ်ရပ်ဖြစ်၏။

တတြမဇ္ဈတ္တတာသည် စိတ် စေတသိက်တို့အား မိမိဆိုင်ရာ အမှုကိစ္စများကို ဆောင်ရွက်ရာ၌ မယုတ်မလွန်စေရန် ထိန်းကျောင်းပေးသဖြင့် မောင်တော်ကား၏ ဘရိတ်ကိရိယာနှင့် တူ၏။ မြင်းနှစ်စီးတို့အား အညီအမျှ ပြေးသွားကြစေရန် ထိန်းကွပ်ပေးသော ရထားထိန်းနှင့်လည်း တူ၏။ 'သတ္တဝါတို့သည် ကမ္မသကာ ကံစီမံသည့်အတိုင်း ဖြစ်ကြရ၏' ဟု နှလုံးသွင်းလျက် စိတ်တည်ငြိမ် ခိုင်မြဲနေသော ဥပေက္ခာသည် တတြမဇ္ဈတ္တတာ၏ သဘောတစ်ခုပင် ဖြစ်၏။

စိတ်စေတသိက်တို့၏ ငြိမ်းအေးခြင်းသဘော (ပဿဒ္ဓိ)၊ စိတ်စေတသိက်တို့၏ ပေါ့ပါး သွက်လက်မှုသဘော (လဟုတာ)၊ စိတ်စေတသိက်တို့၏ နူးညံ့ပျော့ပျောင်းခြင်းသဘော (မုဒုတာ)၊ စိတ်စေတသိက်တို့၏ကုသိုလ်ကောင်းမှု၌ ကောင်းမွန် ခံ့ညားခြင်းသဘော (ကမ္မညတာ)၊ စိတ်စေတသိက်တို့၏ အပြစ်အနာအဆာကင်းပ၍ ပွန်းတီးစွာ လေ့လာထားခြင်းသဘော (ပါဂုညတာ)နှင့် စိတ်စေတသိက်တို့၏ ဖြောင့်မတ်ခြင်းသဘော (ဥဇုကတာ)တို့သည် ကုသိုလ်ရေးကိစ္စ၌ အလေ့အကျင့်များသူတို့တွင် ပေါ်လွင်ထင်ရှားကြ၏။ ဝိပဿနာ အားထုတ်သဖြင့် အထက်ဉာဏ်များသို့ ရောက်နေကြသော ယောဂီများ၌ သာ၍ထင်ရှားကြ၏။ စိတ်စေတသိက်တို့ ငြိမ်းအေး၊ ပေါ့ပါး ကောင်းမွန်ခံ့ညားနေကြသော အခါ၌ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်များသည်လည်း ငြိမ်းအေး၊ ပေါ့ပါး ကောင်းမွန် ခံ့ညားနေကြပေ၏။

သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသနှင့် တတြမဇ္ဈတ္တတာတို့သည် တစ်ပါးစီသာ လျှင် မိမိတို့၏ ဆန့်ကျင်ဘက် တရားတို့ကို ဖယ်ရှား နှိမ်နင်းနိုင်ကြ၏။

http://www.dhammadownload.com



ကာယပဿဒ္ဓိ–စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ–စိတ္တလဟုတာ စသော စုံတွဲစေတသိက်တို့ကား နှစ်ပါးစီတွဲ၍သာ သက်ဆိုင်ရာ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ပယ်ရှားနိုင်ကြ၏။ ဤအကြောင်းကြောင့် ဤစေတသိက်တို့ကို ၂–ပါးစီတွဲလျက် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

## ဝိရတိစေတသိက် ၃–ပါး

၁။ **သမ္မာဝါစာ** = အသက်မွေးဝမ်းကျောင်းနှင့် မဆက်စပ်ဘဲ ဝစီဒုစရိုက် ၄–ပါးကို ရှောင်ကြဉ်ခြင်း သဘော၊

၂။ **သမ္မာကမ္မန္တ** = အသက်မွေးဝမ်းကျောင်းနှင့် မဆက်စပ်ဘဲ ကာယဒုစရိုက် ၃–ပါးကို ရှောင်ကြဉ်ခြင်း သဘော၊

၃။ **သမ္မာအာဇီဝ** = အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်၍ ဝစီဒုစရိုက် ၄–ပါးနှင့် ကာယဒုစရိုက် ၃–ပါးကို ရှောင်ကြဉ်ခြင်း သဘော၊

## ရှင်းလင်းချက်

ဤစေတသိက် ၃–ပါးသည် သီလ မဂ္ဂင်များအဖြစ် မဂ္ဂင် ၈–ပါး တွင် ပါဝင်ကြ၏။

ဝစီဒုစရိုက်လေးပါးမှာ (၁) မုသာဝါဒ = မမှန်သောစကားကို ပြောခြင်း၊ (၂) ပိသုဏာဝါစာ = ကုန်းချောသော စကားကို ပြောခြင်း၊ (၃) ဖရုသဝါစာ = ကြမ်းတမ်းသောစကားကို ပြောခြင်း၊ (၄) သမ္ဖပ္ပလာပ= အကျိုးမရှိသည့် သိမ်ဖျင်းသော စကားကို ပြောခြင်းတို့ဖြစ်ကြ၏။ ဤဝစီဒုစရိုက် ၄–ပါးအနက် ၁–ပါးပါးကို ကျူးလွန်ရန် အခွင့်ကြုံလာသောအခါ မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်လျှင် သမ္မာဝါစာဖြစ်၏။

http://www.dhammadownload.com



ကာယဒုစရိုက် ၃–ပါးမှာ (၁) ပါဏာတိပါတ = သူတစ်ပါးအသက်ကို သတ်ခြင်း၊ (၂) အဒိန္နာဒါန = သူတစ်ပါးဥစ္စာကို ခိုးယူခြင်းနှင့် (၃) ကာမေသုမိစ္ဆာစာရ = သူတစ်ပါးသားမယားကို ဖျက်ဆီးခြင်းတို့ ဖြစ်ကြ၏။ ဤကာယဒုစရိုက် ၃–ပါးအနက် ၁–ပါးပါးကို ကျူးလွန်ရန် အခွင့်ကြုံလာသောအခါ မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်လျှင် သမ္မာကမ္မန္တ ဖြစ်၏။ ဥပမာ ကိုက်သောခြင်ကို ရိုက်မသတ်ဘဲအသာအယာ ဖယ်ရှားလိုက်လျှင် သမ္မာကမ္မန္တ ဖြစ်၏။

အသက်မွေးဝမ်းကျောင်းအတွက် အထက်ပါ ဝစီဒုစရိုက် ၄–ပါးနှင့် ကာယဒုစရိုက် ၃–ပါးတို့ အနက်မှ ၁–ပါးပါးကို ကျူးလွန်ရန် အခွင့်ကြုံလာသည့်အခါမကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်လျှင် သမ္မာအာဇီဝ ဖြစ်၏။ ဥပမာ– ကြက် ဘဲ တို့ကို သတ်၍ ရောင်းချခြင်း၊ လိမ်ညာ၍ စီးပွားရှာခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ ဖြစ်၏။

## အပ္ပမညာ စေတသိက် ၂–ပါး

၁။ ကရုဏာ = ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်း သဘော၊

၂။ မုဒိတာ = သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း သဘော၊

## ရှင်းလင်းချက်

ကရုဏာသည် ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါတို့ကို မြင်တွေ့ရသည့်အခါ ထိုသတ္တဝါတို့အား ထိုဆင်းရဲဒုက္ခမှ လွတ်မြောက်စေလိုသည့် သဘောဖြစ်၏၊ သတ္တဝါတို့အား နှိပ်စက်ညှဉ်းဆဲတတ်သည့် ဝိဟိံသ ခေါ် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၏။

မုဒိတာသည် ကြီးပွားချမ်းသာနေသော သတ္တဝါတို့ကို မြင်တွေ့ရသည့်အခါ သူတော်ကောင်းတို့၏ စိတ်၌ ဖြစ်ပေါ်သော ဝမ်းမြောက်ခြင်း

http://www.dhammadownload.com



သဘောဖြစ်၏။ မနာလို ဝန်တိုတတ်သည့် ဣဿာ၏ ဆန့်ကျင်ဘက် ဖြစ်၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတို့သည် ဗြဟ္မာတို့၏ မြတ်သောအကျင့်ဖြစ်သည့် ဗြဟ္မစိုရ်တရား ၄–ပါး ဖြစ်ကြ၏။

## ပညိန္ဒြေစေတသိက်

၁။ ပညိန္ဒြေ = ပညာ + ဣန္ဒြိယ = အာရုံ၏ အမှန်သဘောကို ထိုးထွင်း၍ သိမှုကိစ္စ၌ အစိုးရခြင်းသဘော၊

ဤစေတသိက်ကို ပညာစေတသိက်ဟုလည်း ခေါ်၏။ မောဟ ၏ ဆန့်ကျင်ဘက်ဖြစ်သဖြင့် အမောဟဟုလည်း ခေါ်၏။ အဝိဇ္ဇာအမိုက် မှောင်ကို ပယ်ခွာတတ်သဖြင့် ဝိဇ္ဇာဟုလည်း အမည်ရ၏။

ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သိခြင်း၊ ကံ ကံ၏ အကျိုးသဘောကို သိနားလည်ခြင်း၊ အရိယသစ္စာ ၄–ပါးနှင့် ပဋိစ္စ သမုပ္ပါဒ် သဘောတို့ကို သိမြင်ခြင်းတို့သည် ပညာဖြစ်၏။

## သမ္ပယောဂနည်းနှင့် သင်္ဂဟနည်း

စေတသိက်တစ်လုံးစီက မည်သည့်စိတ်များ၌ ယှဉ်နိုင်သည်ကို ဖော်ပြသောနည်းသည် သမ္ပယောဂနည်းဖြစ်၏။ ဤနည်းကို သမ္ပယောဂ နည်း ဇယား၌ ဖော်ပြထား၏။ ဇယားများကို ဤစာအုပ်နောက်ကျော၌ ပူးတွဲထားပါသည်။

## အညသမာန်းသမ္ပယောဂ ၇–နည်း

(၁) သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါးသည် စိတ်အကျဉ်း ၈၉– ပါး၊ စိတ်အကျယ် ၁၂၁–ပါးတို့၌ ယှဉ်ကြ၏။

(၂) ဝိတက်သည် ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော ကာမစိတ် ၄၄– ပါး၊ ပထမဈာန်စိတ် ၁၁–ပါး၊ ပေါင်း ၅၅–ပါးသော စိတ်တို့၌ ယှဉ်၏။

http://www.dhammadownload.com



(၃) ဝိစာရသည် ဝိတက်ယှဉ်သောစိတ် ၅၅–ပါး၊ ဒုတိယဈာန်စိတ် ၁၁–ပါး၊ ပေါင်း ၆၆–ပါးသော စိတ်တို့၌ ယှဉ်၏။

(၄) အဓိမောက္ခသည် ဒွေပဉ္စဝိညာဏ် ၁၀ နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့ကို ကြဉ်၍ ကြွင်းသည့်စိတ် ၇၈–ပါးတို့၌ ယှဉ်၏။

(၅) ဝီရိယသည် ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃ ဟူသော ၁၆–ပါးသော စိတ်တို့ကိုကြဉ်၍ ကြွင်းသည့်စိတ် ၇၃–ပါးတို့၌ ယှဉ်၏။

(၆) ပီတိသည် လောဘမူ သောမနဿသဟဂုတ် ၄–ပါး၊ သောမနဿသန္တီရဏ ၁–ပါး၊ ဟသိတုပ္ပါဒ် ၁–ပါး၊ ကာမသောဘဏ သောမနဿသဟဂုတ် ၁၂–ပါး၊ ပထမဈာန် ၁၁–ပါး၊ ဒုတိယဈာန် ၁၁–ပါး၊ တတိယဈာန် ၁၁–ပါး၊ ပေါင်း ၅၁–ပါးသော စိတ်တို့၌ ယှဉ်၏။

(၇) ဆန္ဒသည်အဟိတ်စိတ် ၁၈နှင့် မောဟမူဒွေတို့ကိုကြဉ်၍ကြွင်းသည့်စိတ် ၆၉–ပါးတို့၌ ယှဉ်၏။

## အကုသိုလ်စေတသိက် သမ္ပယောဂ ၆–နည်း

(၁) အကုသလ သာဓာရဏဟု ဆိုအပ်သော မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့သည် အကုသိုလ်စိတ် ၁၂–ပါးတို့၌ ယှဉ်ကြ၏။

(၂) လောဘသည်လောဘမူစိတ် ၈–ပါး၌ယှဉ်၏။ ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ယှဉ်၏။ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ယှဉ်၏။

(၃) ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့သည် ဒေါသမူစိတ် ၂–ပါး၌ ယှဉ်ကြ၏။

http://www.dhammadownload.com



(၄) ထိန်နှင့် မိဒ္ဓတို့သည် အကုသလသသင်္ခါရိကစိတ် ၅–ပါး၌ ယှဉ်ကြ၏။

(၅) ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၌သာ ယှဉ်၏။

## သောဘဏစေတသိက် သမ္ပယောဂ ၄–နည်း

(၁) သောဘဏသာဓာရဏစေတသိက် ၁၉–ပါးသည် သောဘဏစိတ်အကျဉ်း ၅၉–ပါး၊ အကျယ် ၉၁–ပါးတို့၌ ယှဉ်ကြ၏။

(၂) ဝိရတိစေတသိက် ၃–ပါးသည် လောကုတ္တရာစိတ် ၈–ပါး၌ အမြဲ တစ်ပေါင်းတည်းယှဉ်ပြီး၊ မဟာကုသိုလ်စိတ် ၈–ပါး၌ ရံခါ အသီးသီး ယှဉ်ကြ၏။

(၃) အပ္ပမညာစေတသိက် ၂–ပါးသည် ပဉ္စမစျာန်စိတ်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ မဟာကြိယာစိတ် ၈–ပါး၊ ပေါင်း ၂၈–ပါးသော စိတ်တို့၌ ရံခါအသီးသီး ယှဉ်ကြ၏။

(၄) ပညိန္ဒြေဟု အမည်ရသော ပညာစေတသိက်သည် ကာမသောဘဏ ဉာဏသမ္ပယုတ်စိတ် ၁၂–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ လောကုတ္တရာစိတ် အကျဉ်း ၈–ပါး၊ ပေါင်း ၄၇–ပါးသော စိတ်တို့၌ ယှဉ်၏။

## စေတသိက်ပိုင်း သင်္ဂဟနည်း

စိတ်တစ်မျိုးစီ၌ ယှဉ်ထိုက်သမျှသော စေတသိက်အားလုံးကို ပေါင်းရုံး၍ ရေတွက်သောနည်းကို သင်္ဂဟနည်းဟုခေါ်ပါသည်။

"စေတသိက်ပိုင်း သင်္ဂဟနည်းဇယား" ကို ကြည့်ပါ။

## အကုသိုလ်စိတ် သင်္ဂဟနည်း ၇–နည်း

(၁) လောဘမူ ပထမအသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက်

http://www.dhammadownload.com



၁၃–ပါး၊ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဟူသော အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ ဒိဋ္ဌိဟူ၍ စေတသိက် ၁၉–ပါး ယှဉ်ပါသည်။

လောဘမူ ဒုတိယအသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃–ပါး၊ မောစတုက်ဟူသော အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ မာနဟူ၍ စေတသိက် ၁၉–ပါးယှဉ်ပါသည်။

(၂) လောဘမူတတိယ အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ ဒိဋ္ဌိဟူ၍ စေတသိက် ၁၈–ပါး ယှဉ်ပါသည်။

လောဘမူစတုတ္ထ အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ မာနဟူ၍ စေတသိက် ၁၈–ပါး ယှဉ်ပါသည်။

(၃) လောဘမူ ပထမသသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓဟူ၍ ၂၁–ပါး ယှဉ်ပါသည်။

လောဘမူ ဒုတိယသသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ မာန၊ ထိန၊ မိဒ္ဓဟူ၍ ၂၁–ပါး ယှဉ်ပါသည်။

(၄) လောဘမူ တတိယသသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓဟူ၍ စေတသိက် ၂၀–ယှဉ်ပါသည်။

http://www.dhammadownload.com



လောဘမူ စတုတ္ထသသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ လောဘ၊ မာန၊ ထိန၊ မိဒ္ဓဟူ၍ စေတသိက် ၂၀ ယှဉ်ပါသည်။

(၅) ဒေါသမူအသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသော ဒေါစတုက် ၄–ပါး၊ ပေါင်း စေတသိက် ၂၀ ယှဉ်ပါသည်။

(၆) ဒေါသမူသသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ ဒေါစတုက် ၄–ပါး၊ ထိန၊ မိဒ္ဓဟူ၍ စေတသိက် ၂၂–ပါး ယှဉ်ပါသည်။

(၇) မောဟမူ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဆန္ဒ၊ ပီတိ၊ အဓိမောက္ခ ကြဉ်သော အညသမာန်း စေတသိက် ၁၀–ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး၊ ဝိစိကိစ္ဆာဟူ၍ ၁၅–ပါး ယှဉ်ပါသည်။

မောဟမူဥဒ္ဓစ္စသဟဂုတ်စိတ်၌ ဆန္ဒနှင့် ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၁ ပါး၊ အကုသလသာဓာရဏ စေတသိက် ၄–ပါး ဟူ၍ စေတသိက် ၁၅–ပါး ယှဉ်ပါသည်။

## အဟိတ်စိတ် သင်္ဂဟနည်း ၄–နည်း

(၁) ဒွေပဉ္စဝိညာဏ် ၁၀–ပါး၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး ယှဉ်ပါသည်။

(၂) သောမနဿ သန္တီရဏစိတ်၌ ဆန္ဒ၊ ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၁–ပါး ယှဉ်ပါသည်။

မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ၊ ပီတိကြဉ်သော အည

http://www.dhammadownload.com



သမာန်း စေတသိက် ၁၁–ပါး ယှဉ်ပါသည်။

(၃) ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး ယှဉ်ပါသည်။

(၄) ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေ၊ ဥပေက္ခာသန္တီရဏဒွေ ဟူသော စိတ် ၅–ပါး၌ ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၀–ပါး ယှဉ်ပါသည်။

(ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေတို့ကို မနောဓာတ် ၃–ပါးဟု ခေါ်ပါသည်။)

## ကာမာဝစရသောဘဏစိတ် သင်္ဂဟနည်း ၁၂–နည်း

(၁) မဟာကုသိုလ် ပထမဒွေ၌ အညသမာန်း စေတသိက် ၁၃–ပါး၊ သောဘဏ စေတသိက် ၂၅–ပါးဟူ၍ စေတသိက် ၃၈–ပါး ယှဉ်ပါသည်။

(၂) မဟာကုသိုလ် ဒုတိယဒွေ၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ပညာကြဉ်သော သောဘဏစေတသိက် ၂၄–ပါးဟူ၍ စေတသိက် ၃၇–ပါး ယှဉ်ပါသည်။

(၃) မဟာကုသိုလ် တတိယဒွေ၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ သောဘဏစေတသိက် ၂၅–ပါးဟူ၍ စေတသိက် ၃၇–ပါး ယှဉ်ပါသည်။

(၄) မဟာကုသိုလ် စတုတ္ထဒွေ၌ ပီတိကြဉ်သော အညသမာန်း စေတသိက်၁၂–ပါး၊ ပညာကြဉ်သော သောဘဏစေတသိက် ၂၄–ပါးဟူ၍ စေတသိက် ၃၆ -ပါး ယှဉ်ပါသည်။

(၅) မဟာဝိပါက် ပထမဒွေ၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတိ၊ အပ္ပမညာကြဉ်သော သောဘဏစေတသိက် ၂၀ ဟူ၍ စေတသိက် ၃၃–ပါး ယှဉ်ပါသည်။

http://www.dhammadownload.com



(၆) မဟာဝိပါက် ဒုတိယဒွေ၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတိ၊ အပ္ပမညာ၊ ပညာကြဉ်သော သောဘဏစေတသိက် ၁၉–ပါးဟူ၍ စေတသိက် ၃၂–ပါး ယှဉ်ပါသည်။

(၇) မဟာဝိပါက် တတိယဒွေ၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ ဝိရတိ၊ အပ္ပမညာ ကြဉ်သော သောဘဏ စေတသိက် ၂၀ ဟူ၍ စေတသိက် ၃၂–ပါး ယှဉ်ပါ သည်။

(၈) မဟာဝိပါက် စတုတ္ထဒွေ၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ ဝိရတိ၊ အပ္ပမညာ၊ ပညာကြဉ်သော သောဘဏ စေတသိက် ၁၉–ပါးဟူ၍ စေတသိက် ၃၁–ပါး ယှဉ်ပါသည်။

(၉) မဟာကြိယာ ပထမဒွေ၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတိ ၃–ပါး ကြဉ်သော သောဘဏစေတသိက် ၂၂–ပါးဟူ၍ စေတသိက် ၃၅–ပါး ယှဉ်ပါသည်။

(၁၀) မဟာကြိယာ ဒုတိယဒွေ၌ အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတိ၊ ပညာကြဉ်သော သောဘဏစေတသိက် ၂၁–ပါးဟူ၍ စေတသိက် ၃၄–ပါး ယှဉ်ပါသည်။

(၁၁) မဟာကြိယာ တတိယဒွေ၌ ပီတိကြဉ်သော အညသမာန်း စေတသိက်၁၂–ပါး၊ဝိရတိကြဉ်သောသောဘဏစေတသိက် ၂၂–ပါးဟူ၍ စေတသိက် ၃၄–ပါး ယှဉ်ပါသည်။

(၁၂) မဟာကြိယာစတုတ္ထဒွေ၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ ဝိရတိ၊ ပညာကြဉ်သော သောဘဏ စေတသိက် ၂၁–ပါးဟူ၍ စေတသိက် ၃၃–ပါး ယှဉ်ပါသည်။

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅–နည်း

(၁) မဟဂ္ဂုတ်ပထမဈာန်စိတ် ၃–ပါး၌ အညသမာန်း စေတသိက်

http://www.dhammadownload.com



၁၃–ပါး၊ ဝိရတိကြဉ်သော သောဘဏစေတသိက် ၂၂–ပါးဟူ၍ စေတသိက် ၃၅–ပါး ယှဉ်ပါသည်။

(၂) မဟဂ္ဂုတ် ဒုတိယစျာန်စိတ် ၃–ပါး၌ ဝိတက်ကြဉ်သော အညသမန်း စေတသိက် ၁၂–ပါး၊ ဝိရတိကြဉ်သော သောဘဏ စေတသိက် ၂၂–ပါးဟူ၍ စေတသိက် ၃၄–ပါး ယှဉ်ပါသည်။

(၃) မဟဂ္ဂုတ် တတိယစျာန်စိတ် ၃–ပါး၌ ဝိတက်၊ ဝိစာရကြဉ်သော အညသမာန်း စေတသိက် ၁၁–ပါး၊ ဝိရတိကြဉ်သော သောဘဏ စေတသိက် ၂၂–ပါးဟူ၍ စေတသိက် ၃၃–ပါး ယှဉ်ပါသည်။

(၄) မဟဂ္ဂုတ် စတုတ္ထစျာန်စိတ် ၃–ပါး၌ ဝိတက်၊ ဝိစာရ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၀–ပါး၊ ဝိရတိ ကြဉ်သော သောဘဏစေတသိက် ၂၂–ပါးဟူ၍ စေတသိက် ၃၂–ပါး ယှဉ်ပါသည်။

(၅) မဟဂ္ဂုတ်ပဉ္စမစျာန်စိတ် ၁၅–ပါး၌ ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀–ပါး၊ ဝိရတိ၊ အပ္ပမညာကြဉ်သော သောဘဏစေတသိက် ၂၀ ဟူ၍ စေတသိက် ၃၀–ပါး ယှဉ်ပါသည်။

## လောကုတ္တရာစိတ် ဆက်ဟနည်း ၅–နည်း

(၁) လောကုတ္တရာ ပထမစျာန်စိတ် ၈–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ အပ္ပမညာကြဉ်သော သောဘဏစေတသိက် ၂၃–ပါးဟူ၍ စေတသိက် ၃၆–ပါး ယှဉ်ပါသည်။

(၂) လောကုတ္တရာ ဒုတိယစျာန်စိတ် ၈–ပါး၌ ဝိတက်ကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး၊ အပ္ပမညာကြဉ်သော သောဘဏ စေတသိက် ၂၃–ပါး ဟူ၍ စေတသိက် ၃၅–ပါး ယှဉ်ပါသည်။

http://www.dhammadownload.com



(၃) လောကုတ္တရာ တတိယဈာန်စိတ် ၈–ပါး၌ ဝိတက်၊ ဝိစာရ ကြဉ်သော အညသမာန်း စေတသိက် ၁၁–ပါး၊ အပ္ပမညာကြဉ်သော သောဘဏစေတသိက် ၂၃–ပါးဟူ၍ စေတသိက် ၃၄–ပါး ယှဉ်ပါသည်။

(၄) လောကုတ္တရာ စတုတ္ထဈာန်စိတ် ၈–ပါး၌ ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၀–ပါး၊ အပ္ပမညာကြဉ်သော သောဘဏစေသိက် ၂၃–ပါးဟူ၍ စေတသိက် ၃၃–ပါး ယှဉ်ပါသည်။

(၅) လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈–ပါး၌ ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၀–ပါး၊ အပ္ပမညာကြဉ်သော သောဘဏစေတသိက် ၂၃–ပါး ဟူ၍ စေတသိက် ၃၃–ပါး ယှဉ်ပါသည်။

## နိယတယောဂီနှင့် အနိယတယောဂီ

မိမိတို့၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်ကြသော စေတသိက်များကို "နိယတယောဂီ" ဟုခေါ်၏။ မိမိတို့၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ ယှဉ်သင့်သည့်အခါ၌သာ ယှဉ်ကြသော စေတသိက်များကို "အနိယတယောဂီ" ဟု ခေါ်၏။

အနိယတယောဂီ ၁၁–ပါး= ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မာန၊ ထိန၊ မိဒ္ဓ၊ ဝိရတိ ၃–ပါးနှင့် အပ္ပမညာ ၂–ပါး။

နိယတယောဂီ ၄၁–ပါး = အနိယတယောဂီ ၁၁–ပါးမှ ကြွင်းသည့် စေတသိက်များ။

## အနိယတယောဂီယှဉ်ပုံ

၁။ ဣဿာ၊ မစ္ဆရိယနှင့် ကုက္ကုစ္စတို့သည် ဒေါသမူစိတ် ၂–ပါး၌ ယှဉ်ကြသည် ဆိုသော်လည်း ဒေါသမူစိတ် ဖြစ်တိုင်း မယှဉ်ကြပါ။

http://www.dhammadownload.com



သူတစ်ပါး၏ စည်းစိမ်ချမ်းသာကို ငြူစူသောအခါ ဣဿာ ယှဉ်၏။ ထိုအခါ မစ္ဆရိယနှင့် ကုက္ကုစ္စတို့ မယှဉ်ကြချေ။ မိမိ၏ စည်းစိမ်ချမ်းသာကို လျှို့ဝှက်သောအခါ မစ္ဆရိယယှဉ်၏။ ထိုအခါ ဣဿာနှင့်ကုက္ကုစ္စတို့ မယှဉ်ကြချေ။ ပြုခဲ့ပြီးသော ဒုစရိုက်၊ မပြုခဲ့မိသော သုစရိုက်တို့ကို နောင်တတစ်ဖန် ပူပန်သောအခါ ကုက္ကုစ္စယှဉ်၏။ ထိုအခါ ဣဿာနှင့် မစ္ဆရိယတို့ မယှဉ်ကြချေ။ ဤသို့ တစ်သီးတစ်ခြားစီ ယှဉ်ခြင်းကို "နာနာ" နည်းဖြင့် ယှဉ်သည်ဟု ခေါ်၏။

ဣဿာသည် သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ၌သာ ယှဉ်၏၊ မငြူစူသည့်အခါ၌ မယှဉ်ချေ။ မစ္ဆရိယသည် မိမိ၏ စည်းစိမ် ချမ်းသာကို လျှို့ဝှက်သောအခါ၌သာ ယှဉ်၏၊ မလျှို့ဝှက်သောအခါ၌ မယှဉ်ချေ။ ကုက္ကုစ္စသည် ပြုခဲ့ပြီးသော ဒုစရိုက်၊ မပြုခဲ့မိသော သုစရိုက်တို့ကို နောင်တတစ်ဖန် ပူပန်သည့်အခါ၌သာ ယှဉ်၏၊ မပူပန်သည့်အခါ၌ မယှဉ်ချေ။ ဤသို့ဆိုင်ရာအကြောင်း ညီညွတ်ပါမှ စေတသိက် ယှဉ်လာခြင်းကို "ကဒါစိ" နည်းဖြင့် ယှဉ်သည်ဟု ခေါ်၏။

၂။ မာနသည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်သည်ဆိုသော်လည်း ထောင်လွှား ဝင့်ကြွားသောအခါ၌သာ ယှဉ်၏၊ မထောင်လွှားသည့်အခါ မယှဉ်ချေ။

၃။ ထိနနှင့် မိဒ္ဓတို့သည် အကုသလသသင်္ခါရိကစိတ် ၅-ပါး၌ ယှဉ်ကြသည် ဆိုသော်လည်း စိတ်စေတသိက်တို့ လေးလံထိုင်းမှိုင်းသောအခါ၌သာ တစ်ပေါင်းတည်းယှဉ်ကြ၏၊ စိတ်စေတသိက်တို့ ခံ့ကျန်းလန်းဆန်းနေသည့်အခါ မယှဉ်ကြပါ။

၄။ ဝိရတီ ၃-ပါးတို့သည် မိမိတို့၏ ဆိုင်ရာကိစ္စများကို ဆောင်ရွက်သည့်အခါ၌ နာနာ-ကဒါစိ နည်းဖြင့် ယှဉ်ကြ၏။

၅။ အပ္ပမညာ ၂-ပါးတို့သည်လည်း နာနာ-ကဒါစိနည်းဖြင့် ယှဉ်ကြ၏။ ကရုဏာသည် ဆင်းရဲသော သတ္တဝါကို အာရုံပြု၍ သနား

http://www.dhammadownload.com



ကြွင်နာစိတ် ဖြစ်သည့်အခါ၌သာ ယှဉ်၏။ မုဒိတာသည် ချမ်းသာသော သတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်သောအခါ၌သာ ယှဉ်၏။

## လက်တွေ့စိစစ်ပုံ

၁။ ဟင်းမကောင်း၍မကျေမနပ်ဖြစ်ကာ စိတ်တိုနေသောသူ၌ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်အသင်္ခါရိကစိတ်ဖြစ်၏။ ထိုစိတ်၌ ပီတိကြဉ်သည့် အညသမာန်း စေတသိက် ၁၂–ပါး၊ မောစတုက် ၄–ပါးနှင့် ဒေါသဟူ၍ စေတသိက် ၁၇–ပါး ယှဉ်ပါသည်။ (ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ မယှဉ်ကြချေ။)

၂။ မိမိ၏ လုပ်ဖော်ကိုင်ဖက်က ရာထူးတိုးပြီး မိမိက ရာထူးမတိုးသဖြင့် မနာလိုငြူစူနေသောသူ၌ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်ပင် ဖြစ်၏။ သို့သော် အထက်က စေတသိက် ၁၇–ပါးအပြင် ဣဿာပါ ယှဉ်သဖြင့် စုစုပေါင်း စေတသိက် ၁၈–ပါး ယှဉ်၏။

၃။ မလှူချင် မတန်းချင် တွန့်တိုစေးနဲမှုဖြင့် စိတ်ဆင်းရဲနေသူ၌ အထက်ပါ ဒေါသမူစိတ်ပင် ဖြစ်၏။ သို့သော် ဤအကြိမ်တွင် ဣဿာအစား မစ္ဆရိယယှဉ်ပြီး စုစုပေါင်း စေတသိက် ၁၈–ပါးယှဉ်၏။

၄။ စေတီပုထိုး၌ ကံ၏အကျိုးကို ယုံကြည်လျက် ဝမ်းမြောက်စွာ ဆီမီးပူဇော်နေသူ၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်ဖြစ်၏။ ထိုစိတ်တွင် အညသမာန်း စေတသိက် ၁၃–ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉–ပါး၊ ပညိန္ဒြေ စေတသိက်ဟူ၍ စေတသိက် ၃၃–ပါး ယှဉ်ပါသည်။ (ဝိရတိ ၃–ပါးနှင့် အပ္ပမညာ ၂–ပါးတို့ မယှဉ်ကြချေ။)

၅။ အံဆွဲထဲမှ ငွေ ၅၅–ကျပ်ယူလိုက်ကြောင်းကို လိမ်ညာပြောဆိုလျှင် အပြစ်ရှိမှန်းသိ၍ ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ ဝန်ခံသည့်သဘောဖြင့် ဆိတ်ဆိတ်နေသူ၌ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်၏။ ဤစိတ်တွင် ပီတိကြဉ်သော

http://www.dhammadownload.com



အညသမာန်း စေတသိက် ၁၂–ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉–ပါး၊ ပညိန္ဒြေ ၁–ပါးဟူ၍ စေတသိက် ၃၂–ပါး ယှဉ်ပါသည်။

၆။ ကားတိုက်ထားသော ခွေးတစ်ကောင်ကို မြင်၍ သနားကြင်နာနေသော ကလေးသူငယ်၌ ဝမ်းမြောက် ရွှင်လန်းခြင်း မရှိသဖြင့် "ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်၏။

ဤစိတ်၌ ပီတိကြဉ်သည့် အညသမာန်း စေတသိက် ၁၂–ပါး၊ သောဘဏသာဓာရဏ ၁၉–ပါး၊ ကရုဏာ ၁–ပါးဟူ၍ စေတသိက် ၃၂–ပါးယှဉ်၏။

(ကလေးဖြစ်၍ ကံ–ကံ၏အကျိုးကို သိသောဉာဏ်မရှိသေးဟု ယူဆ၏။)

၇။ သူငယ်ချင်းက သိန်းဆုပေါက်သည်ကို ကံ–ကံ၏အကျိုးကို မစဉ်းစားမိသော်လည်း ရိုးသားစွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေသူ၌ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်၏။ ဤစိတ်တွင် အညသမာန်း စေတသိက် ၁၃–ပါး၊ သောဘဏသာဓာရဏ ၁၉–ပါး၊ မုဒိတာ ၁–ပါးဟူ၍ စေတသိက် ၃၃–ပါး ယှဉ်၏။

၈။ ကသိုဏ်းနိမိတ်ကို အာရုံပြု၍ စတုတ္ထဈာန်ဝင်စားနေသူ၌ ရူပါဝစရစတုတ္ထဈာန် စိတ်ဖြစ်၏။ ထိုစိတ်၌ ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၀–ပါး၊ ဝိရတိ,အပ္ပမညာကြဉ်သော သောဘဏစေတသိက် ၂၀၊ ပေါင်း စေတသိက် ၃၀ ယှဉ်ကြပါသည်။

၉။ နိဗ္ဗာန်ကို အာရုံပြု၍ သောတာပတ္တိဖိုလ် ဝင်စားနေသော ဈာန်မရသည့် သောတာပန်၌ လောကုတ္တရာဝိပါက် ဖြစ်သည့် သောတာပတ္တိဖိုလ်စိတ် ဖြစ်၏။ ထိုစိတ်၌ အညသမာန်း စေတသိက် ၁၃–ပါး၊ အပ္ပမညာကြဉ်သော သောဘဏစေတသိက် ၂၃–ပါး၊ ပေါင်း စေတသိက် ၃၆–ပါး ယှဉ်၏။

✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၃)

## ပကိဏ်းပိုင်း

### ရုပ်–နာမ် ဆက်သွယ်မှု

ဤအပိုင်း၌ ရုပ်တရားများဖြစ်ကြသော အာရုံ၊ ဒွါရ၊ ဝတ္ထုတို့နှင့် နာမ်တရားများ ဖြစ်ကြသည့် ဝေဒနာ၊ ဟိတ်၊ စိတ်တို့၏ အမှုကိစ္စများကို ဆက်စပ်ရောပြွမ်း၍ ဖော်ပြမည် ဖြစ်၏။

### ဝေဒနာသင်္ဂဟ

(ဝေဒနာ အမျိုးအစားအလိုက် စိတ်, စေတသိက်များကို စုရုံး တင်ပြခြင်း)

(က) **အာရမ္မဏာနုဘဝနနည်း**– အာရုံကိုလိုက်၍ ဝေဒနာ ၃–မျိုး ကွဲပြား၏။

၁။ သုခဝေဒနာ = အလိုရှိအပ်, ကောင်းမြတ်သောအာရုံ (ဣဋ္ဌာရုံ)နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသော ခံစားမှု။

၂။ ဒုက္ခဝေဒနာ = အလိုမရှိအပ်, မကောင်းမြတ်သော အာရုံ (အနိဋ္ဌာရုံ)နှင့် ဆုံတွေ့သည့်အခါ ဆင်းရဲသော ခံစားမှု။

http://www.dhammadownload.com



၃။ ဥပေက္ခာဝေဒနာ= မကောင်းမဆိုး, အလယ်အလတ် ရိုးရိုးဖြစ်သောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ)နှင့် ဆုံတွေ့သည့်အခါချမ်းသာသည်လည်းမဟုတ်, ဆင်းရဲသည်လည်းမဟုတ်, လျစ်လျူရှုသောအနေ ဖြင့် ခံစားမှု။

(ခ) ဣန္ဒြိယဘေဒနည်း– ဣန္ဒြေဟောစဉ်ကိုလိုက်၍ဝေဒနာ ၅–မျိုးကွဲပြား၏။

၁။ သောမနဿ ဝေဒနာ= စိတ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊

၂။ ဒေါမနဿ ဝေဒနာ = စိတ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊

၃။ သုခဝေဒနာ = ကိုယ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊

၄။ ဒုက္ခဝေဒနာ = ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊

၅။ ဥပေက္ခာဝေဒနာ = ချမ်းသာသည်လည်းမဟုတ်, ဆင်းရဲသည်လည်းမဟုတ်, အလယ်အလတ်ဖြစ်သော ခံစားခြင်း သဘော။

## (ဂ) ဝေဒနာအသီးသီးနှင့် ယှဉ်သောစိတ်များ

၁။ သုခဝေဒနာသည် အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁–ပါး၌ ယှဉ်၏။

၂။ ဒုက္ခဝေဒနာသည် အကုသလဝိပါက်ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ၁–ပါး၌ ယှဉ်၏။

၃။ ဒေါမနဿဝေဒနာသည် ဒေါသမူစိတ် ၂–ပါး၌ ယှဉ်၏။

၄။ သောမနဿ ဝေဒနာသည် ကာမသောမနဿစိတ် ၁၈–ပါး၊ မဟဂ္ဂုတ်သောမနဿစိတ် ၁၂–ပါး၊ လောကုတ္တရာသောမနဿစိတ် ၃၂–ပါး ဟူသော စိတ် ၆၂–ပါး တို့၌ ယှဉ်၏။

http://www.dhammadownload.com



၅။ ဥပေက္ခာဝေဒနာသည် ကာမဥပေက္ခာစိတ် ၃၂–ပါး၊ မဟဂ္ဂုတ် ဥပေက္ခာစိတ် ၁၅–ပါး၊ လောကုတ္တရာ ဥပေက္ခာစိတ် ၈–ပါးဟူသော စိတ် ၅၅–ပါးတို့၌ ယှဉ်၏။

(ဝေဒနာဘေဒအရ စိတ်များခွဲပုံ (စာမျက်နှာ–၅၅)နှင့် ယှဉ်ကြည့်ပါ။)

## ဟေတုသင်္ဂဟ

(ဟိတ် ၆–ပါးကို မူတည်၍ စိတ် စေတသိက်များကို စုရုံးတင်ပြခြင်း)

(က) အကုသိုလ်ဟိတ် ၃–ပါး =လောဘ၊ ဒေါသ၊ မောဟ၊

ကုသိုလ်ဟိတ် ၃–ပါး =အလောဘ၊ အဒေါသ၊ အမောဟ၊

အဗျာကတဟိတ် ၃–ပါး =အလောဘ၊ အဒေါသ၊ အမောဟ။

(အဗျာကတ = ဝိပါက် + ကြိယာ)

(ခ) အဟိတ်စိတ် ၁၈–ပါး=အကုသလဝိပါက် ၇ + အဟိတ်ကုသလဝိပါက် ၈ + အဟိတ်ကြိယာ ၃။

သဟိတ်စိတ် ၇၁–ပါး =စိတ်အကျဉ်း ၈၉–အဟိတ်စိတ် ၁၈။

ဧကဟိတ်စိတ် ၂–ပါး =မောဟမူဒွေ (မောဟဟိတ် ၁–ပါးသာ ယှဉ်၏။)

ဒွိဟိတ်စိတ် ၂၂–ပါး =လောဘမူစိတ် ၈–ပါး (လောဘနှင့် မောဟ ယှဉ်၏)
+ ဒေါသမူစိတ် ၂–ပါး (ဒေါသနှင့် မောဟ ယှဉ်၏။)
+ ကာမသောဘဏ ဉာဏဝိပ္ပယုတ်စိတ် ၁၂–ပါး (အလောဘနှင့် အဒေါသဟိတ် ၂–ပါး ယှဉ်၏။)

http://www.dhammadownload.com



တိဟိတ်စိတ် ၄၇–ပါး =ကာမသောဘဏဉာဏသမ္ပယုတ်စိတ် ၁၂–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ လောကုတ္တရာ စိတ် အကျဉ်း ၈–ပါး (ဤစိတ်တို့၌ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃–ပါး ယှဉ်ကြ၏။)

## ကိစ္စသင်္ဂဟ

(စိတ် စေတသိက်တို့၏ ပြုဖွယ်အမှုကိစ္စအပေါ် မူတည်၍ စိတ် စေတသိက်တို့ကို ပေါင်းစုယူခြင်း)

၁။ ပဋိသန္ဓေကိစ္စ = ဘဝဟောင်းနှင့် ဘဝသစ်ကိုစပ်ပေးခြင်း ကိစ္စ။

၂။ ဘဝင်ကိစ္စ = လက်ရှိဘဝ၌ ဖြစ်နေသော ခန္ဓာအစဉ်ကို အသက်ထက်ဆုံး မပြတ်မလပ်ရအောင် ဖြစ်စေခြင်း ကိစ္စ။

၃။ အာဝဇ္ဇန်းကိစ္စ = အာရုံကို နှလုံးသွင်း ဆင်ခြင်ခြင်း ကိစ္စ။

၄။ ဒဿနကိစ္စ = မြင်ခြင်းကိစ္စ။

၅။ သဝနကိစ္စ = ကြားခြင်းကိစ္စ။

၆။ ဃာယနကိစ္စ = နံခြင်းကိစ္စ။

၇။ သာယနကိစ္စ = အရသာကို သိခြင်းကိစ္စ။

၈။ ဖုသနကိစ္စ = အထိအတွေ့ သိခြင်းကိစ္စ။

၉။ သမ္ပဋိစ္ဆန်းကိစ္စ = အာရုံကို လက်ခံထိန်းသိမ်းခြင်းကိစ္စ။

၁၀။ သန္တီရဏကိစ္စ = အာရုံကို စုံစမ်းခြင်းကိစ္စ။

၁၁။ ဝုဋ္ဌောကိစ္စ = အာရုံကို ဆုံးဖြတ်ခြင်းကိစ္စ။

၁၂။ ဇောကိစ္စ = အာရုံ၏ အရသာကို ခံစားခြင်းကိစ္စ။

http://www.dhammadownload.com



၁၃။ တဒါရုံကိစ္စ = ဇောအာဟုန်၏နောက်သို့ လိုက်ကာ ဇောယူပြီးသော အာရုံကို ဆက်ယူခြင်း ကိစ္စ။

၁၄။ စုတိကိစ္စ = ဖြစ်ဆဲ ပဋိသန္ဓေဘဝ၏ ချုပ်ဆုံး သေလွန်ခြင်း ကိစ္စ။

ကိစ္စအသီးသီး ဆောင်ရွက်ကြသော စိတ်တို့၏ အမည်များကို ကိစ္စသင်္ဂဟဇယား၌ ကြည့်ပါ။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော စိတ်များသည် တူညီကြ၏။ သန္တီရဏ ၂ + မဟာဝိပါက် ၈ + မဟဂ္ဂုတ်ဝိပါက် ၉ တို့ ဖြစ်ကြ၏။ ဤစိတ် ၁၉–ပါးကို ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်ဟူ၍လည်း ခေါ်ဆိုကြ၏။ ဇောစိတ် ၅၅–ပါးကို "ကုကုကြိဖိုလ်" ဆောင်ပုဒ်ဖြင့် မှတ်ပါ။ ထိုဇောတို့တွင်–

ကာမဇော ၂၉ = အကုသိုလ် ၁၂ + မဟာကုသိုလ် ၈ + မဟာကြိယာ ၈ + ဟသိတုပ္ပါဒ် ၁

အပ္ပနာဇော ၂၆ = မဟဂ္ဂုတ်ကုသိုလ် ၉ + မဟဂ္ဂုတ်ကြိယာ ၉ + မဂ် ၄ + ဖိုလ် ၄

## ကိစ္စဆောင်ရွက်သည့်စိတ်များ

၁။ ပဋိသန္ဓေကိစ္စတပ်သောစိတ် ၁၉–ပါးရှိ၏။ ဥပေက္ခာသန္တီရဏစိတ် ၂–ပါး၊ မဟာဝိပါက်စိတ် ၈–ပါးနှင့် မဟဂ္ဂုတ်ဝိပါက် ၉–ပါးတို့ ဖြစ်ကြ၏။

၂။ ဘဝင်ကိစ္စတပ်သောစိတ် ၁၉–ပါးရှိ၏။ အထက်ပါစိတ် ၁၉–ပါး ပင်တည်း။

၃။ အာဝဇ္ဇန်းကိစ္စတပ်သောစိတ် ၂–ပါးရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့ ဖြစ်ကြ၏။

၄။ ဒဿနကိစ္စတပ်သောစိတ် ၂–ပါးရှိ၏။ စက္ခုဝိညာဏ်ဒွေ ဖြစ်၏။

http://www.dhammadownload.com



၅။ သဝနကိစ္စတပ်သောစိတ် ၂–ပါးရှိ၏။ သောတဝိညာဏ်ဒွေ ဖြစ်၏။

၆။ ဃာယနကိစ္စတပ်သောစိတ် ၂–ပါးရှိ၏။ ဃာနဝိညာဏ်ဒွေဖြစ်၏။

၇။ သာယနကိစ္စတပ်သောစိတ် ၂–ပါးရှိ၏။ ဇိဝှာဝိညာဏ်ဒွေဖြစ်၏။

၈။ ဖုသနကိစ္စတပ်သောစိတ် ၂–ပါးရှိ၏။ ကာယဝိညာဏ်ဒွေ ဖြစ်၏။

၉။ သမ္ပဋိစ္ဆန်းကိစ္စတပ်သောစိတ် ၂–ပါးရှိ၏။ သမ္ပဋိစ္ဆန်းဒွေ ဖြစ်၏။

၁၀။ သန္တီရဏကိစ္စတပ်သောစိတ် ၃–ပါးရှိ၏။ သန္တီရဏစိတ် ၃–ပါး ဖြစ်ကြ၏။

၁၁။ ဝုဋ္ဌောကိစ္စတပ်သောစိတ် ၁–ပါးရှိ၏။ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။

၁၂။ ဇောကိစ္စတပ်သောစိတ် ၅၅–ပါးရှိ၏။ အကုသိုလ်စိတ် ၁၂–ပါး၊ ကုသိုလ်စိတ် ၂၁–ပါး၊ ဖိုလ်စိတ် ၄–ပါး၊ အာဝဇ္ဇန်းဒွေကြဉ်သော ကြိယာစိတ် ၁၈–ပါးတို့ဖြစ်ကြ၏။

၁၃။ တဒါရုံကိစ္စတပ်သောစိတ် ၁၁–ပါးရှိ၏။ မဟာဝိပါက်စိတ် ၈–ပါးနှင့် သန္တီရဏစိတ် ၃–ပါးတို့ ဖြစ်ကြ၏။

၁၄။ စုတိကိစ္စတပ်သောစိတ် ၁၉–ပါးရှိ၏။ ဥပေက္ခာသန္တီရဏစိတ် ၂–ပါး၊ မဟာဝိပါက်စိတ် ၈–ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါး တို့ ဖြစ်ကြ၏။

## ကိစ္စဆောင်ရွက်ရန် ဌာနများ

လူတို့၏ အမှုလုပ်ငန်းကို "ကိစ္စ"ဟု ခေါ်၍ ထိုလုပ်ငန်းပြုလုပ်ရာ အလုပ်ရုံကို "ဌာန"ဟု ခေါ်ဆိုသကဲ့သို့ စိတ်တို့၏ အမှုလုပ်ငန်းကို "ကိစ္စ"ဟုခေါ်ပြီး ထိုကိစ္စပြုလုပ်ရာ စိတ်ဒြပ်ကို "ဌာန"ဟု ခေါ်၏။

http://www.dhammadownload.com



၁။ ပဋိသန္ဓေဉာဏ = ပဋိသန္ဓေကိစ္စပြုလုပ်ရာ ပဋိသန္ဓေစိတ် ၁၉–ပါး၊

၂။ ဘဝင်ဉာဏ = ဘဝင်ကိစ္စကို ဆောင်ရွက်ရာ ဘဝင်စိတ် ၁၉–ပါး၊

၃။ အာဝဇ္ဇန်းဉာဏ = အာဝဇ္ဇန်းကိစ္စကို ဆောင်ရွက်ရာ အာဝဇ္ဇန်း ၃ွေ၊

၄။ ပဉ္စဝိညာဏဉာဏ = ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယန ကိစ္စ၊ ဖုသနကိစ္စတို့ကို ဆောင်ရွက်ရာ ဒွေပဉ္စ ဝိညာဏ် ၁၀–ပါး၊

၅။ သမ္ပဋိစ္ဆိုန်းဉာဏ = သမ္ပဋိစ္ဆိုန်းကိစ္စကိုပြုလုပ်ရာ သမ္ပဋိစ္ဆိုန်းဒွေ၊

၆။ သန္တီရဏဉာဏ = သန္တီရဏကိစ္စကို ပြုလုပ်ရာ သန္တီရဏစိတ် ၃–ပါး၊

၇။ ဝုဋ္ဌောဉာဏ = ဝုဋ္ဌောကိစ္စကို ဆောင်ရွက်ရာ မနောဒွါရာ ဝဇ္ဇန်းစိတ်၊

၈။ ဇောဉာဏ = ဇောကိစ္စကို ဆောင်ရွက်ရာ ဇောစိတ် ၅၅–ပါး၊

၉။ တဒါရုံဉာဏ = တဒါရုံကိစ္စကို ဆောင်ရွက်ရာ တဒါရုံစိတ် ၁၁–ပါး၊

၁၀။ စုတိဉာဏ = စုတိကိစ္စကို ဆောင်ရွက်ရာ စုတိစိတ် ၁၉–ပါး၊

**မှတ်ချက်။** ။ ပဉ္စဝိညာဏဉာဏတွင် ဒဿနကိစ္စ၊ သဝန ကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စတို့ကို လိုအပ်သလို အလှည့် ကျ ဆောင်ရွက်သွားသဖြင့် ဉာဏအရေအတွက်သည် ကိစ္စအရေအတွက် ထက် ၄–ခု လျော့နည်း၏။

http://www.dhammadownload.com



## ကိစ္စနှင့် ဌာနတပ်သောစိတ်များ

ကိစ္စသင်္ဂဟဇယား၌ အောက်ပါအချက်များကိုလည်း ကြည့်ရှုမှတ်သားပါ။

၁။ ကိစ္စ ၁–ပါး၊ ဌာန ၁–ခုအဖြစ် ဆောင်ရွက်ကြသောစိတ် (၁–ကိစ္စ၊ ၁–ဌာနတပ်သောစိတ်) ၆၈–ပါး = ဒွေပဉ္စဝိညာဏ် ၁၀ + မနောဓာတ် ၃ + ဇောစိတ် ၅၅။
(မနောဓာတ် ၃–ပါး = ပဉ္စဒွါရာဝဇ္ဇန်း ၁ + သမ္ပဋိစ္ဆိုင်း ၂)

၂။ ၂–ကိစ္စ၊ ၂–ဌာနတပ်သောစိတ် ၂–ပါး = သောမနဿသန္တီရဏ + မနောဒွါရာဝဇ္ဇန်း။

၃။ ၃–ကိစ္စ၊ ၃–ဌာနတပ်သောစိတ် ၉–ပါး = မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါး။

၄။ ၄–ကိစ္စ၊ ၄–ဌာနတပ်သောစိတ် ၈–ပါး = မဟာဝိပါက်စိတ် ၈–ပါး။

၅။ ၅–ကိစ္စ၊ ၅–ဌာနတပ်သောစိတ် ၂–ပါး = ဥပေက္ခာသန္တီရဏ စိတ် ၂–ပါး။

## ဒွါရသင်္ဂဟ

(အာရုံဝင်ရောက်ရာ တံခါးပေါက် "ဒွါရ" ပေါ် မူတည်၍ စိတ်စေတသိက်တို့ကို ပေါင်းစုရေတွက်ခြင်း)

၁။ စက္ခုဒွါရ = အဆင်းအာရုံဝင်ရောက်ရာ မျက်စိအကြည်ဓာတ် (စက္ခုပသာဒ)

၂။ သောတဒွါရ = အသံအာရုံ ဝင်ရောက်ရာ နားအကြည်ဓာတ် (သောတပသာဒ)

၃။ ဃာနဒွါရ = အနံ့အာရုံဝင်ရောက်ရာ နှာအကြည်ဓာတ် (ဃာနပသာဒ)

http://www.dhammadownload.com



၄။ ဇိဝှာဒွါရ = အရသာအာရုံဝင်ရောက်ရာ လျှာအကြည်ဓာတ် (ဇိဝှာပသာဒ)

၅။ ကာယဒွါရ = အထိအတွေ့ အာရုံဝင်ရောက်ရာ ကိုယ်အကြည် ဓာတ် (ကာယပသာဒ)

၆။ မနောဒွါရ = စိတ်ကူးအာရုံ စသည့်အာရုံ ၆–ပါး ဝင်ရောက်ရာ စိတ်တံခါးပေါက် (ဘဝင်စိတ် ၁၉–ပါး)

မှတ်ချက်။ ။ ကွင်းအတွင်း ဖော်ပြထားသော တရား အထည် ကိုယ်တို့သည် ဒွါရ အသီးသီး၏ တရားကိုယ် (မူရင်းတရား)များ ဖြစ်ကြ၏။

## ဒွါရအသီးသီး၌ဖြစ်သောစိတ်များ

ဒွါရသင်္ဂဟဇယားကိုကြည့်၍ ဒွါရအသီးသီး၌ ဖြစ်နိုင်သောစိတ် များကို ရေတွက်ပါ။

၁။ စက္ခုဒွါရ၌ ဖြစ်နိုင်သောစိတ် ၄၆–ပါး = ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈။

၂။ သောတဒွါရ၌ ဖြစ်နိုင်သောစိတ် ၄၆–ပါး = အထက်ပါအတိုင်း (စက္ခုဝိညာဏ်အစား သောတဝိညာဏ်ယူပါ)

၃။ ဃာနဒွါရ၌ ဖြစ်နိုင်သောစိတ် ၄၆–ပါး = အထက်ပါအတိုင်း (ဃာနဝိညာဏ်လဲယူပါ)

၄။ ဇိဝှာဒွါရ၌ ဖြစ်နိုင်သောစိတ် ၄၆–ပါး = အထက်ပါအတိုင်း (ဇိဝှာ ဝိညာဏ် ပြောင်းယူပါ)

၅။ ကာယဒွါရ၌ဖြစ်နိုင်သောစိတ်၄၆–ပါး=အထက်ပါအတိုင်း(ကာယ ဝိညာဏ်ပြောင်းယူပါ)

http://www.dhammadownload.com



၆။ မနောဒွါရ၌ ဖြစ်နိုင်သောစိတ် ၆၇–ပါး = မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၅၅၊ တဒါရုံ ၁၁။

မှတ်ချက် ။ ။ (၁) ပဉ္စဒွါရ (ဝါ) ရုပ်ဒွါရ ၅–ပါး၌ ဖြစ်နိုင်သော စိတ်အားလုံးကို ရေတွက်သော် ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈ ဟူ၍ ကာမစိတ် ၅၄–ပါးကို ရ၏။

(၂) ရုပ်ဒွါရ ၅–ပါး၌သာ ဖြစ်နိုင်သော စိတ်တို့မှာ ပဉ္စဒွါရာဝဇ္ဇန်း ၁နှင့် သမ္ပဋိစ္ဆိုန်း ၂ ဟူသည့် မနောဓာတ် ၃–ပါးဖြစ်၏။

(၃) ၆–ဒွါရလုံး၌ အမြဲဖြစ်နိုင်သော စိတ်တို့မှာ သောမနဿသန္တီရဏ ၁၊ မနောဒွါရာဝဇ္ဇန်း ၁ နှင့် ကာမဇော ၂၉ ဟူ၍ ၃၁–ပါး ရှိ၏။

(၄) ၆–ဒွါရ၌ ရံခါဖြစ်၍ ရံခါလွတ်သော စိတ်တို့မှာ ဥပေက္ခာသန္တီရဏ ၂ နှင့် မဟာဝိပါက် ၈ ဟူ၍ ၁၀–ပါးရှိ၏။

(၅) ၆–ဒွါရမှ အမြဲလွတ်သောစိတ်တို့မှာ မဟဂ္ဂုတ်ဝိပါက် ၉–ပါး ဖြစ်၏။

(၆) ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက် ၈ နှင့် မဟဂ္ဂုတ်ဝိပါက် ၉ ဟူသော ဘဝင်စိတ် ၁၉–ပါးတို့သည် မနောဒွါရပင် ဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တစ်ခုခုကို ဆောင်ရွက်ကြသည့်အခါ ဒွါရတစ်ခုခု၌ ဖြစ်ပေါ်နေသည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် ၎င်းတို့ကို ဒွါရဝိမုတ်စိတ် (ဒွါရမှ လွတ်သောစိတ်) များဟု ခေါ်၏။

http://www.dhammadownload.com



## အာရမ္မဏသင်္ဂဟ

(အာရုံတို့ကို မူတည်၍ စိတ် စေတသိက်တို့ကို ပေါင်းစုရေတွက်ခြင်း)

၁။ ရူပါရုံ = အဆင်း (ဝဏ္ဏ)

၂။ သဒ္ဒါရုံ = အသံ (သဒ္ဒ)

၃။ ဂန္ဓာရုံ = အနံ့ (ဂန္ဓ)

၄။ ရသာရုံ = အရသာ (ရသ)

၅။ ဖောဋ္ဌဗ္ဗာရုံ = အထိအတွေ့ (ဖောဋ္ဌဗ္ဗ = ပထဝီ၊ တေဇော၊ ဝါယော)

၆။ ဓမ္မာရုံ = ပဉ္စဒွါရ၌ မထင်နိုင်ဘဲ မနောဒွါရ၌သာ ထင်နိုင်သည့် သိမ်မွေ့သော အာရုံ (ပသာဒရုပ် ၅-ပါး၊ သုခုမရုပ် ၁၆-ပါး၊ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော တရား ၆-မျိုး)

**မှတ်ချက်။** ။ ကွင်းအတွင်း ဖော်ပြထားသော တရားများမှာ ဆိုင်ရာ အာရုံ၏ တရားကိုယ်များ ဖြစ်ကြ၏။

## စိတ်တို့ယူနိုင်ကြသောအာရုံများ

၁။ စက္ခုဒွါရ၌ ဖြစ်ကြသောစိတ် (စက္ခုဒွါရိကစိတ်) ၄၆-ပါးတို့သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုကြ၏။

၂။ သောတဒွါရ၌ ဖြစ်ကြသောစိတ် (သောတဒွါရိကစိတ်) ၄၆-ပါး တို့သည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုကြ၏။

http://www.dhammadownload.com



၃။ ဃာနဒွါရ၌ ဖြစ်ကြသောစိတ် (ဃာနဒွါရိကစိတ်) ၄၆–ပါးတို့သည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြုကြ၏။

၄။ ဇိဝှာဒွါရ၌ ဖြစ်ကြသောစိတ် (ဇိဝှာဒွါရိကစိတ်) ၄၆–ပါးတို့သည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုကြ၏။

၅။ ကာယဒွါရ၌ ဖြစ်ကြသောစိတ် (ကာယဒွါရိကစိတ်) ၄၆–ပါးတို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုကြ၏။

၆။ မနောဒွါရ၌ ဖြစ်ကြသောစိတ် (မနောဒွါရိကစိတ်) ၆၇–ပါးတို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော အာရုံ ၆–ပါးလုံးကို အာရုံပြုကြ၏။

## အာရုံအသီးသီးကို ယူနိုင်သည့်စိတ်များ

အာရမ္မဏသင်္ဂဟဇယားကို ကြည့်၍ဆိုပါ။

**၁။ ကာမအာရုံကိုသာယူနိုင်သောစိတ် ၂၅–ပါး**

ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁။

**၂။ မဟဂ္ဂုတ်အာရုံကိုသာယူနိုင်သောစိတ် ၆–ပါး**

ဝိညာဏဉ္စာယတနစိတ် ၃–ပါး၊ နေဝသညာနာသညာယတနစိတ် ၃–ပါး။

**၃။ ပညတ်ကိုသာအာရုံပြုကြသောစိတ် ၂၁–ပါး**

အဘိညာဏ်ဒွေကြဉ်သော ရူပါဝစရစိတ် ၁၅–ပါး၊ အာကာသာနဉ္စာယတနစိတ် ၃–ပါး၊ အာကိဉ္စညာယတနစိတ် ၃–ပါး။

**၄။ နိဗ္ဗာန်ကိုသာအာရုံပြုသောစိတ် ၈–ပါး**

မဂ် ၄–ပါး၊ ဖိုလ် ၄–ပါး။

http://www.dhammadownload.com



**၅။ လောကုတ္တရာအာရုံမှတစ်ပါးအခြားအလုံးစုံသောအာရုံတို့ကိုယူနိုင်ကြသောစိတ် ၂၀–ပါး**

အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာဉာဏဝိပ္ပယုတ် ၄။

**၆။ အရဟတ္တမဂ်ဖိုလ်တို့မှတစ်ပါးအခြားအလုံးစုံသောအာရုံတို့ကိုယူနိုင်ကြသောစိတ် ၅–ပါး**

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်၄၊ ပဉ္စမစျာန်ကုသိုလ်အဘိညာဏ်စိတ် ၁။

**၇။ အကြွင်းမရှိအလုံးစုံသောအာရုံကို ယူနိုင်ကြသောစိတ် ၆–ပါး**

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄၊ ပဉ္စမစျာန် ကြိယာ အဘိညာဏ်စိတ် ၁၊ မနောဒွါရာဝဇ္ဇန်း ၁။

## ဝတ္ထုသင်္ဂဟ

စိတ်စေတသိက်တို့၏ မှီရာရုပ်ကို "ဝတ္ထု"ဟု ခေါ်၏။ စိတ်စေတသိက်တို့သည် ဝတ္ထုရုပ်ကိုမှီ၍သာ ဖြစ်ကြရ၏။ ဝတ္ထု ၆–ပါးနှင့် ၎င်းတို့၏ တရားကိုယ်များမှာ–

| | | | |
|---|---|---|---|
| ၁။ | စက္ခုဝတ္ထု | = | စက္ခုပသာဒ၊ |
| ၂။ | သောတဝတ္ထု | = | သောတပသာဒ၊ |
| ၃။ | ဃာနဝတ္ထု | = | ဃာနပသာဒ၊ |
| ၄။ | ဇိဝှာဝတ္ထု | = | ဇိဝှာပသာဒ၊ |
| ၅။ | ကာယဝတ္ထု | = | ကာယပသာဒ၊ |
| ၆။ | ဟဒယဝတ္ထု | = | နှလုံးအိမ်အတွင်းရှိ နှလုံးသွေး၌တည်သော ဝတ္ထုရုပ်၊ |

http://www.dhammadownload.com



## ဘုံနှင့် ဝတ္ထု

၁။ ကာမ ၁၁–ဘုံ၌ ဝတ္ထု ၆–ပါးလုံးကို ရနိုင်၏။

၂။ ရူပဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထုနှင့် ဟဒယဝတ္ထုတို့ကိုသာ ရနိုင်၏။ ရူပဗြဟ္မာတို့တွင် ကာမဂုဏ်ကို တပ်မက်ခြင်းကင်းသော ဘာဝနာ၏အစွမ်းကြောင့် ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထုတို့မရှိကြကုန်။ ဘုရားဖူးမြင်ရန်နှင့် တရားနာကြားရန် အတွက်မူ စက္ခုဝတ္ထုနှင့် သောတဝတ္ထုတို့ ရှိကြ၏။ ဟဒယဝတ္ထုမှာ မနောဒွါရိကစိတ်များ မှီရန်လိုအပ်၏။

၃။ အရူပဘုံ၌ ဝတ္ထုတစ်ခုမျှ မရှိချေ။ အရူပဗြဟ္မာတို့တွင် ရုပ်၌ တပ်မက်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းကြောင့် ရုပ်မရှိဘဲ နာမ်သာ ရှိကြ၏။ ထိုနာမ်တို့သည် ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်နိုင်ကြ၏။

## ဝိညာဏဓာတ် ၇–ပါး

ဝတ္ထုသင်္ဂဟ၌လာသော ဝိညာဏဓာတ် ၇–ပါး၊ ၎င်းတို့၏ တရားကိုယ်များနှင့် မှီရာဝတ္ထုတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

| | | |
|---|---|---|
| ၁။ စက္ခုဝိညာဏဓာတ် | = | စက္ခုဝိညာဏ်ဒွေ၊ စက္ခုဝတ္ထုကိုမှီ၏။ |
| ၂။ သောတဝိညာဏဓာတ် | = | သောတဝိညာဏ်ဒွေ၊ သောတဝတ္ထုကိုမှီ၏။ |
| ၃။ ဃာနဝိညာဏဓာတ် | = | ဃာနဝိညာဏ်ဒွေ၊ ဃာနဝတ္ထုကို မှီ၏။ |
| ၄။ ဇိဝှာဝိညာဏဓာတ် | = | ဇိဝှာဝိညာဏ်ဒွေ၊ ဇိဝှာဝတ္ထုကို မှီ၏။ |
| ၅။ ကာယဝိညာဏဓာတ် | = | ကာယဝိညာဏ်ဒွေ၊ ကာယဝတ္ထုကို မှီ၏။ |
| ၆။ မနောဓာတ် | = | ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေ၊ ဟဒယ ဝတ္ထုကို မှီ၏။ |

http://www.dhammadownload.com



၇။ မနောဝိညာဏဓာတ် = ဒွေပဉ္စဝိညာဏ် ၁၀ နှင့် မနောဓာတ် ၃–ပါးတို့မှ ကြွင်းသည့်စိတ် ၇၆–ပါး၊ ဟဒယဝတ္ထုကို မှီကြ၏။

## ဝတ္ထုအလိုက် စိတ်များကိုခွဲခြားပုံ

(ဝတ္ထုသင်္ဂဟဇယားကိုကြည့်၍ မှတ်သားလျှင် ပို၍လွယ်ကူပါသည်။)

၁။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထုတည်းဟူသော ပသာဒရုပ်ဝတ္ထု ၅–ပါးကို မှီ၍ဖြစ်ကြသောစိတ် ၁၀–ပါးရှိ၏။ ဒွေပဉ္စဝိညာဏ် ၁၀–ပါးတည်း။

၂။ ဟဒယဝတ္ထုကိုမှီ၍သာ ဖြစ်ကြသော စိတ်၃၃–ပါးရှိ၏။ ဒေါသမူ ၂၊ မနောဓာတ် ၃၊ သန္တီရဏ ၃၊ ဟသိတုပ္ပါဒ် ၁၊ မဟာဝိပါက် ၈၊ ရူပါဝစရစိတ် ၁၅၊ သောတာပတ္တိမဂ် ၁ တို့တည်း။

အထက်ပါ(၁)နှင့်(၂)နှစ်ရပ်ပေါင်း စိတ် ၄၃ပါးတို့သည် ဝတ္ထုရုပ်ကိုမှီ၍သာ ဖြစ်ကြ၏။

၃။ ဝတ္ထုရုပ်ကို မှီ၍လည်းကောင်း၊ မမှီ၍ လည်းကောင်း ဖြစ်ကြသော စိတ် ၄၂–ပါးရှိ၏။ ဒေါသမူကြဉ်သော အကုသိုလ်စိတ် ၁၀၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် အကျဉ်း ၇၊ မနောဒွါရာဝဇ္ဇန်း ၁ တို့တည်း။

ဤစိတ် ၄၂–ပါးတို့သည် ပဉ္စဝေါကာရဘုံ (ခန္ဓာ ငါးပါးရှိသော ကာမဘုံနှင့် ရူပဘုံ)၌ ဖြစ်ခိုက်ဝယ် ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကြ၏။ စတုဝေါကာရဘုံ (ရုပ်မရှိ၊ နာမ်ခန္ဓာ ၄–ပါးသာရှိသော အရူပဘုံ)၌ ဖြစ်သည့်အခါ ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်ကြ၏။

http://www.dhammadownload.com



၄။ အခါခပ်သိမ်း ဝတ္ထုကိုမမှီဘဲ ဖြစ်ကြသော စိတ် ၄-ပါးရှိ၏။ အရူပဝိပါက် ၄-ပါးတို့တည်း။ ဤစိတ်တို့သည် အရူပဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များ ဖြစ်ကြ၏။

✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၄)

## ဝိထိပိုင်း

### ဝိထိ၏အဓိပ္ပါယ်

"ဝိထိ" သဒ္ဒါသည် အစဉ်အတန်းကို ဟော၏။ လူတို့၏ သွားရာခရီးစဉ်သည် ရွာစဉ်ကို မကျော်မူဘဲ တစ်ရွာပြီး တစ်ရွာ အစဉ်အတိုင်း ဖြတ်သွားသကဲ့သို့ ထို့အတူ စိတ်တို့၏ ဖြစ်စဉ်သည် ဖြစ်သင့်သောအစဉ်ကို မကျော်မူဘဲ စိတ်တစ်ခုပြီး တစ်ခု အစဉ်အတိုင်း ဖြစ်ပျက်ရ၏။

ဒွါရ ၆–ပါးတို့၌ ထင်လာသော အာရုံတစ်ခုစီကို သိရှိရန်အတွက် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ စသည်ဖြင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်အတန်းတစ်ခုစီကို ဝိထိဟု ခေါ်၏။

### စိတ်၏အသက်

စိတ်တစ်ခု၏ အသက်လည်း ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟူ၍ ခဏငယ် သုံးချက်ရှိ၏။ စိတ်ဖြစ်ဆဲအခိုက်ကို ဥပါဒ်ခဏ၊ စိတ်တည်ဆဲအခိုက်ကို ဌီခဏ၊ စိတ်ပျက်ဆဲအခိုက်ကို ဘင်ခဏဟု ခေါ်၏။ ဤခဏငယ် ၃–ချက်ကို စိတ္တက္ခဏ ၁–ချက်ဟု ခေါ်၏။

http://www.dhammadownload.com



လက်ဖျစ် ၁ တွက်၊ မျက်စိ ၁ မှိတ်ကာလ၌ စိတ္တက္ခဏ ကုဋေ ၁–သိန်းကျော်ရှိ၏။ ထို့ကြောင့် စိတ် ၁–ခု၏ အသက်သည် ၁ စက္ကန့်၏ ကုဋေ ၁–သိန်းပုံ ၁–ပုံခန့်သာရှိ၏။

## ရုပ်၏အသက်

ရုပ်ကလာပ် ၁–ခု၏ အသက်သည် စိတ်အသက်၏ ၁၇–ဆ (ဝါ) စိတ္တက္ခဏ ၁၇–ချက်နှင့် ညီမျှ၏။ ခဏငယ်အားဖြင့် ရေတွက်သော် ခဏငယ် ၁၇ x ၃ = ၅၁ ချက်ရှိ၏။

ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏတို့သည် ခဏငယ် ၁ ချက်စီသာကြာ၏။ ရုပ်၏ဌီအခိုက်မှာ ခဏငယ် ၄၉–ချက် ကြာ၏။

လက်ဖျစ် ၁ တွက်၊ မျက်စိ ၁ မှိတ် ကာလ၌ ရုပ်ကလာပ်ပေါင်း ကုဋေ၅၈၀၀ ကျော် ရှေ့ဆင့်နောက်ဆင့်ဖြစ်ပျက်သွားကြ၏။ ထို့ကြောင့် ရုပ်ကလာပ် ၁–ခု၏ အသက်သည် ၁–စက္ကန့်၏ ကုဋေ ၅၈၀၀–ပုံ ၁–ပုံခန့်သာ ရှိ၏။

## ဝိညာဏဆက္က

ဝိထိပိုင်း၌လာသော ဝိညာဏ် ၆–ပါးမှာ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် တို့ ဖြစ်ကြ၏။

## ဝိထိဆက္က

ဝိထိ ၆–ပါးကို ဒွါရ၏ အစွမ်းဖြင့်လည်းကောင်း၊ ဝိညာဏ်၏ အစွမ်းဖြင့် လည်းကောင်း၊ ၂–မျိုးစီ အောက်ပါအတိုင်း ခေါ်ဆိုနိုင်၏။

၁။ စက္ခုဒွါရဝိထိ (ဝါ) စက္ခုဝိညာဏဝိထိ = စက္ခုဒွါရ၌ ထင်လာသော ရူပါရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်။

၂။ သောတဒွါရဝိထိ (ဝါ) သောတဝိညာဏဝိထိ = သောတဒွါရ၌

http://www.dhammadownload.com



ထင်လာသော သဒ္ဒါရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်။

၃။ ဃာနဒွါရဝီထိ (ဝါ) ဃာနဝိညာဏဝီထိ = ဃာနဒွါရ၌ ထင်လာသော ဂန္ဓာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်။

၄။ ဇိဝှာဒွါရဝီထိ (ဝါ) ဇိဝှာဝိညာဏဝီထိ = ဇိဝှာဒွါရ၌ ထင်လာသော ရသာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်။

၅။ ကာယဒွါရဝီထိ (ဝါ) ကာယဝိညာဏဝီထိ = ကာယဒွါရ၌ ထင်လာသော ဖောဋ္ဌဗ္ဗာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်။

၆။ မနောဒွါရဝီထိ (ဝါ) မနောဝိညာဏဝီထိ = မနောဒွါရ၌ ထင်လာသော ပဏ္ဏာရုံ/ ဓမ္မာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်။

## စက္ခုဒွါရဝီထိဖြစ်ရန် အကြောင်း ၄–ပါး

၁။ မျက်စိပသာဒ ကောင်းမွန်ရမည်။
၂။ ရူပါရုံဟူသည့် မြင်နိုင်သောအဆင်းရှိရမည်။
၃။ အာလောကဟူသော အလင်းရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှုရှိရမည်။

(စက္ခာ, လောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖို့)

## သောတဒွါရဝီထိဖြစ်ရန် အကြောင်း ၄–ပါး

၁။ သောတပသာဒ ကောင်းမွန်ရမည်။
၂။ သဒ္ဒါရုံဟူသည့် ကြားနိုင်သော အသံရှိရမည်။
၃။ အာကာသဓာတ်ဟူသည့် လေဖြတ်သန်းသွားလာနိုင်သော ဟင်းလင်းနယ် ရှိရမည်။

http://www.dhammadownload.com



၄။ မနသိကာရဟူသည့် နှလုံးသွင်းမှု ရှိရမည်။

(သောတာ, ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီသောတဖို့)

## ဃာနဒွါရဝီထိဖြစ်ရန် အကြောင်း ၄–ပါး

၁။ ဃာနပသာဒ ကောင်းမွန်ရမည်။
၂။ ဂန္ဓာရုံဟူသည့် အနံ့ရှိရမည်။
၃။ ဝါတဟူသည့် အနံ့ကို ဆောင်သောလေရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှု ရှိရမည်။

(ဃာန, ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ လေးလီဃာနဖို့)

## ဇိဝှာဒွါရဝီထိဖြစ်ရန် အကြောင်း ၄–ပါး

၁။ ဇိဝှာပသာဒ ကောင်းမွန်ရမည်။
၂။ ရသာရုံဟူသည့် အရသာရှိရမည်။
၃။ အာပဟူသည့် လျှာရည် ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။

(ဇိဝှာ, အာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီဇိဝှာဖို့)

## ကာယဒွါရဝီထိဖြစ်ရန် အကြောင်း ၄–ပါး

၁။ ကာယပသာဒ ကောင်းမွန်ရမည်။
၂။ ဖောဋ္ဌဗ္ဗာရုံဟူသည့် အထိအတွေ့ ရှိရမည်။
၃။ ထဒ္ဓပထဝီဟူသည့် ခက်မာသော ပထဝီရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။

(ကာယ, ထဒ္ဓ၊ ဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီကာယဖို့)

## မနောဒွါရဝီထိဖြစ်ရန် အကြောင်း ၄–ပါး

၁။ မနောဒွါရဟုခေါ်သော ဘဝင်စိတ် ရှိရမည်။

http://www.dhammadownload.com



၂။ ပဋ္ဌာရုံ သို့မဟုတ် ဓမ္မာရုံဟူသည့် အာရုံတစ်ခုခု ရှိရမည်။
၃။ ဟဒယဝတ္ထုဟူသည့် စိတ်မှီရာဝတ္ထုရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။

(မနော, ဟဒယ၊ ဓမ္မထင်ပြီ၊ မနသိ၊ လေးလီမနဖို့)

**မှတ်ချက်။** ။ဝီထိစိတ်(ဝါ) အသိစိတ်တစ်မျိုးဖြစ်ပေါ်ရန် အကြောင်း ၄-ချက်စီ ဖေါ်ပြထားရာ၌ ပထမ ၃-ချက်စီသည် သိပ္ပံလိုအပ် ချက်နှင့် ကိုက်ညီ၏။ စတုတ္ထအချက်မှာ သိပ္ပံတွင် မပါသော အဘိဓမ္မာ၏ ထူးခြားချက် ဖြစ်၏။

"သတိမမူလျှင် ဂူမမြင်" ဟူသော စကားအတိုင်း နှလုံး သွင်းမှုမရှိလျှင် မမြင်နိုင်ကြောင်း ထင်ရှားသည်။ နို့စို့ကလေး ငယ်ကို ချော့သိပ်ရင်း အိပ်မောကျနေသော မိခင်သည် မိုးကြိုး ပြင်းထန်စွာ ခြိမ်းသည့်အခါမနိုးဘဲ ကလေးငယ်က အင့်အင့်ဟု တိုးတိုးငိုလျှင်ပင် နိုးခြင်းကို ထောက်ရှု၍ မနသိကာရ၏ အရေး ပါပုံကို သိမြင်နိုင်၏။

## ဝိသယပ္ပဝတ္တိဆက္က

ဒွါရတို့၌ အာရုံထင်ခြင်းကို ဝိသယပ္ပဝတ္တိဟု ခေါ်၏။ အာရုံထင် ပုံ ၆-မျိုး ရှိ၏။

(က) ပဉ္စဒွါရ၌ အာရုံထင်ပုံ ၄-မျိုး ရှိ၏။

၁။ အတိမဟန္တာရုံ = ထင်ရှားအားကြီးသော အာရုံ ၅-ပါး၊ ဉပါဒ်ပြီး နောက် စိတ္တက္ခဏ ၁-ချက်အလွန်တွင် ဒွါရ၌ ထင်လာ၏။ အလွန်များသော ဝီထိစိတ္တုပ္ပါဒ် အရေအတွက်ရှိ၏။

၂။ မဟန္တာရုံ = သင့်ရုံ ထင်ရှားအားကြီးသော အာရုံ ၅-ပါး။ ဉပါဒ်ပြီးနောက် စိတ္တက္ခဏ ၂-ချက် သို့မဟုတ်

http://www.dhammadownload.com



၃–ချက်အလွန်တွင် ဒွါရ၌ ထင်လာ၏။ များသော ဝီထိစိတ္တုပ္ပါဒ် အရေအတွက် ရှိ၏။

၃။ ပရိတ္တာရုံ = မထင်ရှား မသိသာသည့် အားနည်းသော အာရုံ၅–ပါး။ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၄–ချက်မှ ၉–ချက် အလွန်တွင် ဒွါရ၌ ထင်လာ၏။ နည်းသော ဝီထိစိတ္တုပ္ပါဒ် အရေအတွက် ရှိ၏။

၄။ အတိပရိတ္တာရုံ = အလွန်တရာ မထင်ရှား မသိသာသည့် အားနည်းလှသော အာရုံ၅–ပါး။ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁၀–ချက်မှ ၁၅–ချက် အလွန်တွင် ဒွါရ၌ ထင်လာ၏။ အလွန်နည်းသော ဝီထိစိတ္တုပ္ပါဒ် အရေအတွက် ရှိ၏။

(ခ) မနောဒွါရ၌ အာရုံထင်ပုံ ၂–မျိုးရှိ၏။

၅။ ဝိဘူတာရုံ = ထင်ထင် ရှားရှားဖြစ်သော အာရုံ။
၆။ အဝိဘူတာရုံ = မထင်မရှား ဖြစ်သော အာရုံ။

## ဝီထိစိတ်များနှင့် ဝီထိမုတ်စိတ်များ

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော စိတ် ၁၉–ပါးတို့သည် ဤဖော်ပြပါကိစ္စ၃–မျိုးကို ဆောင်ရွက်နေကြသည့်အခါ ဝီထိစိတ်အစဉ်များတွင် မပါဝင်ကြချေ။ ထို့ကြောင့် ၎င်းတို့ကို ဝီထိမုတ်စိတ်များဟု ခေါ်ဆိုအပ်၏။ (၎င်းတို့သည် ဒွါရဝိမုတ်စိတ်များလည်း ဖြစ်ကြကြောင်းကို ပကိဏ်းပိုင်း၌ ဆိုခဲ့ပြီ။)

အဆိုပါစိတ် ၁၉–ပါးအနက် ဥပေက္ခာသန္တီရဏစိတ် ၂–ပါးသည် ဝီထိစိတ်အစဉ်၏ သန္တီရဏကိစ္စ၌ လည်းကောင်း၊ မဟာဝိပါက်စိတ် ၈–ပါးသည် တဒါရုံကိစ္စ၌ လည်းကောင်း ပါဝင်ကြ၏။ ကြွင်းသည့် မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါးတို့သာလျှင် အစဉ်အမြဲ ဝီထိမုတ်စိတ်များ ဖြစ်ကြ၏။

http://www.dhammadownload.com



တို့ကြောင့် ဝီထိစိတ်များသည် မဟာကုသိုလ်ဝိပါက် ၈–ပါး ကြဉ်သည့် စိတ်အကျဉ်း ၈၀–တို့ ဖြစ်ကြ၏။

## ဝိသယပ္ပဝတ္တိ ၉–ပါး

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် လွန်ခဲ့သော အခြားမဲ့ ဘဝဟောင်း၌ စုတေခါနီးချိန်တွင် မရဏာသန္နဇောယူခဲ့သည့် ကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ကို အာရုံပြု၏။

ဤပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့၌ နိမိတ် ၃–ပါးတို့၏ အာရုံထင်ခြင်းကို ဝိသယပ္ပဝတ္တိ ၃–ပါးဟု မှတ်ယူနိုင်၏။ ဤဝိသယပ္ပဝတ္တိ ၃–ပါးနှင့် အထက်၌ ဖော်ပြခဲ့ပြီးသော ဝိသယပ္ပဝတ္တိ ၆–ပါးတို့ကို ပေါင်းလျှင် ဝိသယပ္ပဝတ္တိ ၉–ပါးဖြစ်၏။

## ဘဝင်စိတ် ၃–မျိုး

သတ္တဝါတို့၏ ဘဝတစ်ခုသည် ပဋိသန္ဓေစိတ်ဖြင့် စတင်၏။ ပဋိသန္ဓေစိတ် ချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက် ဘဝင်စိတ်အစဉ်သည် တစ်လုံးပြီး တစ်လုံး အဆက်မပြတ် ဖြစ်ပျက်သွား၏။ သေဆုံးသည့်အခါ နောက်ဆုံးဖြစ်သည့် ဘဝင်စိတ်ကို စုတိစိတ်ဟု ခေါ်သည်။

ဘဝတစ်ခု၌ ဖြစ်ကြသော ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် အမျိုးဇာတ်တူ ယှဉ်ဖက်စေတသိက်တူ အာရုံတူကြသော စိတ်များ ဖြစ်ကြ၏။

ဥပမာ လူတစ်ယောက်သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေတည်လျှင် ဘဝင်စိတ်နှင့် စုတိစိတ်တို့သည်လည်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာဝိပါက်စိတ်ပင် ဖြစ်ကြရ၏။ ပဋိသန္ဓေစိတ်က ဂတိနိမိတ်ကို အာရုံပြုလျှင် ဘဝင်စိတ်နှင့် စုတိစိတ်တို့ကလည်း ထိုဂတိနိမိတ်ကိုပင် အာရုံပြုကြ၏။

http://www.dhammadownload.com



ဘဝင်စိတ်အစဉ် ဖြစ်နေသည့်အခါ၌ ကျွန်ုပ်တို့ ဘာကိုမျှ ထူးထူးထွေထွေ မသိကြရပါ။ ဘဝင်စိတ်တို့၏ အကြားအကြား၌ ဒွါရတစ်ခုခုတွင် ပြင်ပအာရုံ ထင်လာသောအခါ ထိုအာရုံသစ်ကြောင့် ဘဝင်စိတ်တို့သည် ယူနေကျ အာရုံကိုလည်း စွဲမြဲစွာ မယူနိုင်၊ လွှတ်လည်း မလွှတ်နိုင်သဖြင့် ပင်ကိုယ်သဘောမှ ဖောက်ပြား၍ ၂-ကြိမ် တုန်လှုပ်ချောက်ချားသွားကြ၏။ ထိုတုန်လှုပ်ချောက်ချားသွားသော ဘဝင် ၂-ကြိမ်ကို "ဘဝင်္ဂစလန" (လှုပ်သွားသော ဘဝင်)ဟု ခေါ်၏။

ဒုတိယ ဘဝင်္ဂစလန ဖြစ်ပျက်ပြီးသည့်အခါ ဘဝင်စိတ်အစဉ် ပြတ်ပြီး ဝီထိစိတ်အစဉ် တစ်ခုဖြစ်၏။ သို့အတွက် ထိုဒုတိယဘဝင်္ဂစလနကို ဘဝင်္ဂုပစ္ဆေဒ (ပြတ်စဲသော ဘဝင်)ဟု နောက်ဆရာတို့ အမည်ပေးကြ၏။

ဒွါရနှင့်အာရုံ ထိတိုက်ပြီးနောက် ဘဝင်္ဂစလန မတိုင်မီ လွန်မြောက်သွားသော ဘဝင်စိတ်တို့ကို အတီတဘဝင် (လွန်လေပြီးသော ဘဝင်)ဟု ခေါ်၏။

(အတီ, စလေ၊ ဥပစ္ဆေ၊ သုံးထွေ ဘဝင်္ဂ)

## စက္ခုဒွါရဝီထိ ၁၅-ပါး

စက္ခုဒွါရ၌ (၁) အတိမဟန္တာရုံထင်လာသောအခါ တဒါလမ္ဗဏဝါရ ၁-ဝီထိ၊

(၂) မဟန္တာရုံထင်လာသောအခါ ဇဝနဝါရ ၂-ဝီထိ၊

(၃) ပရိတ္တာရုံ ထင်လာသောအခါ ဝေါဋ္ဌဗ္ဗနဝါရ ၆-ဝီထိ၊

(၄) အတိပရိတ္တာရုံ ထင်လာသောအခါ မောဃဝါရ ၆-ဝီထိ၊

စုစုပေါင်း ၁၅-ဝီထိ ဖြစ်၏။

http://www.dhammadownload.com



## (၁) အတိမဟန္တာရုံ ၁–ဝိထိဖြစ်ပုံ

"တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ–" ဘွင်–

### ဆိုရိုး

စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် ၁–ချက် အလွန်တွင် စက္ခုပသာဒ၌အာရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့သည် ၁၇–ချက်ရပ်သက်စေ့ကြသောကြောင့် ဒုတိယတဒါရုံ၏ ဘင်နှင့် ပြိုင်၍ ချုပ်ကြ၏။ ထို့နောက် ဘဝင်စိတ်အစဉ်ဖြစ်၏။

### ရှင်းချက်

အတိမဟန္တာရုံဟုခေါ်သော အလွန်ထင်ရှား အားကြီးသည့် အာရုံသည် စက္ခုပသာဒကို ထိတိုက်လာသောအခါ တိုက်လျှင်တိုက်ချင်း အာရုံ မထင်သေးပါ။ အလွန်အားကြီးသည့် အာရုံဖြစ်လင့်ကစား အတီတဘဝင်ဟုခေါ်သော ဘဝင်စိတ် ၁–ချက်လွန်ပြီးမှ အာရုံထင်၏။ ထိုအာရုံ သစ် ထင်မှုကြောင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင်စိတ် နှစ်ကြိမ် လှုပ်ပြီးပြတ်၏။ ထိုအခါ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်အာရုံသစ်ကို နှလုံးသွင်း ဆင်ခြင်၏။ ထိုသို့ နှလုံးသွင်းမှုကြောင့် စက္ခုဝိညာဏ်စိတ်က အာရုံကို မြင်၏။ မြင်သည်ဆိုသော်လည်း စိတ် ၁–ချက်မျှ အလွန်လျှင်မြန်စွာ အာရုံကိုမြင်လိုက်ကာမျှသာ ရှိသေး၏။ အာရုံကို သဲသဲကွဲကွဲ မသိသေး။ သို့ဖြစ်၍သမ္ပဋိစ္ဆိုန်းစိတ်က စက္ခုဝိညာဏ်စိတ်၏ အာရုံကို လက်ခံယူ၏။ သန္တီရဏစိတ်က ထိုအာရုံကို စူးစမ်း၏။ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း စိတ်က ထိုအာရုံ ကောင်း မကောင်းကို ဆုံးဖြတ်၏။ ထို့နောက် ဇောစိတ် တို့သည် ထိုအာရုံ၏ အရသာကိုခံစားလျက် ၇–ကြိမ်တိုင်တိုင် အရှိန်

http://www.dhammadownload.com



အဟုန်ဖြင့် ဖြစ်၏။ ထို့နောက် တဒါရုံစိတ်တို့သည် ဇောနောက်သို့ လိုက်၍ ဇောယူသည့် အာရုံကိုပင်ယူ၍ ၂–ကြိမ်ဖြစ်၏။ ထိုဒုတိယတဒါရုံစိတ် ချုပ်ငြိမ်းသည့် ဘင်အခိုက်၌ ရူပါရုံနှင့်စက္ခုပသာဒတို့သည်၄င်းတို့စတင် ဥပါဒ်ခဲ့ကြသော အတီတဘဝင်ဥပါဒ်ချိန်မှ ရေတွက်လျှင်စိတ္တက္ခဏ ၁၇– ချက်စိ စေ့မြောက်သွားကြလေပြီ။ ထို့ကြောင့် ၄င်းရူပါရုံနှင့် စက္ခုပသာဒ ရုပ်တို့သည် ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ငြိမ်းကြ၏။

တဒါရုံနှင့် အဆုံးသတ်သော ဝီထိစိတ်အစဉ်ကိုတဒါလမ္ဗဏဝါရ ဟု ခေါ်၏။ "ဝါရ" သဒ္ဒါ၏အဓိပ္ပာယ်မှာ "အလှည့်အကြိမ်" ဖြစ်၏။

## (၂) မဟန္တာရုံ ၂–ဝီထိဖြစ်ပုံ

"တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ– ဘွင်"–

"တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–" ဘွင်–

## ဆိုရိုး

ပထမမဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်မှစ၍အတီတဘဝင်၂–ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇– ကြိမ်၊ ဘဝင် ၁–ကြိမ်ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့သည် ၁၇– ချက် ရုပ်သက်စေ့ကြသောကြောင့်ပထမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ထို့နောက် ဘဝင်အစဉ်ဖြစ်၏။

ဒုတိယမဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်မှစ၍ အတီတဘဝင် ၃–ချက်အလွန်တွင် စက္ခုပသာဒ၌ ... ... ... ဇော ၇–ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့

http://www.dhammadownload.com



သည် ၁၇–ချက် ရုပ်သက်စေ့ကြသောကြောင့် သတ္တမဇောဏ် ဘင်နှင့် ပြိုင်၍ ချုပ်ကြ၏။ ထို့နောက် ဘဝင်အစဉ်ဖြစ်၏။

## ရှင်းချက်

မဟန္တာရုံသည် အတိမဟန္တာရုံလောက် အားမကောင်းသဖြင့် စက္ခုပသာဒနှင့် ထိတိုက်ပြီးနောက် (စဉ်ပါဒ်ပြီးနောက်) အတီတဘဝင် ၂–ချက် သို့မဟုတ် ၃–ချက်လွန်မှ အာရုံထင်လာ၏။ အတီတဘဝင် ၂–ချက်လွန်ပြီး အာရုံထင်လောက်အောင် အာရုံအားကြီးလျှင် ပထမ မဟန္တာရုံ ဝီထိဖြစ်၏။ အတီတဘဝင် ၃–ချက်လွန်ပြီးမှ အာရုံထင်လာလျှင် ဒုတိယ မဟန္တာရုံဝီထိဖြစ်၏။

ဤမဟန္တာရုံ ၂–ဝီထိ၌ တဒါရုံ ၂–ကြိမ်ကျလောက်အောင် ရူပါရုံနှင့် စက္ခုပသာဒတို့ သက်တမ်းမရှည်ကြသဖြင့် တဒါရုံမဖြစ်တော့ချေ။ (တဒါရုံသည် ၁–ကြိမ်တည်း ဖြစ်ရိုးမရှိ)။ ထို့ကြောင့် ပထမမဟန္တာရုံ ဝီထိတွင် ဇောစောပြီးနောက် တဒါရုံမဖြစ်နိုင်ဘဲ ပထမဘဝင်ဖြစ်ရ၏။ ထိုဘဝင်၏ ဘင်နှင့်ပြိုင်၍ ရူပါရုံနှင့် စက္ခုပသာဒတို့ ချုပ်ကြ၏။ ဒုတိယ မဟန္တာရုံဝီထိတွင် သတ္တမဇောစောပြီးသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒ တို့ ရုပ်သက် ၁၇–ချက် စေ့မြောက်ကြသဖြင့် ထိုသတ္တမဇော၏ဘင်နှင့် ပြိုင်၍ ချုပ်ကြ၏။

ဝီထိစိတ်များကို ရေတွက်သည့်အခါ ဘဝင်စိတ်များဖြစ်သည့် အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒနှင့်ဇောနောင်ဘဝင်တို့ကို ချန်လှပ်၍ ပဉ္စဒွါရာဝဇ္ဇန်းမှ သတ္တမဇောအထိသာ ရေတွက်ရ၏။ သို့ဖြစ်၍ မဟန္တာရုံ ၂–ဝီထိသည် ဇောနှင့်အဆုံးသတ်ကြသော ဇဝနဝါရများ ဖြစ်ကြ၏။

## (၃) ပရိတ္တာရုံ ၆–ဝီထိဖြစ်ပုံ

"တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်–ဘွင်–ဘွင်–ဘွင်"–

http://www.dhammadownload.com



"တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်–ဘွင်–ဘွင်"–

"တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်–ဘွင်"–

"တိ–တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်"–

"တိ–တိ–တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု"–

"တိ–တိ–တိ–တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု"–

## ဆိုရိုး

ပထမပရိတ္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့်စက္ခုပသာဒတို့ ရေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် ၄–ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော ၃–ကြိမ်၊ ဘဝင် ၄–ကြိမ်ဖြစ်ပြီးလျှင် ရူပါရုံနှင့်စက္ခုပသာဒတို့သည် ၁၇–ချက် ရုပ်သက်စေ့ကြသောကြောင့် စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ထို့နောက် ဘဝင်အစဉ်ဖြစ်၏။

ဝီထိပုံကိုကြည့်၍ကျန်ဝီထိ ၅–ခုတို့၏ ဆိုရိုးများကို ဆိုနိုင်ပါပြီ။

## ရှင်းချက်

ပရိတ္တာရုံသည် အားနည်းသောကြောင့် စက္ခုပသာဒနှင့်ပြိုင်၍ ဥပါဒ်ပြီးနောက် အတီတဘဝင် ၄–ချက်မှ ၉–ချက်အထိ ကျော်လွန်သည့်

http://www.dhammadownload.com



အခါမှ အာရုံထင်လာ၏။ အာရုံယင်လာသည့်အခါမှ ဘဝင် ၂-ကြိမ်လှုပ်၍ ပြတ်ရသဖြင့် ဇော ၇-ကြိမ်စောရန် အာရုံနှင့် စက္ခုပသာဒတို့ သက်တမ်းမရှည်ကြတော့ချေ။ သာမန်အခြေ၌ ဇောတို့သည် ၇-ကြိမ်မစောရလျှင် မဖြစ်နိုင်ကြသဖြင့် ဇောအစား ဝုဋ္ဌောက ၃-ကြိမ်ဖြစ်ပြီးလျှင် ဘဝင်စိတ်များ ဖြစ်ပေါ်ရ၏။ ဝုဋ္ဌော ၃-ကြိမ်မဖြစ်လောက်သည့်အခါ ၂-ကြိမ်ဖြစ်၏။ ထို့ထက် လျော့၍ကား ဇောကိစ္စကို မဆောင်ရွက်နိုင်ချေ။

ပရိတ္တာရုံဝီထိ ၆-ပါးတို့သည် ဝုဋ္ဌောနှင့် အဆုံးသတ်ကြသောကြောင့် ဝုဋ္ဌောဝါရများ ဖြစ်ကြ၏။ ဤဝီထိများ၌ ဇောမပါသည့်အတွက် အာရုံ၏ အဆိုးအကောင်းအရသာကို ခံစားမှုမရှိချေ။ အာရုံကို သိလိုက်သလို ထင်ရကာမျှသာရှိ၏။ ပသာဒရုပ် အားနည်းသော မွေးစကလေးငယ်များ၌ဖြစ်သော ဝီထိများသည် ဤဝီထိမျိုးဖြစ်ကြ၏။

## (၄) အတိပရိတ္တာရုံ ၆-ဝီထိဖြစ်ပုံ

"တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘွင်-ဘွင်-ဘွင်-ဘွင်-ဘွင်"-

"တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘွင်-ဘွင်-ဘွင်-ဘွင်"-

"တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘွင်-ဘွင်-ဘွင်"-

"တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘွင်-ဘွင်"-

"တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘွင်"-

"တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န"-

http://www.dhammadownload.com



## ဆိုရိုး

ပထမအတိပရိတ္တာရုံ ဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် ၁၀–ချက်အလွန်တွင် ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်္ဂစလန ၂–ကြိမ်ဖြစ်ပြီး ဝီထိစိတ်မဖြစ်ဘဲ ဘဝင်စိတ် ဆက်၍ဖြစ်၏။ ပဌမဘဝင်အကျဉ်၌ ရူပါရုံနှင့် စက္ခုပသာဒတို့သည် ၁၇–ချက် ရပ်သက်စေ့ကြသောကြောင့် ဒုတိယ ဘဝင်္ဂစလနနောင် ပဌမဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။

ဝီထိပုံကိုကြည့်၍ကျန်ဝီထိ ၅–ခုတို့၏ ဆိုရိုးများကို ဆိုနိုင်ပါပြီ။

**မှတ်ချက်။** ။ အတိပရိတ္တာရုံသည် အလွန်တရာ အားနည်းသည့်အတွက် ဝီထိစိတ်ကို မဖြစ်စေနိုင်ပါ။ ဘဝင်စိတ် ၂–ကြိမ်လှုပ်ရုံမျှသာ တတ်နိုင်၏။ ထို့ကြောင့် အာရုံကိုလုံးဝမမြင်သိပါ။ ဝီထိစိတ်မှ ယုတ်လျော့သောကြောင့် မောဃဝါရဟု ခေါ်၏။

## ပဥ္စဒွါရဝီထိ ၇၅–ပါး

စက္ခုဒွါရ၌ ဝီထိ ၁၅–ပါးဖြစ်နိုင်သကဲ့သို့ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရနှင့် ကာယဒွါရတို့၌လည်း ဝီထိ ၁၅–ပါးစီဖြစ်နိုင်ကြ၏။ ထို့ကြောင့် ၅–ဒွါရအတွက် ဝီထိပေါင်း ၁၅ x ၅ = ၇၅–ပါး ဖြစ်၏။

သောတဒွါရအတွက် ဝီထိပုံချရေးသည့်အခါ စက္ခုဝိညာဏ် (စ) နေရာ၌ သောတဝိညာဏ် (သော)ဟု ရေးရမည်။ ဆိုရိုး၌လည်း "ရူပါရုံ" နေရာ၌ "သဒ္ဒါရုံ"ဟုဆိုပြီး "စက္ခုပသာဒ" နေရာ၌ "သောတပသာဒ"ဟု ဆိုရမည်။ ကျန် ၃–ဒွါရအတွက်လည်း အလားတူ ပြောင်းလဲမှုများကို ပြုလုပ်ပေးရမည်။

http://www.dhammadownload.com



## သရက်သီးကြွေသည့် ဥပမာ

အတိမဟန္တာရုံဝီထိကို သရက်သီးကြွေသည့် ဥပမာနှင့် နှိုင်းယှဉ်နိုင်၏။ လူတစ်ယောက်သည် သရက်ပင်ရင်း၌ အိပ်ပျော်နေသည် ဆိုပါစို့။ ဤသို့ အိပ်ပျော်နေခြင်းသည် ဘဝင်စိတ်အစဉ် ငြိမ်သက်စွာ ဖြစ်ပေါ်နေသည်နှင့် တူ၏။ ထို့နောက် သရက်သီးမှည့်တစ်လုံးသည် ထိုလူ၏ အနီး၌ ကြွေကျလာ၏။ ဤသို့ သရက်သီး ကြွေကျခြင်းသည် ပြင်ပအာရုံက ပသာဒရုပ်နှင့် ထိတိုက်လာသည်နှင့်တူ၏။ သရက်သီးကြွေကျသံကြောင့် ထိုလူသည် ထရန် လှုပ်ရှားလာ၏။ ဤကား ဘဝင်စိတ် ၂-ကြိမ် လှုပ်၍ပြတ်သည်နှင့်တူ၏။ ထိုလူသည် ဦးခေါင်းထောင်၍ဆင်ခြင် စူးစမ်း၏။ ဤကား ပဉ္စဒွါရာဝဇ္ဇန်းစိတ်က အာရုံကို နှလုံးသွင်းသည်နှင့် တူ၏။ သရက်သီးကို မြင်၏။ ဤကား ပဉ္စဝိညာဏ်စိတ် ဖြစ်သည်နှင့် တူ၏။ သရက်သီးကို ကောက်ယူလိုက်၏။ ဤကား သမ္ပဋိစ္ဆိုန်းစိတ်က အာရုံကို လက်ခံ ယူသည်နှင့် တူ၏။ သရက်သီးကို အနီးကပ် ကြည့်ရှုနမ်းရှုပ်၏။ ဤကား သန္တီရဏစိတ်က အာရုံကို စုံစမ်းသည်နှင့် တူ၏။ သရက်သီးဝင်းမှည့်နေပြီး စား၍ရမှန်းသိ၏။ ဤကား ဝုဋ္ဌောစိတ်က အာရုံကို ကောင်းမကောင်း ဆုံးဖြတ်ခြင်းနှင့် တူ၏။ သရက်သီးကို အားရပါးရ (၇)ကြိမ် ကိုက်စား၏။ ဤကား အာရုံ၏အရသာကို ဇော ၇-ကြိမ်ဖြင့် ခံစားသည်နှင့် တူ၏။ ခံတွင်း၌ ကြွင်းကျန်နေသေးသည့် သရက်သီးအနည်အဖတ်ကို ချဲခမ်းတံတွေးနှင့်တကွ မျိုချ၏။ ဤကား တဒါရုံ ၂-ကြိမ်ဖြင့် အာရုံကို ဆက်ခံစားသည်နှင့်တူ၏။ ထိုလူသည် စားသောက်ပြီးနောက် ပြန် လဲလျောင်း၍ အိပ်ပျော်သွား၏။ ဤကား ဘဝင်စိတ်အစဉ် ဆက်ဖြစ်သည်နှင့်တူ၏။

(အတိမဟန္တာရုံ ဝီထိသရုပ်ဖော်ပုံနှင့် နှိုင်းယှဉ်ကြည့်ပါ။)

## ပဉ္စဒွါရ ဝီထိစိတ် ၅၄-ပါး

ပဉ္စဒွါရ၌ ထိုက်သည့်အားလျော်စွာ ဖြစ်ကြသော ဝီထိစိတ်တို့ကို

http://www.dhammadownload.com



အမျိုးအစားအားဖြင့် ရေတွက်လျှင် "ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ" ဟူ၍ ၇–မျိုးရ၏။

စိတ္တုပ္ပါဒ်အရေအတွက် (စိတ်လုံးရေ)အားဖြင့် ရေတွက်လျှင် "အတိမဟန္တာရုံဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပဉ္စဝိညာဏ် ၁၊ သမ္ပဋိစ္ဆိုန်း ၁၊ သန္တီရဏ ၁၊ ဝုဋ္ဌော ၁၊ ဇော ၇၊ တဒါရုံ ၂ "ဟူ၍ ၁၄–လုံးရှိ၏။

ပါဝင်နိုင်သော ဝီထိစိတ်များကို ရေတွက်လျှင် "ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈ "ဟူ၍ စုစုပေါင်း ကာမစိတ် ၅၄–ပါးကိုရ၏။

**မှတ်ချက်။** ။ စက္ခုဒွါရ ဝီထိစိတ်ပေါင်းသည် စက္ခုဒွါရ၌ ဖြစ်နိုင်သောစိတ် ၄၆–ပါးပင် ဖြစ်၏။ ကျန်ရုပ်ဒွါရဝီထိစိတ်များသည်လည်း အလားတူပင် ၄၆–ပါးစီ ရှိကြ၏။

## ဝီထိစိတ်တို့၏ အာရုံနှင့် မှီရာဝတ္ထု

ပဉ္စဒွါရ ဝီထိစိတ်တို့သည် ပထမ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ပဉ္စာရုံကို အာရုံပြုကြ၏။ ပဉ္စဝိညာဏ်စိတ်တို့သည် ပဉ္စဝတ္ထုကို အသီးသီးမှီကြ၏။ ဆိုလိုသည်မှာ စက္ခုဝိညာဏ်စိတ်သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပြီး စက္ခုဝတ္ထုကို မှီ၏ ဟူသည်ဖြင့် သိပါ။

ပဉ္စဝိညာဏ် ၁၀ မှအပ ကြွင်းသည့်ပဉ္စဒွါရဝီထိစိတ် ၄၄–ပါးတို့သည် ဟဒယဝတ္ထုကို မှီကြ၏။

ပဉ္စဝိညာဏ်စိတ်တို့သည် အာရုံနှင့်ပြိုင်၍ဥပါဒ်ပြီး အာရုံနှင့်ပြိုင်၍ ချုပ်ငြိမ်းမည့် ပသာဒရုပ်ဝတ္ထုကို ရွေးချယ်၍ မှီကြ၏။ ဤပသာဒရုပ်ဝတ္ထုတို့ကို မဇ္ဈိမာယုကဝတ္ထုများဟု ခေါ်၏။ အာရုံထက်စော၍ ဥပါဒ်ခဲ့ကြပြီး အာရုံမချုပ်မီစော၍ ချုပ်ကြသည့် ဝတ္ထုတို့ကို မန္ဒာယုကပသာဒများဟု ခေါ်၏။ အာရုံထက်နောက်ကျ၍ ဥပါဒ်ခဲ့ကြသဖြင့် အာရုံချုပ်

http://www.dhammadownload.com



သော်လည်း မချုပ်ငြိမ်းကြသေးသည့်ဝတ္ထုရုပ်တို့ကို အမန္ဒာယုကပသာဒ များဟု ခေါ်၏။

ပဉ္စဝိညာဏ်တို့မှအပဖြစ်သော စိတ်များသည် မိမိတို့၏ရှေ့ အခြားမဲ့သော စိတ်နှင့်ပြိုင်၍ ဥပါဒ်ကြသော ဟဒယဝတ္ထုရုပ်တို့ကို မှီကြ ကုန်၏။

**မနောဒွါရဝီထိအပြား**

**မနောဒွါရဝီထိ**

- ကာမဇောဝါရဝီထိ
  - တဒါလမ္ဗဏဝါရဝီထိ
  - ဇဝနဝါရဝီထိ
  - ဝေါဋ္ဌဗ္ဗန ဝါရဝီထိ
  - မောဃဝါရ ဝီထိ
- အပ္ပနာဇောဝါရဝီထိ
  - လောကီအပ္ပနာဝီထိ
    - ရူပါဝစရအပ္ပနာဝီထိ
    - အရူပါဝစရအပ္ပနာဝီထိ
    - အဘိညာအပ္ပနာဝီထိ
  - လောကုတ္တရာအပ္ပနာဝီထိ
    - မဂ္ဂဝီထိ
    - ဖလသမာပတ္တိဝီထိ
    - နိရောဓသမာပတ္တိဝီထိ

မနောဒွါရ၌ အာရုံ ၆–ပါးအနက် တစ်ပါးပါး ထင်လာသည့်အခါ မနောဒွါရဝီထိ ဖြစ်၏။

မနောဒွါရဝီထိ၌ ကာမဇောစောခွင့်ရသော ကာမဇောဝါရဝီထိ နှင့် အပ္ပနာဇောစောခွင့်ရသည့် အပ္ပနာဇောဝါရဝီထိဟူ၍ ၂–မျိုးရှိ၏။

ကာမဇော ဝါရဝီထိတွင်တစ်ဖန် အလွန်ထင်ရှားသော အတိဝိဘူတာရုံ၌ တဒါလမ္ဗဏဝါရ ၁ ဝီထိ၊ သာမညထင်ရှားသော ဝိဘူတာရုံ၌

http://www.dhammadownload.com



ဇဝနဝါရ ၁ ဝီထိ၊ မထင်ရှားသော အဝိဘူတာရုံ၌ ဝေါဋ္ဌဗ္ဗနဝါရ ၁ ဝီထိ၊ အလွန်မထင်ရှားသော အတိအဝိဘူတာရုံ၌ မောဃဝါရ ၁ ဝီထိဟူ၍ ဝီထိ ၄–ပါး ကွဲပြားပြန်၏။

အပ္ပနာဇောဝါရဝီထိတွင်မူ လောကီအပ္ပနာဝီထိနှင့် လောကုတ္တရာ အပ္ပနာဝီထိဟူ၍ ၂–မျိုးကွဲပြား၏။ လောကီအပ္ပနာဝီထိ၌ ရူပါဝစရ အပ္ပနာဝီထိ၊ အရူပါဝစရ အပ္ပနာဝီထိနှင့် အဘိညာအပ္ပနာဝီထိတို့ ပါဝင်ကြ၏။ လောကုတ္တရာအပ္ပနာဝီထိတွင် မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိနှင့် နိရောဓသမာပတ္တိဝီထိတို့ ပါဝင်ကြ၏။

## ကာမဇော မနောဒွါရ ၄–ဝီထိ

(၁) အတိဝိဘူတာရုံဝီထိ (တဒါလမ္ဗဏဝါရဝီထိ) ချပုံ
"န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"–ဘွင်–ဘွင်–

(၂) ဝိဘူတာရုံဝီထိ (ဇဝနဝါရဝီထိ) ချပုံ
"န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ"–ဘွင်–ဘွင်–

(၃) အဝိဘူတာရုံဝီထိ (ဝေါဋ္ဌဗ္ဗနဝါရဝီထိ) ချပုံ
"န–ဒ–မ–မ–မ"–ဘွင်–ဘွင်–

(၄) အတိအဝိဘူတာရုံဝီထိ (မောဃဝါရဝီထိ) ချပုံ
"န–န"–ဘွင်–ဘွင်–ဘွင်–

## ဆိုရိုး

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလဝိမုတ်ဖြစ်သော အလွန်ထင်ရှားသည့် အာရုံ ၆–ပါးတို့တွင် တစ်ပါးပါးသော အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဟု ဘဝင် ၂–ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသော အာရုံကို ဆင်ခြင်ဆုံးဖြတ်သည့် မနောဒွါရာဝဇ္ဇန်း ၁–ကြိမ်၊ အာရုံ၏ အရသာကို ခံစားတတ်သော ဇော ၇–ကြိမ်၊ ဇောသို့ အစဉ်လိုက်သော တဒါရုံ ၂–ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်များစွာ ကျ၍သွား၏။

http://www.dhammadownload.com



ကျန် ၃–ဝါရကိုဆိုရာ၌ "အလွန်ထင်ရှားသည့်အာရုံ" နေရာ၌ "သာမညထင်ရှားသည့် အာရုံ" "မထင်ရှားသည့်အာရုံ" "အလွန်မထင်ရှားသည့်အာရုံ"တို့ကို တစ်လှည့်စီထည့်၍ ဆိုပါ။ ဝိထိပုံကိုကြည့်၍ အဆုံးသတ်သင့်သည့်နေရာ၌ အဆုံးသတ်ပါ။

## ရှင်းချက်

မနောဒွါရဟူသည်မှာ ဘဝင်စိတ် ၁၉–ပါးပင်တည်း။

မနောဒွါရ၌ အာရုံ၆–ပါးစလုံး ထင်နိုင်ကြ၏။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် စပ်ဆိုင်သော ရုပ်အာရုံများနှင့် စိတ်စေတသိက်များအပြင် ကာလဝိမုတ် ဖြစ်ကြသော ပညတ်နှင့် နိဗ္ဗာန်တို့လည်း ထင်နိုင်ကြ၏။

သို့အတွက်မနောဒွါရ၌ထင်လာသော အာရုံတို့ကို အတိမဟန္တာရုံ၊ မဟန္တာရုံစသည်ဖြင့် မခွဲခြားစကောင်းပါ။ ထင်ရှားသော ဝိဘူတာရုံနှင့် မထင်ရှားသော အဝိဘူတာရုံဟူ၍သာ ခွဲခြားအပ်၏။

ထိုအပြင်အာရုံထင်ပြီးနောက် အတီတဘဝင်မည်မျှလွန်မှ အာရုံထင်လာသည်ဟု စဉ်းစားစရာမလိုတော့ဘဲ မနောဒွါရ၌ အာရုံထိတိုက်သည်နှင့် တစ်ပြိုင်နက် အာရုံထင်လာပြီး ဘဝင် ၂–ကြိမ် လှုပ်၍ ပြတ်ပြီးလျှင် မနောဒွါရာဝဇ္ဇန်းစိတ်က အာရုံကို ဆင်ခြင်ဆုံးဖြတ်လေတော့၏။

## ကာမဇော မနောဒွါရဝိထိစိတ်များ

"အာဝဇ္ဇန်း၊ ဇော၊ တဒါရုံ"ဟူ၍ ဝိထိစိတ် ၃–မျိုးသာ ပါဝင်ကြ၏။

စိတ္တက္ခဏ (စိတ္တုပ္ပါဒ်)အားဖြင့် "မနောဒွါရာဝဇ္ဇန်း ၁–ကြိမ်၊ ဇော ၇–ကြိမ်၊ တဒါရုံ ၂–ကြိမ်"ဟူ၍ ၁၀–ချက် ရှိ၏။

ပါဝင်နိုင်သော တရားကိုယ်များကား "မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉နှင့် တဒါရုံ ၁၁"ဟူ၍ ၄၁–ပါး ဖြစ်၏။

http://www.dhammadownload.com



## တဒနုဝတ္တကမနောဒွါရ ၄–ဝီထိ

မနောဒွါရ၌ အာရုံထင်သည့်အတွက် ကာမဇော မနောဒွါရဝီထိများ ဖြစ်ပေါ်ကြသည့်အပြင် ပဉ္စဒွါရဝီထိ ၁–ခုဖြစ်တိုင်း ၄င်းဝီထိနောက်သို့ လိုက်သော တဒနုဝတ္တက မနောဒွါရ ၄–ဝီထိလည်း ဖြစ်ပေါ်ကြသေး၏။

(၁) စက္ခုဒွါရ၌ ထင်လာ၍ ချုပ်လေပြီးသော အတိတ်ရူပါရုံကို စက္ခုဒွါရဝီထိယူသည့်အတိုင်းလိုက်ယူသော အတီတဂ္ဂဟဏ ၁ ဝီထိ၊

(၂) စက္ခုဒွါရဝီထိနှင့် အတီတဂ္ဂဟဏဝီထိ ၂–ခုတို့ဖြင့် ယူအပ်ပြီးသော အာရုံကိုတစ်ခုတည်းတစ်လုံးတည်းပေါင်းစုလုံးခဲ၍ အာရုံပြုသော သမုဒါယဂ္ဂဟဏ ၁–ဝီထိ၊

(၃) ထိုရူပါရုံ၏ အသွင်သဏ္ဌာန်နှင့် အနက်ဒြပ်တို့ကို အာရုံပြုသော အတ္ထဂ္ဂဟဏ ၁–ဝီထိ၊

(၄) ထိုအနက်ဒြပ်၊ အသွင်သဏ္ဌာန်ရှိသည့် အဆင်း၏ အမည်နာမကို အာရုံပြုသော နာမဂ္ဂဟဏ ၁–ဝီထိ၊

ဤနည်းအတူ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဒွါရတို့၌လည်း ၄–ဝီထိစီ ဖြစ်၏။ ဤ ၄–ဝီထိဖြစ်ပြီးသည့်နောက်မှ အာရုံ၏ အနက်ဒြပ်နှင့် အမည်နာမတို့ကို သိရှိရ၏။

## အပ္ပနာဇောဝါရဝီထိများ

အပ္ပနာဇော ၂၆–ပါး = မဟဂ္ဂုတ်ကုသိုလ်စိတ် ၉–ပါး + မဟဂ္ဂုတ်ကြိယာစိတ် ၉–ပါး + လောကုတ္တရာစိတ် အကျဉ်း ၈–ပါး။

မဟဂ္ဂုတ်ကုသိုလ် ၉–ပါးနှင့် မဟဂ္ဂုတ်ကြိယာ ၉–ပါးတို့အနက်မှ စိတ်တစ်ပါးပါးက ဇောအဖြစ် စောခွင့်ရသော ဝီထိကို လောကီအပ္ပနာဝီထိ

http://www.dhammadownload.com



ဟု ခေါ်၏။ လောကုတ္တရာစိတ် တစ်ပါးပါးက ဇောအဖြစ်စောခွင့်ရသည့် ဝီထိကို လောကုတ္တရာ အပ္ပနာဝီထိဟု ခေါ်၏။

မဟာကုသိုလ် ၈-ပါးတွင် ရူပါဝစရကုသိုလ်စိတ် ၅-ပါးနှင့် အရူပါဝစရကုသိုလ်စိတ် ၄-ပါးတို့ ပါဝင်ကြ၏။ ရူပဈာန်ရရန် အားထုတ်သောသူသည် ပထမဈာန်ကို ရသည့်အခါ ရူပါဝစရပထမဈာန် ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ်စော၏။ ဒုတိယဈာန်ကိုရသည့်အခါ ရူပါဝစရ ဒုတိယဈာန် ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် စော၏။ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန် အသီးသီးကို ရသည့်အခါ၌လည်း သက်ဆိုင်ရာ ရူပါဝစရကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် စော၏။

အရူပဈာန်ကိုရအောင် ဆက်လက်အားထုတ်သဖြင့် အာကာသာနဉ္စာယတနဈာန်ကို ရသည့်အခါ အာကာသာနဉ္စာယတန ကုသိုလ်စိတ်သည်အပ္ပနာဇောအဖြစ် စော၏။ ဝိညာဏဉ္စာယတနဈာန်ကိုရသည့်အခါ ဝိညာဏဉ္စာယတန ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် စော၏။ အာကိဉ္စညာယတနဈာန်ကို ရသည့်အခါ အာကိဉ္စညာယတန ကုသိုလ်စိတ်သည်အပ္ပနာဇောအဖြစ် စော၏။ နေဝသညာ နာသညာယတနဈာန်ကို ရသည့်အခါ နေဝသညာ နာသညာယတန ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် စော၏။

ရူပဈာန် ၅-ပါးနှင့် အရူပဈာန် ၄-ပါးတို့ကို ပိုင်နိုင်ပြီးနောက် အဘိညာဉ်တန်ခိုးများကိုရအောင်အားထုတ်သဖြင့် အောင်မြင်သောအခါ ရူပါဝစရ ပဥ္စမဈာန်စိတ်သည် အဘိညာဉ်ကိစ္စတပ်လျက် အပ္ပနာဇောအဖြစ် စော၏။

အကယ်၍ ရဟန္တာတစ်ပါးက လောကီဈာန် အဘိညာဉ်များကို ရရှိအောင်အဆင့်ဆင့် အားထုတ်သော် ရူပဈာန်များကို ရရှိသည့်အခါတို့၌ ရူပါဝစရကြိယာစိတ်တို့ဖြင့် အပ္ပနာဇောစော၏။ အရူပဈာန်များကို ရရှိသည့်အခါတို့၌ အရူပါဝစရကြိယာစိတ်တို့ဖြင့် အပ္ပနာဇောစော၏။ အဘိညာဉ်ကို ရရှိသည့်အခါ ရူပါဝစရပဥ္စမဈာန်ကြိယာ စိတ်သည် အဘိညာဉ်

http://www.dhammadownload.com



ကိုစွဲတပ်လျက် အပ္ပနာဇောအဖြစ် ဇောနေ၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိအောင် ဝိပဿနာတရား ရှုမှတ်ပွား များသဖြင့် ပထမမဂ်ဆိုက်သည့်အခါသောတာပတ္တိမဂ်စိတ်သည်အပ္ပနာ ဇောအဖြစ် ၁–ကြိမ်ဇော၏။ ထို့နောက် သောတာပတ္တိဖိုလ်စိတ်သည် ၂– ကြိမ် သို့မဟုတ် ၃–ကြိမ် အပ္ပနာဇောအဖြစ်ဇော၏။ အလားတူပင် ဒုတိယ မဂ်ဆိုက်သည့်အခါ သကဒါဂါမိမဂ်စိတ် ၁–ကြိမ်၊ ထို့နောက် သကဒါဂါမိ ဖိုလ်စိတ် ၂–ကြိမ် သို့မဟုတ် ၃–ကြိမ်ဖြစ်၏။ တတိယမဂ်ဆိုက်သည့်အခါ ၌ အနာဂါမိမဂ်စိတ် ၁–ကြိမ်၊ ထို့နောက် အနာဂါမိဖိုလ်စိတ် ၂–ကြိမ် သို့မဟုတ် ၃–ကြိမ် ဖြစ်၏။ စတုတ္ထမဂ်ဆိုက်သည့်အခါ၌ အရဟတ္တမဂ် စိတ် ၁–ကြိမ်၊ ထို့နောက် အရဟတ္တဖိုလ်စိတ် ၂–ကြိမ် သို့မဟုတ် ၃–ကြိမ် ဖြစ်၏။

## ရူပါဝစရအပ္ပနာဝီထိ ၅–ပါး

(မန္ဒပညာ) န–ဒ– "မ–ပ–ဥ–နု–ဂေါ–ဈာန်"–ဘွင်–ဘွင်–

(တိက္ခပညာ) န–ဒ– "မ–ဥ–နု–ဂေါ–ဈာန်" –ဘွင်–ဘွင်–

(၁) ကသိုဏ်းနိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိ သော် ဘဝင်္ဂစလန–ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင် ၂–ကြိမ်လှုပ်၍ပြတ်ပြီးလျှင် ထိုကသိုဏ်းနိမိတ်ကိုအာရုံပြု၍မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်သောမနဿစိတ် ၂–ပါးတွင် တစ်ပါးပါး သည် မန္ဒပညာပုဂ္ဂိုလ် (ညံ့သောပညာရှိသူ) ဖြစ်သော် ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄–ကြိမ် (တိက္ခပညာပုဂ္ဂိုလ်ဖြစ်သော် ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၃ ကြိမ်)ဖြစ်၍ ချုပ်၏။ ထို့နောက် ရူပါဝစရ ပထမ ဈာန် ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် ၁–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့ နောက် ဘဝင်များစွာကျပြီး ဈာန်မှထ၏။

(၂) အထက်ပါအတိုင်း ရူပါဝစရ ဒုတိယဈာန်ကုသိုလ်စိတ် အပ္ပနာ ၃–ဝီထိ

http://www.dhammadownload.com



(၃) အထက်ပါအတိုင်း ရူပါဝစရ တတိယဈာန်ကုသိုလ်စိတ် အပ္ပနာ ၁–ဝီထိ

(၄) အထက်ပါအတိုင်း ရူပါဝစရ စတုတ္ထဈာန်ကုသိုလ်စိတ် အပ္ပနာ ၁–ဝီထိ

(၅) အထက်ပါအတိုင်း ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်စိတ် အပ္ပနာ ၁–ဝီထိ

ဤပဉ္စမဈာန်စိတ်သည် ဉပေက္ခာသဟဂုတ်စိတ်ဖြစ်သဖြင့် လိုက်ဖက်ညီရန် အထက်ပါဆိုရိုးတွင် "မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿစိတ် ၂–ပါး"အစား "မဟာကုသိုလ်ဉာဏသမ္ပယုတ်ဉပေက္ခာ စိတ် ၂–ပါး"ဟူ၍ ပြောင်းယူရမည်။

အထက်ပါဝီထိပုံတွင် "ပ–ဉ–နု–ဂေါ"သည်ဉပစာရသမာဓိဇော ဖြစ်၏။

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်က ဤဇောကိစ္စကို ဆောင် ရွက်၏။

ပ=ပရိကမ်=အပ္ပနာဇောဖြစ်ရန် ပြုပြင်စီရင်တတ်သောစိတ်၊

ဉ = ဉပစာ = အပ္ပနာဇော၏အနီး၌ ဖြစ်သောစိတ်၊

နု = အနုလုံ = အောက်ပရိကမ်ဇောအား လည်းကောင်း၊ အထက်အပ္ပနာဇောအား လည်းကောင်း လျော်စွာဖြစ်တတ်သော စိတ်၊

ဂေါ = ဂေါတြဘု = ကာမအနွယ်ကိုဖြတ်၍မဟဂ္ဂုတ်အနွယ်ကို ဖြစ်စေသောစိတ်၊

http://www.dhammadownload.com



## အရူပါဝစရ အပ္ပနာဝီထိ ၄–ပါး

(မန္ဒပညာ) န–ဒ–"မ–ပ–ဥ–နု–ဂေါ–ဈာန်" –ဘွင်–ဘွင်–
(တိက္ခပညာ) န–ဒ–"မ–ဥ–နု–ဂေါ–ဈာန်" –ဘွင်–ဘွင်–

(၁) ကသိုဏ်းနိမိတ်ကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ် အာရုံသည်မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဟူ၍ဘဝင် ၂–ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို အာရုံ ပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပ ယုတ် ဥပေက္ခာစိတ် ၂–ပါးတွင် တစ်ပါးပါးသည်မန္ဒပညာ ပုဂ္ဂိုလ်ဖြစ်သော် ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄–ကြိမ်၊ (တိက္ခပညာ ပုဂ္ဂိုလ်ဖြစ် သော် ဥပစာ, အနုလုံ, ဂေါတြဘုဟု ၃ကြိမ်) ဖြစ်၍ ချုပ်၏။ ထို့နောက် အာကာသာနဉ္စာယတန ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် ၁–ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်များစွာကျပြီး ဈာန်မှထ၏။

(၂) အာကာသာနဉ္စာယတနစိတ်သည် မနောဒွါရ၌ ထင်လာ သည်ရှိသော်..... ဝိညာဏဉ္စာယတန ကုသိုလ်စိတ်သည် အပ္ပနာဇော အဖြစ်....

(၃) အာကာသာနဉ္စာယတနစိတ်၏ မရှိခြင်းဟူသော နတ္ထိ ဘောပညတ်သည် မနောဒွါရ၌ ထင်လာသည်ရှိသော်....... အာကိဉ္စညာယတန ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ်.....

(၄) အာကိဉ္စညာယတန ကုသိုလ်စိတ်သည် မနောဒွါရ၌ ထင် လာသည်ရှိသော် ..... နေဝသညာ နာသညာယတနကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ်.....

## ဈာန်ဝင်စားသော သမာပတ္တိဝီထိ

(မန္ဒပညာ) န–ဒ–"မ–ပ–ဥ–နု–ဂေါ–ဈာန်–ဈာန်–ဈာန် များစွာ" –ဘွင်–

http://www.dhammadownload.com



(တိက္ခပညာ) န–ဒ– "မ–ဥ–န–ဂေါ–ဈာန်–ဈာန်–ဈာန် များစွာ" –ဘွင်–

(ရူပါဝစရ ဈာန်ဝင်စားရန်) ကသိုဏ်းနိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင် ၂–ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုကသိုဏ်းနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက်မဟာကုသိုလ်ဉာဏသမ္ပယုတ်သောမနသ်စိတ် (ပဌမဈာန်ဝင်စားရန် ဥပေက္ခာစိတ်ယှဉ်) ၂–ပါးတွင် တစ်ပါးပါးသည် မန္ဒပညာပုဂ္ဂိုလ်ဖြစ်သော် ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄–ကြိမ်၊ (တိက္ခပညာပုဂ္ဂိုလ်ဖြစ်သော် ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၃–ကြိမ်)ဖြစ်၍ ချုပ်၏။ ထို့နောက် ရူပါဝစရ ကုသိုလ်ပထမဈာန် (သို့မဟုတ် ဒု–တ–စ–ပဥ္စမဈာန်)စိတ်သည်အပ္ပနာဇောအဖြစ် အကြိမ်များစွာ ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ကျပြီး ဈာန်မှထ၏။

(အရူပါဝစရ ဈာန်ဝင်စားရန်) ကသိုဏ်းနိမိတ်ကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်အာရုံ (အထက်အရူပဈာန်အတွက် သက်ဆိုင်ရာ အာရုံသည်) မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင် ၂–ကြိမ်လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော အာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဥပေက္ခာစိတ် ၂–ပါးတွင်တစ်ပါးပါးသည်မန္ဒပညာပုဂ္ဂိုလ်ဖြစ်သော် ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄–ကြိမ်၊ (တိက္ခပညာပုဂ္ဂိုလ်ဖြစ်သော် ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၃–ကြိမ်)ဖြစ်၍ ချုပ်၏။ ထို့နောက် အာကာသာနဉ္စာယတနကုသိုလ်စိတ် (အထက်ဈာန်ဝင်စားသော် သက်ဆိုင်ရာစိတ်)သည် အပ္ပနာဇောအဖြစ် အကြိမ်များစွာဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ကျပြီး ဈာန်မှထ၏။

## အဘိညာအပ္ပနာဝီထိ

ရူပါဝစရကုသိုလ်ပဥ္စမဈာန် အပ္ပနာဝီထိကိုအခြေခံ၍လောကီ

http://www.dhammadownload.com



အဘိညာဉ် ၅-ပါးကိုရအောင် လေ့ကျင့်နိုင်၏။

(၁) ဣဒ္ဓိဝိဓအဘိညာဉ်= ကိုယ်ခွဲတစ်ရာ, တစ်ထောင်စသည်ဖြင့် ဖန်ဆင်းနိုင်သော အသိဉာဏ်အထူး၊

(၂) ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်မျက်စိကဲ့သို့ ဝေးလံသောအရပ် သို့မဟုတ် ဖုံးကွယ်ထားသည့်နေရာ၌ရှိသော အဆင်းသဏ္ဌာန်ကိုမြင်နိုင်သည့်အသိဉာဏ်အထူး၊

(၃) ဒိဗ္ဗသောတအဘိညာဉ်= နတ်နားကဲ့သို့ဝေးရပ်မှအသံတို့ကို ကြားနိုင်သည့် အသိဉာဏ်အထူး၊

(၄) ပရစိတ္တဝိဇာနနအဘိညာဉ်= သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သော အသိဉာဏ်အထူး၊

(၅) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် =ရှေးအခါက ဖြစ်ခဲ့ဖူးသော ဘဝများစွာကို အဖန်ဖန် အောက်မေ့နိုင်သည့် အသိဉာဏ်အထူး၊

ဝိထိပုံ။ ။ န-ဒ- "မ-ပ-ဉ-နု-ဂေါ-အဘိ "- ဘဝင်-

ကိုယ်ခွဲတစ်ထောင် ဖန်ဆင်းလိုသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းကိုအာရုံပြု၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန် အပွနာကို ခဏမျှ ကျစေပြီး ဘဝင်ကျစေလျက် ဈာန်မှထ၏။

ထပြီးလျှင် ဘဝင်ကိုပြတ်စေ၏။ "ငါ၏ကိုယ်သည်ထပ်တူကိုယ်ခွဲ တစ်ထောင်ဖြစ်စေသတည်း" ဟု ဓိဋ္ဌာန်လိုက်, စေလိုက်၏။ ထို့နောက် ထိုဖြစ်လတ္တံ့သော နိမ္မိတရုပ် တစ်ထောင်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဖြစ်၏။

ငင်းနောက် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဉပေက္ခာဇောသည်

http://www.dhammadownload.com



ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄–ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ထိုနိမ္မိတ ရုပ် ၁၀၀၀ ကိုအာရုံပြုလျက် ရူပါဝစရကုသိုလ်ပဌမဈာန်စိတ်သည် အဘိညာဉ်ကိစ္စတပ်ကာ ၁–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ကျ၍ ဈာန်မှထ၏။ ထိုအခိဋ္ဌာန် အဘိညာဉ်ဇောကျသည်နှင့် တစ်ပြိုင်နက် နိမ္မိတရုပ် ၁၀၀၀ ဖြစ်၏။

ကြွင်းသည့် အဘိညာအပ္ပနာဝီထိတို့လည်း အလားတူဖြစ်ကြ၏။ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနနနှင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်တို့ကိုအလိုရှိသော် ညြဒါတကသိုဏ်းကိုအာရုံပြု၍ ပဌမဈာန်ဝင်စားရ၏။ ဒိဗ္ဗစက္ခု အဘိညာဉ်ကို အလိုရှိသော် တေဇောကသိုဏ်းကို အာရုံပြု၍ ပဌမဈာန် ဝင်စားရ၏။ ထို့နောက်ဈာန်မှထ၍ အလိုရှိသည်ကို ဓိဋ္ဌာန်လိုက်, စေလိုက်၏။ ထိုအခါ အလိုရှိသောအရာကို အာရုံပြုလျက် ဥပစာရသမာဓိဇော ၄–ကြိမ်နှင့် ရူပါဝစရပဌမဈာန် အဘိညာဉ်ဇော ၁–ကြိမ်ကျ၏။ အဘိညာဉ်ဇောကျသည်နှင့် တစ်ပြိုင်နက် အလိုရှိသောအရာကို မြင်၏။

## မဂ္ဂအပ္ပနာဝီထိ ၄–ပါး

ဝိပဿနာ အားထုတ်သော ယောဂီသည်ရုပ်နာမ်တို့၏ မမြဲခြင်းသဘော (အနိစ္စ လက္ခဏာ)၊ ရုပ်နာမ်တို့၏ ဆင်းရဲခြင်းသဘော (ဒုက္ခလက္ခဏာ)၊ ရုပ်နာမ်တို့ကို အစိုးမရခြင်းသဘော (အနတ္တလက္ခဏာ)၊ ဤလက္ခဏာရေးသုံးပါးတို့တွင် တစ်ပါးပါးက ထင်ရှားစွာ ထင်ပေါ်လာသည့်အခါ မဂ္ဂအပ္ပနာဝီထိဖြစ်၏။ မဂ်ဉာဏ် ၄–ဆင့်ရှိ၏။

(မန္ဒပညာ) န–ဒ–"မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်"– ဘွင်–

(တိက္ခပညာ) န–ဒ– "မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်" –ဘွင်–

(၁) ပုထုဇဉ်ယောဂီ၏ မနောဒွါရ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး အာရုံထင်လာသည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဟု ဘဝင် ၂–ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်

http://www.dhammadownload.com



လျှက်မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက်မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်၄–ပါးအနက်မှတစ်ပါးပါးသည်လက္ခဏာရေးသုံးပါးကို အာရုံပြုလျှက် ပရိကမ်, ဥပစာ, အနုလုံဟု ၃–ကြိမ်၊ နိဗ္ဗာန်ကို အာရုံပြုလျှက် ဂေါတြဘု ဟု ၁–ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက်သောတာပတ္တိမဂ်ဇောသည်နိဗ္ဗာန် ကို အာရုံပြုလျှက် ၁–ကြိမ်ဖြစ်၍ ထိုမဂ်၏အခြားမဲ့၌ သောတာပတ္တိဖိုလ် ဇောသည်နိဗ္ဗာန်ကိုအာရုံပြုလျှက် ၂–ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ ၍ မဂ်မှထ၏။ (တိက္ခပညာပုဂ္ဂိုလ်ဖြစ်သော် ပရိကမ်ကို ချန်လှပ်ပြီး ဖိုလ် ဇော ၃–ကြိမ် ဇောရမည်။)

(၂) သောတာပန် ယောဂီ၏ မနောဒွါရ၌ ... အထက်က အတိုင်း ဆိုပါ။ "ဂေါတြဘု" နေရာ၌ "ဝေါဒါန်" ကိုထည့်ပါ။ "သောတာပတ္တိ မဂ်" နေရာ၌ "သကဒါဂါမိမဂ်" ဟုထည့်ပါ။ "သောတာပတ္တိဖိုလ်" နေရာ၌ "သကဒါဂါမိဖိုလ်" ကို ထည့်ပါ။

ဂေါတြဘု = ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သော စိတ်၊

ဝေါဒါန် = ဖြူဖွေးကြည်လင်သန့်ရှင်းသော စိတ်၊

(၃) သကဒါဂါမ်ယောဂီ၏ မနောဒွါရ၌ ....ဝေါဒါန်... အနာ ဂါမိမဂ်ဇော... အနာဂါမိဖိုလ်ဇော...

(၄) အနာဂါမ်ယောဂီ၏မနောဒွါရ၌....ဝေါဒါန်.... အရဟတ္တ မဂ်ဇော.... အရဟတ္တဖိုလ်ဇော....

## ဖလသမာပတ္တိဝိထိ ၄–ပါး

မဂ်ဆိုက်ပြီးသော အရိယာပုဂ္ဂိုလ်သည်မဂ်၏ အကျိုးဖြစ်သော ဖလသမာပတ်ကို ဝင်စားနိုင်၏။

(မန္ဒပညာ) န–ဒ– "မ–ပ–ဉ–နု–ဝေါ–ဖိုလ်–ဖိုလ်များစွာ" –ဘွင်–
(တိက္ခပညာ) န–ဒ– "မ–ဉ–နု–ဝေါ–ဖိုလ်–ဖိုလ်များစွာ" –ဘွင်–

http://www.dhammadownload.com



(၁) သောတာပန်ပုဂ္ဂိုလ်၏ မနောဒွါရ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး အာရုံထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင် ၂-ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါးအနက်မှ တစ်ပါးပါးသည် လက္ခဏာရေးသုံးပါးကို အာရုံပြုလျက် ပရိကမ်၊ ဉပစာ၊ အနုလုံဟု ၃-ကြိမ်၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဝေါဒါန်ဟု ၁-ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောက် သောတာပတ္တိဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် အကြိမ်များစွာ ပုဂ္ဂိုလ်အလိုရှိသလောက်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ သမာပတ်မှထ၏။

(၂) သကဒါဂါမ် ပုဂ္ဂိုလ်၏ မနောဒွါရ၌.... သကဒါဂါမိဖိုလ်ဇော....

(၃) အနာဂါမ် ပုဂ္ဂိုလ်၏ မနောဒွါရ၌...အနာဂါမိဖိုလ်ဇော...

(၄) ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရ၌.....မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ပါးအနက်မှ တစ်ပါးပါး ....အရဟတ္တဖိုလ်ဇော...

## နိရောဓသမာပတ္တိဝီထိ

ဈာန်သမာပတ် ၈-ပါး သို့မဟုတ် ၉-ပါးကို ရပြီးသော အနာဂါမ်နှင့် ရဟန္တာတို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြ၏။

ရှေးဦးစွာ ရူပါဝစရ ပထမဈာန်မှ ပဉ္စမဈာန်အထိ အဆင့်ဆင့် ဝင်စားပြီးလျှင် ဈာန်တစ်ခုစီမှထတိုင်း ထိုဈာန်ကို လက္ခဏာရေးသုံးပါးတင်၏။

ထို့နောက် အရူပ အောက်ဈာန် ၃-ပါးတို့ကို အဆင့်ဆင့်ဝင်စားပြီးနောက် ထိုဈာန်တစ်ခုစီမှထသောအခါ ထိုဈာန်ကိုလက္ခဏာရေးသုံးပါးတင်၏။

http://www.dhammadownload.com



ထို့နောက် ပုဗ္ဗကိစ္စ ၄-ပါးကိုပြု၏။ ၄င်းနောက် နေဝသညာ နာသညာယတနစျာန်ကို ဝင်စား၍ အပ္ပနာဇော ၂-ကြိမ်သာဖြစ်ပြီး စိတ်အစဉ်ပြတ်စဲလေ၏။ ထိုအခါစိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းနိရောဓသို့ရောက်၍ မိမိအလိုရှိသလောက်(၇)ရက်အထိနေနိုင်၏။ သမာပတ်မှ ထသည့်အခါအနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော ၁-ကြိမ် ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော ၁-ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်ကျ၍ နိရောဓသမာပတ်မှ ထ၏။

## ဝိပါကနိယာမ

ဝိပါက်တို့သည် အကျိုးတရားမျိုးဖြစ်၍ ကြေးမုံမှန်ပြင်၌ ထင်သော မျက်နှာရိပ်ကဲ့သို့ ကံ၏ အစွမ်းသတ္တိအားလျော်စွာ ဖြစ်ပေါ်ကြရ၏။

ခွေးကောင်ပုပ်၊ မစင်စသည့်အနိဋ္ဌာရုံကိုမြင်ရခြင်းသည် အကုသိုလ်ကံကြောင့် မြင်ရခြင်း ဖြစ်၏။ သို့အတွက် ထိုအခါ၌ အကုသလ ဝိပါက်ဖြစ်ကြသော စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏနှင့် တဒါရုံတို့ကို ဝိထိ၌ ချပေးရမည်။

သာမညကောင်းသော ဣဋ္ဌမဇ္ဈတ္တာရုံထင်ခဲ့လျှင် ကုသလဝိပါက် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ ဥပေက္ခာသန္တီရဏ၊ ဥပေက္ခာတဒါရုံတို့ဖြစ်ပေါ်ကြ၏။ အလွန်ကောင်းသော အတိဣဋ္ဌာရုံထင်ခဲ့လျှင် သောမနဿသန္တီရဏ၊ သောမနဿတဒါရုံတို့ ဖြစ်ပေါ်ကြ၏။

ကုသိုလ်၊ အကုသိုလ်ဇောတို့မှာ ဝိပါက်ကဲ့သို့ အာရုံအားလျော်စွာ ပုံသေကားကျ ဖြစ်ပေါ်ကြခြင်းမရှိချေ။ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်လျှင် ကုသိုလ်ဇောဖြစ်၏။ သင့်တင့်လျောက်ပတ်စွာ နှလုံးမသွင်းနိုင်လျှင် အကုသိုလ်ဇောဖြစ်၏။

http://www.dhammadownload.com



## ကာမဇောအကြိမ်

ကာမဇောတို့သည် သာမန်အခါ၌ ၇–ကြိမ်စောလေ့ရှိကြ၏။ မွေးဖွားခါစ အလွန်အားနည်းသောအခါနှင့် မေ့မြောနေသည့်အခါတို့တွင် စိတ်၏မှီရာ ဟဒယဝတ္ထု၏ အားနည်းမှုကြောင့် ၆–ကြိမ် သို့မဟုတ် ၅–ကြိမ်သာ စောကြ၏။

သေခါနီးအခါ၌ မရဏာသန္နဇောသည် ၅–ကြိမ်သာ စောကြ၏။ ထိုဝီထိကို မရဏာသန္နဝီထိဟု ခေါ်၏။

ဈာန်အရာ၌ ဝသီဘော်နိုင်နင်းသော ပုဂ္ဂိုလ်တို့အား ဈာန်အင်္ဂါကို အလျင်အမြန် ဆင်ခြင်သည့် ပစ္စဝေက္ခနာဇောတို့သည် ၄–ကြိမ် သို့မဟုတ် ၅–ကြိမ်သာ ကျကြ၏။

အပ္ပနာဇော၏ ရှေ့အဖို့ ဥပစာရသမာဓိဇောစောသည့်အခါ ဉာဏ်ပညာ နုသော မန္ဒပုဂ္ဂိုလ်တို့အား ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄–ကြိမ်ကျ၏။ ဉာဏ်ပညာ ထက်မြက်သော တိက္ခပုဂ္ဂိုလ်တို့အား ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၃– ကြိမ်သာကျ၏။

## အပ္ပနာဇောအကြိမ်

မရသေးသည့်ဈာန်ကိုရရန် အားထုတ်နေသော အာဒိကမ္မိက ပုဂ္ဂိုလ်အားပထမဦးဆုံးဖြစ်သော ဈာန်အပ္ပနာဇောသည် ၁–ကြိမ် ကျ၏။ ရပြီးသောဈာန်ကို ပြန်လည်ဝင်စားသော သမာပဇ္ဇနအပ္ပနာတို့သည် အကြိမ်များစွာ ကျကြ၏။

အဘိညာဉ်ဇောတို့သည် ၁–ကြိမ်သာကျ၏။

နိရောဓသမာပတ် ဝင်စားသောအခါ နေဝသညာနာသညာ ယတနဇောသည် ၂–ကြိမ်ကျ၏။

လောကုတ္တရာအပ္ပနာ၌ မဂ်ဇောတို့သည် ၁–ကြိမ်သာ ကျကြ

http://www.dhammadownload.com



၏။

မဂ်ဝီထိ၌ကျသော ဖိုလ်ဇောတို့သည် မန္ဒပုဂ္ဂိုလ်အား ၂–ကြိမ်၊ တိက္ခပုဂ္ဂိုလ်အား ၃–ကြိမ် ကျ၏။

ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောတို့သည် အကြိမ်များစွာကျကြ၏။

နိရောဓသမာပတ်ဝင်စားနေသော အခိုက်၌ စိတ် စေတသိက်နှင့် စိတ္တဇရုပ်တို့ ချုပ်ငြိမ်းနေကြသဖြင့် မည်သည့်ဇောမျှ မစောချေ။ နိရောဓသမာပတ်မှထသောအခါ ဖိုလ်ဇောတို့သည် ၁–ကြိမ်သာ ကျ၏။

## တဒါရုံစစ်ခန်း

ကာမပုဂ္ဂိုလ်၊ ကာမဇောနှင့် ကာမအာရုံတို့ ၃–ချက်ပေါင်းဆုံမှ တဒါရုံဖြစ်နိုင်၏။

(၁) မဟာကြိယာ ဥပေက္ခာဇော ၄–ပါးနှင့် ဒေါသမူဇော ၂–ပါးတို့၏ နောက်၌ ဥပေက္ခာမဟာဝိပါက် ၄–ပါးနှင့် ဥပေက္ခာ သန္တီရဏ ၂–ပါး ဟူသည့် ဥပေက္ခာတဒါရုံ ၆–ပါး ဖြစ်နိုင်၏။

(၂) မဟာကြိယာ သောမနဿသဟဂုတ်ဇော ၄–ပါးနှင့် ဟသိတုပ္ပါဒ်ဇောတို့၏ နောက်၌ သောမနဿမဟာဝိပါက် ၄–ပါးနှင့် သောမနဿသန္တီရဏ ၁–ပါးဟူသည့် သောမနဿတဒါရုံ ၅–ပါး ဖြစ်နိုင်၏။

(၃) ကြွင်းသည့် အကုသိုလ်ဇော ၁၀–ပါး၊ မဟာကုသိုလ် ၈–ပါး၊ ပေါင်း ၁၈–ပါးတို့၏နောက်၌ တဒါရုံ ၁၁–ပါးလုံး ဖြစ်နိုင်၏။

## အာဂန္တုက ဘဝင်

သောမနဿ သဟဂုတ်စိတ်နှင့် ပဋိသန္ဓေနေခဲ့သောသူသည် တစ်သက်တာပတ်လုံးဘဝင်ကျသည့်အခါ၌သောမနဿသဟဂုတ်စိတ်

http://www.dhammadownload.com



ချည်းသာဖြစ်နေရမည်။ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်တို့သည် ဘုံ၊ စိတ်၊ သမ္ပယုတ္တဓမ္မ၊ ဝေဒနာ၊ သင်္ခါရအားဖြင့် အစဉ်တူညီရ၏။

ထိုသူသည် ဒေါသဇောစောသည့်အခါ ဒေါသဇောနောက်၌ သောမနဿတဒါရုံနှင့် သောမနဿဘဝင်တို့ မဖြစ်နိုင်ချေ။ အကြောင်းမှာ ဒေါမနဿဝေဒနာနှင့် သောမနဿဝေဒနာတို့သည် မီးနှင့် ရေပမာ ဆန့်ကျင်ဘက်ဖြစ်ကြသဖြင့် တစ်ခုကိုတစ်ခု အနန္တရပစ္စည်း မတပ်နိုင်ကြသောကြောင့်ဖြစ်၏။ သို့သော် ပဋိသန္ဓေစိတ်ကို ထောက်သော် သောမနဿတဒါရုံ၊ သောမနဿဘဝင်သာ ကျရလိမ့်မည်။

ဤသို့သောအခါမျိုးတွင် ရှေ့က ဒေါသဇောနှင့်လည်း လျော်ညီ၊ နောက်က သောမနဿဘဝင်နှင့်လည်း သင့်လျော်သည့် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စမတပ်ဘဲ အပိုအာဂန္တုက ဘဝင်ကိစ္စတပ်၍ ၁-ကြိမ်ဖြစ်၏။ ဤဘဝင်သည် ပဋိသန္ဓေစိတ်နှင့်တူစွာ ရိုးရိုးကျနေကျ အာဝါသိက (အိမ်ရှင်) သောမနဿဘဝင်မဟုတ်။ ယခုမှ လတ်တလောဖြစ်လာရသည့် ဥပေက္ခာဘဝင်ဖြစ်၍ "အာဂန္တုကဘဝင်" (ဧည့်သည်ဘဝင်)ဟု အမည်ရ၏။ ဤဝီထိကိုလည်း အာဂန္တုကဝီထိဟု ခေါ်၏။

၎င်းအာဂန္တုကဘဝင်သည် ယခု ဒေါသဇောကျသောဝီထိ၏ အာရုံကိုမယူနိုင်။ ရှေးက အလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၏။

## ဘုံ၌စိတ်ရ

ကာမဘုံ၌ မဟဂ္ဂုတ်ဝိပါက် ၉-ပါးကြဉ်သောစိတ် ၈၀ တို့သည် ဝီထိများတွင်ပါဝင်နိုင်ကြ၏။ မဟဂ္ဂုတ်ဝိပါက် ၉-ပါးတို့သည် မိမိတို့ဆိုင်ရာ ဗြဟ္မာဘုံအသီးသီး၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်ကြ၏။

ရူပဗြဟ္မာဘုံ၌ ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယ

http://www.dhammadownload.com



ပီညာဏ်ဒွေတည်းဟူသော စိတ် ၆–ပါး၊ မဟာဝိပါက် ၈–ပါး၊ ဒေါသမူ ၂–ပါး၊ အရူပဝိပါက် ၄–ပါး၊ ပေါင်း ၂၀ ကြည့်သောစိတ် ၆၉–ပါးတို့ ဖြစ်ပေါ်နိုင်ကြ၏။ ၄င်းတို့အနက် ရူပဝိပါက် ၅–ပါးမှာ ဝီထိစိတ်များ၌ မပါဝင်ကြချေ။

အရူပဗြဟ္မာဘုံ၌ကား ပကိဏ်းပိုင်းတွင် ဖော်ပြခဲ့သည်နှင့်အညီ ဟာဒယဝတ္ထုကို ရခါမှိ၍ ရခါမရှိကြသည့်စိတ် ၄၂–ပါးနှင့် အရူပဝိပါက် ၄–ပါး၊ ပေါင်းစိတ် ၄၆–ပါးတို့ ဖြစ်နိုင်ကြ၏။

## ပုဂ္ဂလဘေဒ (ပုဂ္ဂိုလ်အပြား)

| | | | |
|---|---|---|---|
| (၁) | ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် | | |
| (၂) | သုဂတိအဟိတ်ပုဂ္ဂိုလ် | | |
| (၃) | ဒွိဟိတ်ပုဂ္ဂိုလ် | = | ပုထုဇဉ် ၄–ဦး |
| (၄) | တိဟိတ်ပုဂ္ဂိုလ် | | |
| (၅) | သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ် | | |
| (၆) | သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် | | |
| (၇) | အနာဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် | = | မဂ္ဂဋ္ဌာန် ၄–ဦး |
| (၈) | အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ် | | |
| (၉) | သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ် | | |
| (၁၀) | သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ် | | |
| (၁၁) | အနာဂါမိဖလဋ္ဌပုဂ္ဂိုလ် | = | ဖလဋ္ဌာန် ၄–ဦး |
| (၁၂) | အရဟတ္တဖလဋ္ဌပုဂ္ဂိုလ် | | |

ပုထုဇဉ်၄–ဦးနှင့် အရိယာ ၈–ဦးဟူ၍ ပုဂ္ဂိုလ် ၁၂–ဦးရှိ၏။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်သည် အပါယ်ဘုံသားဖြစ်၏။ သုဂတိအဟိတ်ပုဂ္ဂိုလ်မှာ လူ့ဘုံနှင့် စတုမဟာရာဇ် ဘုံတို့၌ ဝမ်းတွင်းပါမျက်စိကန်းသူ၊ နားပင်းသူ၊ ဆွံ့အသူ စသည်တို့ဖြစ်ကြ၏။

http://www.dhammadownload.com



ဒွိဟိတ်ပုဂ္ဂိုလ်မှာ ပဋိသန္ဓေအားဖြင့် ဉာဏ်မပါသော လူများနှင့် နတ်များဖြစ်ကြ၏။ ဒွိဟိတ်ပုဂ္ဂိုလ်သည် လက်ရှိဘဝ၌ မည်မျှပင်ကြိုးစား အားထုတ်စေကာမူ ဈာန်နှင့် မဂ်ဖိုလ်တို့ကို မရနိုင်ချေ။

တိဟိတ်ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေအားဖြင့် ဉာဏ်ပါသော လူနတ် ဗြဟ္မာများဖြစ်ကြ၏။ လက်ရှိဘဝ၌ကြိုးစားလျှင် ဈာန်မဂ်ဖိုလ်ရနိုင်သူများတည်း။

မဂ္ဂဋ္ဌာန်ခေါ် မဂ်ပုဂ္ဂိုလ် ၄–ဦးနှင့် ဖလဋ္ဌာန်ခေါ် ဖိုလ်ပုဂ္ဂိုလ် ၄–ဦးတို့သည်တိဟိတ်ပုဂ္ဂိုလ်များဖြစ်ကြ၏။ မဂ္ဂဋ္ဌပုဂ္ဂိုလ်သည် မဂ်၌တည်ဆဲပုဂ္ဂိုလ်ဖြစ်သဖြင့် မဂ်စိတ်ဖြစ်ခိုက် စိတ္တက္ခဏ ၁–ချက် အတွင်းသာ မဂ္ဂဋ္ဌာန်ဟု ခေါ်ရ၏။ မဂ်စိတ် ချုပ်သွားသည်နှင့် တစ်ပြိုင်နက် ဖလဋ္ဌာန်ဖြစ်သွားလေတော့၏။

## ပုဂ္ဂိုလ်စိတ်ရ

ဘုံအသီးသီး၌ ပုဂ္ဂိုလ်အသီးသီးတို့ရနိုင်သော စိတ်များမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

| ပုဂ္ဂိုလ် | ကာမ ၁၁–ဘုံ | ရူပဗြဟ္မာဘုံ | အရူပဗြဟ္မာဘုံ |
|---|---|---|---|
| ဒုဂ္ဂတိ အဟိတ် | အကုသိုလ်စိတ် ၁၂ ဟသိတုပ္ပါဒ်<br>အဟိတ် ၁၇<br>မဟာကုသိုလ် ၈<br>ပေါင်း ၃၇ | မရှိ | မရှိ |

http://www.dhammadownload.com



| ပုဂ္ဂိုလ် | ကာမ ၁၁-ဘုံ | ရူပဗြဟ္မာဘုံ | အရူပဗြဟ္မာဘုံ |
|---|---|---|---|
| သုဂတိ<br>အဟိတ်<br>နှင့်<br>ဒွိဟိတ် | အကုသိုလ်စိတ် ၁၂<br>ဟသိတ်ကြဉ်<br>အဟိတ် ၁၇<br>မဟာကုသိုလ် ၈<br>မဟာဝိ-ဉာဏဝိ ၄<br>ပေါင်း ၄၁ | မရှိ | မရှိ |
| တိဟိတ်<br>ပုထုဇဉ် | အကုသိုလ်စိတ် ၁၂<br>ဟသိတ်ကြဉ်<br>အဟိတ် ၁၇<br>မဟာကုသိုလ် ၈<br>မဟာဝိပါက် ၈<br>ပေါင်း ၄၅<br>ဈာန်ရလျှင်ရသမျှ<br>ဈာန်ကုသိုလ်ထပ်<br>ပေါင်းပါ | ဒေါသမူဒွေကြဉ်<br>သောအကုသိုလ်<br>စိတ် ၁၀<br>ဃာနာဒိတ္တယ<br>၆ နှင့် ဟသိ<br>ကြဉ်အဟိတ် ၁၁<br>မဟာကုသိုလ် ၈<br>မဟဂ္ဂုတ်<br>ကုသိုလ် ၉<br>ရူပဝိပါက်<br>၅-ပါးတွင်<br>၁-ပါးပါ ၁<br>ပေါင်း ၃၉ | ဒေါသမူဒွေကြဉ်<br>သောအကုသိုလ်<br>စိတ် ၁၀<br>မနောဒွါရာ<br>ဝဇ္ဇန်း ၁<br>မဟာကုသိုလ် ၈<br>အရူပကုသိုလ် ၄<br>အရူပဝိပါက်<br>၄-ပါး၌<br>၁-ပါးပါ ၁<br>ပေါင်း ၂၄ |
| သော<br>တာပန် | လောဘမူဒိဋ္ဌိသံ<br>လေးပါးနှင့်ဝိစိကိစ္ဆာ<br>ကြဉ်အကု ၇<br>ဟသိကြဉ်<br>အဟိတ် ၁၇ | ဒေါသမူ ၂,<br>လောဘမူဒိဋ္ဌိသံ<br>၄ နှင့် ဝိစိကိစ္ဆာ<br>စိတ်ကြဉ်အကု ၅<br>ဃာနာဒိတ္တယ | ဒေါသမူ ၂,<br>လောဘမူဒိဋ္ဌိသံ<br>၄ နှင့် ဝိစိကိစ္ဆာ<br>ကြဉ်အကု ၅<br>မနောဒွါရာ |

| ပုဂ္ဂိုလ် | ကာမ ၁၁–ဘုံ | ရူပဗြဟ္မာဘုံ | အရူပဗြဟ္မာဘုံ |
|---|---|---|---|
| | မဟာကုသိုလ် ၈<br>မဟာဝိပါက် ၈<br>သောတာပတ္တိ ဖိုလ် ၁<br>ပေါင်း ၄၁<br>ဈာန်ရလျှင်ရသမျှ မဟဂ္ဂုတ်ကုသိုလ် ထပ်ပေါင်းပါ | ၆ နှင့် ဟသိတ်ကြဉ် အဟိတ် ၁၁<br>မဟာကုသိုလ် ၈<br>မဟဂ္ဂုတ် ကုသိုလ် ၉<br>ရူပဝိပါက် ၅–ပါး၌ ၁–ပါးပါ ၁<br>သောတာပတ္တိ ဖိုလ် ၁<br>ပေါင်း ၃၅ | ဝဇ္ဇန်း ၁<br>မဟာကုသိုလ် ၈<br>အရူပကုသိုလ် ၄<br>အရူပဝိပါက် ၄–ပါး၌ ၁–ပါးပါ ၁<br>သောတာ ပတ္တိဖိုလ် ၁<br>ပေါင်း ၂၀ |
| သကဒါ ဂါမ် | သောတာပန် အတိုင်း ၄၁<br>သောတာပတ္တိ ဖိုလ်အစား သကဒါဂါမိ ဖိုလ် ထည့်ပါ | ရူပသောတာပန် အတိုင်း ၃၅<br>သောတာပတ္တိ ဖိုလ်အစား သကဒါဂါမိ ဖိုလ်ထည့်ပါ | အရူပသောတာ ပန်အတိုင်း ၂၀<br>သောတာပတ္တိ ဖိုလ်အစား သကဒါ ဂါမိဖိုလ်ထည့်ပါ |
| အနာ ဂါမ် | လောဘမူ ဒိဋ္ဌိ သံ ၄, ဝိစိ ၁, ဒေါသ မူ ၂ ကြဉ်အကု ၅<br>ဟသိကြဉ် အဟိတ် ၁၇<br>မဟာကုသိုလ် ၈<br>မဟာဝိပါက် ၈ | ရူပသောတာပန် အတိုင်း ၃၅<br>သောတာပတ္တိ ဖိုလ်အစား အနာဂါမိဖိုလ် ထည့်ပါ | အရူပသောတာ ပန်အတိုင်း ၂၀<br>သောတာပတ္တိ ဖိုလ်အစား အနာဂါမိဖိုလ် ထည့်ပါ |

http://www.dhammadownload.com



| ပုဂ္ဂိုလ် | ကာမ ၁၁–ဘုံ | ရူပဗြဟ္မာဘုံ | အရူပဗြဟ္မာဘုံ |
|---|---|---|---|
| | အနာဂါမိဖိုလ် ၁<br>ပေါင်း: ၃၉<br>ဈာန်ရလျှင်ရသမျှ မဟဂ္ဂုတ်ကုသိုလ် ထပ်ပေါင်းပါ။ | | |
| ရဟန္တာ | အဟိတ်စိတ် ၁၈<br>မဟာဝိပါက် ၈<br>မဟာကြိယာ ၈<br>အရဟတ္တဖိုလ် ၁<br>ပေါင်း: ၃၅ | ဃာနာဒိတ္တယ ကြဉ်အဟိတ် စိတ် ၁၂<br>မဟာကြိယာ ၈<br>မဟဂ္ဂုတ် ကြိယာ ၉<br>ရူပဝိပါက် ၅–ပါး၌ ၁–ပါးပါး ၁<br>အရဟတ္တဖိုလ် ၁<br>ပေါင်း: ၃၁ | မနောဒွါရာဝဇ္ဇန်း ၁<br>မဟာကြိယာ ၈<br>အရူပကြိယာ ၄<br>အရူပဝိပါက် ၄–ပါး၌ ၁–ပါးပါး ၁<br>အရဟတ္တဖိုလ် ၁<br>ပေါင်း: ၁၅ |

**မှတ်ချက်။** ။ (၁)ဃာနာဒိတ္တယ ၆–ပါးမှာ ဃာနဝိညာဏ်ဒွေ၊ ဇိဝှာဝိညာဏ်ဒွေနှင့် ကာယဝိညာဏ်ဒွေတို့ ဖြစ်ကြ၏။

(၂) ရူပဝိပါက် ၅–ပါးနှင့် အရူပဝိပါက် ၄–ပါးတို့ကို ပုဂ္ဂိုလ် တစ်ဦးတည်း၌ အကုန်မရနိုင်ပါ။ မိမိ ပဋိသန္ဓေနေသည့်စိတ် ၁–ပါးကို သာ ရနိုင်၏။

(၃) မဂ္ဂဋ္ဌပုဂ္ဂိုလ် ၄–ဦးတို့သည် မိမိတို့ဆိုင်ရာ မဂ်စိတ် ၁–ပါး

http://www.dhammadownload.com



ကိုသာ ရ၏။ ပုံစံအဖြစ် သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်၌ သောတာပတ္တိမဂ်စိတ် ၁-ပါးကိုသာ ရ၏။

✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၅)

## ဘုံပိုင်း

### ဝိထိမုတ်စိတ်များ

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော ဥပေက္ခာသန္တီရဏစိတ် ၂–ပါး၊ မဟာဝိပါက်စိတ် ၈–ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါးတို့သည် ဝိထိမှလွတ်ကင်းသည့် စိတ်များဖြစ်ကြ၍ ဝိထိမုတ်စိတ်များဟု အမည်ရကြ၏။

ဤစိတ် ၁၉–ပါးတို့သည် ၃၁–ဘုံ၌သတ္တဝါအမျိုးမျိုးတို့ ပဋိသန္ဓေဖြစ်ပေါ်ရန် ပဋိသန္ဓေစိတ်အဖြစ် လည်းကောင်း၊ ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် ဘဝဆက်လက် ဖြစ်ပေါ်နေရန် ဘဝင်စိတ်အစဉ်အဖြစ် လည်းကောင်း၊ ဘဝဆုံးသည့်အခါ၌ စုတိစိတ်အဖြစ် လည်းကောင်း ဆောင်ရွက်ကြ၏။

ဝိထိမုတ်စိတ် ၁၉–ပါးကို အကြောင်းပြု၍ ဘုံအကြောင်း၊ ပဋိသန္ဓေအကြောင်း၊ ကံအကြောင်းနှင့် သေခြင်းအကြောင်းတို့ကို ဆွေးနွေးတင်ပြမည့် ဤအခန်းကို "ဝိထိမုတ်ပိုင်း" (ဝါ) "ဘုံပိုင်း"ဟု ခေါ်၏။

### စတုက္ကလေးလီ

ဝိထိမုတ်ပိုင်း၌ ပါဝင်ကြသော စတုက္က (လေးခုစု) ၄–မျိုးကား–

(၁) ဘူမိစတုက္က = ဘုံ ၄–မျိုး

http://www.dhammadownload.com



(၂) ပဋိသန္ဓိစတုက္က = ပဋိသန္ဓေ ၄–မျိုး
(၃) ကမ္မစတုက္က = ကံ ၄–မျိုး နှင့်
(၄) မရဏုပ္ပတ္တိစတုက္က = သေခြင်းအကြောင်း ၄–မျိုးတို့ ဖြစ်ကြ၏။

## ဘုံလေးမျိုး

သတ္တဝါတို့ ဖြစ်ရာတည်မှီရာ၊ လှည့်လည်ကျက်စားရာ ဘုံ ၄–မျိုးကား–

(၁) အပါယ်ဘုံ (ဝါ) ကာမဒုဂ္ဂတိဘုံ = ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသည့် အပါယ် ၄–ဘုံ၊

(၂) ကာမသုဂတိဘုံ = လူ့ပြည်နှင့် နတ်ပြည် ၆–ထပ် (ပေါင်း ၇–ဘုံ)

(၃) ရူပဘုံ = ပထမစျာန် ၃–ဘုံ၊ ဒုတိယစျာန် ၃–ဘုံ၊ တတိယစျာန် ၃–ဘုံနှင့် စတုတ္ထစျာန် ၇–ဘုံဟူသည့် ရူပဗြဟ္မာ ၁၆–ဘုံ။

(၄) အရူပဘုံ = အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ ဟူသော အရူပဗြဟ္မာ ၄–ဘုံ။

မှတ်ချက်။ ။ အပါယ် ၄–ဘုံနှင့် ကာမသုဂတိ ၇–ဘုံတို့ကို ပေါင်း၍ ကာမ ၁၁–ဘုံဟုခေါ်၏။ ကာမဂုဏ် ခံစားရာ ဘုံများတည်း။

ကာမ ၁၁–ဘုံ၊ ရူပဗြဟ္မာ ၁၆ဘုံနှင့် အရူပဗြဟ္မာ ၄–ဘုံတို့ကို ပေါင်း၍ ရေတွက်သော် ၃၁–ဘုံရ၏။

## ဘုံများ၏တည်ရာ

လူ့ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံနှင့် အသူရကာယ်ဘုံတို့သည်

http://www.dhammadownload.com



ကမ္ဘာမြေပြင်ပေါ်၌ တည်ရှိကြ၏။ ဘုံသီးခြားစီမရှိကြ။ ခန္ဓာတို့၏ ဖြစ်ခြင်းကိုပင် ဘုံဟု မှတ်ယူရ၏။

ငရဲဘုံသည် သီးခြားတည်ရှိ၏။ သိဉ္ဇိုဝ်း၊ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိဟူ၍ ငရဲကြီး ၈–ထပ်ရှိ၏။ ၎င်းတို့သည် ကမ္ဘာမြေပြင်အောက်၌ ယူဇနာ ၁၅၀၀၀ ဝေးကွာသောအရပ်မှစ၍ တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ ၁၅၀၀၀ စီ ကွာဝေးလျက် တည်ရှိကြ၏။ ၃၁–ဘုံ ဇယားကြီးကို ကြည့်ပါ။

နတ်ဘုံတို့ကား စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိနှင့် ပရနိမ္မိတဝသဝတ္တီတို့ ဖြစ်ကြ၏။

စတုမဟာရာဇ်နတ်ဘုံသည် ယူဇနာ ၄၂၀၀၀ မြင့်သော ယုဂန္ဓိုရ်တောင်ထိပ်မှစ၍ မြေပြင်အထိ ပျံ့နှံ့၍တည်၏။ တာဝတိံသာသည် ယူဇနာ ၈၄၀၀၀ မြင့်သော မြင့်မိုရ်တောင်ထိပ်မှ စကြဝဠာ တံတိုင်းအထိ ကောင်းကင်၌ ပျံ့နှံ့၍တည်၏။ ကျန်နတ်ပြည် ၄–ထပ်တို့သည်လည်း ယူဇနာ ၄၂၀၀၀ စီ အဆင့်ဆင့် မြင့်တက်သွားကြ၏။

ရူပဗြဟ္မာ ၁၆–ဘုံတို့ကို ၃၁–ဘုံ ဇယား၌ ၉–ဆင့်ခွဲပြထား၏။
ပထမစျာန် ၃–ဘုံ = ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာ။
ဒုတိယစျာန် ၃–ဘုံ = ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ။
တတိယစျာန် ၃–ဘုံ = ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ။
စတုတ္ထစျာန် ၇–ဘုံ = ဝေဟပ္ဖိုလ်၊ အသညသတ်တို့ကို ၁–ဆင့်စီ၊ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌဟူသည့် သုဒ္ဓါဝါသ ၅–ဘုံတို့ကို ၅–ဆင့်ခွဲပြထား၏။

အထက်ပါဘုံ ၇–ဆင့်တို့သည် ၁–ဆင့်လျှင် ယူဇနာ ၅၅၀၈၀၀၀ စီ မြင့်တက်သွားကြ၏။

အရူပဗြဟ္မာ ၄–ဘုံတို့သည်လည်း အကနိဋ္ဌဘုံအထက်၌ ယူဇနာ ၅၅၀၈၀၀၀ စီပင် အဆင့်ဆင့် မြင့်တက်သွားကြ၏။

http://www.dhammadownload.com



လူ့ပြည်မှ အမြင့်ဆုံးဘဝဂ်(နေဝသညာ နာသညာယတနဘုံ) သို့ ယူဇနာပေါင်း ၇၁၈၅၆၀၀၀ ဝေးကွာ၏။

လူ့ပြည်မှ အဝီစိငရဲသို့ ယူဇနာ ၁၂၀၀၀၀ ဝေးကွာ၏။

ကမ္ဘာမြေကြီးသည် မြေသားအထုဖြစ်သည့် ပံသုပထဝီ၌ ယူဇနာ ၁၂၀၀၀၀၊ ကျောက်သားအထုဖြစ်သည့် သိလာပထဝီ၌ ယူဇနာ ၁၂၀၀၀၀၊ နှစ်ရပ်ပေါင်း ယူဇနာ ၂၄၀၀၀၀ အထုရှိသည်ဟု ဆိုထား၏။

**မှတ်ချက်။** ။အထက်ပါမြေထုပမာဏသည် သိပ္ပံတွေ့ရှိချက်နှင့် မကိုက်ညီပါ။ သိပ္ပံတွေ့ရှိချက်အရ ကမ္ဘာမြေကြီးသည် သစ်တော်သီးပုံသဏ္ဌာန် လုံးနေပြီး၊ အချင်းပမာဏမှာ မိုင် ၈၀၀၀ သာရှိသည်။ ထို့အပြင် ကမ္ဘာမြေကြီးကို ရေထုနှင့် လေထုတို့က မထားသည်လည်း မဟုတ်ပါ။ ကမ္ဘာမြေကြီးသည် နေကို လှည့်ပတ်လျက် အာကာသ၌ ရွေ့လျားနေသော ဂြိုဟ်ငယ် တစ်လုံးသာ ဖြစ်၏။

ယခုခေတ်လူတို့သည် ၁–ယူဇနာလျှင် ၈–မိုင်မှ ၁၃ မိုင်အထိ ရှိသည်ဟု ယူဆကြ၏။ ထို့ကြောင့် ကမ္ဘာမြေကြီး၏ အထုသည် မိုင်ပေါင်း ၂၄၀၀၀၀ x ၈ ကျော်ရှိနေသဖြင့် သိပ္ပံအဆိုထက် လွန်စွာ ပိုမိုနေပါသည်။

အထက်တွင် ဖော်ပြခဲ့သော ဘုံအကွာအဝေးတို့သည် သီဟိုဠ်သာသနာကာလ၌ အနုရုဒ္ဓါမထေရ် ရေးသားသည့် "အဘိဓမ္မတ္ထသင်္ဂဟ" ကျမ်းတွင် ဖော်ပြထားချက်မျှသာ ဖြစ်သည်။ မြတ်စွာဘုရား ဟောကြားခဲ့သည်ဟု မှတ်ယူရန်မလိုပါ။

၃၁–ဘုံရှိသည့်အကြောင်းကိုကား အကြောင်းအကျိုး ဆက်နွယ်မှုနှင့်တကွ ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့ခြင်းဖြစ်၍ ယုံကြည်ထိုက်ပါသည်။ ငရဲဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သည် အလွန်ဝေးကွာသော အရပ်များ၌ တည်ရှိခြင်းကို ယုံကြည်ထိုက်ပါသည်။

အဘိဓမ္မာသည် ပရမတ္ထတရားတို့၏ သဘောသဘာဝတို့ကို

http://www.dhammadownload.com



ဟောကြားထားသည့် ဒေသနာဖြစ်ရာ ပရမတ္ထ သဘောတရားတို့သည်သာ အရေးကြီး၏။ ပညတ်တရားမျှသာ ဖြစ်သည့် ဘုံအကွာအဝေးတို့မှာ အရေးမကြီးပါ။

## ဘုံနှင့် ပုဂ္ဂိုလ်

(၁) အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၁-ပါးကိုသာ ရအပ်၏။

(၂) လူ့ဘုံ၊ စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ်သော ပုဂ္ဂိုလ် ၁၁-ပါးကို ရအပ်၏။

(၃) အထက်နတ်ပြည် ၅-ထပ်တို့၌ ဒုဂ္ဂတိအဟိတ်နှင့် သုဂတိအဟိတ်ကြဉ်သည့် ပုဂ္ဂိုလ် ၁၀-ပါး (တစ်ကျိပ်)ကို ရအပ်၏။

(၄) အသညသတ်နှင့် သုဒ္ဓါဝါသ ၅-ဘုံတို့မှ ကြွင်းသော ရူပဗြဟ္မာ ၁၀-ဘုံတို့၌ အရိယာပုဂ္ဂိုလ် ၈-ပါး၊ ပုထုဇဉ်တိဟိတ် ၁-ပါး ဟူ၍ ပုဂ္ဂိုလ် ၉-ပါးကို ရအပ်၏။

(၅) အသညသတ်ဘုံ၌ ဇီဝိတရုပ်ဖြင့် ပဋိသန္ဓေနေသော သုဂတိအဟိတ်ပုဂ္ဂိုလ် ၁-ပါးကိုသာ ရအပ်၏။ (အသညသတ်ဗြဟ္မာသည် ရုပ်သာရှိပြီး နာမ်မရှိချေ။)

(၆) သုဒ္ဓါဝါသ ၅-ဘုံတို့၌ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်နှင့် အရဟတ္တဖိုလ်ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် ၃-ပါးကိုသာ ရအပ်၏။ (လူ့ဘုံမှ အနာဂါမ်ပုဂ္ဂိုလ်များ စုတေလျှင် သုဒ္ဓါဝါသဘုံ၌ အဖြစ်များ၏။)

(၇) အရူပ ၄-ဘုံ၌ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကြဉ်သော အရိယာ ၇-ပါးနှင့် ပုထုဇဉ်တိဟိတ် ၁-ပါးဟူ၍ ပုဂ္ဂိုလ် ၈-ပါးကို ရအပ်၏။

အရူပ ၄-ဘုံ၌ သောတာပတ္တိမဂ်ကို မရနိုင်ပါ။ သောတာပန်ဖြစ်ပြီးသော သူတို့က အထက်မဂ်တို့ကို ရနိုင်၏။

http://www.dhammadownload.com



## ပဋိသန္ဓေ ၄–မျိုး

(ဘုံပိုင်းဇယား၌ ဘုံအသီးသီး၏ ပဋိသန္ဓေစိတ်ကို ဖော်ပြထား၏။)

(၁) အပါယ်ပဋိသန္ဓေ = အကုသလ ဝိပါက် ဥပေက္ခာ သန္တီရဏ အဟိတ်စိတ်

(၂) ကာမသုဂတိ ပဋိသန္ဓေ = (က) ကာမသုဂတိ အဟိတ်ပဋိသန္ဓေ=ကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ အဟိတ်စိတ်။

(ခ) ကာမသုဂတိသဟိတ်ပဋိသန္ဓေ=မဟာဝိပါက်စိတ် ၈–ပါး။

(၃) ရူပပဋိသန္ဓေ = ရူပဝိပါက်စိတ် ၅–ပါး + အသညသတ်ဇီဝိတနဝက ကလာပ်ရုပ် ပဋိသန္ဓေ ၁–ပါး၊

(၄) အရူပ ပဋိသန္ဓေ = အရူပဝိပါက်စိတ် ၄–ပါး

မှတ်ချက်။ ။ အပါယ်ဒုဂ္ဂတိပဋိသန္ဓေ ၁–ပါး၊ ကာမသုဂတိ အဟိတ် ပဋိသန္ဓေ ၁–ပါး၊ ကာမသုဂတိသဟိတ် ပဋိသန္ဓေ ၈–ပါးတို့ကို ပေါင်း၍ ကာမပဋိသန္ဓေ ၁၀–ပါးဟု ခေါ်၏။

ရူပပဋိသန္ဓေ ၅–ပါးနှင့် ဇီဝိတနဝက ကလာပ်ရုပ် ပဋိသန္ဓေ ၁–ပါးတို့ကို ပေါင်း၍ ရူပပဋိသန္ဓေ ၆–ပါးဟု ခေါ်၏။

ကာမပဋိသန္ဓေ ၁၀–ပါး၊ ရူပပဋိသန္ဓေ ၆–ပါးနှင့် အရူပပဋိသန္ဓေ ၄–ပါးတို့ကို ပေါင်းသော် ပဋိသန္ဓေ ၂၀–ကို ရ၏။

## ပုဂ္ဂိုလ်နှင့် ပဋိသန္ဓေ

(၁) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်ဘုံသားတို့သည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ

http://www.dhammadownload.com



နေကြ၏။

(၂) လူ့ဘုံနှင့်စတုမဟာရာဇ် ဘုံတို့၌ ပဋိသန္ဓေအားဖြင့် ကန်းသောသူ (ဇစ္စန္ဓပုဂ္ဂိုလ်)၊ နားပင်းသောသူ (ဇစ္စဗဓိရပုဂ္ဂိုလ်)၊ ဃာနပသာဒချို့သောသူ (ဇစ္စဃာနပုဂ္ဂိုလ်)၊ ထစ်အ၍ စကားမပီသောသူ (ဇစ္စမူဂ)၊ အလွန် ဉာဏ်ထိုင်း၍ ဆွံ့အသောသူ (ဇစ္စဇဠ)၊ ဝမ်းတွင်းရူးသူ (ဇစ္စုမ္မတ္တက)၊ ပန်းစုတ်၍ ကာမဂုဏ်ခံစားသူ (ပဏ္ဍက)၊ ယောက်ျားနှင့်မိန်းမတို့၏ နိမိတ်အင်္ဂါအစုံရှိသူ (ဥဘတောဗျည်း)၊ ယောက်ျားလည်းမဟုတ် မိန်းမလည်းမဟုတ်သောသူ (နပုန်း)၊ ထစ်ထစ်ငေါ့ငေါ့နှင့် ဒရွတ်ဆွဲ၍ ပြောသူ (မမ်းဆွဲသူ)တို့သည် လည်းကောင်း၊ ဘုတ်၊ မှင်စာ၊ တစ္ဆေ၊ အစိမ်း၊ သရဲ၊ ဘီလူး၊ ဘုမ္မစိုးနတ်အချို့သည် လည်းကောင်း၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

(၃) ကာမသုဂတိ ၇–ဘုံလုံး၌ အာယတနပြည့်စုံသော (အင်္ဂါစုံသော) လူနတ်တို့သည် မဟာဝိပါက်စိတ် ၈–ပါးတွင် ၁–ပါးပါးဖြင့် ပဋိသန္ဓေနေကြ၏။ ဤ၌ ဒွိဟိတ်ပုဂ္ဂိုလ်များသည် မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄–ပါးဖြင့် ပဋိသန္ဓေနေကြ၏။ တိဟိတ်ပုဂ္ဂိုလ်သည် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄–ပါးဖြင့် ပဋိသန္ဓေနေကြ၏။

(၄) ရူပဗြဟ္မာများအနက် ပထမစျာန် ၃–ဘုံသားများသည် ရူပပထမစျာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

ဒုတိယစျာန် ၃–ဘုံဗြဟ္မာများသည် ဒုတိယစျာန်ဝိပါက်နှင့် တတိယစျာန် ဝိပါက်စိတ် ၂–ပါးတွင် ၁–ပါးပါးဖြင့် ပဋိသန္ဓေနေကြ၏။

တတိယစျာန် ၃–ဘုံ ဗြဟ္မာများသည် စတုတ္ထစျာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

အသညသတ် ဗြဟ္မာများမှ ကြွင်းသော စတုတ္ထစျာန် ဗြဟ္မာများသည် ပဉ္စမစျာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။ အသညသတ် ဗြဟ္မာတို့သည် ဇီဝိတနဝက ကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေကြ၏။

http://www.dhammadownload.com



(၅) အာကာသာနဉ္စာယတန ဖြဟ္မာများသည် အာကာသာနဉ္စာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

ဝိညာဏဉ္စာယတနဖြဟ္မာများသည် ဝိညာဏဉ္စာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

အာကိဉ္စညာယတန ဖြဟ္မာတို့သည် အာကိဉ္စညာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

နေဝသညာနာသညာယတန ဖြဟ္မာတို့သည် နေဝသညာနာသညာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

## ရူပဖြဟ္မာဘုံများအား အမည်ပေးပုံ

ရူပပဋိသန္ဓေနှင့် ရူပဘုံတို့၏ အမည်ကွဲလွဲနေရခြင်းအကြောင်းမှာ ရူပဈာန်များကို ၅–ပါးတစ်နည်း, ၄–ပါးတစ်နည်းဟူ၍ ရေတွက်နည်း ၂–မျိုးရှိသောကြောင့် ဖြစ်၏။

| ဈာန်အင်္ဂါ | ဈာန် ၅–ပါး ရေတွက်ပုံ | ဈာန် ၄–ပါး ရေတွက်ပုံ | ဘုံအမည် |
|---|---|---|---|
| ဝိ,စာ,ပီ သု,ဧ | ပထမဈာန် | ပထမဈာန် | ပထမဈာန် |
| စာ,ပီ,သု,ဧ | ဒုတိယဈာန် | – | – |
| ပီ,သု,ဧ | တတိယဈာန် | ဒုတိယဈာန် | ဒုတိယဈာန် |
| သု,ဧ | စတုတ္ထဈာန် | တတိယဈာန် | တတိယဈာန် |
| ဥ,ဧ | ပဉ္စမဈာန် | စတုတ္ထဈာန် | စတုတ္ထဈာန် |

ရူပဈာန် ၄–ပါးရေတွက်သည့်နည်း၌ ဝိတက်နှင့် ဝိစာရတို့ကို တစ်ပြိုင်တည်းပယ်၍ ဒုတိယဈာန်သို့ တက်သည်။

http://www.dhammadownload.com



## ပဋိသန္ဓေတည်ပုံ ၄–မျိုး

(၁) အဏ္ဍဇပဋိသန္ဓေ = ဉခွံတွင်း၌ ပဋိသန္ဓေတည်ခြင်း။

(၂) ဇလာဗုဇပဋိသန္ဓေ = သားအိမ်အတွင်း၌ ပဋိသန္ဓေတည်ခြင်း။

(၃) သံသေဒဇပဋိသန္ဓေ= သစ်ခေါင်း၊ သစ်သီး၊ ပန်းပွင့်၊ ရွှံ့ညွန် စသည်တို့၌ ပဋိသန္ဓေတည်ခြင်း။

(၄) ဥပပတ်ပဋိသန္ဓေ = အရွယ်ရောက်ပြီးသောကိုယ်ဖြင့် ကောင်းကင်မှ ခုန်ပျံလာသကဲ့သို့ ဘွားကနဲအထင်အရှား ဖြစ်ခြင်း။

**မှတ်ချက်။** ။ အဏ္ဍဇပဋိသန္ဓေနှင့်ဇလာဗုဇပဋိသန္ဓေတို့ကို ပေါင်း၍ ဂဗ္ဘသေယျကပဋိသန္ဓေ (အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်ခြင်း)ဟုလည်း ခေါ်၏။

## ဘုံသားနှင့် ပဋိသန္ဓေ

ငရဲသားတို့သည် ဥပပတ် ပဋိသန္ဓေ ၁–ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။

ပြိတ္တာနှင့် အသုရကာယ်တို့သည် ဇလာဗုဇ၊ ဥပပတ်ပဋိသန္ဓေ ၂–ပါးဖြင့် ဖြစ်ပေါ်ကြ၏။

တိရစ္ဆာန်တို့သည် အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဥပပတ်ဟူ၍ ပဋိသန္ဓေ ၄–ပါးလုံးဖြင့် ဖြစ်ပေါ်ကြ၏။

လူတို့သည် ကမ္ဘာဦးအစ၌ ဥပပတ်ပဋိသန္ဓေ ၁–ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။ ထို့နောက်၌ ဇလာဗုဇ၊ သံသေဒဇ၊ ပဋိသန္ဓေ ၂–ပါးဖြင့် ဖြစ်ပေါ်ကြ၏။

ဘုတ်၊ မှင်စာ၊ တစ္ဆေ၊ အစိမ်း၊ သရဲ၊ ဘီလူးနှင့် ဘုမ္မစိုဝ်းနတ်တို့

http://www.dhammadownload.com



သည် ဇလာဗုဇနှင့် ဥပပတ်ပဋိသန္ဓေ ၂–ပါးဖြင့် ဖြစ်ပေါ်ကြ၏။

အထက်နတ်ဗြဟ္မာတို့သည်ဥပပတ်ပဋိသန္ဓေ ၁–ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။

## သတ္တဝါတို့၏ သက်တမ်း

(၁) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသည့် အပါယ်ဘုံသားများသည် သက်တမ်းမမြဲကြပါ။ မိမိတို့၏ကံများသာလျှင် သက်တမ်းအတိုင်းအတာများ ဖြစ်ကြ၏။

(၂) ဇမ္ဗူဒီပါတောင်ကျွန်းလူတို့တွင်လည်း သက်တမ်းမမြဲကြပါ။ အသင်္ချေယျတမ်းမှသည် ၁၀–နှစ်တမ်း၊ ၁၀–နှစ်တမ်းမှသည် အသင်္ချေယျတမ်းဟူ၍ ဆုတ်ချည် တက်ချည်ရှိ၏။

"ရှေ့ခုနစ်ရာ၊ နောက်ငါးရာ၊ မြောက်မှာ တစ်ထောင်မြဲ" ဟူသော စကားအရအရှေ့ကျွန်းသားတို့တွင် သက်တမ်း၇၀၀–နှစ်၊ အနောက်ကျွန်းသားတို့တွင် သက်တမ်း ၅၀၀–နှစ်၊ မြောက်ကျွန်းသားတို့တွင် သက်တမ်း ၁၀၀၀–နှစ်ဟူ၍ တည်မြဲကြပါသည်။

(၃) အောက်စတုမဟာရာဇ် နတ်များဖြစ်ကြသော ရုက္ခစိုဝ်း၊ အာကာသစိုဝ်း၊ဘုမ္မစိုဝ်းနတ်တို့သည် လည်းကောင်း၊ ဘုတ်၊ မှင်စာ၊ တစ္ဆေ၊ သရဲ၊ အစိမ်းစသည့်ဘုမ္မသိတနတ်များသည် လည်းကောင်း သက်တမ်း မမြဲကြပါ။

(၄) အထက်အထက်သော နတ်များနှင့် ဗြဟ္မာတို့ကား သက်တမ်းမြဲကြ၏။

http://www.dhammadownload.com



| နတ်ဘုံ | ဆိုင်ရာနတ်နှစ် | လူတို့နှစ် |
|---|---|---|
| အထက်စတုမဟာရာဇ် | ၅၀၀ | ၉,၀၀၀,၀၀၀ |
| တာဝတိံသာ | ၁၀၀၀ | ၃၆,၀၀၀,၀၀၀ |
| ယာမာ | ၂၀၀၀ | ၁၄၄,၀၀၀,၀၀၀ |
| တုသိတာ | ၄၀၀၀ | ၅၇၆,၀၀၀,၀၀၀ |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀၄,၀၀၀,၀၀၀ |
| ပရနိမ္မိတဝသဝတ္တီ | ၁၆၀၀၀ | ၉၂၁၆,၀၀၀,၀၀၀ |

မှတ်ချက်။ ။ အထက်စတုမဟာရာဇ်နတ်တို့၏ ၁–ရက်တာသည် လူတို့၏ နှစ် ၅၀–နှင့် ညီမျှ၏။ ထို့ကြောင့် စတုမဟာရာဇ်နတ်တို့၏ နှစ် ၅၀၀ သည် လူတို့၏ နှစ် ၉–သန်းနှင့် ညီမျှ၏။

တာဝတိံသာနတ်တို့၏ ၁–ရက်တာသည် လူတို့၏ နှစ် ၁၀၀ နှင့် ညီမျှ၏။ ထို့ကြောင့် တာဝတိံသာနတ်တို့၏ နှစ် ၁၀၀၀ သည် လူတို့၏ နှစ် ၃၆–သန်းနှင့် ညီမျှ၏။ ထို့ကြောင့် တာဝတိံသာနတ်သက်သည် အထက် စတုမဟာရာဇ် နတ်သက်၏ ၄–ဆရှိ၏။

ယာမာနတ်တို့၏ သက်တမ်းမှာ နှစ် ၂၀၀၀ ရှိပြီး၊ ယာမာနတ်တို့၏ ၁–ရက်တာသည် လူတို့၏ နှစ် ၂၀၀ နှင့် တူညီ၏။ ထို့ကြောင့် ယာမာနတ်သက်သည် တာဝတိံ နတ်သက်၏ ၄–ဆနှင့် ညီ၏။

အထက်အထက်သော နတ်သက်တို့သည်လည်း အလားတူပင် ၄–ဆစီ မြင့်တက်သွားကြ၏။

http://www.dhammadownload.com



## ဗြဟ္မာတို့၏ သက်တမ်းများ

| ဗြဟ္မာဘုံ | ဘုံအမည် | သက်တမ်း |
|---|---|---|
| ပထမစျာန် ၃-ဘုံ | ဗြဟ္မပါရိသဇ္ဇာ | ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်၏ ၁/၃ |
| | ဗြဟ္မပုရောဟိတာ | ။ ။ ၂/၃ |
| | မဟာဗြဟ္မာ | ။ ။ ၁ |
| ဒုတိယစျာန် ၃-ဘုံ | ပရိတ္တာဘာ | ၂ ကမ္ဘာ |
| | အပ္ပမာဏာဘာ | ၄ ကမ္ဘာ |
| | အာဘဿရာ | ၈ ကမ္ဘာ |
| တတိယစျာန် ၃-ဘုံ | ပရိတ္တသုဘာ | ၁၆ ကမ္ဘာ |
| | အပ္ပမာဏသုဘာ | ၃၂ ကမ္ဘာ |
| | သုဘကိဏှာ | ၆၄ ကမ္ဘာ |
| စတုတ္ထစျာန် ၇-ဘုံ | ဝေဟပ္ဖိုလ် | ၅၀၀ ကမ္ဘာ |
| | အသညသတ် | ၁၀၀၀ ကမ္ဘာ |
| | အဝိဟာ | ၁၀၀၀ ကမ္ဘာ |
| | အာတပ္ပါ | ၂၀၀၀ ကမ္ဘာ |
| | သုဒဿာ | ၄၀၀၀ ကမ္ဘာ |
| | သုဒဿီ | ၈၀၀၀ ကမ္ဘာ |
| | အကနိဋ္ဌ | ၁၆၀၀၀ ကမ္ဘာ |
| အရူပဗြဟ္မာ ၄-ဘုံ | အာကာသာ နဉ္စာယတန | ၂၀၀၀၀ ကမ္ဘာ |
| | ဝိညာဏဉ္စာယတန | ၄၀၀၀၀ ကမ္ဘာ |

http://www.dhammadownload.com



| ဖြဟ္မာဘုံ | ဘုံအမည် | သက်တမ်း |
|---|---|---|
| | အာကိဉ္စညာယတန | ၆၀၀၀၀ ကမ္ဘာ |
| | နေဝသညာနာသညာယတန | ၈၄၀၀၀ ကမ္ဘာ |

## ကမ္ဘာပျက်ပုံ

မီးဖျက်၍ကမ္ဘာပျက်သည့်အခါပထမဈာန် ၃–ဘုံအထိ ပျက်စီး၏။

မီး ၇–ကြိမ် ဖျက်ပြီးနောက် ၈–ကြိမ်မြောက်တွင် ရေဖျက်၍ ကမ္ဘာ ပျက်၏။ ထိုအခါ ဒုတိယဈာန် ၃–ဘုံအထိ ပျက်စီး၏။

ထိုသို့ မီး ၇–ကြိမ်၊ ရေ ၁–ကြိမ် အလှည့်အကြိမ်အတိုင်း ကမ္ဘာ ၆၃–ကြိမ်ပျက်ပြီးနောက် ၆၄–ကြိမ်မြောက်၌ လေဖျက်၍ ကမ္ဘာပျက်၏။ ထိုအခါ တတိယဈာန်ဘုံ ၃–ဘုံအထိ ပျက်စီး၏။

သတ္တဝါတိုင်းသည် အစမထင်သည့် သံသရာတွင် ကျင်လည်ခဲ့ ကြရသဖြင့် မီး၊ ရေ၊ လေ ဖျက်ဆီး၍ကမ္ဘာပျက်သည့်အခါထိုဘေးမှ လွတ် မြောက်ရန်အတွက် စတုတ္ထဈာန်ဘုံသို့ ရောက်ဖူးကြမည်ဟု ယုံကြည် ရ၏။

## ကမ္မစတုက္က

| | | | |
|---|---|---|---|
| ကိစ္စကမ္မ စတုက္က= ပြုလုပ်မှုကိစ္စ | ပါကဒါန ပရိယာယ= အကျိုးပေး သောအလှည့် | ပါကကာလ= အကျိုးပေးရာ ကာလ | ပါကဋ္ဌာနကမ္မ စတုက္က=အကျိုး ပေးရာဘုံဌာန |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ဇနကကံ | ဂရုကကံ | ဒိဋ္ဌဓမ္မဝေဒနီယကံ | အကုသိုလ်ကံ |
| ဥပတ္ထမ္ဘကကံ | အာသန္နကံ | ဥပပဇ္ဇဝေဒနီယကံ | ကာမကုသိုလ်ကံ |
| ဥပပီဠကကံ | အာစိဏ္ဏကံ | အပရာပရိယဝေဒနီယကံ | ရူပါဝစရကုသိုလ်ကံ |
| ဥပဃာတကကံ | ကဋတ္တာကံ | အဟောသိကံ | အရူပါဝစရကုသိုလ်ကံ |

## ကိစ္စကမ္မစတုက္က

ပြုလုပ်မှုကိစ္စအစွမ်းအားဖြင့် ကံ ၄–မျိုးကွဲပြား၏။

(၁) ဇနကကံ = ပဋိသန္ဓေအကျိုးနှင့်ပဝတ္တိအကျိုးတို့ကိုကိုယ်တိုင် ဖြစ်စေတတ်သော ကံ (ပဋိသန္ဓေစိတ်ဥပါဒ်ခိုက်ကိုပဋိသန္ဓေကာလ၊ပဋိသန္ဓေစိတ်၌မှ စုတိစိတ်တို့၏အကြားရှိကာလကိုပဝတ္တိကာလဟု ခေါ်၏။)

(၂) ဥပတ္ထမ္ဘကကံ = ဇနကကံကို အထောက်အပံ့ပြုသောကံ။

(၃) ဥပပီဠကကံ = ဇနကကံ၏အကျိုးကို အားနည်းအောင် ဖိနှိပ်တတ်သော ကံ။

(၄) ဥပဃာတကကံ = ဇနကကံအကျိုး ပေးထားသော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်အစဉ်ကို ဖြတ်ပြီး မိမိ၏ အကျိုးကို ပေးတတ်သောကံ။

(ဝိပါက်နာမက္ခန္ဓာ = ကံ၏အကျိုးဖြစ်သော နာမ် ခန္ဓာ ၄–ပါး (ဝါ) ဝိပါက်စိတ်နှင့် စေတသိက် များ။)

http://www.dhammadownload.com



ကဋတ္တာရုပ် = ကမ္မဇရုပ် (ကံကြောင့်ဖြစ်သောရုပ်)နှင့် ဥတုဇရုပ် (ဥတုကြောင့် ဖြစ်သောရုပ်)

## ပါကဒါနပရိယာယ ကမ္မစတုက္က

အကျိုးပေးသော အလှည့်အကြိမ်အားဖြင့်ကံတို့ကို ၄–မျိုးခွဲခြားနိုင်၏။

(၁) ဂရုကကံ = စုတိပြီးအခြားစဲ၌ အကျိုးပေးမြဲဖြစ်သော အလွန်အားကြီးသည့်ကံ။

(ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိ၊ မဟဂ္ဂုတ်ကုသိုလ်ကံနှင့် လောကုတ္တရာ ကုသိုလ်ကံ)

(၂) အာသန္နကံ = စုတေခါနီး လောလောဆယ်၌ ပြုအပ်သောကံ သို့မဟုတ် ရှေးကပြုခဲ့ပြီး၍ သေခါနီး၌ အောက်မေ့အပ်သောကုသိုလ်၊ အကုသိုလ်ကံ။

(၃) အာစိဏ္ဏကံ = အမြဲမပြတ်လေ့လာ ပြုလုပ်အပ်သော ကုသိုလ်၊ အကုသိုလ်ကံ၊ တစ်ကြိမ်ပြုလုပ်ပြီးနောက် အမြဲမပြတ် ဆင်ခြင်အောက်မေ့ အပ်သောကံ။

(၄) ကဋတ္တာကံ = အထက်ပါကံ ၃–ပါးအဖြစ်သို့ မရောက်တတ်ဘဲ သာမန်ပြုလုပ်အပ်သောကံ။

## ပါကကာလ ကမ္မစတုက္က

အကျိုးပေးရာကာလအားဖြင့် ကံတို့ကို ၄–မျိုး ခွဲခြားနိုင်၏။

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက်ဘဝ၌ အကျိုးပေးသော ပဌမဇောစေတနာ။

http://www.dhammadownload.com



(၂) ဥပပဇ္ဇဝေဒနီယကံ = အခြားမဲ့သော ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇောစေတနာ။

(၃) အပရာပရိယဝေဒနီယကံ= မျက်မှောက်ဘဝနှင့် ဒုတိယဘဝတို့မှ တစ်ပါး တတိယဘဝမှစ၍ အနာဂတ်နိဗ္ဗာန် ရသည့် ဘဝတိုင်အောင် အကျိုးပေးတတ်သော အလယ်ဇော ၅–ချက် စေတနာ။

(၄) အဟောသိကံ = ဆိုင်ရာကာလအားလျော်စွာ အကျိုးပေးခွင့် မရကြသဖြင့် သုဉ်းသွားကြသော အထက်ပါ ကံ ၃–ပါး။

## ပါကဋ္ဌာန ကမ္မစတုက္က

အကျိုးပေးရာဘုံဌာန၏ အစွမ်းအားဖြင့် ကံ ၄–မျိုးကွဲပြား၏။

(၁) အကုသိုလ်ကံ = အပါယ် ၄–ဘုံ၌ ပဋိသန္ဓေနှင့် ပဝတ္တိအကျိုးတို့ကို ပေးသောကံ။

(၂) ကာမကုသိုလ်ကံ = ကာမသုဂတိ ၇–ဘုံ၌ ပဋိသန္ဓေနှင့် ပဝတ္တိ အကျိုးတို့ကို ပေးသောကံ။

(၃) ရူပါဝစရကုသိုလ်ကံ= ရူပဗြဟ္မာ ၁၆–ဘုံ၌ ပဋိသန္ဓေနှင့် ပဝတ္တိ အကျိုးတို့ကို ပေးသောကံ။

(၄) အရူပါဝစရကုသိုလ်ကံ= အရူပဗြဟ္မာ ၄–ဘုံ၌ ပဋိသန္ဓေနှင့် ပဝတ္တိ အကျိုးတို့ကို ပေးသောကံ။

## ကမ္မဒွါရနှင့် ကံသုံးပါး

ကံဖြစ်ရာဖြစ်ကြောင်းဖြစ်သည့် ဌာနကို ကမ္မဒွါရဟု ခေါ်၏။

(၁) ကာယဒွါရ = ကာယဝိညတ်ရုပ်ဟုခေါ်သော ကိုယ်အမူအရာအထူး။ ကိုယ်ဖြင့် ပြုလုပ်သော ကာယ

http://www.dhammadownload.com



ကံ၏ ဖြစ်ရာဖြစ်ကြောင်းတည်း။

(၂) ဝစီဒွါရ = ဝစီဝိညတ်ရုပ်ဟုခေါ်သော နှုတ်အမူအရာ အထူး။ နှုတ်ဖြင့် ပြုလုပ်အပ်သော ဝစီကံ၏ ဖြစ်ရာ ဖြစ်ကြောင်းတည်း။

(၃) မနောဒွါရ = စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁–ပါး။ စိတ်ဖြင့် ကြံစည်ကျူးလွန်အပ်သော မနောကံ၏ ဖြစ်ရာ ဖြစ်ကြောင်းတည်း။

ကမ္မဒွါရကိုလိုက်၍ ကံ ၃–မျိုး ကွဲပြား၏။

(၁) ကာယကံ = ကိုယ်လက် လှုပ်ရှားမှု ကာယဝိညတ်ဖြင့် အများအားဖြင့် ပြုလုပ်သော အမှု၊

(၂) ဝစီကံ = နှုတ်အမူအရာ ဝစီဝိညတ်ဖြင့် အများအားဖြင့် ပြုသောအမှု၊

(၃) မနောကံ = စိတ်ကူးကြံစည်၍ ပြုလုပ်အပ်သောအမှု၊

## အကုသိုလ်ကံ ၁၀–ပါး

အပြစ်ရှိ၍ မကောင်းကျိုးပေးတတ်သော ကံကို အကုသိုလ်ကံဟု ခေါ်၏။ ယုတ်ညံ့သော အကျင့်အမှု ဖြစ်သည့်အတွက် ဒုစရိုက်ဟုလည်း ခေါ်၏။

ကာယကံ ၃–ပါး၊ ဝစီကံ ၄–ပါး၊ မနောကံ ၃–ပါးဟူ၍ ဒုစရိုက် ၁၀–ပါးရှိ၏။

### ၁။ ကာယကံ ၃–ပါး

(၁) ပါဏာတိပါတ = သတ္တဝါတို့ကို သေစေလိုသော စေတနာဖြင့် သတ်ဖြတ်မှု။

http://www.dhammadownload.com



(၂) အဒိန္နာဒါန = သူတစ်ပါးတို့၏ ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယ့်ပတ်ယူမှု။

(၃) ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ကျင့်မှု။

## ၂။ ဝစီကံ ၄–ပါး

(၄) မုသာဝါဒ = မဟုတ်မမှန် လိမ်လည်၍ ပြောဆိုမှု၊

(၅) ပိသုဏဝါစာ = ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုမှု၊

(၆) ဖရုသဝါစာ = ကြမ်းတမ်းယုတ်မာသော စကားကို ပြောဆိုမှု၊

(၇) သမ္ဖပ္ပလာပ = ပိန်ဖျင်းသောစကား အတင်းအဖျင်း စကားကို ပြောဆိုမှု။

## ၃။ မနောကံ ၃–ပါး

(၈) အဘိဇ္ဈာ = သူတစ်ပါး၏ ဥစ္စာကို မတရားရယူရန် ကြံစည်မှု၊

(၉) ဗျာပါဒ = သူတစ်ပါး၏ အသက်နှင့် စည်းစိမ် ပျက်စီးရန် ကြံစည်မှု၊

(၁၀)မိစ္ဆာဒိဋ္ဌိ = ကံ–ကံ၏အကျိုးကို ပယ်၍ လွဲမှားစွာ ယုံကြည်မှု။

အထက်ပါဒုစရိုက် ၁၀–ပါးကို သဘောတူရာ ပေါင်းစုလိုက်လျှင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒနှင့် မိစ္ဆာဒိဋ္ဌိ ဟူသော ကံ ၅–ပါးကိုရ၏။ ဤကံတို့ကို ငါးပါးသီလစောင့်ထိန်းခြင်းဖြင့် ရှောင်ကြဉ်နိုင်၏။ သို့အတွက် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မြဲစေရေးသည် အပါယ်မလားရေးပင် ဖြစ်သည်။

http://www.dhammadownload.com



## ဒုစရိုက်လွန်ကျူးသော စိတ်များ

(၁) ပါဏာတိပါတ၊ ဖရုသဝါစာနှင့် ဗျာပါဒတို့ကို ဒေါသမူစိတ်ဖြင့် ကျူးလွန်ကြကုန်၏။

(၂) ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာနှင့်မိစ္ဆာဒိဋ္ဌိတို့ကိုလောဘမူစိတ်ဖြင့် ကျူးလွန်ကြကုန်၏။

(၃) အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာနှင့် သမ္ဖပ္ပလာပတို့ကို လောဘမူစိတ် + ဒေါသမူစိတ် ၂–ပါးတို့ဖြင့် ကျူးလွန်ကြကုန်၏။

ဥပမာ–မိမိနှင့်သားမယားတို့၏ဝတ်မွတ်မှုကို ဖြေရှင်းရန်အလို့ဌာ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းသည် လောဘမူစိတ်ဖြင့် အဒိန္နာဒါနကံကို ကျူးလွန်ခြင်းဖြစ်၏။ မခံချင်စိတ်၊ ရန်ငြိုးစိတ်ဖြင့် သူတစ်ပါး ပျက်စီးကြောင်းကို ရည်ရွယ်၍ သူ့ဥစ္စာကို ခိုးဝှက် လုယူခြင်းသည် ဒေါသမူစိတ်ဖြင့် အဒိန္နာဒါနကံကို ကျူးလွန်ခြင်း ဖြစ်၏။

**မှတ်ချက်။** ။ အကောင်းအဆိုးရည်ရွယ်ချက် (စေတနာ) တစ်ခုခုဖြင့် တကယ်ကြံထက်သန်သောစိတ် ဦးဆောင်လျက် လုပ်သည့်အလုပ်သည် ကံမြောက်၏။ အကောင်းအဆိုး စေတနာမပါဘဲ မသိသာ မထင်ရှားသော သာမန်စိတ်ဖြင့် ပြုလုပ်သည့် အလုပ်သည် ကံမမြောက်ချေ။

## သုစရိုက် ၁၀–ပါး

ကောင်းသောအကျင့်၊ ကောင်းမှုကုသိုလ်ကို သုစရိုက်ဟု ခေါ်၏။ အပြစ်ကင်းသော အမှုအလုပ်ဟူသမျှသည်သုစရိုက်ဖြစ်၏။ ဒုစရိုက် ၁၀–ပါးမှ ရှောင်ကြဉ်ခြင်းသည်ပင် သုစရိုက် ၁၀–ပါးဖြစ်၏။ သုစရိုက် ၁၀–ပါးကို ကုသလကမ္မပထ ၁၀–ပါးဟုလည်း ခေါ်၏။

http://www.dhammadownload.com



### ၁။ ကာယသုစရိုက် ၃–ပါး

(၁) ပါဏာတိပါတဝိရတိ= သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု။

(၂) အဒိန္နာဒါနဝိရတိ = သူတစ်ပါးပစ္စည်း ဉစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်မှု၊

(၃) ကာမေသုမိစ္ဆာစာရဝိရတိ=ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်မှု၊

### ၂။ ဝစီသုစရိုက် ၄–ပါး

(၄) မုသာဝါဒဝိရတိ = မမှန်သောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(၅) ပိသုဏာဝါစာဝိရတိ = ကုန်းချောရန်တိုက် စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(၆) ဖရုသဝါစာဝိရတိ = ကြမ်းတမ်းရိုင်းပြသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(၇) သမ္ဖပ္ပလာပဝိရတိ = အကျိုးမရှိ၊ ပိန်ဖျင်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

### ၃။ မနောသုစရိုက် ၃–ပါး

(၈) အနဘိဇ္ဈာ = သူတစ်ပါး၏ ဉစ္စာကို မတရားရယူရန် မကြံစည်မှု၊

(၉) အဗျာပါဒ = သူတစ်ပါး၏ အသက်နှင့် စည်းစိမ်ပျက်စီးရန် မကြံစည်မှု၊

(၁၀)သမ္မာဒိဋ္ဌိ = မှန်ကန်သောအယူကို ယုံကြည်မှု။

http://www.dhammadownload.com



## ပုညကြိယဝတ္ထု ၁၀–ပါး

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုတို့ကို ပုညကြိယဝတ္ထုဟု ခေါ်၏။

သုစရိုက် ၁၀–ပါးသည် ဒုစရိုက် ၁၀–ပါးကို ရှောင်ကြဉ်လိုက်ခြင်းဖြင့် ရရှိသော ကာမကုသိုလ်ဖြစ်၏။ ပုညကြိယဝတ္ထု ၁၀–ပါးမှာ မိမိကိုယ်တိုင် လုံ့လပြု၍ ဖြည့်ကျင့်ရသော ကာမကုသိုလ်များ ဖြစ်ကြ၏။

(၁) ဒါန = မိမိ၏ ပစ္စည်းဥစ္စာကို လှူဒါန်းပေးကမ်းမှု၊

(၂) သီလ = ၅–ပါး၊ ၈–ပါး၊ ၁၀–ပါး စသော သီလတို့ကို စောက်တည်မှု၊

(၃) ဘာဝနာ = သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ စီးဖြန်းမှု၊

(၄) အပစာယန = အသက်၊ သိက္ခာ၊ ဂုဏ်ကြီးမြင့်သောသူတို့အား ရိုသေမှု၊

(၅) ဝေယျာဝစ္စ = ရတနာသုံးပါး၊ မိဘဆရာ တို့၏ အမှုကိစ္စများနှင့် ကုသိုလ်ရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်မှု၊

(၆) ပတ္တိဒါန = မိမိရသော ကုသိုလ်အဖို့ကို အမျှပေးဝေမှု၊

(၇) ပတ္တာနုမောဒန = သူတစ်ပါးပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု၊

(၈) ဓမ္မဿဝန = သူတော်ကောင်းတရားကို နာကြားမှု၊

(၉) ဓမ္မဒေသနာ = လာဘ်လာဘကိုမငဲ့ဘဲ သူတော်ကောင်းတရားကို ဟောကြားမှု၊

(၁၀) ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မှန်စွာ ယူမှု။

အထက်ပါ ပုညကြိယဝတ္ထု ၁၀–ပါးကို သဘောတူရာ အကျဉ်း

http://www.dhammadownload.com



ပေါင်းယူလျှင် ဒါန၊ သီလ၊ ဘာဝနာ ၃–ပါးကိုသာ ရ၏။

ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့သည် ဒါန၌ အကျုံးဝင်၏။

အပစာယနနှင့် ဝေယျာဝစ္စတို့သည် သီလ၌ အကျုံးဝင်၏။

ဓမ္မဿဝန၊ ဓမ္မဒေသနာနှင့် ဒိဋ္ဌိဇုကမ္မတို့သည် ဘာဝနာ၌ အကျုံးဝင်၏။

(တစ်နည်း ဒိဋ္ဌိဇုကမ္မကို ဒါန၊ သီလ၊ ဘာဝနာ ၃–ပါးစလုံး၌ ထည့်သွင်းနိုင်၏။)

## ရူပါဝစရကုသိုလ်ကံ

သမထဘာဝနာပွားများခြင်းဖြင့် ရူပါဝစရ ပထမဈာန်ကုသိုလ်၊ ဒုတိယဈာန်ကုသိုလ်၊ တတိယဈာန်ကုသိုလ်၊ စတုတ္ထဈာန် ကုသိုလ်နှင့် ပဥ္စမဈာန်ကုသိုလ်တို့ကို ဖြည့်ကျင့်ဆည်းပူးနိုင်၏။ ဤရူပကုသိုလ်ကံတို့သည် သမာဓိထူထောင်၍ အားကြီးသော စိတ်စွမ်းအားဖြင့် တည်ဆောက်ရယူခြင်း ဖြစ်သည်နှင့်အညီ ကာမကုသိုလ်ကံတို့ထက်ပို၍ အစွမ်းထက်မြက်ကြ၏။ ကိစ္စကမ္မစတုက္ကတွင် ဂရုကကံစာရင်းတွင် ပါဝင်ကြ၏။

ရူပကုသိုလ်ကံ ၅–ပါးတို့သည် မနောကံဖြစ်ပြီး ဘာဝနာကုသိုလ်တွင် ပါဝင်ကြ၏။

## အရူပါဝစရကုသိုလ်ကံ

ရူပပဥ္စမဈာန်ကို အခြေခံ၍ အထက်ထက်သော ဈာန်များကို ရအောင် သမထဘာဝနာပွားများသူသည် အာကာသာနဉ္စာယတနကုသိုလ်ကံ၊ ဝိညာဏဉ္စာယတနကုသိုလ်ကံ၊ အာကိဉ္စညာယတနကုသိုလ်ကံနှင့် နေဝသညာ နာသညာယတနကုသိုလ်ကံတို့ကို ဖြည့်ဆည်းခွင့်ရ၏။ ဤအရူပဈာန်ကုသိုလ်ကံ ၄ –ပါးသည် ရူပကုသိုလ်ကံထက်ပင် ပို၍အားကြီးကြ၏။ ၎င်းတို့ သည်လည်း မနောကံ ဘာဝနာကုသိုလ်များ ဖြစ်ကြ၏။

http://www.dhammadownload.com



## ဒိဋ္ဌဓမ္မဝေဒနီယကံ... 

ကုသိုလ်ပြုသည့်အခါ၌ ကံ–ကံ၏အကျိုးကို သိသောကမ္မဿကတဉာဏ်၊ သို့မဟုတ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်တတ်သည့်ဝိပဿနာဉာဏ် ပါဝင်လာလျှင် ထိုကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်၏။ ထိုသို့ ဉာဏ်မပါဝင်လျှင် ဒွိဟိတ်ကုသိုလ်ဖြစ်၏။

## သြမကကုသိုလ်နှင့် ဥက္ကဋ္ဌကုသိုလ်

ကုသိုလ်မပြုခင်နှင့် ပြုပြီးနောက် အချိန်များတွင် လောဘ၊ ဒေါသ စသည့်အကုသိုလ်စိတ်များ ခြံရံနေလျှင် အညံ့စားသြမကကုသိုလ်ဖြစ်၏။ ကုသိုလ်မပြုခင်နှင့် ပြုပြီးနောက်အချိန်များတွင် အလောဘ၊ အဒေါသ စသည့်ကုသိုလ်စိတ်များ ခြံရံနေလျှင် အမြတ်စား ဥက္ကဋ္ဌကုသိုလ်ဖြစ်၏။

## အကုသိုလ်ကံနှင့် ကုသိုလ်ကံတို့၏ အကျိုးပေးပုံ

ကံအကျိုးပေးပုံ ဇယားကိုကြည့်၍ မှတ်သားပါ။ ပဋိသန္ဓေအခါ ဟူသည်မှာ ပဋိသန္ဓေစိတ်ဥပါဒ်သည့်အခိုက်ကို ရည်ညွှန်း၏။ ပဝတ္တိအခါ ဟူသည်မှာ ပဋိသန္ဓေစိတ်ဥပါဒ်ပြီးသည်မှ စုတိစိတ်ကျသည့်အချိန်အထိ အပိုင်းအခြားကို ဆိုလို၏။

ပဋိသန္ဓေအကျိုးသည် ပဋိသန္ဓေစိတ်နှင့် ယှဉ်ဖက်စေတသိက်များ ပါဝင်ကြသော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တို့ ဖြစ်ကြ၏။ ကဋတ္တာရုပ်သည် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှင့် ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်တို့ဖြစ်ကြ၏။ ပဝတ္တိအကျိုးဟူသည်မှာ ဘဝင်စိတ်နှင့် ယှဉ်ဖက်စေတသိက်များ ပါဝင်ကြသော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တို့ ဖြစ်ကြ၏။

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် ပုဂ္ဂိုလ်တစ်ဦး၏ တစ်သက်တာ၌ အမြဲတူညီကြရသော တရားများဖြစ်ကြ၏။ ဘုံ၊ ဇာတ်၊

http://www.dhammadownload.com



သမ္ပယုတ်တရား၊ သင်္ခါရ၊ အာရုံအားဖြင့် အားလုံးတူညီကြ၏။

## (၁) အကုသိုလ်ကံအကျိုးပေးပုံ

ဥဒ္ဓစ္စကြဉ်သော အကုသိုလ်စေတနာကံ ၁၁-ပါးတို့သည် ပဋိသန္ဓေအခါ၌ အပါယ် ၄-ဘုံတွင် အကုသလဝိပါက်ဥပေက္ခာ သန္တီရဏ ဟူသည့် အပါယ်ပဋိသန္ဓေကို ဖြစ်စေ၏။

ဥဒ္ဓစ္စနှင့်တကွသော အကုသိုလ်စေတနာကံတို့သည် ပဝတ္တိအခါ၌ ကာမ ၁၁-ဘုံတွင် အကုသလဝိပါက် ၇-ပါးကို ဖြစ်စေ၏။ အသညသတ်ကြဉ်သည့် ရူပ ၁၅-ဘုံ၌ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့မှတစ်ပါး အကုသလဝိပါက် ၄-ပါးကို ဖြစ်စေ၏။

## (၂) ကာမကုသိုလ်ကံအကျိုးပေးပုံ

မဟာကုသိုလ်ကံ ဉာဏဝိပ္ပယုတ်ဒွိဟိတ်ဩမက ၄-ပါးသည်ပဋိသန္ဓေအခါ၌ လူ့ဘုံနှင့် အောက်စတုမဟာရာဇ် ဘုံတို့တွင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏဟူသော ကာမသုဂတိအဟိတ်ပဋိသန္ဓေကိုဖြစ်စေ၏။ ပဝတ္တိအခါ၌ကား ကာမ ၁၁-ဘုံလုံးတွင် အဟိတ်ကုသလဝိပါက် ၈-ပါးလုံးကို ဖြစ်စေ၏။ အသညသတ်ကြဉ်သည့် ရူပ ၁၅-ဘုံ၌လည်း ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်နှင့် ကာယဝိညာဏ်တို့ကိုကြဉ်သော အဟိတ်ကုသလဝိပါက် ၅-ပါးကို ဖြစ်စေ၏။

မဟာကုသိုလ်ဒွိဟိတ် ဥက္ကဋ္ဌကံ ၄-ပါးနှင့် တိဟိတ်ဩမကကံ ၄-ပါးတို့သည် ပဋိသန္ဓေအခါဝယ် ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက် ဒွိဟိတ် ပဋိသန္ဓေ ၄-ပါးကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ကား ကာမသုဂတိ ၇-ဘုံ၌ ဉာဏဝိပ္ပယုတ် မဟာဝိပါက် ၄-ပါးနှင့် အဟိတ်ကုသလဝိပါက် ၈-ပါး, ပေါင်း ၁၂-ပါးတို့ကို ဖြစ်စေ၏။ အပါယ် ၄-ဘုံ၌လည်း အဟိတ် ကုသလဝိပါက် ၈-ပါးတို့ကိုဖြစ်စေ၏။ အသညသတ်ကြဉ်သည့် ရူပ ၁၅-ဘုံ၌မူ ဃာနာဒိတ္တယ ၆-ပါးတို့မှ ကြွင်းသော အဟိတ်ကုသလဝိပါက် ၅-

http://www.dhammadownload.com



ပါးကို ဖြစ်စေ၏။

မဟာကုသိုလ်တိဟိတ် ဉာဏ်ယှဉ်ကုသိုလ် ၄–ပါးတို့သည် ပဋိသန္ဓေအခါ ဝယ် ကာမသုဂတိ ၇–ဘုံ၌ မဟာဝိပါက်တိဟိတ် ပဋိသန္ဓေ ၄–ပါးကို ဖြစ် စေ၏။ ပဝတ္တိအခါ၌ကား ကာမသုဂတိ ၇–ဘုံ၌ မဟာဝိပါက် ၈–ပါးနှင့် အဟိတ်ကုသလဝိပါက် ၈–ပါး, ပေါင်း ၁၆–ပါးတို့ကို ဖြစ်စေ၏။

အပါယ်၄–ဘုံ၌လည်းအဟိတ်ကုသလဝိပါက်၈–ပါးကိုဖြစ်စေ ၏။ အသညသတ်ကြဉ်သည့်ရူပ ၁၅–ဘုံ၌မူဃာနာဒိတ္တယကြဉ်အဟိတ် ကုသလဝိပါက် ၅–ပါးတို့ကို ဖြစ်စေ၏။

## (၃) ရူပကုသိုလ်ကံအကျိုးပေးပုံ

ဈာန်နှင့်ယှဉ်ဖက်ဖြစ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ (ပညာ) တရားတို့တွင် တစ်ပါးပါးသည် အဓိပတိ (အကြီးအကဲ) ဖြစ်ရိုးတည်း။ ထိုအဓိပတိတရား၏ အညံ့စား၊ အလတ်စား၊ အမြတ်စားပေါ် မူတည်၍ ဈာန်ကို အညံ့စား (ပရိတ္တ)၊ အလတ်စား (မဇ္ဈိမ)၊ အမြတ်စား (ပဏီတ) ဟူ၍ ၃–မျိုးခွဲခြားရ၏။

အညံ့စား ပထမဈာန်ကုသိုလ်ကံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ပထမဈာန်ဝိပါက်ပဋိသန္ဓေကို ဖြစ်စေ၏။ အလတ်စား ပထမဈာန် ကုသိုလ်ကံသည် ဗြဟ္မပုရောဟိတာဘုံ၌ ပထမဈာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။ အမြတ်စား ပထမဈာန်ကုသိုလ်ကံသည် မဟာဗြဟ္မာဘုံ၌ ပထမဈာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

အညံ့စား ဒုတိယဈာန်နှင့် တတိယဈာန် ကုသိုလ်ကံတို့သည် ပရိတ္တာဘာဘုံ၌ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက်ပဋိသန္ဓေတို့ ကိုဖြစ်စေကြ၏။ အလတ်စား ဒုတိယဈာန်နှင့် တတိယဈာန် ကုသိုလ်ကံ တို့သည် အပ္ပမာဏာဘာဘုံ၌ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက် ပဋိ သန္ဓေတို့ကို ဖြစ်စေကြ၏။ အမြတ်စား ဒုတိယဈာန်နှင့် တတိယဈာန် ကုသိုလ်ကံတို့သည် အာဘဿရာဘုံ၌ ဒုတိယဈာန်ဝိပါက်နှင့် တတိယ

http://www.dhammadownload.com



စျာန်ဝိပါက်ပဋိသန္ဓေကိုကို ဖြစ်စေကြ၏။

အညံ့စား စတုတ္ထစျာန် ကုသိုလ်ကံသည် ပရိတ္တသုဘာဘုံ၌ စတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။ အလတ်စားစတုတ္ထစျာန် ကုသိုလ်ကံသည် အပ္ပမာဏသုဘာဘုံ၌ စတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။ အမြတ်စား စတုတ္ထစျာန်ကုသိုလ်ကံသည် သုဘကိဏှာဘုံ၌ စတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

ပဥ္စမစျာန် ကုသိုလ်ကံသည် ဝေဟပ္ဖိုလ်ဘုံ၌ ပဥ္စမစျာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။ ဤပဥ္စမစျာန်ကုသိုလ်ကံသည်ပင်လျှင် ရုပ်ကို မမုန်းဘဲ စိတ်သညာကိုမုန်းလျက် "သညာဝိရာဂဘာဝနာ" အဖြစ်သို့ ရောက်အောင် ဘာဝနာပွားများသော ပုဂ္ဂိုလ်အား အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေကို ဖြစ်စေ၏။

ဤပဥ္စမစျာန်ကုသိုလ်ကံသည်ပင်လျှင် ကာမရာဂကင်းပြီးသော အနာဂါမ်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅–ဘုံတို့၌ ပဥ္စမစျာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။ ထိုသို့ဖြစ်စေရာ သဒ္ဓိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်တို့အား အဝိဟာဘုံ၌ ဖြစ်စေ၏။ ဝီရိယိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်တို့အား အတပ္ပါဘုံ၌ ဖြစ်စေ၏။ သတိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်တို့အား သုဒဿာဘုံ၌ ဖြစ်စေ၏။ သမာဓိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်တို့အား သုဒဿီဘုံ၌ ဖြစ်စေ၏။ ပညိန္ဒြေ လွန်ကဲသော ပုဂ္ဂိုလ်တို့အား အကနိဋ္ဌဘုံ၌ ဖြစ်စေ၏။

## (၄) အရူပကုသိုလ်ကံ အကျိုးပေးပုံ

အာကာသာနဉ္စာယတနကုသိုလ်ကံသည် အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။ ဝိညာဏဉ္စာယတနကုသိုလ်ကံ၊ အာကိဉ္စညာယတနကုသိုလ်ကံ၊ နေဝသညာနာသညာယတန ကုသိုလ်ကံအသီးသီးတို့သည်လည်း ဆိုင်ရာဘုံ၌ ဆိုင်ရာဝိပါက် ပဋိသန္ဓေကို ဖြစ်စေကြ၏။

http://www.dhammadownload.com



## သေခြင်းအကြောင်းလေးပါး

ထွန်းညှိထားသော ဆီမီးသည်

(၁) မီးစာကုန်ခြင်းကြောင့်လည်း ငြိမ်း၏။
(၂) ဆီကုန်ခြင်းကြောင့်လည်း ငြိမ်း၏။
(၃) မီးစာနှင့် ဆီ နှစ်မျိုးလုံး ကုန်ခြင်းကြောင့်လည်း ငြိမ်း၏။
(၄) မီးစာနှင့်ဆီ နှစ်မျိုးလုံး မကုန်သေးဘဲလျက် ရုတ်တရက် လေပြင်းတိုက်ခတ်သောကြောင့် သို့မဟုတ် တမှင်ငြိမ်းသတ်သောကြောင့် ငြိမ်း၏။ ထို့အတူ....

(၁) အာယုက္ခယမရဏ= သက်တမ်းကုန်၍ သေခြင်း၊
(၂) ကမ္မက္ခယမရဏ = ကံကုန်၍ သေခြင်း၊
(၃) ဥဘယက္ခယမရဏ= သက်တမ်းနှင့် ကံ နှစ်ပါးစုံ ကုန်၍ သေခြင်း၊
(၄) ဥပစ္ဆေဒကမရဏ = သက်တမ်းနှင့် ကံ နှစ်ပါးစုံ မကုန်သေးဘဲလျက် ဥပဃာတကကံ ဝင်ဖြတ်၍ လတ်တလောသေခြင်းဟူ၍ သေခြင်း ၄–မျိုးရှိ၏။

## စုတေခါနီးအာရုံထင်ပုံ

သတ္တဝါတစ်ဦး သေခါနီးသောအချိန်၌ မရဏာသန္နဇောစော၏။ ထိုအခါ စုတေပြီးနောက်အခြားမဲ့သော နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးဖို့ရာ အခွင့်သာသောကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံတစ်ပါးပါးသည် ကံအများထဲမှ ရွေးရှုထွက်ပြူလာသကဲ့သို့ ထင်ပေါ်လာတတ်၏။ ထိုကံအာရုံကို ကံနိမိတ်ဟုခေါ်၏။ သို့တည်းမဟုတ် ထိုကံကိုပြုလုပ်စဉ်အခါက ကြုံတွေ့ခဲ့ရသောအာရုံများသည် ကမ္မနိမိတ်အဖြစ်ထင်ပေါ်လာတတ်၏။ သို့တည်းမဟုတ်ထိုကံအကျိုးပေးရာ လားရောက်ရမည့် ဘုံဌာန၏ အာရုံနိမိတ်များလည်း ဂတိနိမိတ်အဖြစ် ထင်ပေါ်လာ

http://www.dhammadownload.com



တတ်၏။

## မရဏာသန္န ဝီထိ

သတ္တဝါတို့သည် စုတေခါနီးအချိန်၌ မရဏာသန္နဇောစောကြ၏။

### အတိမဟန္တာရုံ စက္ခုဒွါရ မရဏာသန္န ၂–ဝီထိကျပုံ

တီ–န–ဒ– "ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–ဘဝင်–စုတိ–ပဋိ"–ဘဝင်–

တီ–တီ– န–ဒ– "ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–စုတိ–ပဋိ"–ဘဝင်–

အတီတဘဝင်တစ်ချက်လွန်နှင့်အတူ ဥပါဒ်သော ပစ္စုပ္ပန် ကမ္မနိမိတ် ဂတိနိမိတ် ၂–ပါးတို့တွင် တစ်ပါးပါးသော နိမိတ်အာရုံသည် စက္ခုဒွါရ၌အလွန်ထင်ရှားစွာ ထင်လာသည်ရှိသော် ဘဝင် ၂–ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသော အာရုံကို အာရုံပြုလျက် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅–ကြိမ်၊ တဒါရုံ ၂–ကြိမ်၊ ဘဝင် ၁–ကြိမ်၊ ထို့နောက် စုတိစိတ်ကျ၍ သေဆုံးပြီးလျှင် ၄င်း စုတိစိတ်၏ အခြားမဲ့၌ နောက်ဘဝသစ်၏ ပဋိသန္ဓေစိတ်သည် မရဏာသန္နဇော၏ အာရုံကိုပင် အာရုံပြုလျက် ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ကျ၍ သွား၏။

### မဟန္တာရုံ စက္ခုဒွါရ မရဏာသန္န ၂–ဝီထိကျပုံ

တီ–တီ–တီ–န–ဒ–"ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဘဝင်–စု–ပဋိ"–ဘဝင်–

တီ–တီ–တီ–တီ–န–ဒ–"ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–စုတိ–ပဋိ"–ဘဝင်–

http://www.dhammadownload.com



## အတိဝိဘူတာရုံ မနောဒွါရ မရဏာသန္န ၂–ဝီထိကျပုံ

တီ–န–ဒ–"မ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–ဘဝင်–စုတိ–ပဋိ"–ဘွင်–

တီ–တီ–န–ဒ–"မ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–စုတိ–ပဋိ"–ဘွင်–

အတီတဘဝင် ၁ချက်လွန်နှင့် အတူ ဥပါဒ်သော ပစ္စုပ္ပန်ကမ္မနိမိတ်၊ ဂတိနိမိတ် ၂–ပါးတွင် တစ်ပါးပါးသော နိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင် ၂–ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသော အာရုံကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၅–ကြိမ်, တဒါရုံ ၂–ကြိမ်, ဘဝင် ၁–ကြိမ်၊ ထို့နောက် စုတိစိတ်ကျ၍သေဆုံးပြီးလျှင် ၄င်းစုတိစိတ်၏ အခြားမဲ့၌နောက်ဘဝသစ်၏ ပဋိသန္ဓေစိတ်သည် မရဏာသန္နဇော၏ အာရုံကိုပင် အာရုံပြုလျက် ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝင်ကျ၍ သွား၏။

## ဝိဘူတာရုံမနောဒွါရ မရဏာသန္န ၂–ဝီထိကျပုံ

တီ–တီ–တီ–န–ဒ–"မ–ဇ–ဇ–ဇ–ဇ–ဇ–ဘဝင်–စုတိ–ပဋိ"–ဘွင်–

တီ–တီ–တီ–တီ–န–ဒ–"မ–ဇ–ဇ–ဇ–ဇ–ဇ–စုတိ–ပဋိ"–ဘွင်–

## ပဋိသန္ဓေစိတ်နှင့် အာရုံ

စုတိစိတ်အဆုံးသတ်ချုပ်ပြီးသည့်အခြားမဲ့၌ ကာလမခြားဘဲ ပဋိသန္ဓေစိတ် ဆက်ဖြစ်၏။ ထိုသို့ဖြစ်ရာ၌ မစုတေမီ ရှေ့ဘဝက မရဏာသန္နဝီထိဇောတို့ ယူခဲ့သော အာရုံကို ဆက်လက်အာရုံပြု၏။ မရဏာသန္နဝီထိစိတ်က ကံကို အာရုံယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်လည်း ကံအာရုံကိုပင် ဆက်ယူ၏။ ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ကိုအာရုံ ယူခဲ့လျှင် ထိုကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ကိုပင် ဆက်လက်အာရုံ

http://www.dhammadownload.com



ပြု၏။

ထိုပဋိသန္ဓေစိတ်သည် အလိုအလျောက် ပေါ်ပေါက်လာသည် မဟုတ်၊ မဟာဗြဟ္မာစသည့် တန်ခိုးရှင်တို့ ဖန်ဆင်းလိုက်သည်လည်း မဟုတ်၊ ရှေးရှေးက ပြုခဲ့သော ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဟူသည့် သင်္ခါရက ဖြစ်စေသည့် အကျိုးဝိပါက်တည်း။

ထိုပဋိသန္ဓေစိတ်သည် ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီး ၎င်းအခိုက်ကျမှ ဘဝသစ်၌တည်သည်မဟုတ်။ ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌ တည်၏။

ရူပါဝစရပဋိသန္ဓေ၏ အာရုံကား ပညတ်ဖြစ်သော ကမ္မနိမိတ် တည်း။ ရူပါဝစရစျာန်သည် ကသိုဏ်းစသော ပညတ်ကို အာရုံပြုရကား စုတေခါနီး၌ ဈာန်အာရုံဖြစ်သော ကသိုဏ်းပညတ်များသည် ကမ္မနိမိတ်အဖြစ် ထင်လာကြရမြဲဖြစ်၏။ ထို့ကြောင့် စုတိ၏အခြားမဲ့၌ ဗြဟ္မာပြည်တွင်ဖြစ်သော ပဋိသန္ဓေစိတ်သည် ထိုကသိုဏ်းစသော ပညတ်ကမ္မနိမိတ်ကို ဆက်၍ အာရုံပြု၏။

အရူပါဝစရပဋိသန္ဓေ၏ အာရုံသည်လည်း ကမ္မနိမိတ်ပင်ဖြစ်၏။ ထိုကမ္မနိမိတ်သည် ပညတ် မဟဂ္ဂုတ် ၂–မျိုးတွင် ထိုက်သလိုဖြစ်၏။

## အရူပ စုတိနောင် ပဋိသန္ဓေအပြား

အာကာသာနဉ္စာယတနစုတိနောင် အရူပပဋိသန္ဓေ ၄–ပါးနှင့် ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါးဟူ၍ ပဋိသန္ဓေ ၈–ပါး ဖြစ်နိုင်၏။

ဝိညာဏဉ္စာယတန စုတိနောင် အာကာသာနဉ္စာယတနကြဉ်သော အရူပပဋိသန္ဓေ ၃–ပါးနှင့် ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါးဟူ၍ ပဋိသန္ဓေ ၇–ပါး ဖြစ်နိုင်၏။

အာကိဉ္စညာယတန စုတိနောင် အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနဟူသော အရူပပဋိသန္ဓေ ၂–ပါးနှင့် ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါးဟူ၍ ပဋိသန္ဓေ ၆–ပါး ဖြစ်နိုင်၏။

http://www.dhammadownload.com



နေဝသညာနာသညာယတန စုတိနောင် နေဝသညာနာသညာယတနပဋိသန္ဓေ ၁–ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄–ပါးဟူ၍ ပဋိသန္ဓေ ၅–ပါး ဖြစ်နိုင်၏။

## ရူပစုတိနောင် ပဋိသန္ဓေအပြား

ရူပါဝစရစုတိနောင် အဟိတ်ပဋိသန္ဓေ ၂–ပါးကြဉ်သော ကာမဒွိဟိတ် ပဋိသန္ဓေ ၄–ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါး၊ ရူပပဋိသန္ဓေ ၆–ပါး၊ အရူပပဋိသန္ဓေ ၄–ပါးဟူ၍ ပဋိသန္ဓေ ၁၈–ပါး ဖြစ်နိုင်၏။

အသညသတ်စုတိနောင် ကာမတိဟိတ်၊ ဒွိဟိတ်ပဋိသန္ဓေ ၈–ပါးသာ ဖြစ်နိုင်၏။

## ကာမစုတိနောင် ပဋိသန္ဓေအပြား

ကာမတိဟိတ်စုတိ ၄–ပါးနောင် အဟိတ်ပဋိသန္ဓေ ၂–ပါး၊ ကာမဒွိဟိတ်တိဟိတ်ပဋိသန္ဓေ ၈–ပါး၊ ရူပပဋိသန္ဓေ ၆–ပါး၊ အရူပပဋိသန္ဓေ ၄–ပါးဟူ၍ ပဋိသန္ဓေ ၂၀ ဖြစ်နိုင်၏။

ဒွိဟိတ်စုတိ ၄–ပါးနောင် ကာမပဋိသန္ဓေ ၁၀–ပါး ဖြစ်နိုင်၏။

အဟိတ်စုတိ ၂–ပါးနောင် ကာမပဋိသန္ဓေ ၁၀–ပါးလုံး ဖြစ်နိုင်၏။

✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၆)

## ရုပ်ပိုင်း

### ရူပသမုဒ္ဒေသ

ရုပ်တို့ကို အကျဉ်းပြခြင်းကို ရူပသမုဒ္ဒေသဟု ခေါ်၏။

ရုပ်သည် အအေး အပူစသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘောတရားဖြစ်၏။ ဖောက်ပြန်တတ်သော သဘောအားဖြင့် ရုပ်သည် တစ်မျိုးတည်း ဖြစ်သော်လည်း ခက်မာခြင်း၊ ယိုစီးခြင်း၊ ပူခြင်း စသည့်သီးခြားဂုဏ်သတ္တိများကြောင့် ရုပ်ကို ၂၈-မျိုးအထိ ထပ်မံ ခွဲခြား၏။

### ရုပ် ၂-မျိုးခွဲခြားပုံ

ရုပ်ကိုအကျဉ်းအားဖြင့် ဘူတရုပ်၊ ဥပါဒါရုပ်ဟူ၍ ၂-မျိုးခွဲခြားနိုင်၏။ နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်ဟူ၍လည်း ၂-မျိုး ခွဲခြားနိုင်၏။

### ၁။ ဘူတရုပ် ၄-ပါး

ဥပါဒါရုပ်ထက်ကြီးကျယ်ထင်ရှားသော ရုပ်များကို ဘူတရုပ်များဟု ခေါ်၏။ များစွာစုဖွဲ့မိလျှင် အကြီးအကျယ် ဖြစ်တတ်သောကြောင့် "မဟာဘူတ" (မဟာဘုတ်)ဟုလည်း အမည်ရ၏။ ဘူတရုပ် ၄-ပါးရှိ၏။

၁။ ပထဝီ = ခက်မာခြင်း၊ နူးညံ့ခြင်း၊ အစိုင်အခဲသဘော။ အတူ

http://www.dhammadownload.com



ဖြစ်ဖက် ရုပ်ကလာပ်များ၏ တည်ရာမှီရာ ဖြစ်၏။

၂။ အာပေါ = ဖွဲ့စည်းခြင်း(စိုစွတ်စေးကပ်ခြင်း)၊ ယိုစီးခြင်းသဘော။ အတူဖြစ်ဖက် ရုပ်ကလာပ်များကို ပေါင်းဖွဲ့ပျံ့နှံ့စေ၏။

၃။ တေဇော = ပူခြင်း၊ အေးခြင်းသဘော။ အတူဖြစ်ဖက်ရုပ်ကလာပ်များကို ရင့်ကျက်စေတတ်၊ ထက်စေတတ်၊ ပူစေတတ်၊ နူးညံ့စေတတ်၏။

၄။ ဝါယော = ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း (လှုပ်ရှားခြင်း) သဘော။ အတူဖြစ်ဖက် ရုပ်ကလာပ်အစုတို့ကို ရွေ့ရှားစေတတ်၊ တိုက်လွှင့်တတ်၏။

## ၂။ ဥပါဒါရုပ် ၂၄–ပါး

ဘူတရုပ်တို့ကို မှီတွယ်၍ ဖြစ်ကြသောရုပ် ၂၄–ပါးကို ဥပါဒါရုပ်များဟု ခေါ်၏။ ဤရုပ်တို့တွင် ပသာဒရုပ် ၅–ပါး၊ ဂေါစရရုပ် ၄–ပါး၊ ဘာဝရုပ် ၂–ပါး၊ ဟဒယဝတ္ထု ၁–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ အာဟာရရုပ် ၁–ပါး၊ ပရိစ္ဆေဒရုပ် ၁–ပါး၊ ဝိညတ်ရုပ် ၂–ပါး၊ ဝိကာရရုပ် ၃–ပါးနှင့် လက္ခဏာရုပ် ၄–ပါးတို့ ပါဝင်ကြ၏။

### (က) ပသာဒရုပ် ၅–ပါး

ဘူတရုပ် ၄–ပါးကို ကြည်လင်စေတတ်သော အကြည်ဓာတ် ၅–ပါးကို ပသာဒရုပ်များဟုခေါ်၏။

၁။ စက္ခုပသာဒ = မျက်စိအကြည်ဓာတ်။ မျက်နက်ဝန်းအလယ် ပုံရိပ်ထင်ရာ မျက်လွှာ ၇–ထပ်တို့၌ ပျံ့နှံ့၍ တည်၏။

၂။ သောတပသာဒ = နားအကြည်ဓာတ်။ နားပေါက်အတွင်း၌ လက်စွပ်သဏ္ဌာန်ရှိသော အရပ်၌ ပျံ့နှံ့၍ တည်၏။

http://www.dhammadownload.com



၃။ ဃာနပသာဒ = နှာအကြည်ဓာတ်။ နှာခေါင်းပေါက်အတွင်း ဆိတ်ခြေသဏ္ဌာန်ရှိသောအရပ်၌ ပျံ့နှံ့၍ တည်၏။

၄။ ဇိဝှာပသာဒ = လျှာအကြည်ဓာတ်။ လျှာ၏အလယ်အထက် ပြင်တွင်ကြာရွက်ဖျားသဏ္ဌာန်ရှိသော အရပ်၌ ပျံ့နှံ့၍တည်၏။

၅။ ကာယပသာဒ = ကိုယ်အကြည်ဓာတ်။ ဆံဖျား၊အမွေးဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျား၊ ခြောက်မာသော အရေတို့ကို ချန်လှပ်၍တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်၏။

## (ခ) ဂေါစရရုပ် ၇–ပါး

ပဉ္စဝိညာဏ်၏ ကျက်စားရာအာရုံများဖြစ်ကြ၏။

၁။ ရူပါရုံ = အဆင်း (ဝဏ္ဏ)
၂။ သဒ္ဒါရုံ = အသံ (သဒ္ဒ)
၃။ ဂန္ဓာရုံ = အနံ့ (ဂန္ဓ)
၄။ ရသာရုံ = အရသာ (ရသ)
၅။ ဖောဋ္ဌဗ္ဗာရုံ = အထိအတွေ့ (ဖောဋ္ဌဗ္ဗ)၊ တရားကိုယ်မှာ ထိတွေ့ ကောင်းသော ပထဝီ၊ တေဇော၊ ဝါယောတို့ ဖြစ်ကြ၏။

မှတ်ချက်။ ။ ဖောဋ္ဌဗ္ဗကို ပထဝီ၊ တေဇော၊ ဝါယောဟု ရုပ် ၃–ပါးယူသောကြောင့် ဂေါစရရုပ် ၇–ပါး ဖြစ်သည်။

## (ဂ) ဘာဝရုပ် ၂–ပါး

အဖို အမ ဖြစ်ဖို့ရန် အကြောင်းခံဖြစ်သော ရုပ်များတည်း။

http://www.dhammadownload.com



၁။ ဣတ္ထိဘာဝရုပ် = အမသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သော ရုပ်၊ အမသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်၏။

၂။ ပုမ္ဘာဝရုပ် = အထီးသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သော ရုပ်၊ အထီးသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်၏။ ပုရိသဘာဝရုပ်ဟုလည်း ခေါ်၏။

## (ဃ) ဟဒယဝတ္ထုရုပ်

နှလုံးသားအတွင်း ပုန်းညက်စေ့လောက်ပမာဏရှိသည့် တွင်းငယ်၌တည်သော တစ်လက်ဆွမ်းမျှလောက် သွေးကိုမှီ၍ ဖြစ်သော စိတ်စေတသိက်တို့၏ မှီရာဝတ္ထုရုပ်ကလေးများ။

## (င) ဇီဝိတရုပ်

ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့၏ အသက်။ ကမ္မဇရုပ်တို့၏ အသက်ရှည်ရန် အစောင့်အရှောက် အကြောင်းထူးသဘော။

## (စ) အာဟာရရုပ်

အစားအစာ၌ပါသော အဆီအနှစ် အစေးဩဇာ။

## (ဆ) ပရိစ္ဆေဒရုပ်

ရုပ်ကလာပ်ချင်း မရောယှက်ရန် ပိုင်းခြားပေးသော ရုပ်။ ကလာပ်မှုန်တို့၏ ပတ်လည်ဝန်းကျင်ရှိ ဟင်းလင်းလဟာနယ် (ဝါ) အာကာသဓာတ်။

## (ဇ) ဝိညတ်ရုပ် ၂-ပါး

မိမိ၏အလိုဆန္ဒကို သူတစ်ပါးတို့အား သိစေနိုင်သော အမူအရာ

http://www.dhammadownload.com



အထူးပင်တည်း။

၁။ ကာယဝိညတ် = မိမိ၏အလိုဆန္ဒကို သူတစ်ပါးတို့အား သိစေတတ်သော ခြေလက် ဦးခေါင်းစသည့် ကိုယ်အမူအရာ အထူး။

၂။ ဝစီဝိညတ် = မိမိ၏အလိုဆန္ဒကို သူတစ်ပါးတို့အား သိစေတတ်သော စကားသံ စသည့် နှုတ်အမူအရာ အထူး။

## (ဈ) ဝိကာရရုပ် ၃–ပါး

ထူးခြားသော အမူအရာများပင်တည်း။

၁။ လဟုတာရုပ် = နိပ္ဖန္နရုပ်တို့၏ မလေးလံဘဲ သွက်လက်ပေါ့ပါးခြင်း အမူအရာအထူး။

၂။ မုဒုတာရုပ် = နိပ္ဖန္နရုပ်တို့၏ မကြမ်းတမ်းဘဲ နူးညံ့နနယ်ခြင်း သဘော။

၃။ ကမ္မညတာရုပ် = နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးနူးညံ့မှုကြောင့် ကိုယ်မှုနှုတ်မှုအမျိုးမျိုး၌ ကောင်းမွန်ခံ့ညားခြင်း သဘော။

မှတ်ချက်။ ။ အထက်ပါ ဝိကာရရုပ် ၃–ပါးကို ကာယဝိညတ်၊ ဝစီဝိညတ်တို့နှင့်ပေါင်း၍ ဝိကာရရုပ် ၅–ပါးဟုလည်း ရေတွက်၏။

## (ည) လက္ခဏရုပ် ၄–ပါး

နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း အခိုက်အတန့်တို့ကို မှတ်သားပြသည့် အမှတ်လက္ခဏာတို့ပင်တည်း။

၁။ ဥပစယရုပ် = ပဋိသန္ဓေတည်စဉ် ပထမရုပ်တို့၏ ဖြစ်ခြင်း၊

http://www.dhammadownload.com



ထို့နောက်တစ်ဘဝတာအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည့်တိုင်အောင် တိုးတက်၍ ဖြစ်ခြင်း။

၂။ သန္တတိရုပ် = တစ်ဘဝအတွက်ရထိုက်သမျှရုပ်များပြည့်စုံသည်ကစ၍ အစဉ်မပြတ် ထပ်ကာထပ်ကာ ဖြစ်ခြင်း။

၃။ ဇရတာရုပ် = ရုပ်တို့၏ "ဌီ" အခိုက် အမှတ်အသား။ တစ်နည်း ရုပ်တို့၏ ချုပ်ပျက်ခြင်း "ဘင်"သို့ ဦးတည်နေသော ရင့်ရော်မှု။

၄။ အနိစ္စတာရုပ် = နိပ္ဖန္နရုပ်တို့၏ချုပ်ပျက်ခြင်း "ဘင်" သဘော။

မှတ်ချက်။ ။ ဥပစယနှင့် သန္တတိရုပ်တို့ကို ပေါင်း၍ ဇာတိရုပ်ဟုလည်း ခေါ်၏။

## နိပ္ဖန္နရုပ် ၁၈–ပါး

ဘူတရုပ် ၄–ပါး၊ ပသာဒရုပ် ၅–ပါး၊ ဂေါစရရုပ် ၇–ပါး (ပထဝီ၊ တေဇော၊ ဝါယော ပါပြီးဖြစ်၍ ၄–ပါးရေတွက်ရန်)၊ ဘာဝရုပ် ၂–ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပေါင်း ရုပ် ၁၈–ပါးတို့ သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရား ၄–ပါးတို့ ဖြစ်စေအပ်၊ ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်များ မည်ကုန်၏။

ဤရုပ်တို့သည် ခက်မာခြင်းစသော သဘောတရားကိုယ်စီ ရှိကြသဖြင့် သဘာဝရုပ် ဟူ၍လည်း အမည်တွင်ကြ၏။

တစ်ဖန် ဥပါဒ်၊ ဇရာ၊ အနိစ္စတာ ဟူသော သင်္ခတလက္ခဏာတို့နှင့် တကွ ဖြစ်သောကြောင့် ဤရုပ်တို့ကို သလက္ခဏရုပ် ဟူ၍လည်း ခေါ်ကြ၏။

http://www.dhammadownload.com



ဖောက်ပြန်ခြင်းသဘော ရှိသောကြောင့် ရူပရုပ်ဟုလည်း အမည်ရ၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ်၃–ပါးသို့ တင်ကာ သုံးသပ်ထိုက်သောကြောင့် သမ္မသနရုပ်ဟုလည်း အမည်တွင်၏။

## အနိပ္ဖန္နရုပ် ၁၀–ပါး

ပရိစ္ဆေဒရုပ် ၁–ပါး၊ ဝိညတ်ရုပ် ၂–ပါး၊ ဝိကာရရုပ် ၃–ပါး၊ လက္ခဏာရုပ် ၄–ပါး၊ ပေါင်း ၁၀–ပါးတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း၄–ပါးတို့ မပြစ်စေအပ်၊ မပြီးစေအပ်သောကြောင့် အနိပ္ဖန္နရုပ်များ မည်ကြ၏။

ဤရုပ်တို့သည် ကိုယ်ပိုင်သဘောတရား မရှိသဖြင့် အသဘာဝ ရုပ်၊ သင်္ခတလက္ခဏာနှင့်တကွ မဖြစ်သောကြောင့် အလက္ခဏာရုပ်၊ ဖောက်ပြန်ခြင်းသဘောမရှိသောကြောင့် အရူပရုပ်၊ လက္ခဏာယာဉ်၃–ပါးသို့ တင်ကာ မသုံးသပ်ထိုက်သောကြောင့် အသမ္မသနရုပ်ဟူ၍လည်း အမည်ရကြ၏။

## ရုပ် ၁၁–မျိုး ရေတွက်နည်း

ရုပ် ၂၈–ပါးကို ဇာတ်တူအားဖြင့် ပေါင်းလိုက်သည်ရှိသော် ဘူတရုပ် ၁၊ ပသာဒရုပ် ၁၊ ဂေါစရရုပ် ၁၊ ဘာဝရုပ် ၁၊ ဟဒယရုပ် ၁၊ ဇီဝိတရုပ် ၁၊ အာဟာရရုပ် ၁၊ ပရိစ္ဆေဒရုပ် ၁၊ ဝိညတ်ရုပ် ၁၊ ဝိကာရရုပ် ၁၊ လက္ခဏာရုပ် ၁ ဟူ၍ ပေါင်း ရုပ် ၁၁–ပါးကိုရ၏။

## ရူပဝိဘာဂ

ရုပ်တို့ကိုဝေဖန်ခြင်းကို ရူပဝိဘာဂဟုခေါ်၏။ ရုပ် ၂၈–ပါးတို့ကို အဇ္ဈတ္တိက–ဗာဟိရ၊ ဝတ္ထု–အဝတ္ထု၊ ဒွါရ–အဒွါရ၊ ဣန္ဒြိယ–အနိန္ဒြိယ၊ သဠာရိက–သုခုမ စသည်ဖြင့် ခွဲခြားဝေဖန်ပုံကို ရူပဝိဘာဂဖယေား၍ ကြည့်

http://www.dhammadownload.com



ပါ။ အကျဉ်းမှတ်ရန်မှာ–

၁။ အဝိနိဗ္ဘောဂရုပ် = ပသာဒရုပ်၅–ပါး။ ဤရုပ်တို့သည် ခန္ဓာကိုယ် အတွက်ဘောအားကျေးဇူးအထူးများ၍ သတ္တဝါတို့ အချစ်ဆုံး အတွင်းဆုံးထားသော ရုပ်တို့ ဖြစ်ကြ၏။

၂။ ဝတ္ထုရုပ် ၆–ပါး = ပသာဒရုပ် ၅–ပါး + ဟဒယဝတ္ထုရုပ်။ ဝိညာဏစိတ် ၇–ပါးတို့၏ မှီရာရုပ်တို့ ဖြစ်ကြ၏။

၃။ ဒွါရရုပ် ၇–ပါး = ပသာဒရုပ် ၅–ပါး + ဝိညတ်ရုပ် ၂–ပါး။ ပဉ္စဒွါရဝီထိ စိတ်စေတသိက်တို့ဖြစ်ရာနှင့် ကာယကံ၊ ဝစီကံတို့ဖြစ်ရာ ဌာနတို့တည်း။

၄။ ဣန္ဒြိယရုပ် ၈–ပါး = ပသာဒရုပ် ၅–ပါး + ဘာဝရုပ် ၂–ပါး + ဇီဝိတရုပ် ၁–ပါး။

ပဉ္စဝိညာဏစိတ်၊ လိင်၊ ကမ္မဇရုပ်တို့ကို မိမိတို့ဆိုင်ရာ ဆိုင်ရာ၌ အစိုးရကြသော ရုပ်များတည်း။

၅။ ဩဠာရိကရုပ် ၁၂–ပါး=ပသာဒရုပ် ၅–ပါး + ဂေါစရရုပ် ၇–ပါး။

ရုန့်ရင်း ကြမ်းတမ်းသည် အဖြစ်ကြောင့် ဉာဏ်ဖြင့်ကြည့်လျှင် ထင်လွယ်မြင်လွယ်ကြသော ရုပ်တို့တည်း။ ထိုသို့ဉာဏ်၌ ထင်မြင်လွယ်ခြင်းကြောင့် ဤရုပ်တို့သည် ဉာဏ်နှင့် နီးကပ်သည်အဖြစ်သို့ ရောက်သဖြင့် သန္တိကေရုပ်ဟုလည်းမည်၏။ အာရုံအာရမ္မဏိက အားဖြင့် ထိပါးခြင်း၊ မဟာဘုတ်အချင်းချင်း ထိခိုက်ခြင်းနှင့်တကွဖြစ်သောကြောင့်လည်း သပ္ပဋိဃရုပ်ဟု မည်၏။

http://www.dhammadownload.com



၆။ ဥပါဒိန္နရုပ် = ကမ္မဇရုပ် ၁၈–ပါး (ကံကြောင့်ဖြစ်သောရုပ် ၁၈–ပါး)။ ဤရုပ်တို့သည် တဏှာဒိဋ္ဌိတို့ ကပ်ရောက်သောကံကင်း၏အကျိုးဟုစွဲယူအပ်သော ရုပ်တို့ဖြစ်ကြ၏။ (စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့ကို အနုပါဒိန္နရုပ်ဟု ခေါ်၏။)

၇။ သနိဒဿနရုပ် = မျက်စိဖြင့် မြင်ကောင်းသော ရုပ် (ရူပါရုံ)။

၈။ ဂေါစရဂ္ဂါဟိကရုပ် = ပသာဒရုပ် ၅–ပါး။ အာရုံကိုယူတတ်ပြီး အာရုံကို ယူရာဌာနဖြစ်ကြသော ရုပ်တို့တည်း။

၉။ အဝိနိဗ္ဘောဂရုပ် ၈–ပါး=မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ။ ဤရုပ် ၈–ပါး အပေါင်းအစုသည် တစ်ခုစီကွဲသွားအောင် ခွဲခြား၍ မရကောင်းသော ရုပ်များဖြစ်ကြ၏။ မြေကြီးတွင် ပထဝီဓာတ် လွန်ကဲ၏။ သို့သော် အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇတို့လည်း ပါရှိကြ၏။ ရေတွင် အာပေါလွန်ကဲ၏။ သို့သော် တေဇောအပါအဝင် ကျန်ရုပ် ၇–ပါးတို့လည်း ပါဝင်ကြ၏။ မီးတွင် တေဇောဓာတ် လွန်ကဲ၏။ သို့သော် အာပေါအပါအဝင် ကျန်ရုပ် ၇–ပါးတို့လည်း ပါရှိကြ၏။ ထို့ကြောင့် "ရေတွင် မီးရှိပြီး မီးတွင် ရေရှိသည်" ဟု ဆိုနိုင်၏။

## ရူပသမုဋ္ဌာန

ရုပ်တို့ကို ဖြစ်စေသော အကြောင်းများနှင့် ရုပ်ဖြစ်ပုံကိုပြသော အခန်းကို ရူပသမုဋ္ဌာနဟု ခေါ်၏။

http://www.dhammadownload.com



သမုဋ္ဌာန် ၄–ပါး = ရုပ်ကိုဖြစ်စေသောအကြောင်းတရား ၄–ပါး (ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့တည်း။)

၁။ ရုပ်ကိုဖြစ်စေသော ကံ ၂၅–ပါး = ကမ္မပထမြောက်သော အကုသိုလ်ကံ ၁၂–ပါး၊ မဟာကုသိုလ်ကံ ၈–ပါးနှင့် ရူပါဝစရကုသိုလ်ကံ ၅–ပါးတို့ ဖြစ်ကြ၏။ အကုသိုလ်ကံ ၁၂–ပါးဟူသည်မှာ အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော စေတနာ စေတသိက်တို့တည်း။ ကုသိုလ်ကံဟူသည်မှာ ကုသိုလ်စိတ်တို့၌ ယှဉ်သော စေတနာ စေတသိက်တို့တည်း။

၂။ ရုပ်ကိုဖြစ်စေသောစိတ် ၇၅–ပါး = ဒွေပဉ္စဝိညာဏ် ၁၀–ပါးနှင့် အရူပဝိပါက် ၄–ပါးတို့ကို ကြဉ်သောစိတ် ၇၅–ပါး။ ဤစိတ်တို့ အနက်အပ္ပနာဇော ၂၆–ပါးတို့သည်ဣရိယာပုထ်ကိုလည်းခိုင်ခံ့အောင် ထောက်ပံ့နိုင်၏။

မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉–ပါးနှင့် အဘိညာဏ်ဒွေ ဟူသောစိတ် ၃၂–ပါးတို့သည် ရုပ်သာမညကို ဖြစ်စေခြင်း၊ ဣရိယာပုထ်ကို ထောက်ပံ့ခြင်းတို့အပြင် ဝိညတ် ၂–ပါးကိုလည်းဖြစ်စေနိုင်ကြ၏။ ဤတွင် ဒေါမနဿဇော ၂–ပါးတို့သည် ညည်းညူငိုကြွေးခြင်းကိုလည်း ဖြစ်စေနိုင်ကြ၏။ သောမနဿဇော ၁၃–ပါးတို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေနိုင်ကြ၏။

ဘုရားနှင့် ရဟန္တာတို့ပြုံးရယ်သောစိတ် = ဟသိတုပ္ပါဒ်နှင့် မဟာကြိယာသောမနဿ ၄–ပါး၊ ပေါင်း စိတ် ၅–ပါး။

သေက္ခပုဂ္ဂိုလ်တို့ ပြုံးရယ်သောစိတ် = လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿဇော ၂ + မဟာကုသိုလ် သောမနဿဇော ၄–ပါး၊ ပေါင်း စိတ် ၆–ပါး။

ပုထုဇဉ်တို့ ပြုံးရယ်သောစိတ် = လောဘမူသောမနဿ ၄–ပါး + မဟာကုသိုလ်သောမနဿ ၄–ပါး၊ ပေါင်း စိတ် ၈–ပါး။

http://www.dhammadownload.com



မှတ်ချက်။ ။ မနောဓာတ်၃၊တဒါရုံ၁၁၊ရူပဝိပါက်၅၊ပေါင်း ၁၉-ပါးတို့သည် ရုပ်သာမညကိုသာ ဖြစ်စေနိုင်ကြ၏။

၃။ ရုပ်ကိုဖြစ်စေသော ဥတု=ခပ်သိမ်းသော ရုပ်ကလာပ်တို့၌ ပါရှိသည့် သီတဥတုနှင့် ဥဏှဥတုဟုခေါ်သော တေဇောဓာတ်။

၄။ ရုပ်ကိုဖြစ်စေသော အာဟာရ=အဇ္ဈတ္တနှင့်ဗဟိဒ္ဓခပ်သိမ်းသော ရုပ်ကလာပ်တို့၌ ပါရှိသည့် ဩဇာဓာတ်။

## ရုပ်ဖြစ်ပုံ

၁။ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်း ခဏတိုင်း မပြတ်မလပ်ဖြစ်ပေါ်ကြ၏။

၂။ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည် ပဋိသန္ဓေစိတ်နောင် ပထမ ဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်တို့၏ ဥပါဒ်ခိုက် ဥပါဒ်ခိုက်၌ ဖြစ်ပေါ်ကြ၏။

၃။ ဥတုကြောင့်ဖြစ်သော ရုပ်ကို ဥတုဇရုပ်ဟုခေါ်၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကမ္မဇရုပ်တွင် တေဇောဓာတ်ပါ၏။ ထိုတေဇောသည် ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏမှစ၍ ဥတုဇရုပ်ကို ဖြစ်စေ၏။

ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တိုင်း၌ ဥတုဇ တေဇောဓာတ်ပါဝင်လျက်ရှိရာ ထိုဥတုသည် ဥပါဒ်ပြီးနောက်၌ ဋ္ဌီအခိုက်သို့ရောက်လျှင် ဥတုဇရုပ်ကို ဖြစ်စေ၏။ ထိုသို့ဖြစ်စေရာ၌ စိတ်၏ ဥပါဒ်ဋ္ဌီဘင် အစီအစဉ်အတိုင်း ခဏမစဲ ရုပ်ကိုဖြစ်စေ၏။

အဇ္ဈတ္တသန္တာန်၌ ဥတုဇရုပ်များ ဖြစ်ပေါ်သည့်နည်းတူ ဗဟိဒ္ဓသန္တာန်၌လည်း ဥတုဇရုပ်များ ဖြစ်ပေါ်ကြ၏။

http://www.dhammadownload.com



၄။ အာဟာရကြောင့်ဖြစ်သော ရုပ်ကို အာဟာရဇရုပ်ဟု ခေါ်၏။

အဝိနိဗ္ဘောဂရုပ် ၈-ပါးတွင် ဩဇဓာတ် ပါဝင်သဖြင့် ဩဇသည် ရုပ်ကလာပ်တိုင်း၌ ရှိ၏။ သို့သော် အဇ္ဈတ္တဩဇသည် အစားအစာတွင် ပါရှိသော ဗဟိဒ္ဓဩဇနှင့် ပေါင်းဆုံပြီးမှ အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။

ဩပပါတိကနှင့် သံသေဒဇသတ္တဝါတို့သည် ပဋိသန္ဓေနေပြီးနောက် တစ်စုံတစ်ခုသော စားဖွယ်ကို (အယုတ်သဖြင့် မိမိတံတွေးကို) စားမျိုသောအခါ ဝမ်းတွင်း၌ ပါစကတေဇောဓာတ်မီးဖြင့် ထိုအစာကို ပေါင်းနွှေးရ၏။ ထို့နောက် အစာတွင် ပါသော ဩဇဓာတ်သည် သွေးနှင့်အတူ ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွား၏။ ထိုအခါ ခန္ဓာကိုယ်အနှံ့ရှိ အဇ္ဈတ္တဩဇနှင့် ထိတွေ့၍ ရုပ်၏ ဌီသို့ရောက်သောအခါမှ စတင်ကာ ထိုအတွင်းအပဩဇတို့သည် ခဏမစဲ အာဟာရဇရုပ်တို့ကို ဖြစ်စေကြ၏။

ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေစတည်ပြီးနောက် တစ်သတ္တာဟ၊ နှစ်သတ္တာဟခန့်ကြာလျှင် မိခင်စားမျိုလိုက်သော အစားအစာတို့မှ တစ်ဆင့် ဖြစ်ပေါ်လာသည့် ဩဇဓာတ်သည် သွေးနှင့်အတူ လှည့်ပတ်လာရာမှ သန္ဓေသားလောင်း၏ ကိုယ်၌ ပျံ့နှံ့၏။ ထိုပျံ့နှံ့သော ဗဟိဒ္ဓဩဇနှင့် ပင်ကိုရှိရင်းဖြစ်သည့် အဇ္ဈတ္တဩဇတို့ ပေါင်းဆုံမိသည်မှ ရုပ်၏ ဌီသို့ရောက်သောအခါ အာဟာရဇရုပ်တို့ ဖြစ်ပေါ်ကြ၏။ ထိုသို့ ဖြစ်ရာ၌ အတွင်းအပဩဇတစ်စုံလျှင် အာဟာရဇရုပ်ကလာပ်တစ်ခုကျ စိတ်၏ ဥပါဒ်-ဌီ-ဘင် အစီအစဉ်အတိုင်း ခဏမစဲ ဖြစ်ပေါ်၏။

## ရုပ်အမျိုးအစားများ

အကြောင်းတစ်ပါးကြောင့် ဖြစ်သောရုပ်ကို ဧကနရုပ်၊ တစ်ပါးထက် ပိုသောအကြောင်းတို့ကြောင့် ဖြစ်သောရုပ်ကို အနေကနရုပ် ဟု ခေါ်၏။

၁။ ကမ္မဇရုပ် ၁၈-ပါး = အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဣန္ဒြေရုပ် ၈-ပါး၊

http://www.dhammadownload.com



ဟဒယဝတ္ထုနှင့် ပရိစ္ဆေဒရုပ်။

ငင်းတို့အနက် ပသာဒရုပ်၅–ပါး၊ ဘာဝရုပ် ၂–ပါး၊ ဇီဝိတရုပ် ၁–ပါးဟု ဆိုအပ်သော ဣန္ဒြေရုပ် ၈– ပါးနှင့် ဟဒယဝတ္ထုရုပ် ၁–ပါး၊ ပေါင်း ၉–ပါးသည် ကမ္မဇဧကန်ရုပ်များ ဖြစ်ကြ၏။ ကျန် ၉–ပါးမှာ ကမ္မဇအနေကန် ရုပ်များ ဖြစ်ကြ၏။

၂။ စိတ္တဇရုပ် ၁၅–ပါး = အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ လဟုတာဒိရုပ် ၃–ပါး၊ ဝိညတ်ရုပ် ၂–ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ်။

ငင်းတို့အနက် ဝိညတ်ရုပ် ၂–ပါးသည် စိတ္တဇဧကန်ရုပ်များ ဖြစ်ကြပြီးလျှင် ကျန် ၁၃–ပါးတို့သည် စိတ္တဇအနေကန်ရုပ်များ ဖြစ်ကြ၏။

၃။ ဥတုဇရုပ် ၁၃–ပါး = အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ လဟုတာဒိရုပ် ၃–ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ်။ အားလုံးဥတုဇအနေကန်ရုပ်များ ဖြစ်ကြ၏။

၄။ အာဟာရဇရုပ် ၁၂–ပါး=အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ လဟုတာဒိရုပ် ၃–ပါး၊ ပရိစ္ဆေဒရုပ်။ အားလုံးအာဟာရဇအနေကန်ရုပ်များ ဖြစ်ကြ၏။

၅။ ဧကဇရုပ် ၁၁–ပါး = ကမ္မဇဧကန်ရုပ် ၉–ပါး၊ စိတ္တဇဧကန်ရုပ် ၂–ပါး ဟူ၍ အကြောင်းတစ်ပါးစီကြောင့်သာ ဖြစ်ကြသော ဧကဇရုပ် ၁၁–ပါးရှိ၏။

၆။ ဒွိဇရုပ် ၁–ပါး = သဒ္ဒရုပ် ၁–ပါးသာလျှင် စိတ်နှင့် ဥတု အကြောင်း ၂–ပါးတို့ကြောင့် ဖြစ်၏။

http://www.dhammadownload.com



စကားသံ၊ အသံကိုရှုသံ စသည်တို့သည် စိတ္တဇသဒ္ဒရုပ်ဖြစ်၏။ မိုးသံ၊ လေသံ၊ ခေါင်းလောင်းသံ၊ ကားသံ၊ ကက်ဆက်သံ စသည်တို့နှင့် ဝမ်းတွင်းရှိ လေအော်သံတို့သည် ဥတုဇသဒ္ဒရုပ်များ ဖြစ်ကြ၏။

၇။ တိဇရုပ် ၃–ပါး = စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်သော လဟုတာဒိရုပ် ၃–ပါး။

၈။ စတုဇရုပ် ၉–ပါး = အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ ပရိစ္ဆေဒရုပ် ၁–ပါး၊ ပေါင်း ၉–ပါးသော ရုပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသည့် အကြောင်းတရား ၄–ပါးကြောင့် ဖြစ်ကြ၏။

## ရူပကလာပ

ရုပ်တို့၏ ပေါင်းစပ်ဖွဲ့စည်းပုံ ပြခြင်းကို ရူပကလာပဟုခေါ်၏။

ကလာပ် = ဆိုင်ရာရုပ်များ ပူးတွဲပေါင်းစပ်၍ ဖြစ်ပေါ်လာသော ရုပ်အဖွဲ့အစု တစ်ခုကို ရုပ်ကလာပ် ၁–ခုဟု ခေါ်၏။ ရုပ်ကလာပ် တို့၏ လက္ခဏာ ၄–ရပ်ရှိ၏။

၁။ ဧကုပ္ပါဒ = အတူတကွ ဖြစ်ခြင်း၊
၂။ ဧကနိရောဓ = အတူတကွချုပ်ပျက်ခြင်း၊
၃။ ဧကနိဿယ = တူသောမှီရာရှိခြင်း၊
၄။ သဟဝုတ္တိ = ခွဲခြား၍ မရအောင် ပေါင်းရောနေခြင်းတို့ ဖြစ်ကြ၏။

လူ့ဘုံ၌ရှိသော ပရမတ္ထရုပ်ကလာပ်တစ်ခု၏ အရွယ်သည် ပရမာဏုမြူတစ်ခု၏ အစိတ် ၁–သိန်းပုံ ၁–ပုံသာရှိ၏။ ဒြပ်၏ အခြေခံ

http://www.dhammadownload.com



အမှုန်တစ်ခုဖြစ်သည့် ပရိတွန်အရွယ်အောက် ပိုငယ်၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့် ဖြစ်ပျက်နေသော ရုပ်ကလာပ် အမျိုးအစားများမှာ ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်း၊ ပေါင်း ၂၁-စည်း ဖြစ်သည်။

## ၁။ ကမ္မဇကလာပ် ၉-စည်း

အဝိနိဗ္ဘောဂရုပ် ၈-ပါးနှင့် ကမ္မဇကေန်ရုပ် ၉-ပါးတို့ကို ပေါင်းဖွဲ့ယူရမည်။

၁။ စက္ခုဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈-ပါး+ဇီဝိတရုပ် + စက္ခုပသာဒ၊

၂။ သောတဒသက = အဝိနိဗ္ဘောဂရုပ် ၈-ပါး + ဇီဝိတရုပ် + သောတပသာဒ၊

၃။ ဃာနဒသက = အဝိနိဗ္ဘောဂရုပ် ၈-ပါး + ဇီဝိတရုပ် + ဃာနပသာဒ၊

၄။ ဇိဝှာဒသက = အဝိနိဗ္ဘောဂရုပ် ၈-ပါး + ဇီဝိတရုပ် + ဇိဝှာပသာဒ၊

၅။ ကာယဒသက = အဝိနိဗ္ဘောဂရုပ် ၈-ပါး + ဇီဝိတရုပ် + ကာယပသာဒ၊

၆။ ဣတ္ထိဘာဝဒသက = အဝိနိဗ္ဘောဂရုပ် ၈-ပါး + ဇီဝိတရုပ် + ဣတ္ထိဘာဝရုပ်၊

၇။ ပုမ္ဘာဝဒသကကလာပ်=အဝိနိဗ္ဘောဂရုပ် ၈- ပါး+ဇီဝိတရုပ်+ပုမ္ဘာဝရုပ်၊

၈။ ဟဒယဒသကကလာပ်=အဝိနိဗ္ဘောဂရုပ် ၈-ပါး+ဇီဝိတရုပ်+ဟဒယ

http://www.dhammadownload.com



ဝတ္ထု၊

၉။ ဇီဝိတနဝကကလာပ်= အဝိနိဗ္ဘောဂရုပ် ၈–ပါး + ဇီဝိတရုပ်တို့၏ အဖွဲ့အစု။

## ၂။ စိတ္တဇကလာပ် ၆–စည်း

အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ ဝိညတ်ရုပ် ၂–ပါး၊ သဒ္ဒရုပ်နှင့် လဟုတာဒိရုပ် ၃–ပါးတို့ကို ပေါင်းဖွဲ့ယူရမည်။

၁။ သုဒ္ဓဋ္ဌကကလာပ် = စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈–ပါး၏ အဖွဲ့အစု။

၂။ ကာယဝိညတ္တိနဝကကလာပ်= အဝိနိဗ္ဘောဂရုပ် ၈–ပါး + ကာယဝိညတ်။

၃။ ဝစီဝိညတ္တိသဒ္ဒဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ဝစီဝိညတ် + သဒ္ဒရုပ်၊

၄။ လဟုတာဒိဧကာဒသကကလာပ်= အဝိနိဗ္ဘောဂရုပ် ၈–ပါး+ လဟုတာဒိရုပ် ၃–ပါး၊

၅။ ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ကာယဝိညတ် + လဟုတာဒိရုပ် ၃–ပါး၊

၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ်=အဝိနိဗ္ဘောဂ ရုပ် ၈–ပါး + ဝစီဝိညတ် + လဟုတာဒိရုပ် ၃–ပါး + သဒ္ဒရုပ်။

http://www.dhammadownload.com



## ၃။ ဥတုဇကလာပ် ၄–စည်း

အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ သဒ္ဒရုပ်နှင့် လဟုတာဒိရုပ် ၃–ပါးတို့ကို ပေါင်းဖွဲ့ယူရမည်။

၁။ သုဒ္ဓဋ္ဌကကလာပ် = ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈–ပါး၏ အဖွဲ့အစု။

၂။ သဒ္ဒနဝကကလာပ်= အဝိနိဗ္ဘောဂရုပ် ၈–ပါး + သဒ္ဒရုပ်တို့၏အဖွဲ့ အစု။

၃။ လဟုတာဒိဧကာဒသကကလာပ်= အဝိနိဗ္ဘောဂရုပ် ၈–ပါး + လဟုတာဒိရုပ် ၃–ပါး။

၄။ သဒ္ဒလဟုတာဒိဒွါဒသကကလာပ်= အဝိနိဗ္ဘောဂရုပ် ၈–ပါး + သဒ္ဒ + လဟုတာဒိရုပ် ၃–ပါး။

## ၄။ အာဟာရဇကလာပ် ၂–စည်း

အဝိနိဗ္ဘောဂရုပ် ၈–ပါးနှင့်လဟုတာဒိရုပ်တို့ကိုသာ ဖွဲ့စည်းရ၏။

၁။ သုဒ္ဓဋ္ဌကကလာပ် = အာဟာရကြောင့် ဖြစ်သောအဝိနိဗ္ဘောဂရုပ် ၈–ပါး။

၂။ လဟုတာဒိဧကာဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈–ပါး + လဟုတာဒိရုပ် ၃–ပါး။

## ၅။ အဇ္ဈတ္တ–ဗဟိဒ္ဓရုပ်ကလာပ်များ

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ရုပ်ကလာပ် ၂၁–စည်းလုံးကို ရအပ်၏။ အထီးသတ္တဝါတို့၌ ဣတ္ထိဘာဝဒသက ကလာပ်ကို မရထိုက်။ အမသတ္တဝါတို့၌ ပုမ္ဘာဝဒသက ကလာပ်ကို မရထိုက်။ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသူ၊ နားပင်းသူတို့တွင် သက်ဆိုင်ရာ ဒသကကလာပ်ကို မရ

http://www.dhammadownload.com



ထိုက်။

ဗဟိဒ္ဓသန္တာန်၌မူ ဥတုဇသုဒ္ဓဋ္ဌကကလာပ်နှင့် ဥတုဇသဒ္ဒနဝက ကလာပ် ၂-စည်းကိုသာရအပ်၏။ သစ်ပင်၊ တောတောင်၊ မြေ၊ ရေ၊ လေ၊ မီး၊ အလောင်းကောင် စသည်တို့သည် ဥတုဇသုဒ္ဓဋ္ဌက ကလာပ်ချည်းသာ ဖြစ်ကြ၏။ သစ်ပင် သစ်ကိုင်းများ ကြိတ်ခတ်သံ၊ တုံးခေါက်သံ၊ မိုးခြိမ်းသံ၊ ရေဒီယိုသံ စသည်တို့မှာ ဥတုဇသဒ္ဒနဝက ကလာပ်များဖြစ်ကြ၏။

## ရူပပဝတ္တိက္ကမ

ရုပ်တို့၏ဖြစ်ပုံပျက်ပုံအစဉ်ကိုပြသောအပိုင်းသည်ရူပပဝတ္တိက္ကမ အမည်ရ၏။

တစ်ဘဝ၌ ပဋိသန္ဓေစိတ် ဥပါဒ်ခိုက်ကို ပဋိသန္ဓေအခါဟု ခေါ်၏။ ထိုအခါ ပဋိသန္ဓေစိတ်နှင့် ၎င်း၏ယှဉ်ဖက် စေတသိက်များ (ဝိပါက်နာမက္ခန္ဓာ)နှင့် ကမ္မဇရုပ်များ ဥပါဒ်ကြ၏။

ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စုတိစိတ်မကျမီ အချိန်အတွင်း နောက်ကာလကို ပဝတ္တိအခါဟု ခေါ်၏။ ထိုအခါ၌ ဘဝင်စိတ်များ၊ ဝီထိစိတ်များနှင့် ၎င်းတို့၏ ယှဉ်ဖက်စေတသိက်များ၊ ကမ္မဇရုပ်များ၊ စိတ္တဇရုပ်များ၊ ဥတုဇရုပ်များ၊ အာဟာရဇရုပ်များ ဖြစ်ပျက်ကြ၏။

### ၁။ ဘုံ ၃-ပါး၌ရနိုင်သောရုပ်များ

၁။ ကာမဘုံ၌ ရုပ် ၂၈-ပါးလုံးကို ပဝတ္တိအခါ၌ ထိုက်သလို ရကြ၏။

၂။ ရူပဘုံ၌ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဘာဝရုပ် ၂-ပါး၊ ပေါင်းရုပ် ၅-ပါးတို့ကို မရထိုက်။ ကျန်ရုပ် ၂၃-ပါးတို့ကိုသာ ရထိုက်၏။

အသညသတ်ဘုံ၌ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ်၊ ပရိ

http://www.dhammadownload.com



စ္ဆဒရုပ်၊ ဝိကာရုပ် ၃–ပါး၊ လက္ခဏာရုပ် ၄–ပါး၊ ပေါင်း ရုပ် ၁၇–ပါး ကိုသာ ရအပ်၏။

၃။ အရူပဘုံ၌ ရုပ်တစ်ပါးမျှ မရအပ်ပေ။

## ၂။ ယောနိခေါ် အမျိုးဇာတ် ၄–ပါး

၁။ သံသေဒဇသတ္တဝါ = ပဒုမ္မာကြာတိုက်၊ သစ်ခေါင်း၊ သစ်သီး၊ ရွံ့ညွန်၊ ရေဟောင်း၊ အညစ်အကြေး စသည့်ငြိကပ်ရာ အရပ်၌ ဖြစ်သောသတ္တဝါ (ပဒုမဝတီမိဖုရား၊ ဝေဠုဝတီမိဖုရားနှင့် ပိုးလောင်းများ)

၂။ ဩပပါတိက (ဝါ) ဥပပတ်သတ္တဝါ = ဘဝဟောင်း ချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက် ဘွားကနဲကောင်းကင်မှ ကျလာသကဲ့သို့ ခန္ဓာကိုယ် အထင်အရှားဖြစ်သော သတ္တဝါ (ကမ္ဘာဦးလူ၊ ဘုမ္မစိုဝ်းနတ်မျိုးမှအပ အထက်နတ်ဗြဟ္မာများ၊ မီးသရဲပြိတ္တာများနှင့် ငရဲသားများ)

၃။ ဂဗ္ဘသေယျကသတ္တဝါ = အမိဝမ်းတိုက်၌ ကိန်းအောင်း၍ ပဋိသန္ဓေနေသော သတ္တဝါ။

(က) ဇလာဗုဇသတ္တဝါ = သားအိမ်၌ ပဋိသန္ဓေနေသူ (လူ၊ ကြောင်၊ ခွေး)

(ခ) အဏ္ဍဇသတ္တဝါ=ဥခွံအတွင်း၌ ပဋိသန္ဓေနေသူ (ကြက်၊ ငှက်၊ ဘဲ)

## ၃။ ပဋိသန္ဓေအခါရုပ်ဖြစ်စဉ်

၁။ သံသေဒဇနှင့် ဥပပတ်သတ္တဝါတို့အား ပဋိသန္ဓေအခါ၌ စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက (ဝါ) ဟဒယဒသက

http://www.dhammadownload.com



တည်းဟူသော ကလာပ် ၇–စည်းတို့သည် ဥက္ကဋ္ဌနည်း အစွမ်းဖြင့် တစ်ပြိုင်နက် ထင်ရှားစွာ ဖြစ်ပေါ်ကြ၏။ အကုသိုလ်ကံကြောင့် အာယတနချို့တဲ့သူတို့၌ စက္ခုဒသက၊ သောတဒသကနှင့် ဘာဝဒသက ကလာပ်တို့ ချို့ကောင်း၏။

၂။ ဂဗ္ဘသေယျက သတ္တဝါတို့အား ပဋိသန္ဓေကလလရေကြည်တည်သောအခါ၌ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဟူသော ကလာပ်စည်း ၃–ခုနှင့် ရုပ် ၃၀ အစုအပေါင်းသည် တစ်ပြိုင်နက် ထင်ရှားစွာ ဖြစ်ပေါ်၏။ တစ်ခါတစ်ရံ အကုသိုလ်ကံ နှိပ်စက်သဖြင့် ဘာဝဒသကချို့တဲ့တတ်၏။ ထိုအခါကလာပ် ၂–စည်းနှင့် ရုပ် ၂၀ တို့၏အပေါင်းအစုသာ ဖြစ်၏။

၃။ ပဋိသန္ဓေအခါမရအပ်သောရုပ်တို့ကား သဒ္ဒရုပ်၊ ဝိကာရရုပ် ၅–ပါး၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူသော ရုပ် ၈–ပါးတည်း။

## ၄။ စတုဇရုပ်ဖြစ်စဉ်

အကြောင်း ၄–ပါးကြောင့် ရုပ်တို့၏ ဖြစ်စဉ်ကား–

၁။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်မှစ၍ ခဏတိုင်း ခဏတိုင်း ဖြစ်ကြ၏။

၂။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်အခိုက်မှ စ၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ကြ၏။

၃။ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ခဏမစဲ ဖြစ်ကြ၏။

၄။ အာဟာရဇရုပ်တို့သည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ၊ နှစ်သတ္တာဟလွန်၍ မိခင်စားမျိုသည့် အစာအာဟာရမှ ဖြစ်သောဩဇာ၏ ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သည့်အခါမှစ၍ ခဏမစဲ ဖြစ်ကြ၏။ သံသေဒဇနှင့် ဥပပါတ်သတ္တဝါ

http://www.dhammadownload.com



တို့အားမိမိမျိုအပ်သော သလိပ်တံတွေး(သို့မဟုတ်) အာဟာရမှဖြစ်သည့်ဩဇာ၏ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သောအချိန်မှစ၍ အာဟာရဇရုပ်တို့ ခဏမစဲ ဖြစ်ကြကုန်၏။

## ၅။ စတုဇရုပ်တို့၏ ဖြစ်ပျက်စဉ်

၁။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ် ဥပါဒ်အခါမှစ၍ အစဉ်မပြတ်ဖြစ်ပျက်လာခဲ့ရာ စုတိစိတ်အထက် နောက်ပြန်ရေတွက်လျှင် ၁၇–ချက်မြောက်သောစိတ်၏ ဥပါဒ်အခိုက်၌ နောက်ဆုံးဖြစ်ကြ၏။ ထိုနောက်ဆုံးဖြစ်ကြသော ကမ္မဇရုပ်တို့သည် စုတိစိတ်၏ ဘင်ခဏ၌ ၁၇–ချက် ရုပ်သက်စေ့သဖြင့် စုတိစိတ်နှင့်ပြိုင်၍ချုပ်ကြ၏။ သို့ဖြစ်၍ စုတိစိတ်ချုပ်ငြိမ်းချိန်၌ ကမ္မဇရုပ်တို့လည်း အကုန်ချုပ်ငြိမ်းကြလေပြီ။

၂။ ရဟန္တာတို့၏ စုတိစိတ်မှတစ်ပါး အားလုံးသော သတ္တဝါတို့၏ စုတိစိတ်သည် ရုပ်ကိုဖြစ်စေနိုင်သဖြင့် စုတိစိတ်၏ ဥပါဒ်ခဏ၌ စိတ္တဇရုပ်များ နောက်ဆုံးဖြစ်ကြ၏။ ဤစိတ္တဇရုပ်တို့သည် စုတိစိတ် ချုပ်ပြီးချိန်၌ ခဏငယ်သုံးချက် ရုပ်သက်ရခဲ့ပြီဖြစ်၍ နောက်ထပ်ခဏငယ်၄၈–ချက်အသက်ရှည်ကြ၏။ ထို့ကြောင့် စုတိစိတ်ချုပ်ငြိမ်းပြီးနောက် ခဏငယ် ၄၈–ချက်အကြာတွင် စိတ္တဇရုပ်များအားလုံး ချုပ်ငြိမ်းလေပြီ။

၃။ ဗဟိဒ္ဓမှ မျိုအပ်သော အစာအာဟာရလည်းရှိစေ၊ အဇ္ဈတ္တအာဟာရနှင့် ပူးပေါင်းမိသည်လည်း ဖြစ်စေ၊ ဝိညာဏ်အထောက်အပံ့ ရသည်လည်း ဖြစ်စေ၊ ဤအကြောင်းသုံးချက်ညီညွတ်လျှင် အာဟာရဇရုပ် ဖြစ်၏။ ထို့ကြောင့် အာဟာရဇရုပ်သည် စုတိစိတ်၏ ဘင်ခဏတိုင်အောင် ဖြစ်ကြ၏။ ထိုနောက်ဆုံးဖြစ်ကြသော အာဟာရဇရုပ်တို့သည် စုတိစိတ်ချုပ်ငြိမ်းချိန်တွင်ခဏငယ်၁–ချက်သာ ရုပ်သက်ရသေးသဖြင့်

http://www.dhammadownload.com



ခဏာငယ် ၅၀–ချက် ကြာသောအခါ အာဟာရဇရုပ်များလည်း ချုပ်ငြိမ်းကြလေပြီ။

၄။ ဥတုဇရုပ်ကလာပ် တစ်ခုစီတွင် ပါရှိသော တေဇောဓာတ်သည် ရုပ်၏ ဌီအချိန်၌ ခဏာငယ်တိုင်း ဥတုဇရုပ်သစ်ကို ဥပါဒ်စေနိုင်သဖြင့် ဥတုဇရုပ်များသည် စုတေပြီးသည့်နောက်၌လည်း ဆက်ကာ ဆက်ကာ ဖြစ်ပျက်သွားကြ၏။ သို့အတွက် အလောင်းကောင်သည် ဥတုဇရုပ်များ၏ အစုအဝေးသာဖြစ်၏။ အလောင်းပုပ်ပွ ဆွေးမြေ့၍ အရိုးစုဖြစ်သည့်တိုင်အောင် ထိုမှတစ်ဆင့် အရိုးများ ဆွေးမြေ့၍ မြေမှုန့်ဖြစ်သည့်တိုင်အောင် ဥတုဇရုပ်ကလာပ်တို့ ဆက်ကာဆက်ကာ ဖြစ်ရစ်နေကြပေလိမ့်မည်။

## နိဗ္ဗာန်

ကိလေသာတရားနှင့် ဒုက္ခတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့် စိတ်သန္တာန်၌ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်း သီတိ,သန္တိ သဘောသည် နိဗ္ဗာန်ဖြစ်၏။ ဘဝကို ချုပ်စပ်ပေးသဖြင့် ဝါနဟုအမည်ရသော တဏှာမှ လွတ်မြောက်ကင်းရှင်းရာ "နိဝါန" သဘောသည် နိဗ္ဗာန်ပင် ဖြစ်၏။

နိဗ္ဗာန်သည် တဏှာဝါနမှ ကင်းလွတ်၍ တဏှာဝါနနှင့် မရောယှက်ဘဲ တည်သကဲ့သို့ မိမိသို့ ဆိုက်ရောက်အောင် အားထုတ်သော ပုဂ္ဂိုလ်ကိုလည်း ထိုတဏှာဝါနမှ လွတ်ကင်းစေ၏။ ထို့ကြောင့် နိဗ္ဗာန်သည် တဏှာဝါနမှ ကင်းလွတ်ရာဌာန၊ ဘဝသံသရာမှ လွတ်မြောက်ရာ ဌာန ဖြစ်၏။

နိဗ္ဗာန်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်သော ပရမတ်တရား အစစ်ပေတည်း။

http://www.dhammadownload.com



## နိဗ္ဗာန် ၂–မျိုး

### ၁။ သဥပါဒိသေသနိဗ္ဗာန်

ရဟန္တာတို့၏ သန္တာန်၌ ကိလေသာများ ချုပ်ငြိမ်းသွားကြသော်လည်း ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ ကြွင်းကျန်ရစ်၏။ ထိုကြွင်းကျန်ရစ်သည့် ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ဖြင့် မှတ်အပ်သော နိဗ္ဗာန်ဓာတ်ကို သဥပါဒိသေသ နိဗ္ဗာနဓာတ်ဟု ခေါ်၏။ ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ မချုပ်သေးခင် (ဝါ) ပရိနိဗ္ဗာန်မစံခင် အာရုံပြုအပ်သော နိဗ္ဗာန်ဟု ဆိုလို၏။

### ၂။ အနုပါဒိသေသနိဗ္ဗာန်

ကိလေသာချုပ်ငြိမ်းပြီးနောက် ကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ မရှိသော နိဗ္ဗာနဓာတ်ကို အနုပါဒိသေသ နိဗ္ဗာနဓာတ်ဟု ခေါ်၏။ ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ ချုပ်ငြိမ်းပြီးသည့်အခါ (ဝါ) ပရိနိဗ္ဗာန်စံလွန်သည့်အခါ ရအပ်သော နိဗ္ဗာန်ဟု ဆိုလို၏။

## နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ

၁။ နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာတို့နှင့် တကွ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့မှ သုဉ်း၏။ ကင်းဆိတ်၏။ ဤသို့ ကိလေသာနှင့်ရုပ်နာမ်အားလုံးတို့မှ ဆိတ်သုဉ်းနေခြင်းကြောင့် နိဗ္ဗာန်သည် 'သုညတနိဗ္ဗာန်' ဟူသော ဂုဏ်ပုဒ်ကိုရ၏။

၂။ ရုပ်ခန္ဓာသည် ကလာပ်ရုပ်များ ပေါင်းဖွဲ့နေခြင်းကြောင့် ပုံသဏ္ဌာန် အမျိုးမျိုးရှိ၏။ နာမ်ခန္ဓာသည်လည်း ဘုရားရှင်တို့၏ ဉာဏ်တော်တွင် ပုံသဏ္ဌာန် မဟုတ်သော်လည်း ပုံသဏ္ဌာန်ကဲ့သို့ပင် ထင်ရှားပေါ်လွင်ရာ၏။ နိဗ္ဗာန်ကား ဤသို့သော ပုံသဏ္ဌာန်မျိုး မရှိချေ။ သို့အတွက် 'အနိမိတ္တနိဗ္ဗာန်' ဟူသော ဂုဏ်ပုဒ်ကိုရ၏။

http://www.dhammadownload.com



၃။ နိဗ္ဗာန်ကို တဏှာဖြင့် မတောင့်တအပ်၊ နိဗ္ဗာန်တွင် တောင့်တအပ်သော တဏှာလည်းမရှိချေ။ ဤသို့ပူပူဆာဆာ တဏှာဖြင့်လည်း မတောင့်တအပ်၊ ပူပူဆာဆာ တောင့်တတတ်သော တဏှာလည်း မရှိခြင်းကြောင့် နိဗ္ဗာန်သည် 'အပ္ပဏိဟိတ နိဗ္ဗာန်' ဟူသော ဂုဏ်ပုဒ်ကိုရ၏။

✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၇)

## သမုစ္စည်းပိုင်း

### အဓိပ္ပာယ်ဖွင့်ဆိုချက်

**၁။ သမုစ္စယ=သမုစ္စည်း**

မိမိဆိုင်ရာ သဘောလက္ခဏာအသီးသီး ရှိကြသော ပရမတ္ထတရား ၇၂-ပါးတို့ကို သဘောတူရာ ပေါင်းစည်း တင်ပြခြင်း။

**၂။ ဝတ္ထုဓမ္မာ**

စိတ် ၁၊ စေတသိက် ၅၂၊ နိပ္ဖန္နရုပ် ၁၈၊ နိဗ္ဗာန် ၁၊ ပေါင်း ပရမတ္ထတရား ၇၂-ပါးတို့သည် သီးခြား အထည်ကိုယ်ဝတ္ထုများ ရှိကြသော သဘောတရားများ ဖြစ်ကြသဖြင့် ဝတ္ထုဓမ္မာဟု အမည်ရကြ၏။

### အကုသလသင်္ဂဟ

(အကုသိုလ်တရားများကို ပေါင်းစည်းတင်ပြခြင်း)

### ၁။ အာသဝေါတရား ၄-ပါး

စိမ့်ရည်အိုးထဲ၌ ကြာမြင့်စွာ စိမ်ထားသော စိမ့်ရည် အရက်ကဲ့သို့ အနမတဂ္ဂသံသရာဝယ် သတ္တဝါတို့၏ ခန္ဓာအစဉ်တည်းဟူသော စိမ့်ရည်အိုး၌ ကြာရှည်စွာ စိမ်ထားသည်ဖြစ်၍ အာနိသင် ပြင်းပြကာ မိမိတို့ကိန်းရာ ပုထုဇဉ်သတ္တဝါတို့အား တွေဝေ ယစ်မူးစေသည့် တရား ၄-ပါး။

http://www.dhammadownload.com



| အာသဝအမည် | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|
| ၁။ ကာမာသဝ | = ဝတ္ထုအာရုံကာမဂုဏ်ကို တပ်မက်တတ်သော တဏှာ။ လောဘမူစိတ် ၈–ပါး၌ ယှဉ်သော လောဘစေတသိက်။ |
| ၂။ ဘဝါသဝ | = ရူပဈာန်၊ အရူပဈာန်နှင့် ထိုဈာန်တို့၏ အကျိုးဝိပါက်ကို နှစ်သက်တွယ်တာသော တဏှာ။ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်သော လောဘစေတသိက်။ |
| ၃။ ဒိဋ္ဌာသဝ | = အယူလွဲမှု မိစ္ဆာဒိဋ္ဌိ။ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်။ |
| ၄။ အဝိဇ္ဇာသဝ | = အာရုံ၏ သဘောမှန်ကို မသိမှုမောဟ။ အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော မောဟ စေတသိက်။ |

## ၂။ ဩဃ ၄–ပါး

ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ။ အဓိပ္ပာယ်နှင့် တရားကိုယ်တို့မှာ အာသဝ ၄–ပါးအတိုင်း ဖြစ်ကြ၏။ ဩဃတည်းဟူသော ပကတိရေအယဉ်သည် သတ္တဝါများကို လွှမ်းမိုးနှစ်မြုပ်နိုပ်စက် သတ်ဖြတ်တတ်သကဲ့သို့ လောဘ၊ ဒိဋ္ဌိနှင့် မောဟတရားတို့သည်လည်း သတ္တဝါများကို လွှမ်းမိုး နှစ်မြှုပ်နှိပ်စက် သတ်ဖြတ်တတ်၏။ ဝဋ်ဒုက္ခဝယ် အပါယ် ၄–ပါးအထိ နစ်မြုပ်အောင် လွှမ်းဖိသတ်ဖြတ်တတ်၏။

## ၃။ ယောဂ ၄–ပါး

ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ။

အဓိပ္ပာယ်နှင့် တရားကိုယ်တို့မှာ အာသဝ ၄–ပါးအတိုင်း ဖြစ်ကြ

http://www.dhammadownload.com



၏။ အစေးနှင့်ကပ်၍ ယှဉ်စပ်ထားသကဲ့သို့ သတ္တဝါများကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ပေးတတ်သောတရားကို ယောဂဟု ခေါ်၏။

## ၄။ ဂန္ထ ၄–ပါး

သံကွင်းချင်း ဆက်ကာ ထုံးနှောင်ဖွဲ့ယှက်ထားသကဲ့သို့ သတ္တဝါတို့၏ နာမကာယ၊ ရူပကာယတို့ကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင် 'စုတိပြီး ပဋိသန္ဓေ၊ ပဋိသန္ဓေပြီး စုတိ' ဟု ဆက်ပေးတတ်သော တရားကို ဂန္ထဟု ခေါ်၏။

| ဂန္ထအမည် | | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|---|
| ၁။ အဘိဇ္ဈာကာယဂန္ထ | = | အာရုံတစ်ခုခုကို ရှေးရှုကြံစည်လိုချင်ခြင်းသဘော၊ မိမိဥစ္စာဖြစ်စေ၊ သူတစ်ပါးဥစ္စာဖြစ်စေ၊ တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ၊ လိုချင်မှု လောဘ။ လောဘမူစိတ် ၈–ပါး၌ ရှိသော လောဘအားလုံး။ |
| ၂။ ဗျာပါဒကာယဂန္ထ | = | စိတ်၏ဖောက်ပြန် ပျက်စီးခြင်း, စိတ်ဆိုးခြင်းသို့ ရောက်ကြောင်းဖြစ်သော ဒေါသ၊ ဒေါသမူစိတ် ၂–ပါး၌ရှိသော ဒေါသတည်း။ |
| ၃။ သီလဗ္ဗတပရာမာသကာယဂန္ထ | = | "နွား၊ ခွေး စသည်တို့၏ အလေ့ အကျင့်ကို ကျင့်လျှင် ကိလေသာမှလည်း စင်ကြယ်၏။ သံသရာမှလည်း လွတ်မြောက်၏" ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းသော ဒိဋ္ဌိ။ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် ၄–ပါး၌ရှိသော ဒိဋ္ဌိတည်း။ |
| ၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ | = | မိစ္ဆာအယူအကျင့်တစ်မျိုးကို မှတ်ယူကျင့်သုံးပြီးလျှင် "ဤငါ၏ အယူအကျင့်သာမှန်၏။ တစ်ပါးသူတို့၏ အယူအကျင့်သည် အမှား

http://www.dhammadownload.com



တည်း"ဟု ပြင်းထန်စွာ စွဲယူသောဒိဋ္ဌိ။ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၌ရှိသော ဒိဋ္ဌိတည်း။

## ၅။ ဥပါဒါန် ၄-ပါး

မြွေက ဖားကို ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်း ယူထားခြင်း (အာရုံပြုခြင်း)ကို ဥပါဒါန်ဟု ခေါ်၏။

| ဥပါဒါန်အမည် | | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|---|
| ၁။ ကာမုပါဒါန် | = | ကာမဂုဏ်၌ ပြင်းထန်စွာ စွဲလမ်းတပ်မက်သော တဏှာလောဘ။ လောဘမူစိတ် ၈-ပါး၌ရှိသော လောဘစေတသိက်တည်း။ |
| ၂။ ဒိဋ္ဌုပါဒါန် | = | သီလဗ္ဗတပရာမာသနှင့် အတ္တဝါဒ ဒိဋ္ဌိ ၂-မျိုးမှအပ ကျန်မိစ္ဆာဒိဋ္ဌိအမျိုးမျိုး။ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၌ ရှိသော ဒိဋ္ဌိတည်း။ |
| ၃။ သီလဗ္ဗတုပါဒါန် | = | သီလဗ္ဗတပရာမာသ အကျင့်မျိုး၌ ပြင်းထန်ခိုင်မြဲစွာ စွဲလမ်းသော ဒိဋ္ဌိ။ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၌ရှိသော ဒိဋ္ဌိတည်း။ |
| ၄။ အတ္တဝါဒုပါဒါန် | = | "အတ္တရှိ၏"ဟု စွဲယူသော သက္ကာယဒိဋ္ဌိ အမျိုးမျိုး။ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၌ရှိသော ဒိဋ္ဌိတည်း။ |

## ဒိဋ္ဌိတစ်မျိုးတည်းကို တရားအမျိုးမျိုး ဖွဲ့ဆိုရသည့်အကြောင်း

သီလဗ္ဗတပရာမာသဒိဋ္ဌိသည် "နွား ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်ကာ သံသရာမှ လွတ်မြောက်လွယ်၏"ဟု

http://www.dhammadownload.com



ယူ၏။ ဣဒံသစ္စာဘိနိဝေသ ဒိဋ္ဌိသည် "ဤငါ၏ အယူသာအမှန်၊ ကျန် အယူတွေ အမှားချည်း"ဟု စွဲမြဲစွာယူ၏။ အတ္တဝါဒုပါဒါန ဒိဋ္ဌိသည် "အတ္တ ရှိ၏"ဟု ယူ၏။ ဤသို့ စွဲယူပုံ အခြင်းအရာ ကွဲပြားသောကြောင့် တရား ကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင် သီလဗ္ဗတပရာမာသ စသည်ဖြင့် နာမည် အမျိုးမျိုး တပ်၍ဆိုအပ်၏။

## ၆။ နီဝရဏ ၆–ပါး

ဈာန်၊ မဂ်၊ ဖိုလ်နှင့် ကုသိုလ်တရားများကို ဖြစ်ခွင့်မပေးဘဲ တားမြစ်ပိတ်ပင်တတ်သော တရားကို နီဝရဏဟု ခေါ်၏။

| နီဝရဏအမည် | | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|---|
| ၁။ ကာမစ္ဆန္ဒနီဝရဏ | = | ကာမဂုဏ်ကို လိုချင်နှစ်သက်တတ်သော တဏှာလောဘ။ လောဘမူစိတ် ၈–ပါး၌ရှိသော လောဘစေတသိက်။ |
| ၂။ ဗျာပါဒနီဝရဏ | = | အမျက်ဒေါသ။ ဒေါသမူဒွေ၌ ရှိသော ဒေါသစေတသိက်။ |
| ၃။ ထိန–မိဒ္ဓနီဝရဏ | = | ငိုက်မျဉ်း ထိုင်းမှိုင်းခြင်းသဘော။ ထိနစေတသိက်နှင့် မိဒ္ဓစေတသိက်။ |
| ၄။ ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏ | = | ပျံ့လွင့်ပူပန်ခြင်း သဘော။ ဥဒ္ဓစ္စစေတသိက်နှင့် ကုက္ကုစ္စစေတသိက်။ |
| ၅။ ဝိစိကိစ္ဆာနီဝရဏ | = | ကုသိုလ်တရားတို့၌ ယုံမှားသံသယဖြစ်ခြင်းသဘော။ ဝိစိကိစ္ဆာစေတသိက်။ |
| ၆။ အဝိဇ္ဇာနီဝရဏ | = | အာရုံ၏ သဘောမှန်ကို မသိခြင်း, တွေဝေခြင်း သဘော။ အကုသိုလ်စိတ် ၁၂–ပါး၌ရှိသော မောဟစေတသိက်။ |

http://www.dhammadownload.com



## ၇။ အနုသယ ၇–ပါး

သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ဘဝအဆက်ဆက် အမြဲမပြတ် ကိန်းဝပ်လျက် လိုက်ပါနေသော ကိလေသာမျိုးဓာတ်ကို အနုသယဟု ခေါ်၏။

ထိုအနုသယသည် ဥပါဒ်–ဌီ–ဘင် အားဖြင့် အထည်ကိုယ် ထင်ရှားစွာ ရှိသည်မဟုတ်။ ဆိုင်ရာအာရုံနှင့် ဆုံတွေ့သည့်အခါ နိုးကြား ထကြွလာအောင် အဆင်သင့်ဖြစ်နေသော ကိလေသာဓာတ် တစ်မျိုးဖြစ်၏။ သရက်ပင်တွင် သရက်သီးသီးဖို့ရာ ဓာတ်သတ္တိ ကိန်းဝပ်နေသကဲ့သို့ တည်း။

| အနုသယအမည် | | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|---|
| ၁။ ကာမရာဂါနုသယ | = | ဝတ္ထုအာရုံ ကာမဂုဏ်ကို နှစ်သက်တပ်မက်သော တဏှာ။ လောဘမူစိတ် ၈–ပါး၌ရှိသော လောဘစေတသိက်။ |
| ၂။ ဘဝရာဂါနုသယ | = | ရူပဈာန်၊ အရူပဈာန်နှင့် ထိုဈာန်တို့၏ အကျိုးဝိပါက်ကို နှစ်သက်တွယ်တာသော တဏှာ။ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ရှိသော လောဘ။ |
| ၃။ ပဋိဃာနုသယ | = | ဒေါသမူဒွေး၌ရှိသော ဒေါသစေတသိက်။ |
| ၄။ မာနာနုသယ | = | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ရှိသော မာနစေတသိက်။ |
| ၅။ ဒိဋ္ဌာနုသယ | = | ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ရှိသောဒိဋ္ဌိစေတသိက်။ |
| ၆။ ဝိစိကိစ္ဆာနုသယ | = | ဝိစိကိစ္ဆာ စေတသိက်။ |

http://www.dhammadownload.com



၇။ အဝိဇ္ဇာနုသယ = အကုသိုလ်စိတ် ၁၂–ပါး၌ ရှိသော မောဟ စေတသိက်။

## ၈။ သံယောဇဉ် ၁၀–ပါး

သတ္တဝါတို့ကို ထိုထိုဘဝမှ မလွတ်ရအောင် (ဝါ) သံသရာစက်မှ မရုန်းထွက်နိုင်အောင် ကြိုးဖြင့် တုပ်နှောင်ထားသကဲ့သို့ ချည်နှောင်တတ်သော တရားကို သံယောဇဉ်ဟု ခေါ်၏။

| သံယောဇဉ်အမည် | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|
| ၁။ ကာမရာဂသံယောဇဉ် | = ဝတ္ထုအာရုံကာမဂုဏ်ကို နှစ်သက်တပ်မက်သော တဏှာ။ လောဘမူစိတ် ၈–ပါး၌ ယှဉ်သော လောဘ။ |
| ၂။ ရူပရာဂသံယောဇဉ် | = ရူပဈာန်နှင့် ထိုဈာန်၏ အကျိုးဝိပါက်၌ နှစ်သက်မှု တဏှာ။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်သော လောဘ။ |
| ၃။ အရူပရာဂသံယောဇဉ် | = အရူပဈာန်နှင့် ထိုဈာန်၏ အကျိုးဝိပါက်၌ နှစ်သက်မှု တဏှာ။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်သော လောဘ။ |
| ၄။ ပဋိဃသံယောဇဉ် | = အမျက်ဒေါသ။ ဒေါသမူဒွေး၌ ယှဉ်သော ဒေါသ။ |
| ၅။ မာနသံယောဇဉ် | = ထောင်လွှားမှုမာန။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ ရှိသော မာန။ |
| ၆။ ဒိဋ္ဌိသံယောဇဉ် | = သီလဗ္ဗတပရာမာသဒိဋ္ဌိမှ တစ်ပါး ကျန် ဒိဋ္ဌိ အမျိုးမျိုး။ |
| ၇။ သီလဗ္ဗတပရာမာသသံယောဇဉ် | = နွားအကျင့် ခွေးအကျင့် စသည့် သီလဗ္ဗတပရာမာသ အကျင့်၌ များယွင်းစွာ သုံးသပ်စွဲ |

http://www.dhammadownload.com



လမ်းသည့် ဒိဋ္ဌိစေတသိက်။

၈။ ဝိစိကိစ္ဆာသံယောဇဉ်= ယုံမှားသံသယဖြစ်မှု ဝိစိကိစ္ဆာစေတသိက်။

၉။ ဥဒ္ဓစ္စသံယောဇဉ် = ပျံ့လွင့်မှု ဥဒ္ဓစ္စစေတသိက်။

၁၀။ အဝိဇ္ဇာသံယောဇဉ်= အာရုံ၏ သဘောမှန်ကို မသိမှု မောဟ စေတသိက်။

အထက်ပါသံယောဇဉ် ၁၀–ပါးသည် သုတ္တန်နည်း သံယောဇဉ်များ ဖြစ်၏။ တရားကိုယ်များမှာ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာဟူ၍ ၇–ပါးသာ ရှိ၏။

**အဘိဓမ္မာနည်း သံယောဇဉ်၁၀–ပါး**တွင် တရားကိုယ်များသည် သုတ္တန်နည်းထက် ဣဿာနှင့် မစ္ဆရိယ ၂–ပါးပိုပြီး ဥဒ္ဓစ္စ ၁–ပါးလျော့၏။ ရူပရာဂနှင့် အရူပရာဂ သံယောဇဉ်တို့ကို ဘဝရာဂ သံယောဇဉ်ဟု ပေါင်း၍ ဆို၏။

ဤနည်း ၂–ပါးလုံးကို ပေါင်းသော်တရားကိုယ် ၉–ပါးရ၏။

## ၉။ ကိလေသာ ၁၀–ပါး

စိတ်ကိုညစ်နွမ်းစေတတ်သော တရားကိုကိလေသာဟုခေါ်၏။

၁။ လောဘ ၂။ ဒေါသ ၃။ မောဟ
၄။ မာန ၅။ ဒိဋ္ဌိ ၆။ ဝိစိကိစ္ဆာ
၇။ ထိန ၈။ ဥဒ္ဓစ္စ ၉။ အဟိရိက
၁၀။ အနောတ္တပ္ပ

တရားကိုယ်များမှာ ဤအမည်ရှိကြသော စေတသိက်များပင် တည်း။

http://www.dhammadownload.com



## တစ်ထောင့်ငါးရာ ကိလေသာ

လောဘသည် နာမ်တေပညာသ (စိတ် ၁ + စေတသိက်၅၂) နိပ္ဖန္နရုပ် အဇ္ဈာရသ(၁၈)နှင့် လက္ခဏာရုပ် ၄-ပါးတည်းဟူသော ၇၅-ပါးသော တရားတို့ကို အာရုံပြု၏။ ထို၇၅-ပါးသော အာရုံသည် မိမိ၏ အဇ္ဈတ္တသန္တာန်မှာလည်း ရှိ၏။ ဗဟိဒ္ဓသန္တာန်မှာလည်း ရှိ၏။ သို့အတွက် အဇ္ဈတ္တသန္တာန်ကိုအာရုံပြုသော လောဘ ၇၅-ပါး၊ ဗဟိဒ္ဓကို အာရုံပြုသော လောဘ ၇၅-ပါး၊ ပေါင်းလောဘ ၁၅၀ ရ၏။

အလားတူပင် ဒေါသစသည့် ကျန်ကိလေသာ ၉-ပါးတို့သည်လည်း အရေအတွက် ၁၅၀-စီရှိ၏။ သို့ဖြစ်၍ကိလေသာ ၁၀-ပါးအတွက် စုစုပေါင်း ကိလေသာ ၁၅၀ x ၁၀ = ၁၅၀၀ ဖြစ်၏။

ဆောင်ပုဒ်။ ။ နာမ်တေပညာ၊ ရုပ်နိပ္ဖန်၊ လက္ခဏာရုပ်လေး။
သန္တာန်နှစ်ဝ၊ မြှောက်ဆင့်က၊ တစ်ရာ့ငါး
ဆယ်ရေး။ ဆယ်ကိလေသာ, မြှောက်ဆင့်
ကာ၊ ငါးရာတစ်ထောင်တွေး။

## မိဿက သင်္ဂဟ

(ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့ကို ရောပြွမ်းပေါင်းစု၍ တင်ပြခြင်း)

### ၁။ ဟိတ် ၆-ပါး

ရေသောက်မြစ်သည် သစ်ပင်ကိုခိုင်ခန့်စည်ပင်ကြီးပွားအောင် ထောက်ပံ့သကဲ့သို့ ထိုအတူ မိမိနှင့်အတူ ဖြစ်ဖက်တရားတို့ကို ခိုင်ခန့်စည်ပင်ကြီးပွားအောင် ထောက်ပံ့တတ်သော တရားကို "ဟေတု=ဟိတ်" ဟု ခေါ်၏။

အကုသိုလ်ဟိတ် ၃-ပါး = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်။

http://www.dhammadownload.com



ကုသိုလ်ဟိတ် ၃–ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

အဗျာကတဟိတ် ၃–ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

## ၂။ ဈာနင် ၇–ပါး

အာရုံတစ်ခုကို ယူရာ၌ ရှိုးရှိုးအာရုံပြုပုံထက် လွန်ကဲ၍စူးစူး စိုက်စိုက် ရှုတတ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စသော တရားအပေါင်းကို "ဈာန = ဈာန်"ဟု ခေါ်၏။ ထိုဈာန်၏ အစိတ်အပိုင်းအင်္ဂါကို "ဈာနင်္ဂ = ဈာနင်"ဟု ခေါ်၏။

| ဈာနင်အမည် | | တရားကိုယ် |
|---|---|---|
| ၁။ ဝိတက်ဈာနင် | = | ဝိတက်ယှဉ်သည့်စိတ် ၅၅–ပါး၌ ရှိသော ဝိတက်။ |
| ၂။ ဝိစာရဈာနင် | = | ဝိစာရယှဉ်သည့်စိတ် ၆၆– ပါး၌ ရှိသော ဝိစာရ။ |
| ၃။ ပီတိဈာနင် | = | ပီတိယှဉ်သည့်စိတ် ၅၁–ပါး၌ရှိသော ပီတိ။ |
| ၄။ ဧကဂ္ဂတာဈာနင် | = | ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သောစိတ် ၇၉–ပါး၌ရှိသည့် ဧကဂ္ဂတာ။ |
| ၅။ သောမနဿဈာနင် | = | သောမနဿသဟဂုတ်စိတ် ၆၂–ပါး၌ရှိသည့် သောမနဿ ဝေဒနာ။ |
| ၆။ ဒေါမနဿဈာနင် | = | ဒေါသမူ ဒွေ၌ရှိသည့် ဒေါမနဿဝေဒနာ။ |
| ၇။ ဥပေက္ခာဈာနင် | = | ဒွေပဉ္စဝိညာဏ် ၁၀–မှ ဥပေက္ခာသဟဂုတ်စိတ် ၈–ပါးကြဉ်သော ဥပေက္ခာသဟဂုတ် |

http://www.dhammadownload.com



စိတ် ၄၇–ပါး၌ ရှိသည့် ဥပေက္ခာဝေဒနာ။

## ၃။ မဂ္ဂင် ၁၂–ပါး

"မဂ္ဂ" သဒ္ဒါသည် "လမ်းကြောင်း" ဟူသော အနက်ကို ဟော၏။ သမ္မာဒိဋ္ဌိစသောကုသိုလ်တရားအပေါင်းသည် သုဂတိသို့ရောက်စေသည့် "မဂ်" လမ်းကြောင်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိစသော အကုသိုလ်တရားအပေါင်းသည် ဒုဂ္ဂတိသို့ရောက်စေသည့် "မဂ်" လမ်းကြောင်း ဖြစ်၏။

ထို "မဂ္ဂ" မည်သော တရားအပေါင်းအစု၏ အစိတ်အပိုင်းအင်္ဂါကို "မဂ္ဂင် = မဂ္ဂင်" ဟု ခေါ်၏။

| မဂ္ဂင်အမည် | | အဓိပ္ပာယ်နှင့်တရားကိုယ် |
|---|---|---|
| ၁။ သမ္မာဒိဋ္ဌိ | = | ကောင်းစွာသိမြင်မှု၊ မဟာကုသိုလ် ၁၆ နှင့် အပ္ပနာ ၂၆ ၌ရှိသော ပညာ။ |
| ၂။ သမ္မာသင်္ကပ္ပ | = | ကောင်းစွာကြံစည်မှု၊ မဟာကုသိုလ် ၁၆ နှင့် အပ္ပနာ ၂၆ ၌ရှိသော ဝိတက်။ |
| ၃။ သမ္မာဝါစာ | = | ကောင်းစွာပြောဆိုမှု၊ မဟာကုသိုလ် ၈၊ လောကုတ္တရာ ၈ ၌ရှိသော သမ္မာဝါစာ။ |
| ၄။ သမ္မာကမ္မန္တ | = | ကောင်းစွာပြုလုပ်မှု၊ မဟာကုသိုလ် ၈၊ လောကုတ္တရာ ၈ ၌ရှိသော သမ္မာကမ္မန္တ။ |
| ၅။ သမ္မာအာဇီဝ | = | ကောင်းစွာအသက်မွေးမှု၊ မဟာကုသိုလ် ၈၊ လောကုတ္တရာ ၈ ၌ရှိသော သမ္မာအာဇီဝ။ |
| ၆။ သမ္မာဝါယာမ | = | ကောင်းစွာ အားထုတ်မှု၊ မဟာကုသိုလ် ၁၆၊ အပ္ပနာ ၂၆ ၌ရှိသော ဝီရိယ။ |
| ၇။ သမ္မာသတိ | = | ကောင်းစွာ အောက်မေ့မှု၊မဟာကုသိုလ် ၁၆၊ အပ္ပနာ ၂၆ ၌ရှိသော သတိ။ |

http://www.dhammadownload.com



၈။ သမ္မာသမာဓိ = ကောင်းစွာတည်ကြည်မှု၊ မဟာကုကြိ ၁၆၊ အပ္ပနာ ၂၆ ၌ရှိသော ဧကဂ္ဂတာ။

၉။ မိစ္ဆာဒိဋ္ဌိ = မှားယွင်းစွာ သိမြင်မှု၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ ရှိသော ဒိဋ္ဌိ။

၁၀။ မိစ္ဆာသင်္ကပ္ပ = မှားယွင်းစွာ ကြံစည်မှု၊ အကုသိုလ်စိတ် ၁၂–ပါး၌ရှိသော ဝိတက်။

၁၁။ မိစ္ဆာဝါယာမ = မှားယွင်းစွာ အားထုတ်မှု၊ အကုသိုလ်စိတ် ၁၂–ပါး၌ ရှိသော ဝီရိယ။

၁၂။ မိစ္ဆာသမာဓိ = မှားယွင်းစွာ တည်ကြည်မှု၊ ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် ၁၁–ပါး၌ယှဉ်သည့် ဧကဂ္ဂတာ။

## ၄။ ဣန္ဒြေ ၂၂–ပါး

"ဣန္ဒြိယ"သဒ္ဒါသည် "အစိုးခြင်း"ဟူသော အနက်ကိုဟော၏။ မိမိတို့ဆိုင်ရာ ကိစ္စအသီးသီး၌ အစိုးရမှုရှိကြသောတရားတို့ကို ဣန္ဒြေများဟု ခေါ်၏။

| ဣန္ဒြေအမည် | | တရားကိုယ်နှင့် အဓိပ္ပာယ် |
|---|---|---|
| ၁။ စက္ခုန္ဒြေ | = | စက္ခုပသာဒ။ မြင်သိမှု၌ အစိုးရ၏။ |
| ၂။ သောတိန္ဒြေ | = | သောတပသာဒ။ ကြားသိမှု၌ အစိုးရ၏။ |
| ၃။ ဃာနိန္ဒြေ | = | ဃာနပသာဒ။ နံ့သိမှု၌ အစိုးရ၏။ |
| ၄။ ဇိဝှိန္ဒြေ | = | ဇိဝှာပသာဒ။ စားသိမှု၌ အစိုးရ၏။ |
| ၅။ ကာယိန္ဒြေ | = | ကာယပသာဒ။ ထိသိမှု၌ အစိုးရ၏။ |
| ၆။ ဣတ္ထိန္ဒြေ | = | ဣတ္ထိဘာဝရုပ်။ အမသဘာဝ ဖြစ်မှု၌ အစိုးရ၏။ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၇။ ပုရိသိန္ဒြေ | = | ပုရိသဘာဝရုပ်။ အထီးသဘာဝ ဖြစ်မှု၌ အစိုးရ၏။ |
| ၈။ ဇီဝိတိန္ဒြေ | = | ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်။ အတူဖြစ်ဖက်တရားများ အသက်ရှည်စွာ တည်တံ့အောင် စောင့်ရှောက်မှု၌ အစိုးရ၏။ |
| ၉။ မနိန္ဒြေ | = | စိတ်အကျဉ်း ၈၉, အကျယ် ၁၂၁။ အာရုံသိမှု၌ ယှဉ်ဖက်တရားတို့ကို အစိုးရ၏။ |
| ၁၀။ သုခိန္ဒြေ | = | သုခသဟဂုတ် ကာယဝိညာဏ်၌ ယှဉ်သောဝေဒနာ။ ဖောဋ္ဌဗ္ဗာရုံ၏ ဣဋ္ဌ အရသာကို ခံစားမှု၌ အစိုးရ၏။ |
| ၁၁။ ဒုက္ခိန္ဒြေ | = | ဒုက္ခသဟဂုတ်ကာယဝိညာဏ်၌ ယှဉ်သောဝေဒနာ။ ဖောဋ္ဌဗ္ဗာရုံ၏ အနိဋ္ဌအရသာကိုခံစားမှု၌ အစိုးရ၏။ |
| ၁၂။ သောမနဿိန္ဒြေ | = | သောမနဿစိတ် ၆၂ပါး၌ ယှဉ်သည့် သောမနဿဝေဒနာ။ ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးကျန်အာရုံ ၅ပါး၏ ဣဋ္ဌအရသာကို ခံစားမှု၌ အစိုးရ၏။ |
| ၁၃။ ဒေါမနဿိန္ဒြေ | = | ဒေါသမူဒွေ၌ ယှဉ်သောဝေဒနာ။ ဖောဋ္ဌဗ္ဗာရုံမှတစ်ပါးကျန်အာရုံ ၅-ပါး ၏ အနိဋ္ဌ အရသာကို ခံစားမှု၌ အစိုးရ၏။ |
| ၁၄။ ဥပေက္ခိန္ဒြေ | = | ဥပေက္ခာသဟဂုတ် စိတ် ၅၅ပါး၌ ယှဉ်သောဝေဒနာ။ အလယ်အလတ် ဖြစ်သော ဣဋ္ဌမဇ္ဈတ္တအရသာကိုခံစားမှု၌ အစိုးရ၏။ |
| ၁၅။ သဒ္ဓိန္ဒြေ | = | သောဘဏစိတ်များ၌ယှဉ်သော သဒ္ဓါ စေတသိက်။ ကုသိုလ်အာရုံတွင် ယှဉ်ဖက်တရားတို့ကိုကြည်လင်စူးစိုက်စေမှု၌ အစိုးရ၏။ |
| ၁၆။ ဝီရိယိန္ဒြေ | = | ဝီရိယယှဉ်သော စိတ် ၇၃-ပါး၌ ရှိသည့် |

http://www.dhammadownload.com



ဝီရိယ။ ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် ထောက်ကန်အားပေးမှု၌ အစိုးရ၏။

၁၇။ သတိန္ဒြေ = သောဘဏစိတ်များ၌ယှဉ်သော သတိစေတသိက် ။ ကုသိုလ်အာရုံတွင် ယှဉ်ဖက် တရားတို့ကိုအောက်မေ့အမှတ်ရစေမှု၌အစိုးရ၏။

၁၈။ သမာဓိန္ဒြေ = ဝီရိယမယှဉ်သောစိတ် ၁၆ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ် စိတ်တို့ကြဉ်သောစိတ် ၇၂ပါး၌ယှဉ်သည့် ဧကဂ္ဂတာ စေတသိက်။ ယှဉ်ဖက်တရားတို့ကိုတစ်ခုတည်းသော အာရုံ၌တည်ကြည်ငြိမ်ဝပ်စေမှု၌ အစိုးရ၏။

၁၉။ ပညိန္ဒြေ = တိဟိတ်စိတ်၄၇-ပါး၌ ယှဉ်သောပညာ၊ အာရုံ၏သဘောမှန်ကို ထိုးထွင်းသိမှု၌ အစိုးရ၏။

၂၀။ အနညာတညဿာမိတိန္ဒြေ = သောတာပတ္တိမဂ်စိတ်၌ ရှိသော ပညာ။

၂၁။ အညိန္ဒြေ = အထက်မဂ်၃-ပါး၊ အောက်ဖိုလ်၃-ပါး၌ရှိသော ပညာ။

၂၂။ အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်၌ ရှိသောပညာ။

## ၅။ ဗိုလ် ၉-ပါး

လောက၌ "ဗိုလ်" လုပ်သူသည် ရန်သူနှင့် ကြုံလျှင် မတုန်လှုပ်သကဲ့သို့ ထို့အတူ ဆန့်ကျင်ဘက်တရားကြောင့်တုန်လှုပ်ခြင်း မရှိဘဲ မြဲခိုင်သော တရားကို "ဗလ=ဗိုလ်"ဟုခေါ်၏။

**ဗိုလ်အမည်** **တရားကိုယ်နှင့်အဓိပ္ပါယ်**

၁။ သဒ္ဓါဗိုလ် = သောဘဏစိတ်များ၌ ယှဉ်သော သဒ္ဓါ။ ကုသိုလ် အာရုံ၌ ယှဉ်ဖက်တရားတို့ကြည်

http://www.dhammadownload.com



လင်စူးစိုက်ကြရန် ဦးဆောင်သောတရား။

၂။ ဝီရိယဗိုလ် = ဝီရိယယှဉ်သော စိတ် ၇၃ပါး၌ရှိသည့် ဝီရိယ။ ယှဉ်ဖက်တရားတို့မဆုတ်နစ်အောင်ထောက်ကန်အားပေးသောတရား။

၃။ သတိဗိုလ် = သောဘဏစိတ်များ၌ ယှဉ်သောသတိ။ ကုသိုလ်အာရုံတွင် ယှဉ်ဖက်တရားတို့ အောက်မေ့ အမှတ်ရအောင်ဦးဆောင်သောတရား။

၄။ သမာဓိဗိုလ် = ဝီရိယမယှဉ်သောစိတ်၁၆–ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့ ကြဉ်သောစိတ် ၇၂ပါး၌ ယှဉ်သည့် ဧကဂ္ဂတာ။ တစ်ခုတည်းသော အာရုံ၌ယှဉ်ဖက်တရားတို့ကိုတည်ကြည်ငြိမ်ဝပ်အောင် ဦးဆောင်သောတရား။

၅။ ပညာဗိုလ် = တိဟိတ်စိတ် ၄၇ပါး၌ ယှဉ်သောပညာ။အာရုံ၏ သဘောမှန်ကို ထိုးထွင်းသိမှု၌ ဦးဆောင်သောတရား။

၆။ ဟိရီဗိုလ် = သောဘဏစိတ်များ၌ယှဉ်သော ဟိရီ စေတသိက်။ မကောင်းမှုဒုစရိုက်ကို ရှက်ခြင်း၌ ဦးဆောင်သောတရား။

၇။ ဩတ္တပ္ပဗိုလ် = သောဘဏစိတ်များ၌ ယှဉ်သော ဩတ္တပ္ပစေတသိက်။မကောင်းမှုဒုစရိုက်ကို ကြောက်လန့်ခြင်း၌ ဦးဆောင်သောတရား။

၈။ အဟိရိကဗိုလ် = အကုသိုလ်စိတ် ၁၂ပါး၌ ယှဉ်သောအဟိရိကစေတသိက်။ ဒုစရိုက်မကောင်းမှုကို ပြုလုပ်ရန်မရှက်ခြင်း၌ ဦးဆောင်သောတရား။

၉။ အနောတ္တပ္ပဗိုလ် = အကုသိုလ်စိတ်၁၂ပါး၌ယှဉ်သော အနောတ္တပ္ပစေတသိက်။ ဒုစရိုက်မကောင်းမှုကို ပြုလုပ်

http://www.dhammadownload.com



ရန် မကြောက်လန့်ခြင်း၌ဦးဆောင်သော တရား။

## ၆။ အဓိပတိ ၄–ပါး

မိမိနှင့် အတူဖြစ်ဖက် တရားအားလုံးတို့၏ အကြီးအကဲ အရှင်သခင်ဖြစ်သောတရားကို အဓိပတိဟုခေါ်၏။

အဓိပတိ၏ အစိုးရပုံသည် ပြည့်ရှင်မင်း၏ အစိုးရပုံနှင့်တူ၏။

အဓိပတိတရားသည် ယှဉ်ဖက်စိတ်စေတသိက်အားလုံးကို လွှမ်းမိုး၏။ ယှဉ်ဖက်တရားတို့ကို မိမိအလိုသို့ လိုက်ပါစေ၏။

ဣန္ဒြေ၏ အစိုးရပုံသည် မှူးမတ်၏အစိုးရပုံနှင့်တူ၏။ ဣန္ဒြေတစ်ပါးစီသည် မိမိဆိုင်ရာကိစ္စ၌မိမိအစိုးရပြီး အခြားကိစ္စများ၌ အခြားဣန္ဒြေတို့၏ အလိုသို့လိုက်ပါရ၏။

| အဓိပတိအမည် | တရားကိုယ် |
|---|---|
| ၁။ ဆန္ဒာဓိပတိ | = ဒွိဟိတ်ဇော ၁၈, တိဟိတ်ဇော ၃၄–ပါး၌ ယှဉ်သောဆန္ဒ။ |
| ၂။ ဝီရိယာဓိပတိ | = အထက်ပါဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂–ပါး၌ ယှဉ်သောဝီရိယ။ |
| ၃။ စိတ္တာဓိပတိ | = ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂–ပါး။ |
| ၄။ ဝီမံသာဓိပတိ | = တိဟိတ်ဇော ၃၄–ပါး၌ယှဉ်သောပညာ။ စူးစမ်းဆင်ခြင်တတ်သော ပညာကို "ဝီမံသ" ဟုခေါ်၏။ |
| ဒွိဟိတ်ဇော ၁၈–ပါး | = လောဘမူ ၈, ဒေါသမူ ၂, မဟာ ကုသိုလ် ဉာဏဝိပ္ပယုတ် ၄, မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄။ |
| တိဟိတ်ဇော ၃၄–ပါး | = မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄, မဟာ |

http://www.dhammadownload.com



ကြိယာဉာဏသမ္ပယုတ် ၄, မဟဂ္ဂုတ်ကုသိုလ်
၉, မဟဂ္ဂုတ်ကြိယာ ၉, မဂ် ၄, ဖိုလ် ၄။

## ၇။ အာဟာရ ၄–ပါး

အစာအာဟာရ သည် ခန္ဓာကိုယ်အား မပျက်မစီးကြီးပွားခိုင်ခံ့အောင် ရှက်ဆောင် ထောက်ပံ့ထားသကဲ့သို့ ထို့အတူ မိမိဆိုင်ရာအကျိုးကို လွန်စွာဖြစ်စေနိုင်, ရှက်ဆောင်ပေးနိုင်သောတရားကို "အာဟာရ" ဟုခေါ်၏။

**အာဟာရအမည်** **တရားကိုယ်နှင့်အကျိုးဆောင်ပုံ**

၁။ ကဗဠီကာရာဟာရ = ဩဇာရုပ်။ ဩဇာနှင့်တကွ ရုပ်၈–ပါးအစုဖြစ်သော အာဟာရဇ အဋ္ဌကလာပ်ကိုဆောင်၏။

၂။ ဖဿာဟာရ = စိတ်အားလုံး၌ ယှဉ်သော ဖဿစေတသိက်။ ဝေဒနာဟူသော အကျိုးကိုဆောင်၏။

၃။ မနောသဥ္စေတနာဟာရ = စိတ်အားလုံးတို့၌ ယှဉ်သော စေတနာ။ ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးကိုဆောင်၏။ (သင်္ခါရပစ္စယာ ဝိညာဏံကို ထောက်။ သင်္ခါရ = စေတနာကံ)

၄။ ဝိညာဏာဟာရ = စိတ်အားလုံး။ အတူဖြစ်ဖက် စေတသိက်နာမ်နှင့် ရုပ်တရားကိုဆောင်၏။ (ဝိညာဏပစ္စယာ နာမရူပံကို ထောက်ပါ။)

## ဗောဓိပက္ခိယ သင်္ဂဟ

သစ္စာလေးပါးကို သိတတ်သော မဂ်ဉာဏ်သည် "ဗောဓိ" ဟုအမည်ရ၏။ ထိုဗောဓိဟူသော မဂ်ဉာဏ်၏ အသင်းအပင်း ဘက်တော်

http://www.dhammadownload.com



သားများကို "ဗောဓိပက္ခိယ" ဟုခေါ်၏။ ဗောဓိပက္ခိယတရား ၃၇–ပါးရှိရာ သတိပဋ္ဌာန် ၄–ပါး, သမ္မပ္ပဓာန် ၄–ပါး, ဣဒ္ဓိပါဒ် ၄–ပါး, ဣန္ဒြေ ၅–ပါး, ဗိုလ် ၅–ပါး, ဗောဇ္ဈင် ၇–ပါး နှင့် မဂ္ဂင် ၈–ပါးတို့ ပါဝင်ကြ၏။

## (၁) သတိပဋ္ဌာန် ၄–ပါး

မိမိဆိုင်ရာအာရုံ၌ လွန်လွန်ကဲကဲစွဲမြဲစွာတည်သော သတိအထူးကို သတိပဋ္ဌာန်ဟု ခေါ်၏။

| **သတိပဋ္ဌာန်အမည်** | | **ဆင်ခြင်ပုံအခြင်းအရာ** |
|---|---|---|
| ၁။ ကာယာနုပဿနာ သတိပဋ္ဌာန် | = | ခန္ဓာကိုယ်၌ (ဝါ) ဆံပင်မွေးညင်း စသည့် ၃၂ ကောဋ္ဌာသ၌ အသုဘအခြင်းအရာ ထင်လာအောင်အဖန်ဖန် ရှုမှတ်သော သတိ အ ထူး။ |
| ၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် | = | ဝေဒနာတို့ကို ဒုက္ခအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး။ |
| ၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် | = | စိတ်တို့ကို အနိစ္စအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး။ |
| ၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် | = | သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသည့် တရားဓမ္မများကို အနတ္တ အခြင်းအရာ ထင်လာအောင် အဖန်ဖန် ရှုမှတ်သောသတိအထူး။ |
| **တရားကိုယ်** | = | သတိပဋ္ဌာန် ၄–ပါးလုံး၏ တရားကိုယ်သည် မဟာကုသိုလ် ၈, မဟာကြိယာ ၈, အပ္ပနာဇော ၂၆, ပေါင်း ၄၂–ပါးသော စိတ်တို့၌ ယှဉ်သည့် သတိစေတသိက်ဖြစ်၏။ |

### သတိပဋ္ဌာန် ၄–ပါးကွဲပြားခြင်းအကြောင်းရင်း

သတိပဋ္ဌာန် ၄–ပါးတို့၏ တရားကိုယ်သည် သတိတစ်ပါး

http://www.dhammadownload.com



တည်းဖြစ်သော်လည်း (၁)အာရုံက ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟု ၄ မျိုး ကွဲပြားခြင်း၊ (၂) ထိုအာရုံများ၌ အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တဟု ရှုဆင်ခြင်ပုံ အခြင်းအရာက ၄–မျိုး ကွဲပြားခြင်း၊ (၃)သုဘ, သုခ, နိစ္စ, အတ္တဟု ထင်မှားမှုကို ပယ်ခွါခြင်း ကိစ္စက ၄–မျိုး ကွဲပြားခြင်းတို့ကြောင့် သတိပဋ္ဌာန်၄–ပါး ကွဲပြားရ၏။

## (၂) သမ္မပ္ပဓာန် ၄–ပါး

၁။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုပယ်ဖျောက်နိုင်ခြင်းငှာ အားထုတ်ခြင်း။

၂။ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း။

၃။ မ ဖြစ်သေးသော ကုသိုလ်တရားတို့ကိုဖြစ်ထွန်းစေခြင်းငှာ အားထုတ်ခြင်း။

၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ခိုင်ခန့်တိုးပွားစေခြင်းငှာ အားထုတ်ခြင်း။

ဤသို့ ကောင်းစွာအားထုတ်မှု ဝီရိယကို သမ္မပ္ပဓာန်ဟုခေါ်၏။

**တရားကိုယ်** = သမ္မပ္ပဓာန် ၄–ပါးလုံး၏ တရားကိုယ်မှာမဟာကုသိုလ် ၈, မဟဂ္ဂုတ်ကုသိုလ်၉, လောကုတ္တရာကုသိုလ်၄ ဟူသည့် ကုသိုလ်စိတ် ၂၁–ပါး၌ ယှဉ်သော ဝီရိယဖြစ်၏။

## သမ္မပ္ပဓာန် ၄–ပါးကွဲပြားရခြင်း အကြောင်းရင်း

တရားကိုယ်အားဖြင့် ဝီရိယ တစ်ပါးတည်း ဖြစ်သော်လည်း ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းကိစ္စ၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းကိစ္စ၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းကိစ္စ၊ ဖြစ်ပြီးသောကုသိုလ်တရားတို့ကို တိုးပွား

http://www.dhammadownload.com



စေခြင်းကိစ္စ၊ ဤသို့ ဝီရိယ၏ကိစ္စ ၄–မျိုး ကွဲပြားခြင်းကြောင့် သမ္မပ္ပဓာန် ၄–ပါး ကွဲပြားရပါသည်။

## (၃) ဣဒ္ဓိပါဒ် ၄–ပါး

ပြီးစီးထမြောက်သော စျာန်, မဂ်ဖိုလ်အကျိုးတို့၏ အခြေခံ အကြောင်းတရားကို ဣဒ္ဓိပါဒ်ဟု ခေါ်၏။

| ဣဒ္ဓိပါဒ်အမည် | တရားကိုယ် |
|---|---|
| ၁။ ဆန္ဒိဒ္ဓိပါဒ် | = ကုသိုလ်စိတ် ၂၁–ပါး၌ ယှဉ်သည့် ဆန္ဒစေတသိက်။ |
| ၂။ ဝီရိယိဒ္ဓိပါဒ် | = ကုသိုလ်စိတ် ၂၁–ပါး၌ ယှဉ်သည့် ဝီရိယစေတသိက်။ |
| ၃။ စိတ္တိဒ္ဓိပါဒ် | = မဟာကုသိုလ် ၈, မဟဂ္ဂုတ်ကုသိုလ် ၉, လောကုတ္တရာ ကုသိုလ် ၄– ဟူသည့်ကုသိုလ်စိတ် ၂၁–ပါး။ |
| ၄။ ဝီမံသိဒ္ဓိပါဒ် | = ကုသိုလ်စိတ် ၂၁–ပါး၌ ယှဉ်သော ပညာ။ |

## (၄) ဣန္ဒြေ ၅–ပါး

| ဣန္ဒြေအမည် | တရားကိုယ် |
|---|---|
| ၁။ သဒ္ဓိန္ဒြေ | = မဟာကုသိုလ်ကြိယာ ၁၆၊ အပ္ပနာဇော ၂၆ တို့၌ ယှဉ်သော သဒ္ဓါ။ |
| ၂။ ဝီရိယိန္ဒြေ | = အထက်ပါစိတ် ၄၂–ပါး၌ယှဉ်သော ဝီရိယစေတသိက်။ |
| ၃။ သတိန္ဒြေ | = ။ ။ ယှဉ်သော သတိစေတသိတ်။ |
| ၄။ သမာဓိန္ဒြေ | = ။ ။ ယှဉ်သော ဧကဂ္ဂတာ |

http://www.dhammadownload.com



စေတသိက်။

၅။ ပညိန္ဒြေ = ။ ။ ယှဉ်သော ပညာ
စေတသိက်။

## (၅) ဗိုလ် ၅–ပါး

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် တို့ဖြစ်ကြ၏။ တရားကိုယ်များမှာ ဣန္ဒြေ ၅–ပါး အတိုင်းဖြစ်ကြ၏။

## (၆) ဗောဇ္ဈင် ၇–ပါး

ဗောဓိဟူသော သစ္စာ ၄–ပါးကို သိကြောင်းတရားအပေါင်း၏ အစိတ်အစိတ်သည် "ဗောဓိအင်္ဂ = ဗောဇ္ဈင်္ဂ = ဗောဇ္ဈင်" ဖြစ်၏။

| ဗောဇ္ဈင်အမည် | | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|---|
| ၁။ သတိသမ္ဗောဇ္ဈင် | = | သစ္စာ ၄–ပါးကိုသိကြောင်းဖြစ်သော အောက်မေ့မှုသတိ။ |
| ၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် | = | သစ္စာ ၄–ပါးကို သိကြောင်းဖြစ်သော ဆိုင်ရာတရားများကို စိစစ်တတ်သည့် ပညာ။ |
| ၃။ ဝီရိယသမ္ဗောဇ္ဈင် | = | သစ္စာ ၄–ပါးကို သိကြောင်းဖြစ်သော အားထုတ်မှု ဝီရိယ။ |
| ၄။ ပီတိသမ္ဗောဇ္ဈင် | = | သစ္စာ ၄–ပါးကိုသိကြောင်းဖြစ်သော နှစ်သက်ရွှင်လန်းမှုပီတိ။ |
| ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် | = | သစ္စာ ၄–ပါးကို သိကြောင်း ဖြစ်သော ငြိမ်းအေး မှု ပဿဒ္ဓိ။ |
| ၆။ သမာဓိသမ္ဗောဇ္ဈင် | = | သစ္စာ ၄–ပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု ဧကဂ္ဂတာ။ |
| ၇။ ဥပေက္ခာသမ္ဗောဇ္ဈင် | = | သစ္စာ ၄–ပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု တတြမဇ္ဈတ္တတာ။ |

http://www.dhammadownload.com



အထက်ပါဗောဇ္ဈင် ၇–ပါးတို့၏တရားကိုယ်များမှာ မဟာကုသိုလ်၈, မဟာကြိယာ ၈, အပ္ပနာဇော ၂၆, ပေါင်း၄၂ပါးသော စိတ်တို့၌ ယှဉ်ကြသည့် (၁) သတိ (၂) ပညာ (၃)ဝီရိယ (၄) ပီတိ (၅) ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ (၆)ဧကဂ္ဂတာ (၇)တတြမဇ္ဈတ္တတာ စေတသိက်များ ဖြစ်ကြ၏။

## (၇) မဂ္ဂင် ၈–ပါး

| မဂ္ဂင်အမည် | | တရားကိုယ် | |
|---|---|---|---|
| ၁။ သမ္မာဒိဋ္ဌိမဂ္ဂင် | = | ပညာ | မဟာကုသိုလ် ၈, မဟာကြိယာ၈, အပ္ပနာဇော ၂၆, ပေါင်း ၄၂–ပါးသော စိတ်တို့၌ ယှဉ်ကြသည့် ဆိုင်ရာစေတသိက်များ။ |
| ၂။ သမ္မာသင်္ကပ္ပ မဂ္ဂင် | = | ဝိတက် | |
| ၃။ သမ္မာဝါစာ မဂ္ဂင် | = | သမ္မာဝါစာ | |
| ၄။ သမ္မာကမ္မန္တ မဂ္ဂင် | = | သမ္မာကမ္မန္တ | |
| ၅။ သမ္မာအာဇီဝမဂ္ဂင် | = | သမ္မာအာဇီဝ | |
| ၆။ သမ္မာဝါယာမမဂ္ဂင် | = | ဝီရိယ | |
| ၇။ သမ္မာသတိမဂ္ဂင် | = | သတိ | |
| ၈။ သမ္မာသမာဓိမဂ္ဂင် | = | ဧကဂ္ဂတာ | |

### တရားကိုယ်ကောက်ပုံ

သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့၏ တရားကိုယ်ကောက်ရာ ဌာနဖြစ်သော စိတ်တို့သည် တူညီကြ၏ (ဇော၄၂–ပါး)။ သမ္မပ္ပဓာန်နှင့် ဣဒ္ဓိပါဒ်တို့၏ တရားကိုယ်ကောက်ရာ ဌာနဖြစ်သော စိတ်တို့သည် တူညီကြ၏။ (ကုသိုလ်စိတ် ၂၁–ပါး)။

သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပတို့သည်"ပညာမဂ္ဂင်"မည်၏။ သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့သည် "သီလမဂ္ဂင်"မည်၏။

သမ္မာဝါယာမ, သမ္မာသတိနှင့် သမ္မာသမာဓိတို့သည် "သမာဓိမဂ္ဂင်" မည်၏။

http://www.dhammadownload.com



ထို့ကြောင့်မဂ္ဂင်၈–ပါးကျင့်စဉ်တရားကို "သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား" ဟုလည်း ခေါ်၏။

## သဗ္ဗသင်္ဂဟ

( စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူသော ပရမတ်တရား အားလုံးကို သိမ်းကျုံး၍ ရေတွက်ပြခြင်း)

### ၁။ ခန္ဓာ ၅–ပါး

"ခန္ဓ" သဒ္ဒါသည် "အစုအပုံ" ဟူသော အနက်ကို ဟော၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက, အားဖြင့် များပြားလှသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ၅စု ၅ပုံ စုပုံထားခြင်းကို ခန္ဓာ ၅–ပါးဟုခေါ်၏။

| ခန္ဓာအမည် | အဓိပ္ပာယ်နှင့် တရားကိုယ် |
|---|---|
| ၁။ ရူပက္ခန္ဓာ | = ရုပ် ၂၈–ပါးတို့၏ အပေါင်းအစု။ |
| ၂။ ဝေဒနာက္ခန္ဓာ | = ဝေဒနာတို့၏ အပေါင်းအစု။ |
| ၃။ သညာက္ခန္ဓာ | = သညာတို့၏ အပေါင်းအစု။ |
| ၄။ သင်္ခါရက္ခန္ဓာ | = ဝေဒနာ, သညာတို့မှ ကြွင်းသော စေတသိက် ၅၀–တို့၏ အပေါင်းအစု။ |
| ၅။ ဝိညာဏက္ခန္ဓာ | = စိတ်အကျဉ်း ၈၉, အကျယ် ၁၂၁–ပါး တို့၏ အပေါင်းအစု။ |

### ၂။ ဥပါဒါနက္ခန္ဓာ ၅–ပါး

ဥပါဒါန်တရား (လောဘနှင့် ဒိဋ္ဌိ) တို့၏ အာရုံဖြစ်သော ခန္ဓာကို ဥပါဒါနက္ခန္ဓာဟုခေါ်၏။ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာသည် လောကီစိတ်များ, ထိုစိတ်တို့နှင့် ယှဉ်သော စေတသိက်များနှင့် ရုပ်တရား များ ဖြစ်ကြ၏။ လောကုတ္တရာစိတ် စေတသိက်တို့ မပါဝင်ကြချေ။

http://www.dhammadownload.com



| ဥပါဒါနက္ခန္ဓာအမည် | တရားကိုယ် |
|---|---|
| ၁။ ရူပုပါဒါနက္ခန္ဓာ | = ရုပ် ၂၈–ပါးတို့၏ အပေါင်းအစု၊ |
| ၂။ ဝေဒနုပါဒါနက္ခန္ဓာ | = လောကီစိတ် ၈၁–ပါးနှင့်ယှဉ်သော ဝေဒနာတို့၏ အပေါင်းအစု။ |
| ၃။ သညုပါဒါနက္ခန္ဓာ | = လောကီစိတ် ၈၁–ပါးနှင့်ယှဉ်သော သညာတို့၏ အပေါင်းအစု။ |
| ၄။ သင်္ခါရုပါဒါနက္ခန္ဓာ | = ဝေဒနာ, သညာတို့မှ ကြွင်းသော လောကီစေတသိက် ၅၀ တို့၏ အပေါင်းအစု။ |
| ၅။ ဝိညာဏုပါဒါနက္ခန္ဓာ | = လောကီစိတ် ၈၁–ပါးတို့၏ အပေါင်းအစု။ |

## ခန္ဓာ ၂–မျိုးဟောရခြင်းအကြောင်းရင်း

၁။ လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ ခန္ဓာဖွဲ့၍ ရကောင်းသမျှသော တရားများအားလုံးကို သိမ်းကျုံးလျက် ပြတော်မူခြင်းငှာ ပထမခန္ဓဒေသနာကို ဟောတော်မူ၏။

၂။ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသောအခါ၌ကား လောကုတ္တရာခန္ဓာများကို အာရုံပြု၍ မစီးဖြန်းရပါ။ ဝဋ်ဒုက္ခတရားများကို အာရုံပြု၍ စီးဖြန်းပါမှ အနိစ္စ, ဒုက္ခ, အနတ္တသဘော ထင်မြင်နိုင်သည်။ သို့အတွက် ဝိပဿနာရှုမှတ်ရန်အလို့ငှာ လောကီတရားများ သက်သက်ကို ခန္ဓာဖွဲ့လျက် ဒုတိယဥပါဒါနက္ခန္ဓ ဒေသနာကို ဟောတော်မူ၏။

## နိဗ္ဗာန်သည် ခန္ဓဝိမုတ်

နိဗ္ဗာန်သည် ကာလ ၃–ပါးမှ လွတ်သဖြင့် ကာလဝိမုတ် ဖြစ်၏။ အဇ္ဈတ္တ, ဗဟိဒ္ဓဟု ၂–မျိုး မကွဲပြားဘဲ ခန္ဓာကိုယ်ပြင်ပ၌ တည်သောကြောင့် ဗဟိဒ္ဓ တစ်မျိုးသာ ရှိ၏။ ဩဠာရိက, သုခုမဟု ၂–မျိုး မကွဲပြားဘဲ သိမ်မွေ့သောကြောင့် သုခုမ တစ်မျိုးသာဖြစ်၏။ ဟီန, ပဏီတဟု ၂–မျိုး မကွဲပြားဘဲမြတ်သောကြောင့် ပဏီတ တစ်မျိုးသာ ရှိ၏။ ဒူရေ, သန္တိ

http://www.dhammadownload.com



ကေဟု ၂–မျိုးမကွဲပြားဘဲ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေတစ်မျိုးသာ ရှိ၏။ ဤသို့ဆိုင်ရာဌာနၟ ၂–မျိုးမရ၊ တစ်မျိုးစီသာရသောကြောင့် နိဗ္ဗာန်ကို ဘေဒါဘာဝ = အကွဲအပြားမရှိ ဟုဆို၏။

ဗဟိဒ္ဓ, သုခုမ, ပဏီတ, ဒူရဟူသော ၄–မျိုးကား အချင်းချင်း ကွဲပြားကြသည်မဟုတ်။ ဗဟိဒ္ဓနိဗ္ဗာန်သည်ပင် သုခုမလည်း ဖြစ်၏၊ ပဏီတလည်းဖြစ်၏၊ ဒူရလည်း ဖြစ်၏။

ဤသို့လျှင် နိဗ္ဗာန်၌ အကွဲအပြားမရှိသဖြင့် နိဗ္ဗာန်ကို ခန္ဓာ မဖွဲ့ထိုက်ချေ။

## ၃။ အာယတန ၁၂–ပါး

"အာယတန"သဒ္ဒါသည် "အကြောင်း" ဟူသော အနက်ကို ဟော၏။ စိတ်စေတသိက်တို့သည် ရူပါရုံ, စက္ခုပသာဒ စသည်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်ကြကုန်၏။ ထိုသို့စိတ်စေတသိက်တို့ ဖြစ်ပေါ် ကြောင်းဖြစ်သော တရားများကို "အာယတန"ဟုခေါ်၏။

| **အတွင်းအဇ္ဈတ္တိကာယတန ၆–ပါး** | | **အပြင်ဗာဟိရာယတန၆–ပါး** | |
|---|---|---|---|
| ၁။ စက္ခာယတန | = စက္ခုပသာဒ | ၇။ ရူပါယတန | = ရူပါရုံ (အဆင်း) |
| ၂။ သောတာယတန | = သောတပသာဒ | ၈။ သဒ္ဒါယတန | = သဒ္ဒါရုံ (အသံ) |
| ၃။ ဃာနာယတန | = ဃာနပသာဒ | ၉။ ဂန္ဓာယတန | = ဂန္ဓာရုံ (အနံ့) |
| ၄။ ဇိဝှာယတန | = ဇိဝှာပသာဒ | ၁၀။ ရသာယတန | = ရသာရုံ (အရသာ) |
| ၅။ ကာယာယတန | = ကာယပသာဒ | ၁၁။ ဖောဋ္ဌဗ္ဗာယတန | = ဖောဋ္ဌဗ္ဗာရုံ (ပထဝီ၊တေဇော၊ ဝါယော) |

http://www.dhammadownload.com



| | |
|---|---|
| ၆။ မနာယတန = စိတ် အကျဉ်း ၈၉ အကျယ် ၁၂၁ပါး | ၁၂။ ဓမ္မာယတန = စေတသိက်၅၂, သုခုမရုပ် ၁၆–ပါး, နိဗ္ဗာန်။ |

## (၄) ဓာတ် ၁၈–ပါး

မိမိသဘောကိုဆောင်တတ်သော တရားကို ဓာတ်ဟုခေါ်၏။ စက္ခု,သောတ စသော တရားတို့သည်မိမိသဘောအတိုင်းတည်ရှိကြပြီး မိမိဆိုင်ရာ သဘောကိုဆောင်ရွက်နိုင်ကြ၏။ ထို့ကြောင့် "ဓာတု=ဓာတ်" ဟုအမည်ရ၏။

| ဒွါရ ၆–ပုံ (အခံဓာတ်) | အာရုံ ၆–တန် (အတိုက်ဓာတ်) | ဝိညာဏ်၆–သွယ် (အပွင့်ဓာတ်) |
|---|---|---|
| ၁။ စက္ခုဓာတ် | ၇။ ရူပဓာတ် | ၁၃။ စက္ခုဝိညာဏဓာတ် |
| ၂။ သောတဓာတ် | ၈။ သဒ္ဒဓာတ် | ၁၄။ သောတဝိညာဏဓာတ် |
| ၃။ ဃာနဓာတ် | ၉။ ဂန္ဓဓာတ် | ၁၅။ ဃာနဝိညာဏဓာတ် |
| ၄။ ဇိဝှာဓာတ် | ၁၀။ ရသဓာတ် | ၁၆။ ဇိဝှာဝိညာဏဓာတ် |
| ၅။ ကာယဓာတ် | ၁၁။ ဖောဋ္ဌဗ္ဗဓာတ် | ၁၇။ ကာယဝိညာဏဓာတ် |
| ၆။ မနောဓာတ် | ၁၂။ ဓမ္မဓာတ် | ၁၈။ မနောဝိညာဏဓာတ် |

တရားကိုယ်များ။ ။ (၁)စက္ခုပသာဒ (၂)သောတပသာဒ (၃)ဃာနပသာဒ (၄)ဇိဝှာပသာဒ (၅)ကာယပသာဒ (၆)ပဉ္စဒွါရာ ဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုန်းဒွေ၊ (၇)ရူပါရုံ(၈)သဒ္ဒါရုံ (၉)ဂန္ဓာရုံ (၁၀)ရသာရုံ (၁၁) ဖောဋ္ဌဗ္ဗာရုံ(၁၂)စေတသိက်၅၂–ပါး သုခုမရုပ် ၁၆–ပါး, နိဗ္ဗာန်၊(၁၃)စက္ခုဝိညာဏ်ဒွေ (၁၄) သောတဝိညာဏ်ဒွေ (၁၅) ဃာနဝိညာဏ်ဒွေ (၁၆)ဇိဝှာဝိညာဏ်ဒွေ (၁၇)ကာယဝိညာဏ်ဒွေ (၁၈)ဒွေပဉ္စဝိညာဏ် ၁၀–နှင့် မနောဓာတ် ၃–ပါးတို့မှ ကြွင်းသော်စိတ် ၇၆–ပါး။

http://www.dhammadownload.com



## သစ္စာလေးပါး

သစ္စ = သစ္စာသည် 'မှန်ကန်ခြင်း' အနက်ကိုဟော၏။

ဒုက္ခဟူ၍ ဟောထားသောရုပ်နာမ်တရားတို့သည်ကေန်အမှန် ဒုက္ခဖြစ်၏။ သမုဒယဟုဟောထားသော တဏှာသည်လည်း ကေန်အမှန် ပင်ဒုက္ခ၏အကြောင်းဖြစ်၏။ နိရောဓဟု ဟောထားသော ဒုက္ခချုပ်ငြိမ်း ခြင်းနိဗ္ဗာန်သည်လည်း ကေန်အမှန်ပင် ဒုက္ခ၏ ချုပ်ရာမှန်၏။ နိရောဓ ဂါမိနီပဋိပဒါ = မဂ္ဂသစ္စာဟု ဟောထားသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်သည် ကေန်အမှန်ပင် နိဗ္ဗာန် ရောက်ကြောင်း အကျင့် မှန်ပေ၏။

တစ်ဖန် ဤသစ္စာလေးပါးတို့သည် အရိယာပုဂ္ဂိုလ်များ သာ ပိုင်ပိုင်နိုင်နိုင်သိအပ်သောကြောင့် "အရိယသစ္စာ ၄-ပါး" ဟုအမည်ရ၏။

ဤသစ္စာ ၄-ပါးတွင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် လောကီသစ္စာများဖြစ်ကြ၏။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့သည် လောကုတ္တရာသစ္စာများ ဖြစ်ကြ၏။

သံသရာ၌ ဖြစ်ရသော ရုပ်နာမ်ဟူသမျှသည် ဒုက္ခတရားချည်း သာတည်း။ ထို့ကြောင့် ဒုက္ခသစ္စာသည် သံသရာ၌ ဖြစ်ရခြင်းဟူသော ပဝတ္တိသစ္စာဖြစ်၏။ မကောင်းသော အကျိုးသစ္စာလည်းဖြစ်၏။ သမုဒယ သစ္စာသည် ထိုသံသရာ ဒုက္ခဟူသမျှ၏ ဖြစ်ရခြင်း အကြောင်းရင်း ပဝတ္တိ ဟေတုသစ္စာတည်း၊ မကောင်းသော အကြောင်းသစ္စာလည်း ဖြစ်၏။

နိရောဓသစ္စာသည် သံသရာဒုက္ခ၏ ချုပ်ငြိမ်းရာ နိဝတ္တိသစ္စာ တည်း၊ ကောင်းသောအကျိုးသစ္စာဖြစ်၏။ မဂ္ဂသစ္စာသည် ထိုနိဝတ္တိသို့ ရောက်ကြောင်း နိဝတ္တိဟေတုသစ္စာဖြစ်၏၊ ကောင်းသောအကြောင်း သစ္စာလည်းဖြစ်၏။

အရိယသစ္စာ ၄-ပါးကို ကောင်းစွာမြင်သိသောသူသည်

http://www.dhammadownload.com



မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ခန္ဓာ၅-ပါး၊ အာယတန ၁၂၊ ဓာတ် ၁၈ပါးတို့ကို ထင်မြင်အောင် ဝိပဿနာရှုပွားခြင်းသည် အရိယ သစ္စာ ၄-ပါးကို မြင်သိလာရန်အတွက်ဖြစ်၏။

သို့ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံတွေ့နေရသော မျက်မှောက်ဘဝ၌ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့၏ သဘောကိုမျှ မသိနားမလည်လျှင် လူဖြစ်ရကျိုးမနပ်ပြီဟု ဆိုစမှတ်ပြုကြပါသည်။

| သင်္ဂြိုဟ်ပါဠိအခေါ် | ခေါ်ဝေါ်ရိုး | တရားကိုယ်နှင့်အဓိပ္ပါယ် |
|---|---|---|
| ၁။ ဒုက္ခအရိယသစ္စ | ဒုက္ခသစ္စာ | လောကီစိတ် ၈၁ပါး, လောဘကြဉ်သော စေတသိက် ၅၁-ပါး, ရုပ် ၂၈ပါး၊ ဤအလုံးစုံသော တေဘူမက တရားတို့ကို ဒုက္ခအမှန် ဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာဟုခေါ်၏။ |
| ၂။ ဒုက္ခသမုဒယ အရိယသစ္စ | သမုဒယသစ္စာ | တဏှာလောဘသည် ဒုက္ခဖြစ်စေသောအကြောင်းရင်း အမှန်ဖြစ်ခြင်းကြောင့် သမုဒယသစ္စာမည်၏။ |
| ၃။ ဒုက္ခနိရောဓ အရိယသစ္စ | နိရောဓသစ္စာ | နိဗ္ဗာန်သည် ဒုက္ခ ချုပ်ငြိမ်းရာ အမှန်ဖြစ်ခြင်းကြောင့် နိရောဓသစ္စာမည်၏။ |
| ၄။ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ, အရိယသစ္စ | မဂ္ဂသစ္စာ | မဂ်၌ယှဉ်သော မဂ္ဂင် ရှစ်ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မှန်ဖြစ်ခြင်းကြောင့် မဂ္ဂသစ္စာမည်၏။ |

✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com

# အခန်း (၈)

## ပစ္စည်းပိုင်း

### ပစ္စည်းနှင့် ပစ္စယုပ္ပန်

ပစ္စယ = ပစ္စည်း = ဆိုင်ရာ အကျိုးများ၏ အကြောင်းတရား။
ပစ္စယုပ္ပန္န=ပစ္စယုပ္ပန်=အကြောင်းတရားကြောင့်ဖြစ်သောအကျိုးတရား။
ပစ္စည်းသည် အကြောင်းတရားဖြစ်၍ပစ္စယုပ္ပန်သည် အကျိုးတရားဖြစ်၏။ ပစ္စည်းတရားတို့က ပစ္စယုပ္ပန် တရားတို့ကို "ကျေးဇူးပြုသည်" ဆိုရာ၌ (၁) မဖြစ်သေးသော ပစ္စယုပ္ပန် အကျိုးတရားကို ဖြစ်စေခြင်း (၂)ဖြစ်ပြီးသောပစ္စယုပ္ပန်အကျိုးတရားကိုတည်တံ့ခိုင်မြဲအောင် ထောက်ပံ့ခြင်းတို့ကို ဆိုလို၏။

### ကျေးဇူးပြုနည်း ၂ မျိုး

၁။ ပဋိစ္စသမုပ္ပါဒ်နည်း = "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ပေ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။"

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" သည် အဝိဇ္ဇာဟူသော ပစ္စည်းတရားကြောင့် သင်္ခါရဟူသည့် ပစ္စယုပ္ပန်တရားဖြစ်သည်ကို ပြ၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်နည်းသည် ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့၏ အကြောင်းအကျိုး ဆက်နွယ်မှုကိုသာ ပြ၏။ မည်သည့် ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဟူသော ပစ္စယသတ္တိထူးကို မပြချေ။

http://www.dhammadownload.com



၂။ ပဋ္ဌာန်းနည်း။ ။ "ဟေတုဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော ......"

ဤပဋ္ဌာန်းပါဠိတွင် "ဟေတု" ဖြင့်ပစ္စည်းကိုပြ၏။ "ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စရူပါနံ" ဖြင့် ပစ္စယုပ္ပန်ကိုပြ၏။ "ဟေတုပစ္စယေန" ဖြင့် ဟေတုပစ္စယ သတ္တိကို ပြ၏။

ထို့ကြောင့် ပဋ္ဌာန်းနည်းသည်ပစ္စည်း–ပစ္စယုပ္ပန်တို့ကိုသာမက ပစ္စယသတ္တိထူးကိုပါ သေချာစွာ ထုတ်ဖော်ပြ၏။

## ပဋိစ္စသမုပ္ပါဒ်နည်း

ဤနည်းသည် အကြောင်းပစ္စည်းတရားကို အစွဲပြု၍ အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်လာပုံကို ပြသောနည်းဖြစ်၏။

### (၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ

သိထိုက်သည်ကို မသိ၊ မသိထိုက်သည်ကို သိသော အဝိဇ္ဇာတရားကြောင့် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တည်းဟူသော သင်္ခါရတရားတို့ ဖြစ်ပေါ်လာကြ၏။

အဝိဇ္ဇာ = အ+ဝိဇ္ဇာ = ဆန့်ကျင်ဘက် + ဉာဏ်

"ဉာဏ်၏ဆန့်ကျင်ဘက်တရား" ကိုအဝိဇ္ဇာဟုခေါ်၏။ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော မောဟဖြစ်၏။

အမှန်သဘောကိုမသိအောင်အဝိဇ္ဇာဖုံးကွယ်ထားသောတရား ၈–ဌာနမှာ (၁) ဒုက္ခသစ္စာ (၂) သမုဒယသစ္စာ (၃) နိရောဓသစ္စာ (၄) မဂ္ဂသစ္စာ (၅) ပုဗ္ဗန္တ ခေါ် အတိတ် ခန္ဓာ အာယတန ဓာတ် အဖို့အစု (၆) အပရန္တ ခေါ် အနာဂတ်ခန္ဓာ အာယတန ဓာတ် အဖို့အစု (၇) ပုဗ္ဗန္တာပရန္တ ခေါ်

http://www.dhammadownload.com



ခန္ဓာအာယတနဓာတ်၏ရှေ့နောက်အစွန်း၂-ပါး(၈)ပဋိစ္စသမုပ္ပါဒ်တရားတို့ ဖြစ်ကြ၏။

သင်္ခါရဟူသည်မှာ ယခုဘဝကိုယ်မှု, နှုတ်မှု, စိတ်မှုများနှင့် နောက်ဘဝအတွက် အကျိုးဝိပါက်များကို ပြုစီမံတတ်သော ကံတရားဖြစ်၏။

တရားကိုယ်မှာ လောကီကုသိုလ်စိတ် ၁၇-ပါးနှင့် အကုသိုလ်စိတ် ၁၂-ပါး တို့၌ ယှဉ်သော စေတနာ ၂၉-ပါးဖြစ်၏။

မဟာကုသိုလ်စိတ် ၈-ပါးနှင့် ရူပါဝစရကုသိုလ်စိတ် ၅-ပါးတို့၌ ယှဉ်သော စေတနာ ၁၃-ပါးကို ပုညာဘိသင်္ခါရဟု ခေါ်၏။

အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော စေတနာ ၁၂-ပါးကို အပုညာဘိသင်္ခါရဟုခေါ်၏။

အရူပါဝစရကုသိုလ်စိတ် ၄-ပါး၌ ယှဉ်သော စေတနာ ၄-ပါးကို အာနေဉ္ဇာဘိသင်္ခါရဟု ခေါ်၏။

ကံပြုပုံ – သတ္တဝါတို့သည် အဝိဇ္ဇာတည်းဟူသော မသိမိုက်မဲမှုကြောင့်ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုစီမံကြသည်ဆိုခြင်းမှာ ကာမချမ်းသာနှင့် ဈာန်ချမ်းသာတို့ကို တကယ့်ချမ်းသာအစစ်ဟု ထင်မှားမိခြင်းကြောင့် ဖြစ်၏။ ကာမချမ်းသာ, ဈာန်ချမ်းသာတို့ သည်လည်း အနိစ္စတရားများဖြစ်ကြသဖြင့် ကံကုန်သည့်အခါ စုတေပျက်စီးရခြင်း ဟူသော ဝိပရိဏာမဒုက္ခနှင့် မုချမသွေရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်၏။

## (၂) သင်္ခါရပစ္စယာ ဝိညာဏံ

// သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဟု ဆိုရာ၌ "သင်္ခါရ"သည် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိ သင်္ခါရတို့ ပင်ဖြစ်၏။ "ဝိညာဏ်" ဟူသည်မှာ ပဋိသန္ဓေဝိညာဏ်ကိုဆိုလို၏။ သို့ရာတွင် ပဝတ္တိ

http://www.dhammadownload.com



အခါ၌ ဖြစ်ပေါ်ကြသော ဝိပါက် စိတ်များကိုလည်း ထည့်သွင်းယူရ၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ဝဋ်တရားတို့၏ လည်ပတ်ပုံကို ပြသော တရားဖြစ်ခြင်းကြောင့် ဝိညာဏ်အရ ကောက်တွင်လောကုတ္တရာ ဝိပါက်စိတ်များကိုမထည့်သွင်းနိုင်ပါ။ လောကီဝိပါက်၃၂-ပါးကိုသာ ယူရမည်။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံမှာ-

၁။ အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက်ဝိညာဏ်၇-ပါး ဖြစ်၏။

၂။ ပုညာဘိသင်္ခါရကြောင့် အဟိတ်ကုသလဝိပါက် ၈-ပါး, မဟာဝိပါက် ၈-ပါးနှင့် ရူပါဝစရ ဝိပါက် ၅-ပါး, ပေါင်း ဝိပါက်ဝိညာဏ် ၂၁-ပါး ဖြစ်ကြ၏။

၃။ အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပါဝစရ ဝိပါက် ဝိညာဏ် ၄-ပါး ဖြစ်၏။

## (၃) ဝိညာဏပစ္စယာ နာမရူပံ

ဝိညာဏ်ကြောင့် နာမ်ရုပ်တို့ ဖြစ်သည်ဆိုရာ၌ "ဝိညာဏ်"အဖြစ် ရှေးဘဝက ပြုခဲ့သော ကမ္မဝိညာဏ်နှင့် ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ဝိပါက် ဝိညာဏ်တို့ကို ကောက်ယူရမည်။

စေတနာကံနှင့် ယှဉ်သည့် စိတ်ကို ကမ္မဝိညာဏ်ဟုခေါ်၏။ "နာမရူပံ"၌ နာမအရ ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော စေတသိက်များ (နာမ်ခန္ဓာ ၃-ပါး) ကိုကောက်၍ ရူပအရ ကမ္မဇရုပ် ၁၈-ပါးကိုသာ ကောက်ယူရမည်။

သို့ဖြစ်၍ ရှေးရှေးဘဝက ပြုခဲ့သော ကမ္မဝိညာဏ်နှင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ဝိပါက်ဝိညာဏ် ၃၂-ပါးတို့ကြောင့် ထိုဝိပါက် ဝိညာဏ်တို့နှင့် ယှဉ်ကြသည့် စေတသိက်နာမ်ခန္ဓာ ၃-ပါး နှင့် ကမ္မဇရုပ် ၁၈-ပါး တို့ ဖြစ်ပေါ်ကြ၏။

http://www.dhammadownload.com



## (၄) နာမရူပပစ္စယာ သဠာယတနံ

နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်သည်ဆိုရာဝယ် နာမ်ရုပ်အဖြစ် လောကီဝိပါက် ၃၂ ပါး၌ ယှဉ်ကြသော စေတသိက် ၃၅–ပါး (စေတသိက်နာမ်ခန္ဓာ ၃–ပါး) နှင့် ကမ္မဇရုပ် ၁၈–ပါးတို့ကိုပင် ကောက်ယူရမည်။

သဠာယတနအဖြစ် စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန၊ မနာယတနတည်းဟူသော အဇ္ဈတ္တိကာယတန ၆–ပါးကိုယူရမည်။ ပထမအာယတန ၅–ပါးသည် စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ များ ဖြစ်ကြသဖြင့် ရုပ်အကြည်ဓာတ်များ ဖြစ်ကြ၏။ ထို့ကြောင့် ပဉ္စဝေါကာရဘုံ ( ခန္ဓာ ၅–ပါးရှိသောဘုံ (ဝါ) ရုပ်နာမ် ၂–ပါးရှိသောဘုံ)တို့၌သာ ဖြစ်ပေါ်နိုင်ကြ၏။

မနာယတနတွင်လောကီဝိပါက်စိတ် ၃၂–ပါးကိုသာ ကောက်ယူရမည်။ ဝိညာဏ်ကြောင့်စေတသိက်နာမ်ဖြစ်ပြီးစေတသိက်နာမ်ကြောင့် မနာယတနဟူသော ဝိညာဏ်ဖြစ်ရကား စိတ်နှင့် စေတသိက်တို့သည် အညမညသတ္တိဖြင့် ကျေးဇူးပြုကြ၏။

## (၅) သဠာယတနပစ္စယာ ဖဿော

သဠာယတနကြောင့် ဖဿဖြစ်သည်ဆိုရာ၌ သဠာယတနအရ အဇ္ဈတ္တိကာယတန ၆–ပါးကိုပင် ယူရမည်။ ဖဿအရ လောကီဝိပါက်စိတ် ၃၂–ပါး၌ ယှဉ်သော ဖဿစေတသိက်ကို ကောက်ယူရမည်။

စက္ခာယတနကြောင့် စက္ခုသမ္ဖဿဖြစ်၏။ သောတာယတနကြောင့် သောတသမ္ဖဿဖြစ်၏။ ဃာနာယတနကြောင့်ဃာနသမ္ဖဿဖြစ်၏။ ဇိဝှာယတနကြောင့် ဇိဝှာသမ္ဖဿ ဖြစ်၏။ ကာယာယတနကြောင့် ကာယသမ္ဖဿဖြစ်၏။ မနာယတနကြောင့် မနောသမ္ဖဿဖြစ်

http://www.dhammadownload.com



၏။ သမ္ဖဿသည် ဖဿနှင့်အနက်တူ၏။

## (၆) ဖဿပစ္စယာ ဝေဒနာ

ဖဿကြောင့်ဝေဒနာဖြစ်သည်ဆိုရာဝယ်ဖဿအဖြစ် လောကီဝိပါက်စိတ် ၃၂–ပါး၌ ယှဉ်သော ဖဿစေတသိက်ကို ကောက်ယူရမည်။ ဝေဒနာအရ ထိုလောကီ ဝိပါက်စိတ် ၃၂–ပါး၌ ယှဉ်သော ဝေဒနာစေတသိက်ကို ကောက်ယူရမည်။

စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာဝေဒနာ ဖြစ်၏။ သောတသမ္ဖဿကြောင့် သောတသမ္ဖဿဇာဝေဒနာဖြစ်၏။ ဃာနသမ္ဖဿကြောင့် ဃာနသမ္ဖဿဇာဝေဒနာဖြစ်၏။ ဇိဝှာသမ္ဖဿကြောင့် ဇိဝှာသမ္ဖဿဇာဝေဒနာ ဖြစ်၏။ ကာယ သမ္ဖဿကြောင့် ကာယသမ္ဖဿဇာဝေဒနာဖြစ်၏။ မနောသမ္ဖဿကြောင့် မနောသမ္ဖဿဇာ ဝေဒနာဖြစ်၏။

## (၇) ဝေဒနာပစ္စယာ တဏှာ

ဝေဒနာကြောင့် တဏှာ ဖြစ်သည်ဆိုရာဝယ် ဝေဒနာအဖြစ် လောကီဝိပါက် ၃၂–ပါးတို့၌ယှဉ်သော ဝေဒနာကိုပင် ကောက်ယူရမည်။ တဏှာအရ လောဘမူစိတ် ၈–ပါး၌ရှိသော လောဘ စေတသိက်ကို ကောက် ယူရမည်။

ဝေဒနာ ၆–ပါးကြောင့် ဖြစ်ပေါ်ကြသော တဏှာတို့မှာ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ တို့ ဖြစ်ကြ၏။ အာရုံ ၆–ပါး၌ နှစ်သက်သာယာသော တဏှာတို့တည်း။ ရူပတဏှာသည် ရူပါရုံကိုနှစ်သက်သာယာ၏။ သဒ္ဒတဏှာသည် သဒ္ဒါရုံကို နှစ်သက်သာယာ၏ စသည်ဖြင့် သိပါ။

## (၈) တဏှာပစ္စယာ ဥပါဒါန်

တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဆိုရာ၌ တဏှာသည်

http://www.dhammadownload.com



ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ တို့ ဖြစ်ကြ၏။ ဥပါဒါန်သည် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် တို့တည်း။

ဤတွင် ကာမုပါဒါန်သည် ကာမဂုဏ်၌ ပြင်းထန်စွာ စွဲလမ်းတပ်မက်သော တဏှာလောဘဖြစ်၏။ သို့ဖြစ်၍ အကြောင်းတဏှာနှင့် အကျိုးကာမုပါဒါန်တို့ မည်သို့ ထူးခြားသနည်းဟု မေးဖွယ်ရာ ရှိ၏။ အဖြေကား–

၁။ အချင်းချင်းထောက်ဆ၍ ရှေးကျပြီး အားသေးသော လိုချင်တပ်မက်မှုသည် တဏှာ ဖြစ်၏။ နောက်ကျ၍ အားကြီးသော တပ်မက်မှုသည် ဥပါဒါန်ဖြစ်၏။

၂။ ကေစိဆရာ (ဝါဒကွဲဆရာ) တို့က တစ်စုံတစ်ခုသော အာရုံကို မရသေးခင် လိုချင်တပ်မက်မှုသည်တဏှာမည်၏၊ ရရှိပြီးနောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန်မည်၏ဟု ဆိုကြ၏။

၃။ ထို့အပြင် တဏှာသည် အပ္ပိစ္ဆတာ(အလိုနည်းမှု) ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ကာမုပါဒါန်သည် သန္တုဋ္ဌိတာ(တင်းတိမ်ရောင့်ရဲမှု) ၏ ဆန့်ကျင်ဘက် ဖြစ်၏။

၄။ တဏှာသည် တောင့်တမှု ရှာဖွေမှု ဒုက္ခစု၏အကြောင်းရင်း ဖြစ်၏။ ကာမုပါဒါန်သည် ရရှိထားသော အာရုံကို ကြောင့်ကြရမှု၊ စောင့်ရှောက်ရမှု ဒုက္ခစု၏ အကြောင်းရင်းဖြစ်၏။

ကျန်ဥပါဒါန် ၃–မျိုးတို့၏ တရားကိုယ်မှာ အယူလွဲမှု ဒိဋ္ဌိဖြစ်၏။ အတ္တဝါဒုပါဒါန်သည် အတ္တရှိ၏ဟု စွဲယူသော သက္ကာယဒိဋ္ဌိဖြစ်၏။ သီလဗ္ဗတုပါဒါန်သည် ခွေးအကျင့်, နွားအကျင့် စသည်တို့ ဖြင့် သံသရာမှ လွတ်မြောက်နိုင်၏ဟု စွဲလမ်းသော ဒိဋ္ဌိ ဖြစ်၏။ ဒိဋ္ဌုပါဒါန်မှာ ကျန်အယူလွဲမှု ဒိဋ္ဌိအမျိုးမျိုးဖြစ်၏။

မိမိကိုယ်ကို တဏှာဖြင့် ခင်မင်တွယ်တာနေမှုကြောင့် သက္ကာယ

http://www.dhammadownload.com



ဒိဋ္ဌိဖြစ်၏။ မိမိကိုယ်ကို တဏှာဖြင့် ခင်မင်တွယ်တာမှုကြောင့်ပင် နောင်ဘဝ၌ ချမ်းသာဖို့ရန် ရည်မှန်းလျက် ခွေးအကျင့်, နွားအကျင့်တို့ကို ကျင့်၏။ ဒိဋ္ဌုပါဒါန်ဟူသော ဒိဋ္ဌိများကိုလည်း တဏှာကြောင့်သာ ကောင်းနိုးရာရာ ထင်သည့်တို့ကို ယူမှားမိခြင်းဖြစ်၏။

## (၉) ဥပါဒါနပစ္စယာ ဘဝေါ

ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဆိုရာဝယ် ဥပါဒါန်သည် အထက်၌ ဖော်ပြခဲ့သော ဥပါဒါန် ၄–ပါးဖြစ်၏။ ဘဝအရမူ ကမ္မဘဝနှင့် ဥပပတ္တိဘဝ ၂–မျိုးကို ကောက်ယူရ၏။

ကမ္မဘဝ ဟူသည်မှာ အကုသိုလ်စိတ် ၁၂–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉–ပါးတို့၌ ယှဉ်သော စေတနာ ကံ ၂၉ပါးဖြစ်၏။ (သင်္ခါရအဖြစ် ကောက်ယူခဲ့သော ပုညာဘိသင်္ခါရ စသည်တို့ပင်တည်း။)

ဥပပတ္တိဘဝ ဟူသည်မှာ ထိုကံ ၂၉–ပါးကြောင့် ဖြစ်သော လောကီဝိပါက်စိတ် ၃၂–ပါး, ၄င်းစိတ်တို့၌ ယှဉ်ကြသော စေတသိက် ၃၅–ပါးနှင့် ကမ္မဇရုပ် ၁၈–ပါးတို့ ဖြစ်ကြ၏။

ဥပါဒါန်ကြောင့်ဘဝဖြစ်ပုံမှာ ကာမုပါဒါန် အစွမ်းဖြင့်လူချမ်းသာ နတ်ချမ်းသာကိုအလိုရှိ၍ ကံများ (ကမ္မဘဝ)ကို ပြုစီမံကြ၏။ တစ်ချို့သည် ဆရာတို့၏ ဟောပြောမှုကြောင့် သားကောင်သတ်ပြီး ယဇ်နတ်ပူဇော်ကြ၏။ တစ်ချို့မှာဈာန်ဘဝ၌ပင်ကာမချမ်းသာကိုခံစားလို၍ ခိုးဝှက်လုယက်သည့် ဒုစရိုက်မှုများကို ပြုလုပ်ကြ၏။ တစ်ချို့မှာမူ ဆရာကောင်းတို့၏ လမ်းညွှန်မှုကြောင့်ကာမာဝစရကုသိုလ်ကံကိုဖြည့်ဆည်းကြ၏။ တစ်ချို့သည်ကား "ဈာန်ချမ်းသာသည် ကာမချမ်းသာထက် သာလွန်၏" ဟုကြားဖူးကြသဖြင့် ထိုချမ်းသာကို ခံစားလိုသော ကာမုပါဒါန်ကြောင့် ရူပဈာန် အရူပဈာန်တို့ကို အားထုတ်ကြ၏။

http://www.dhammadownload.com



အကုသိုလ်ကမ္မဘဝကြောင့် သေလွန်သည့်အခါ အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရ၏။ ကုသိုလ်ကမ္မဘဝကြောင့် သေလွန်သောအခါ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ဥပပတ္တိဘဝဖြစ်ကြ၏။

သတ္တဝါတို့သည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တို့ကြောင့်လည်း ကမ္မဘဝအမျိုးမျိုးကို ပြုစီမံကြပြီးလျှင် သေလွန်ကြသည့် အခါ ဥပပတ္တိဘဝအမျိုး မျိုးကို ရကြ၏။

## (၁၀) ဘဝပစ္စယာ ဇာတိ

ဘဝကြောင့် ဇာတိဖြစ်သည်ဆိုရာ၌ ဘဝအရ ကမ္မဘဝကို ပင်ယူရမည်။ ကမ္မဘဝသည် လောကီကုသိုလ်အကုသိုလ် စိတ် ၂၉-ပါးတို့၌ ယှဉ်ကြသော စေတနာကံ ၂၉-ပါးတို့ ဖြစ်ကြ၏။

ဇာတိအရမူ ဝိပါက်စိတ် ၃၂-ပါး၊ ၄င်းစိတ်တို့၌ ယှဉ်ကြသော စေတသိက် ၃၅-ပါးနှင့် ကမ္မဇရုပ် ၁၈-ပါးတို့၏ ဖြစ် ခြင်းဥပါဒ်ကို ကောက်ယူရမည်။ ဤသို့ ကောက်ယူသည့်အခါ အဟိတ်ပဋိသန္ဓေ ၂-ပါး၊ မဟာဝိပါက်ပဋိသန္ဓေ ၈-ပါး၊ ရူပါဝစရပဋိသန္ဓေ ၆-ပါး၊ အရူပါဝစရပဋိသန္ဓေ ၄-ပါး၊ ပေါင်းပဋိသန္ဓေ ၂၀တို့ ပါဝင်သွားကြ၏။ ထို့အပြင် ပဝတ္တိအခါ၌ ဖြစ်ကြသော ဝိပါက်စိတ် စေတသိက်များနှင့် ကမ္မဇရုပ်တို့လည်းပါဝင်ကြ၏။

## (၁၁) ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ

ဇာတိသည်ဥပပတ္တိဘဝ၏ပထမဦးဆုံးဥပါဒ်ခြင်း(ဝါ)ပဋိသန္ဓေနေခြင်းဖြစ်၏။ ဥပပတ္တိဘဝသည် ထိုထိုဘုံ၌ ဖြစ်ကြသော ဝိပါက်နာမက္ခန္ဓာ (ဝိပါက်နာမ်ခန္ဓာ ၄-ပါး) နှင့် ကမ္မဇရုပ်များဖြစ်ကြ၏။

ဇာတိကြောင့် အိုခြင်းဇရာ၊ သေခြင်းမရဏ၊ စိုးရိမ်ပူပန်ခြင်း သောက၊ ငိုကြွေးခြင်းပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်းဒုက္ခ၊စိတ်ဆင်းရဲခြင်း

http://www.dhammadownload.com



ဒေါမနဿနှင့် ပြင်းစွာ ပူဆွေးခြင်း ဥပါယာသတို့ ဖြစ်ပေါ်ကြ၏။

ဇရာသည် လောကီဝိပါက်စိတ် ၃၂–ပါး၊ ၎င်းတို့၌ ယှဉ်ကြသော စေတသိက် ၃၅–ပါးနှင့် ကမ္မဇရုပ်တို့၏ ရင့်ခြင်း (ဠီ) ဖြစ်၏။ သတ္တဝါတို့၏ အရွယ်မှ ဆုတ်ယုတ်ခြင်း, ရင့်ရော်အိုမင်း ခြင်းပင်တည်း။

မရဏသည် လောကီဝိပါက်စိတ် ၃၂–ပါး၊ ၎င်းတို့၌ ယှဉ်ကြသော စေတသိက် ၃၅–ပါးနှင့် ကမ္မဇရုပ်တို့၏ ပျက်စီးခြင်း(ဘင်) ဖြစ်၏။ သတ္တဝါတို့၏ ဇီဝိတိန္ဒြေကင်း၍ သေဆုံးခြင်းပင်တည်း။

သောကသည် ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်းဖြစ်၏။ တရားကိုယ်မှာ ဒေါသမူဒွေး၌ ယှဉ်သော ဒေါမနဿဝေဒနာ ဖြစ်၏။ ဆွေမျိုး, ဉာတိ, ပစ္စည်းဥစ္စာ စသည်တို့ ပျက်စီးမှုကြောင့်စိတ်နှလုံး၏ ပူပန်ခြင်း ပင်တည်း။

ပရိဒေဝ သည် တစ်စုံတစ်ခု ပျက်စီးမှုကြောင့် တမ်းတငိုကြွေး ခြင်းဖြစ်၏။ တရားကိုယ်မှာ စိတ္တဇဝိပလ္လာသသဒ္ဒရုပ်ဖြစ်၏။ စိတ်ကြောင့် ဖြစ်သော ဖောက်ပြန်သည့် အသံရုပ်ပင်တည်း။

ဒုက္ခသည်ကိုယ်ဆင်းရဲမှု ဖြစ်၏။ တရားကိုယ်မှာ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်နှင့် ယှဉ်သော ဝေဒနာ စေတသိက်ဖြစ်၏။

ဒေါမနဿသည် စိတ်ပင်ပန်းဆင်းရဲမှု၊ နှလုံးမသာမယာမှု ဖြစ်၏။ တရားကိုယ်မှာ ဒေါသမူဒွေး၌ ယှဉ်သော ဝေဒနာဖြစ်၏။

ဥပါယာသ သည် သောက ပရိဒေဝတို့ ထက်လွန်ကဲသော အသံမျှ မထွက်နိုင်အောင် ရှိုက်ကြီးငင်ကြီး ဖြစ်ကာ အတွင်းဆွေးဆွေးခြင်း၊ ပြင်းပြစွာဆင်းရဲပင်ပန်းခြင်း၊ နစ်မျောခြင်းဖြစ်၏။ တရားကိုယ်မှာ ဒေါသ မူဒွေး၌ယှဉ်သောဒေါသပင်တည်း။

**အကျိုးရင်းနှင့် အကျိုးဆက်** – ဇာတိရှိလျှင် မည်သည့်ဘဝ၌ မဆို ဇရာမရဏတို့ ကေန်မုချရှိ၏။ ထို့ကြောင့် ဇရာမရဏသည် မုချ

http://www.dhammadownload.com



အကျိုး (ဝါ) အရင်းခံ အကျိုးဖြစ်၏။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတည်း ဟူသော တရားငါးပါးတို့သည် ဗြဟ္မာပြည်၌မရှိကြ၊ နတ်ပြည်၌ အချို့ ရှိပြီး အချို့ မရှိ၊ လူ့ပြည်၌လည်း ဇာတိဖြစ်ပြီး မကြာခင်သေဆုံးသူတို့မှာ သောက စသော တရားအချို့ ဖြစ်ခွင့်မရ။ သို့အတွက် သောကပရိဒေဝစသည့် တရားစုသည် ဇာတိ၏မုချ အကျိုးမဟုတ်၊ ဇာတိနှင့်ဆက်သွယ်၍ ဖြစ်တတ်သောအကျိုးဆက်သာ ဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ် တရားတော်၏သိမှတ်ဖွယ်များ

### ၁။ အင်္ဂါ ၁၂–ပါး

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း၌ လှည်းဘီးစက်ဝိုင်း၏ ဒေါက်ဆန်များ ကဲ့သို့ မပါလျှင် မပြီး, အရေးကြီးသောအင်္ဂါ ၁၂–ပါးရှိ၏။

၎င်းတို့ကား အဝိဇ္ဇာ ၁–ပါး၊ သင်္ခါရ ၁–ပါး၊ ဝိညာဏ် ၁–ပါး၊ နာမ်ရုပ် ၁–ပါး၊ သဠာယတန ၁–ပါး၊ ဖဿ ၁–ပါး၊ ဝေဒနာ ၁–ပါး၊ တဏှာ ၁–ပါး၊ ဥပါဒါန် ၁–ပါး၊ ဘဝ ၁–ပါး၊ ဇာတိ ၁–ပါး၊ ဇရာမရဏ ၁–ပါး တို့ ဖြစ်ကြ၏။

### ၂။ အခွန့် ၃–ပါး

အခွန့်ဟူသည် ကာလဖြစ်၏။ ကာလ၏ အပိုင်းအခြားအရ ဖြစ်ပေါ်ကြသောတရားတို့ကို ဥာနုပစာရအားဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟု ပိုင်းခြားအပ်၏။

အတိတ်အခွန့် = အဝိဇ္ဇာနှင့်သင်္ခါရ။
ပစ္စုပ္ပန်အခွန့် = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ။
အနာဂတ်အခွန့် = ဇာတိနှင့် ဇရာမရဏ။

http://www.dhammadownload.com



သတ္တဝါတစ်ဦးသည်အတိတ်ဘဝ၌သံသရာ၏အပြစ်ကိုမမြင်နိုင်အောင် အဝိဇ္ဇာ ဖုံးလွှမ်းသဖြင့် ကုသိုလ်သင်္ခါရ စသည်တို့ကို ပြုခဲ့မိ၏။ ထို့ကြောင့် အဝိဇ္ဇာနှင့်သင်္ခါရတို့သည် အတိတ်အစွန့်ဖြစ်၏။

အတိတ်က ပြုခဲ့သော ကုသိုလ်, အကုသိုလ် သင်္ခါရတို့ကြောင့် ယခု ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေကာလမှစ၍ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ ဖြစ်ကြ၏။ ထို့ကြောင့် ဤတရား ၈–ပါးတို့သည် ပစ္စုပ္ပန်အစွန့်ဖြစ်၏။

ယခုဘဝ၌ ကမ္မဘဝဟူသော ကုသိုလ် အကုသိုလ်ကံတို့ကို ပြုစိမ်ပြန်ရကား နောက်အနာဂတ်ဘဝတွင် ဇာတိနှင့်ဇရာ မရဏတို့ ဖြစ်ကြရ၏။ သို့ဖြစ်၍ ဇာတိနှင့်ဇရာမရဏ တို့သည် အနာဂတ်အစွန့် ဖြစ်၏။

### ၃။ အခြင်းအရာ ၂၀–ပါး

| | | |
|---|---|---|
| အတိတ်အကြောင်း ၅–ပါး | = | အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ။ |
| ပစ္စုပ္ပန်အကျိုး ၅–ပါး | = | ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။ |
| ပစ္စုပ္ပန်အကြောင်း ၅–ပါး | = | တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ။ |
| အနာဂတ်အကျိုး ၅–ပါး | = | ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။ |

အဝိဇ္ဇာနှင့်သင်္ခါရတို့သည် အတိတ်အစွန့်တရားများ ဖြစ်ကြ၏။ ထို ၂–ပါးတွင် အဝိဇ္ဇာသည် ကိလေသာ ၁၀–ပါး၌ ပါဝင်သဖြင့် ကိလေသာ ဝဋ်တရားဖြစ်၏။ တဏှာနှင့် ဥပါဒါန်တို့သည်လည်း ကိလေသာဝဋ်တရားများဖြစ်ကြ၏။ထိုသို့ ကိလေသာဝဋ်ချင်းတူနေခြင်းကြောင့် အဝိဇ္ဇာကို ယူလိုက်သောအခါ တဏှာနှင့် ဥပါဒါန်တို့လည်း

http://www.dhammadownload.com



ပါဝင်လာကြ၏။

တစ်ဖန် သင်္ခါရသည် ကမ္မဝဋ်ဖြစ်၏။ ကမ္မဘဝသည်လည်း ကမ္မဝဋ်ပင်ဖြစ်၏။ ထိုသို့ ကမ္မဝဋ်ချင်းတူသောကြောင့် အတိတ်ဘဝ၌ သင်္ခါရကို ယူလိုက်သည့်အခါ ကမ္မဘဝကိုလည်း အဝိနာဘာဝ (မကင်းစကောင်းသော) နည်းအားဖြင့် ယူပြီး ဖြစ်တော့၏။

သို့ဖြစ်၍ အတိတ်ဘဝ၌ "အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ" ဟူသော အကြောင်း ၅-ပါးကို ရ၏။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် အတိတ်ကံကြောင့်ဖြစ်ကြသော ပစ္စုပ္ပန်အကျိုး ၅-ပါးဖြစ်ကြ၏။

ပစ္စုပ္ပန်အခွန့်၌ တဏှာ, ဥပါဒါန်, ကမ္မဘဝ ဟူသော အကြောင်း ၃-ပါးတို့သည် တိုက်ရိုက်လာ၏။ ထို ၃-ပါးကို ယူလိုက်သောအခါ အထက်၌ ဆိုခဲ့သည့်အဝိနာဘာဝနည်းအရ အဝိဇ္ဇာနှင့် သင်္ခါရ တို့ကိုလည်း ယူပြီး ဖြစ်တော့၏။ သို့အတွက် ပစ္စုပ္ပန်ဘဝ၌ "တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ" ဟူသည့် အကြောင်း ၅-ပါးကို ရပြန်၏။

အနာဂတ်အခွန့်၌ ဇာတိနှင့် ဇရာမရဏတို့ကို ဖော်ပြထား၏။ ဇာတိ၌ တရားကိုယ်သီးခြားမရှိ။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ ဖြစ်ခြင်းဥပါဒ်ကိုပင် ဇာတိဟု ယူရ၏။ ထို့အတူ ဇရာ, မရဏတို့သည် ထိုတရား ၅-ပါးတို့၏ ရင့်ခြင်းဠီ နှင့် ပျက်စီးခြင်းဘင် တို့ ဖြစ်ကြ၏။ ထို့ကြောင့် အနာဂတ်အကျိုးအဖြစ် "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" တို့ကိုပင် ယူရ၏။

သို့ဖြစ်၍ အတိတ်ဘဝ၌ အကြောင်း ၅-ပါး၊ ပစ္စုပ္ပန်ဘဝ၌ အကျိုး ၅-ပါး၊ တစ်ဖန် ပစ္စုပ္ပန်ဘဝ၌ အကြောင်း ၅-ပါး၊ အနာဂတ်ဘဝ၌ အကျိုး ၅-ပါး ဟူသော အခြင်းအရာ ၂၀-ကိုရ၏။

http://www.dhammadownload.com



## ၄။ စတုသင်္ခေပခေါ်အလ္လာ ၄–ပါး

အတိတ်ဘဝအကြောင်း၅–ပါးကိုတစ်လ္လာ၊ ပစ္စုပ္ပန်ဘဝ အကျိုး ၅–ပါးကို တစ်လ္လာ၊ ပစ္စုပ္ပန်ဘဝအကြောင်း ၅–ပါးကိုတစ်လ္လာ၊ အနာဂတ်ဘဝအကျိုး၅–ပါးကို တစ်လ္လာဟူ၍ ၄ပါးရှိ၏။

## ၅။ တိသန္ဓိခေါ် အစပ် ၃–ပါး

ပဋိစ္စသမုပ္ပါဒ်အင်္ဂါများကို စဉ်ထားသောအခါအကြောင်းတရား၏အဆုံးနှင့် အကျိုး တရား၏ အစသည် တစ်စပ်၊ အကျိုးတရား၏အဆုံးနှင့်အကြောင်းတရား၏အစသည် တစ်စပ်၊ တစ်ဖန် အကြောင်းတရား၏ အဆုံးနှင့် အကျိုးတရား၏အစသည်တစ်စပ်ဟူ၍ အစပ် ၃–စပ် ရှိ၏။ ထိုအစပ်နေရာတို့ကို ပုဒ်မ ခြား၍ဖော်ပြရသော်–

"အဝိဇ္ဇာ၊ သင်္ခါရ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ ဇာတိ၊ ဇရာ မရဏ"

ထို့ကြောင့် သင်္ခါရနှင့် ဝိညာဏ်တို့၏ အကြားသည် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့၏ အစပ်၊ ဝေဒနာနှင့် တဏှာအကြားသည် ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းတို့၏ အစပ်၊ကမ္မဘဝနှင့် ဇာတိအကြားသည် ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့၏ အစပ်ဖြစ်ကြ၏။

## ၆။ ဝဋ် ၃–ပါး

"ဝဋ္ဋ" သဒ္ဒါသည် စက်ဘီးများ ချာချာလည်သလို "လည်ပတ်ခြင်း" အနက်ကို ဟော၏။ ထို့ကြောင့် "အကြောင်းပြီးလျှင် အကျိုး၊ အကျိုးပြီးလျှင် အကြောင်း" ဟုအကြောင်းအကျိုး မပြတ်ဘဲ ဆက်ကာ ဆက်ကာလည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို "ဝဋ္ဋ = ဝဋ်"ဟုခေါ်၏။

ကိလေသဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။

http://www.dhammadownload.com



ကမ္မဝဋ် = ကမ္မဘဝ ၊သင်္ခါရ။

ဝိပါကဝဋ် = ဥပပတ္တိဘဝ၊ ဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန ဖဿ၊ ဝေဒနာ ၊ ဇာတိ၊ ဇရာမရဏ။

အဝိဇ္ဇာ၊ တဏှာနှင့် ဥပါဒါန်တို့သည် ကိလေသာတရားများ ဖြစ်ကြသဖြင့် ကိလေသဝဋ်မည်၏။

ကမ္မဘဝဟူသည့် ဘဝတစ်စိတ်နှင့်သင်္ခါရတို့သည် ကံတရားချည်း ဖြစ်ကြသောကြောင့် ကမ္မဝဋ်မည်၏။

ဥပပတ္တိဘဝဟူသော ဘဝ တစ်စိတ်နှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏတို့သည် ကံ၏အကျိုးတရားများ ဖြစ်ကြသောကြောင့် ဝိပါကဝဋ်မည်၏။

ကိလေသဝဋ်ရှိလျှင် ကမ္မဝဋ်မုချဖြစ်၏။ ကမ္မဝဋ်ရှိလျှင် ဝိပါကဝဋ်အမြဲဖြစ်၏။ ဝိပါကဝဋ်ဟူသည့် ဝေဒနာရှိလျှင် တဏှာစသော ကိလေသဝဋ် ဖြစ်ပြန်၏။ ဤသို့ အကြောင်းအကျိုး ဆက်စပ်လျက် ပတ်ချာလည်နေသောတရားတို့ကို "ဝဋ်" ဟုခေါ်ဆိုရ၏။

## ၇။ ဝဋ်မြစ် ၂ပါး

ပဋိစ္စသမုပ္ပါဒ်စက်သည် အတိတ်ဘဝအကြောင်းမှစ၍ ပစ္စုပ္ပန်ဘဝအကျိုး ဖြစ်သည့်တိုင်အောင် အရှေ့ပိုင်းတစ်စက်၊ ပစ္စုပ္ပန်ဘဝ အကြောင်းမှစ၍အနာဂတ်ဘဝ အကျိုးတိုင်အောင် နောက်ပိုင်းတစ်စက် ဟူ၍ ၂–စက်ရှိ၏။

ထိုတွင် "အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ကား ရှေ့ပိုင်း တစ်စက်ဖြစ်၏။ ထိုစက်၌ အဝိဇ္ဇာသည် အရင်းမူလအစ ဖြစ်၏။

တစ်ဖန် "တဏှာ၊ ဥပါဒါန်၊ ဘဝ၊ဇာတိ၊ ဇရာ မရဏ တို့ကား နောက်ပိုင်းတစ်စက်ဖြစ်၏။ ဤစက်၌ တဏှာသည် အရင်းမူလအစ

http://www.dhammadownload.com



ဖြစ်၏။

ထို့ကြောင့် ဝဋ်မြစ် ၂–ပါးတို့သည် အဝိဇ္ဇာနှင့် တဏှာတို့ ဖြစ်ကြ၏။

## ၈။ စက်ရဟတ်ပျက်ကိန်း

သစ်တစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံး ပျက်စီးရသကဲ့သို့ ထို့အတူ သံသရာတွင် စည်ပင်နေသည့် သတ္တဝါဟုခေါ်ဆိုအပ်သော ရုပ်နာမ်ခန္ဓာသစ်ပင်ကြီး၌ အဝိဇ္ဇာ–တဏှာဟူသည့် ရေသောက်မြစ် ၂–ခုကို အရဟတ္တမဂ်လက်နက်ဖြင့် ဖျက်ဆီးလိုက်သောအခါ ရုပ်နာမ်သံသရာကြီး အပြီးသတ် ချုပ်ငြိမ်းလေတော့၏။

## ၉။ အဝိဇ္ဇာ၏ အကြောင်း

ပဋိစ္စသမုပ္ပါဒ်တရားတော်တွင် "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏၊ ပေ၊ ဇာတိကြောင့် ဇရာ မရဏ, သောကပရိဒေဝတို့ ဖြစ်ကြ၏ဟု အဝိဇ္ဇာမှစ၍ဟောထားရာ အဘယ်အကြောင်းကြောင့် အဝိဇ္ဇာ ဖြစ်သနည်းဟု မေးဖွယ်ရာ ရှိ၏။

အဖြေကား "အာသဝေါတရား ၄–ပါးကြောင့် အဝိဇ္ဇာဖြစ်၏" ဟူသတည်း။ အာသဝေါတရား ၄–ပါးမှာ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ နှင့် အဝိဇ္ဇာသဝတို့ ဖြစ်ကြ၏။

လောက၌ နေ့စဉ်လူအများ သေဆုံးနေကြသည်ကို ကြားသိရသော်လည်း သောကပရိဒေဝ တို့ မဖြစ်မိ။ မိမိနှင့်အလွန် အကျွမ်းဝင်ချစ်ခင်သော လူတစ်ယောက်သေဆုံးလျှင်မူ သောကပရိဒေဝ အလွန်အမင်းဖြစ်ကြရ၏။ ဤကား ခင်မင်တွယ်တာမှု တဏှာလောဘ ဟူသည့် ကာမာသဝကြောင့် သောကစသည်တို့ ဖြစ်ခြင်းပင်တည်း။

အလွန်ခမ်းနားကြီးကျယ်သော ဘုံဗိမာန်များ၌ ကာလရှည်ကြာ

http://www.dhammadownload.com



စွာ စံမြန်းနေရသော နတ်ဗြဟ္မာများသည် ဘဝါသဝဖြင့် နှစ်သက်အားရနေကြ၏။ ဘုရားရှင်၏ အနိစ္စ, ဒုက္ခ, အနတ္တ နှင့်စပ်သော တရားစကားကိုကြားကြရသည့်အခါ မိမိတို့၏ဘဝ မမြဲသည်ကို တွေးမိ၍ လွန်စွာထိတ်လန့်ကြောက်ရွံ့လျက်ဒေါသမူစိတ်နှင့် ဒေါမနဿဝေဒနာ တို့ဖြစ်ကြရ၏။

"ရုပ်ဟူသည်ငါတည်း၊ ငါ၏ရုပ်တည်း"ဟု ဒိဋ္ဌာသဝဖြင့် စွဲလမ်းနေသူသည် ရုပ်ဖောက်ပြန် ပြောင်းလဲသောအခါ သောကစသည်ဖြစ်ရ၏။

သဘောမှန်ကို မသိမြင်နိုင်သည့် အဝိဇ္ဇာတည်းဟူသော အမှောင်တရားကြောင့်သာ သတ္တဝါတို့သည် သောကစသည်ဖြစ်ကြရ၏။ ပရိဒေဝဟူသော ငိုကြွေးခြင်းသည် အဝိဇ္ဇာမကင်းသည့် သူတို့၌သာ ဖြစ်လေ့ရှိ၏။ ဒုက္ခဖြစ်သည့်အခါ စိတ်မချမ်းသာဘဲ ဒေါသမူ စိတ်ဖြစ်ပြီး စိတ်ဆင်းရဲခြင်း ဟူသော ဒေါမနဿ ဖြစ်ရ၏။

တစ်ဖန် ဒေါသမူ၊ လောဘမူ၊ မောဟမူ စိတ်တို့၌ မောဟဟူသည့်အဝိဇ္ဇာတရားအမြဲယှဉ်တွဲလျက်ဖြစ်ပေါ်နေရာ မသိမိုက်မဲမှုအဝိဇ္ဇာကြောင့် သောကပရိဒေဝစသည်ဖြစ်ပေါ်ကြပြီးသောကပရိဒေဝ စသည်တို့ ဖြစ်ပေါ်လျှင် အဝိဇ္ဇာယှဉ်တွဲပါလာပြန်၏။ ရှေးရှေးအဝိဇ္ဇာသဝကြောင့် သောကစသည်နှင့်အတူ နောက်နောက် အဝိဇ္ဇာတို့ ဖြစ်ခြင်းပင်တည်း။

သို့ဖြစ်၍ "အရင်းစစ် အမြစ်မြေက" ဟူသည်နှင့်အညီ အာသဝေါတရား ၄-ပါးကြောင့် သောကပရိဒေဝစသည်တို့ ဖြစ်ပေါ်ကြပြီး သောကစသည်ဖြစ်ပေါ်သောအခါ အဝိဇ္ဇာသည်လည်း ပါဝင် လာတော့၏။ ထို့ကြောင့် အဝိဇ္ဇာ၏အကြောင်းသည် အာသဝေါ ၄-ပါးဖြစ်သတည်း။

http://www.dhammadownload.com



## ပဋ္ဌာန်းဒေသနာနည်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ" ဟူ၍ ရှေးဦးစွာ ပစ္စည်းတရား ၂၄–ပါးကိုဖော်ပြပြီးလျှင် ထိုနောက်၌ ပစ္စည်းပစ္စယုပ္ပန်နှင့် ပစ္စယသတ္တိတို့ကို အကျယ်တဝင့် ဟောကြားတော်မူ၏။

ပစ္စယ = ပစ္စည်း = အကြောင်းတရား
ပစ္စယုပ္ပန္န = ပစ္စယုပ္ပန် = အကျိုးတရား
ပစ္စယသတ္တိ = ပစ္စည်း တစ်မျိုးစီ၏ ကျေးဇူးပြုနိုင်သောသတ္တိ

ထို့ကြောင့် ပဋ္ဌာန်းနည်းသည် အကြောင်းအကျိုး ဆက်သွယ်ပုံကိုသာမက ပစ္စယ သတ္တိထူးကိုပါ ဖော်ပြသော နည်းဖြစ်၏။

### ၁။ ပစ္စယသတ္တိများ

ဗဟုသုတဖြစ်စိမ့်ငှာ ပစ္စည်း ၂၄–ပါးတို့၏ ပစ္စယသတ္တိများကို အကျဉ်း ဖော်ပြပါအံ့။

၁။ **ဟေတု** – ရေသောက်မြစ်သည် သစ်ပင်အား မြဲမြံခိုင်ခံ့ သန်စွမ်းစွာ တည်စေခြင်းငှာ အကျိုးပြုသကဲ့သို့ ဟိတ် ၆–ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံခိုင်ခန့် သန်စွမ်းစွာ တည်နေအောင် ကျေးဇူးပြုကြ၏။

၂။ **အာရမ္မဏ** – ကြိုးတန်းနှင့်တောင်ဝှေးတို့သည် မစွမ်းသန်သော သူတို့အား ဆွဲတွယ်ထောက်တည်ရန်အလို့ငှာ ကျေးဇူးပြုသကဲ့သို့

http://www.dhammadownload.com



အာရုံ ၆–ပါးတို့သည် စိတ်စေတသိက်တို့အား ဆွဲတွယ်ထောက်တည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

၃။ **အဓိပတိ** – စကြဝတေးမင်းသည် အထွတ်အထိပ် အချုပ်အခြာ အာဏာတန်ခိုးဖြင့် တစ်ပါးသူတို့၏ကြီးစိုးခြင်းကိုတားမြစ်၍ နိုင်ငံသားအပေါင်းတို့အားမိမိအလိုသို့ လိုက်ပါစေကာ ရှေ့ဆောင် အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အာရမ္မဏာ ဓိပတိ ပစ္စည်းနှင့်သဟဇာတာဓိပတိပစ္စည်းတို့သည်ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့ လိုက်ပါစေ၍ ရှေ့ဆောင်ပြီး အကြီး အကဲအဖြစ်ဖြင့် ကျေးဇူးပြုမှုကို အဓိပတိပစ္စယသတ္တိဟုခေါ်၏။

၄။ **အနန္တရ** – ကေရာဇ်ဘုရင်၏နတ်ရွာလားခြင်းသည် သားကြီး ရတနာအား မင်းအဖြစ် ဘိသိက်ခံခြင်းမှာ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဖြစ်သော စိတ်စေတသိက်တို့သည်နောက်နောက် အခြားမဲ့ဖြစ်ကြသည့်စိတ်စေတသိက်တို့အားအနန္တရသတ္တိဖြင့် ကျေးဇူး ပြုကြ၏။

၅။ **သမနန္တရ** – ကေရာဇ်မင်း၏ အရည်ဝါသိတောရပ်မို၍ ရဟန်း ပြုခြင်းသည် သားကြီးရတနာအားမင်းအဖြစ်ကို ရစေခြင်းမှာ ကျေးဇူးပြုသကဲ့သို့ ရှေ့ရှေ့ဖြစ်သောစိတ်စေတသိက်တို့သည် နောက်နောက်အခြားမဲ့ဖြစ်ကြသည့် စိတ် စေတသိက်တို့အား ကောင်းစွာ အခြားမရှိစေဘဲ ကျေးဇူးပြုကြ ကုန်၏။

၆။ **သဟဇာတ** – ဆီမီးသည် မိမိ တောက်သည်နှင့် တစ်ပြိုင်နက် အရောင်အလင်းကိုအတူတကွ ဖြစ်စေသကဲ့သို့ အကြောင်းတရား တို့ ဖြစ်ပေါ်လာကြသည်နှင့်တစ်ပြိုင်နက် အကျိုးတရားတို့အား တစ်ပြိုင်နက်အတူတကွဖြစ်ပေါ်လာအောင် ကျေးဇူးပြုမှုကိုသဟ ဇာတပစ္စယသတ္တိ ဟုခေါ်၏။

၇။ **အညမည** – သစ်သားသုံးခွ တိဒဏ္ဍသည် အချင်းချင်း တစ်ချောင်း

http://www.dhammadownload.com



သည် တစ်ချောင်းအား ထောက်ပံ့ခိုင်စေခြင်းငှာ အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုမှုကို အညမညပစ္စယသတ္တိဟုခေါ်၏။

၈။ **နိဿယ** – လှေနှင့်လှေသည် အချင်းချင်းမှီရာ ဖြစ်သကဲ့သို့ လည်းကောင်း၊ မြေကြီးသည်သစ်ပင်များနှင့်သတ္တဝါတို့၏မှီရာ ဖြစ်သကဲ့သို့လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့အားမှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုကို နိဿယပစ္စယသတ္တိဟုခေါ်၏။

၉။ **ဥပနိဿယ** – မိုးရေသည် မိမိကို မှီကုန်သော သစ်ပင်, သတ္တဝါတို့အား အားကြီးသောမှီရာ ဖြစ်သကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား အားကြီးသော မှီရာအဖြစ်ဖြင့်ကျေးဇူးပြုမှုကို ဥပနိဿယပစ္စယသတ္တိဟုခေါ်၏။

၁၀။ **ပုရေဇာတ** – ကမ္ဘာဦးအခါ၌ ဖြစ်ကြသော နေ,လတို့သည် မိမိတို့ထင်ရှားရှိခိုက် အလင်းကိုမှီကုန်သော သတ္တဝါတို့အားရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ ရှေး၌ဖြစ်နှင့်ပြီး နောက်၌ဖြစ်ကြသော ပစ္စယုပ္ပန် တရားတို့အား ကျေးဇူးပြုမှုကို ပုရေဇာတပစ္စယသတ္တိဟုခေါ်၏။

၁၁။ **ပစ္ဆာဇာတ** – ငှင်းတငယ်တို့၏ အာဟာရ၌ချင်ခြင်း စေတနာသည် နောက်မှဖြစ်၍ ရှေး၌ ဖြစ်နှင့်ပြီးသော ခန္ဓာကိုယ်အားကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုကို ပစ္ဆာဇာတပစ္စယသတ္တိဟုခေါ်၏။

၁၂။ **အာသေဝန** – ရှေးရှေး၌ ထုံအပ်သောနံ့သာသည် နောက်နောက်၌ ထုံအပ်သည့် နံ့သာအား အဆင်းအနံ့ လွန်စွာတိုးပွားစေလျက် ခိုင်မြဲစွာဖြစ်စေခြင်းငှာကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေ့ရှေ့၌ ကျမ်းဂန် သင်ကြားခြင်းသည် နောက်နောက်၌ ကျမ်းဂန် သင်ကြားခြင်းကို လွယ်ကူထက်သန်အားရှိအောင် ကျေးဇူးပြု

http://www.dhammadownload.com



သကဲ့သို့ လည်းကောင်း၊ ထို့အတူ နောက်နောက်ဖော်တို့အား ထက်သန်အားရှိအောင် အထုံအဟုန် ပေးသည့်အနေဖြင့် ရှေ့ရှေ့ ဖော်တို့၏ ကျေးဇူးပြုမှုကို အာသေဝနပစ္စယသတ္တိဟုခေါ်၏။

၁၃။ **ကမ္မ** – ကောင်းစွာ သိုမှီးသိမ်းဆည်း စီရင်ထားသော မျိုးစေ့ သည် အညွန့်အညှောက်နှင့်တကွ အပင်သစ်ကို ဖြစ်စေသကဲ့သို့ ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တို့ဖြစ်ဖို့ရန် မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ကမ္မပစ္စယသတ္တိဟုခေါ်၏။

၁၄။ **ဝိပါက** – ချမ်းအေးသော လေသည် ချမ်းအေးသည့်အရိပ်၌ နေသောသူအား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ အေးယာဉ်စီးသော သူငယ်အား သီချင်းသံဖြင့် ကျူးရင့်ဘိသကဲ့သို့ လည်းကောင်း၊ ပစ္စယုပ္ပန် တရားတို့အား ကြိုယာဗျာပါရကင်းစေ၍ မေ့မှိန် ငြိမ်သက်စွာဖြစ်စေသောအဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိပါကပစ္စယသတ္တိ ဟုခေါ်၏။

၁၅။ **အာဟာရ** – မိဘတို့သည် သားသမီးတို့ကို ဖြစ်ထွန်းလာစေပြီး နောက် စောင့်ရှောက်ထောက်ပံ့ထမ်းဆောင်ထားသကဲ့သို့ လည်းကောင်း၊ အိမ်အိုကို ထောက်ကန်ထားသော ကျားတိုင်တို့သည် အိမ်အိုအား ခိုင်စေခြင်းငှာကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့အား ဖြစ်စေခြင်း,ထက်သန်အားကောင်းအောင် စောင့်ရှောက် ထောက်ပံ့ထမ်းဆောင်ခြင်း ကိစ္စတို့ဖြင့် ကျေးဇူးပြုမှု ကို အာဟာရပစ္စယသတ္တိဟုခေါ်၏။

၁၆။ **ဣန္ဒြိယ** – နိုင်ငံတစ်နိုင်ငံ၌ တိုင်းရေး ပြည်ရေးကိစ္စများကို ခွဲဝေစီမံအုပ်ချုပ်ကြသော ဝန်ကြီးများသည် မိမိနှင့်ဆိုင်သောကိစ္စရပ်များ၌ အခြားဝန်ကြီးများနှင့်ပြည်သူတို့အား မိမိ၏အလိုသို့ လိုက်ပါစေ၍ အစိုးရသည်အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့ လိုက်ပါစေ၍ အစိုးရသည် အဖြစ်ဖြင့်

http://www.dhammadownload.com



ကျေးဇူးပြုမှုကို ဈာနပစ္စယသတ္တိဟု ခေါ်၏။

၁၇။ **ဈာန** – တောင်ဖျား၊ သစ်ပင်ဖျားသို့တက်ပြီး ကြည့်သောသူသည် အဝေးအနီးအရပ်တို့ကိုမြင်ခြင်းဟူသည့်အကျိုးကျေးဇူးကို ရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အာရုံသို့ရှေးရှုစူးစိုက်ပြီး ရှုစေသည့် အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဈာနပစ္စယသတ္တိဟု ခေါ်၏။

၁၈။ မဂ္ဂ – ဤမှာဘက်မှ ထိုမှာဘက်သို့ကူးသွားသော သူသည် ဤမှာဘက်မှလွတ်မြောက်ကြောင်းဖြစ်သကဲ့သို့ လည်းကောင်း၊ ထိုမှာဘက် မှ ဤမှာဘက်သို့ကူးလာသော သူသည် ထိုမှာဘက်မှ လွတ်မြောက်ကြောင်းဖြစ်သကဲ့သို့ လည်းကောင်း၊ လက်ရှိဘဝမှ သုဂတိ (သို့မဟုတ်) ဒုဂ္ဂတိဘဝသို့ရောက်ကြောင်း မဂ်ဖြစ်၍ ထွက်မြောက်ရန် ကျေးဇူးပြုမှုကို မဂ္ဂပစ္စယသတ္တိဟုခေါ်၏။

၁၉။ **သမ္ပယုတ္တ** – နှမ်းဆီ၊ ထောပတ်၊ ပျားရည်၊ သကာ ဟူသော စတုမဓုလေးပါးသည် ဝဲ၊ ယာ၊ ရှေ့၊ နောက်၊ ထက်၊ အောက်၊ တွင်း၊ ပြင် ခွဲချယ်မရအောင်ရောနှောသမနေသကဲ့သို့ တစ်ခုတည်းဖြစ်ခြင်း ချုပ်ခြင်းရှိအောင် အတူတကွယှဉ်ခြင်းဖြင့် ကျေးဇူးပြုမှုကို သမ္ပယုတ္တပစ္စယသတ္တိဟု ခေါ်၏။

၂၀။ **ဝိပ္ပယုတ္တ** – ခြောက်ပါးသော အရသာတို့သည် အချင်းချင်း မနှီးနှောမရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရွှေမကိုင်၌ ခြယ်စီထားသော ရတနာ့ကျောက်မျက်တို့သည် ရွှေနှင့်အချင်းချင်းမရောယှက်ကြသကဲ့သို့လည်းကောင်း၊ ထိုအတူ နာမ်ရုပ်တရားတို့သည် အချင်းချင်း မှီတွယ်ဖွဲ့စပ်၍ ဖြစ်ကြငြား သော်လည်း ကေပွါဒ စသည်ဖြစ်အောင်တစ်လုံးတစ်ဝတည်းမရောယှက်သည်အဖြစ်ဖြင့် ကျေးဇူးပြုမှုကိုဝိပ္ပယုတ္တပစ္စယသတ္တိဟုခေါ် ၏။

၂၁။ **အတ္ထိ** – ဟိမဝန္တာတောင်မင်းသည် မိမိကို မှီ၍ ဖြစ်ကြသော

http://www.dhammadownload.com



သစ်ပင်ပန်းပင် စသည်တို့အား ရှင်သန်ပြန့်ပွားစေခြင်းဌာ မိမိထင်ရှား ရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ပြည့်ရှင်မင်းသည် သားမယားမှစ၍ တိုင်းသူပြည်သားအပေါင်းတို့အား ထက်သန်အားရှိအောင် မိမိအသက်ရှင်စဉ် မိမိထင်ရှားတည်နေခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့အား ထက်သန်အားရှိအောင် ထင်ရှားစွာတည်ရှိသည် အဖြစ်ဖြင့် ကျေးဇူးပြုမှုကို အတ္ထိပစ္စယသတ္တိဟုခေါ်၏။

၂၂။ **နတ္ထိ** – ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းဌာ ကျေးဇူးပြု သကဲ့သို့လည်းကောင်း၊ ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်မှောင် ဖြစ်ခြင်းဌာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဘုရင်မင်းမြတ်၏ နတ်ရွာစံခြင်းသည်မိမိသားကြီးအား ဘုရင်ဖြစ်ခွင့်ကို အပ်နှင်းသကဲ့သို့ လည်းကောင်း၊ မိမိချုပ်ငြိမ်း၍ မရှိခြင်းဖြင့် ကျေးဇူးပြုမှုကို နတ္ထိပစ္စယသတ္တိဟုခေါ်၏။

၂၃။ **ဝိဂတ** – နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းဌာ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိဂတပစ္စယသတ္တိဟုခေါ်၏။

၂၄။ **အဝိဂတ** – မဟာသမုဒ္ဒရာသည် မိမိကို မှီကြကုန်သော ငါးလိပ်မကာရ်းစသည်တို့အား ပီတိသောမနဿပွားစေခြင်းဌာ မိမိ၏ မကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို အဝိဂတပစ္စယသတ္တိဟုခေါ်၏။

## (၂) ပစ္စည်းအကျဉ်း (၆)မျိုး

ပဋ္ဌာန်းပစ္စည်း ၂၄ပါးတို့ကို သဘောတူရာ ပေါင်းစုလျှင် ပစ္စည်း ၆–မျိုးကို ရ၏။

၁။ နာမ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း ၆–ပါး။ နာမ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုကြသောပစ္စည်းတို့သည် အနန္တရ၊

http://www.dhammadownload.com



သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ တို့ ဖြစ်ကြ၏။

၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်း ၅–ပါး။ နာမ်ဖြစ်၍ နာမ်ရုပ် ၂–ပါးအား ကျေးဇူးပြုကြသောပစ္စည်းတို့သည် ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါကတို့ ဖြစ်ကြ၏။

၃။ နာမ်သည် ရုပ်အားသာကျေးဇူးပြုသောပစ္စည်း ၁–ပါး။ နာမ်ဖြစ်၍ ရုပ်အားသာလျှင် ကျေးဇူးပြုသော ပစ္စည်း သည် ပစ္ဆာဇာတ ဖြစ်၏။

၄။ ရုပ်သည် နာမ်အားကျေးဇူးပြုသော ပစ္စည်း ၁–ပါး။ ရုပ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသော ပစ္စည်းသည် ပုရေဇာတဖြစ်၏။

၅။ နာမ်ရုပ်ပညတ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၂–ပါး။ နာမ်ရုပ်ပညတ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသော ပစ္စည်းတို့သည် အာရမ္မဏနှင့် ဥပနိဿယတို့ ဖြစ်ကြ၏။

၆။ နာမ်ရုပ် ၂–ပါးက နာမ်ရုပ် ၂–ပါးအား ကျေးဇူးပြုကြသော ပစ္စည် ၉–ပါး။

နာမ်ရုပ် ၂–ပါးစုံဖြစ်၍ နာမ်ရုပ် ၂–ပါးစုံအား ကျေးဇူးပြုကြသော ပစ္စည်းတို့သည် အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်း တို့ ဖြစ်ကြ၏။

## (၃) ပစ္စည်း ၆–မျိုးတို့၏ ကျေးဇူးပြုပုံများ

### ၁။ နာမ်သည် နာမ်အား ကျေးဇူးပြုပုံမှာ–

အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်စေတသိက်တို့သည် အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော စိတ်စေတသိက်တို့အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတို့၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

ရှေးရှေးဖြစ်သော ဇောတို့သည် နောက်နောက်ဖြစ်သော ဇောတို့အား အာသေဝနပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

http://www.dhammadownload.com



အတူတကွဖြစ်ကြကုန်သော စိတ်စေတသိက်တို့သည် အချင်းချင်းအား သမ္ပယုတ္တပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

## ၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံမှာ–

ဟိတ်, ဈာနင်, မဂ္ဂင်တို့သည် အတူတကွ ဖြစ်ကြကုန်သော နာမ်ရုပ်တို့အားဟေတု, ဈာန,မဂ္ဂပစ္စည်းတို့၏ အစွမ်းဖြင့်ကျေးဇူးပြုကြ၏။

တကွဖြစ်သော စေတနာသည်တကွဖြစ်သော နာမ်ရုပ်တို့အားလည်းကောင်း၊ အသီးသီးသော ခဏတို့၌ဖြစ်ကြသော စေတနာတို့သည် ကံကြောင့်ဖြစ်သော နာမ်ရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားလည်းကောင်း၊ အတူတကွဖြစ်ကုန်သော ရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

## ၃။ နာမ်သည် ရုပ်အားကျေးဇူးပြုပုံမှာ–

နောက်နောက်၌ ဖြစ်ကုန်သော စိတ်စေတသိက်တို့သည် ရှေ့ရှေ့၌ ဖြစ်ကုန်သော ရူပကာယအား ပစ္ဆာဇာတပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြု၏။

## ၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုပုံမှာ–

ဝတ္ထုရုပ် ၆–ပါးတို့သည်ပဝတ္တိအခါ၌ ဝိညာဏစိတ် ၇–ပါးတို့အားလည်းကောင်း၊ အာရုံ ၅–ပါးတို့သည် ပဉ္စဝိညာဏဝီထိတို့အားလည်းကောင်း၊ ပုရေဇာတပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

## ၅။ ပညတ် နာမ် ရုပ်က နာမ်အား ကျေးဇူးပြုသော–

၂–ပစ္စည်းကား အာရမ္မဏနှင့် ဥပနိဿယတို့တည်း။

http://www.dhammadownload.com



အာရမ္မဏပစ္စည်းသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံတို့ ဖြစ်ကြ၏။ ဤအာရုံတို့သည် စိတ်စေတသိက်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယဟု ၃–မျိုးပြား၏။ ထို၃–မျိုးတွင် အလေးဂရုပြုအပ်သော အာရုံသည်ပင်လျှင် အာရမ္မဏူပနိဿယ ပစ္စည်းမည်၏။ အခြားမဲ့ဖြစ်၍ ချုပ်ပြီးကုန်သောစိတ်စေတသိက်တို့သည် အနန္တရူပနိဿယ ပစ္စည်းမည်၏။ ပကတူပနိဿယပစ္စည်းကား များပြားလှ၏။

ရာဂအစရှိသော အကုသိုလ်တရားတို့သည်လည်းကောင်း၊ သဒ္ဓါ အစရှိသောကုသိုလ်တရားတို့သည်လည်းကောင်း၊ ကာယိကသုခသည်လည်းကောင်း၊ ကာယိကဒုက္ခသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဘောဇဉ်သည်လည်းကောင်း၊ ဥတုသည်လည်းကောင်း၊ ကျောင်း, အိမ်ရာ, နေရာတို့သည်လည်းကောင်း၊ ပကတူပနိဿယ ပစ္စည်း များဖြစ်ကြပြီး ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ နောင်ဖြစ်ပေါ်လာကြမည့်အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာတို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကြ၏။

၆။ နာမ်ရုပ် ၂–ပါးက နာမ်ရုပ် ၂–ပါးအားကျေးဇူးပြုပုံမှာ–

အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ပစ္စည်း ၉–ပါးတို့သည် ထိုက်သည့်အားလျော်စွာ ၉–ပစ္စယ သတ္တိတို့ဖြင့် နာမ်ရုပ်တို့အား ကျေးဇူးပြုကြကုန်၏။

ဤတွင် အဓိပတိပစ္စည်းသည် အာရမ္မဏာ ဓိပတိ၊ သဟဇာတာဓိပတိဟူ၍ ၂–မျိုးပြား၏။ အာရမ္မဏာ ဓိပတိဟူသည်မှာ သာမန်အာရုံ, အလေးဂရုပြုအပ်သော အာရုံ ၂–ပါးတို့တွင် အာရုံမပြုလျှင် မနေနိုင်လောက်အောင် စိတ်ကိုဆွဲဆောင်နိုင်သော ဂရုကတအာရုံမျိုးဖြစ်၏။

http://www.dhammadownload.com



သဟဇာတာဓိပတိပစ္စည်း ၄–ပါးတို့သည် တကွဖြစ်ကြကုန်သော နာမ် ရုပ် တို့အားသဟဇာတာဓိပတိပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

သဟဇာတပစ္စည်းတို့သည် စိတ် ၈၉–ပါး, စေတသိက် ၅၂–ပါး, စတုဇမဟာဘုတ် ၄–ပါး, ပဋိသန္ဓေကာ ရုပ်မဒိုသန္ဓေ ၁၅–ပါးနှင့် ဟဒယဝတ္ထု တို့ ဖြစ်ကြ၏။

စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ တကွ ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူး ပြုကြ၏။

မဟာဘုတ် ၄–ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယသတ္တိ ဖြင့်ကျေးဇူး ပြုကြ၏။

ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

အညမညပစ္စည်းတို့သည် စိတ် ၈၉–ပါး, စေတသိက် ၅၂–ပါး, စတုဇမဟာဘုတ် ၄–ပါး, ပဋိသန္ဓေကာ ရုပဋိသန္ဓေ ၁၅–ပါးနှင့် ဟဒယဝတ္ထု တို့ပင် ဖြစ်ကြ၏။

စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ မဟာဘုတ် ၄–ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဟဒယဝတ္ထု နှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားလည်းကောင်း၊ အညမည ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

နိဿယပစ္စည်းတို့သည် သဟဇာတ နိဿယနှင့် ပုရေဇာတ နိဿယဟူ၍ ၂–မျိုးပြား၏။ သဟဇာတနိဿယပစ္စည်းတို့သည် မဒ္ဒိမာ ယုကပသာဒ ၅–ပါး၊ ပဋိသန္ဓေစိတ် စသည့် ရှေ့ရှေ့အနန္တရစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသည့်အခါ ရှေ့စိတ္တက္ခဏ

http://www.dhammadownload.com



တစ်ချက်စာကာလ၌ဖြစ်သော ဟဒယဝတ္ထု၊မရဏာသန္နအခါ စုတိစိတ်မှ အထက် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု တို့ဖြစ်ကြ၏။

(၁) စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ (၂) မဟာဘုတ် ၄-ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါ ရုပ်အားလည်းကောင်း၊ (၃) ဝတ္ထုရုပ် ၆-ပါးတို့သည် ဝိညာဏဓာတ် ၇-ပါး တို့အားလည်းကောင်း၊ နိဿယပစ္စယသတ္တိဖြင့် အသီးသီးကျေးဇူး ပြုကြကုန်၏။

အာဟာရပစ္စည်းသည်ရုပ်အာဟာရနှင့်နာမ်အာဟာရဟူ၍ ၂- မျိုးရှိ၏။ ရုပ်အာဟာရသည်အဇ္ဈတ္တစတုဇဩဇာနှင့် စားသောက်မျိုသွင်း အပ်သည့်အစာအာဟာရ၌ ပါရှိသော ဗဟိဒ္ဓဩဇာဖြစ်၏။ နာမ်အာဟာရ မှာ ဖဿ, စေတနာနှင့် ဝိညာဏ်တို့ဖြစ်ကြ၏။

အလုပ်အလွေးပြုအပ်သော ရုပ်အာဟာရသည် ဤရူပကာယ အားလည်းကောင်း၊ နာမ်အာဟာရတို့သည်တကွဖြစ်ကုန်သော နာမ်ရုပ် တို့အားလည်းကောင်း၊အာဟာရပစ္စယသတ္တိဖြင့်အသီးသီး ကျေးဇူးပြုကြ ကုန်၏။

ဣန္ဒြိယပစ္စည်း၏ကျေးဇူးပြုပုံမှာ (၁)ပသာဒရုပ်၅-ပါးတို့သည် ပဉ္စဝိညာဏ်တို့ အားလည်းကောင်း၊ (၂)ရူပဇီဝိတိန္ဒြေသည် ဥပါဒိန္န (ကမ္မဇ) ရုပ်တို့အားလည်းကောင်း၊ (၃)နာမ်ဣန္ဒြေ ၈-ပါးတို့သည် အတူတကွ ဖြစ်ကြသော နာမ်ရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

နာမ်ဣန္ဒြေ၈-ပါးမှာ နာမ်ဇီဝိတ, စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ, သတိ, သမာဓိနှင့် ပညာတို့ဖြစ်ကြကုန်၏။

ဝိပ္ပယုတ္တပစ္စည်း၏ကျေးဇူးပြုပုံမှာ (၁) ပဋိသန္ဓေခဏ၌ ဟဒယ ဝတ္ထုသည်ဝိပါကခန္ဓာအားလည်းကောင်း၊စိတ်စေတသိက်တို့သည်တကွ

http://www.dhammadownload.com



ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းအားဖြင့် ကျေးဇူးပြုကြ၏။

(၂). နောက်နောက်၌ဖြစ်ကုန်သောစိတ်စေတသိက်တို့သည် ရှေးရှေး၌ဖြစ်သော ဤရူပကာယအား ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စည်း၏ အစွမ်းဖြင့်ကျေးဇူးပြု၏။

(၃). ဝတ္ထုရုပ် ၆–ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ်၇–ပါး တို့အား ပုရေဇာတဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

အတ္ထိပစ္စည်းနှင့်အဝိဂတပစ္စည်းတို့ကား ရှေး၌ပြခဲ့သော သဟဇာတမျိုး, ပုရေဇာတမျိုး, ပစ္ဆာဇာတမျိုး, ကဗဠီကာရအာဟာရနှင့် ရူပဇီဝိတိန္ဒြေတို့တည်း။ ဤပစ္စည်းတို့သည် ထိုက်သည့်အားလျော်စွာ နာမ်ရုပ်တို့အား အတ္ထိပစ္စယသတ္တိ အဝိဂတပစ္စယသတ္တိတို့ဖြင့်ကျေးဇူးပြုကြကုန်၏။

## ပညတ် ၂ မျိုး

ပညတ်တရားသည် အတ္ထပညတ်နှင့် သဒ္ဒပညတ်ဟူ၍ ၂–မျိုး ရှိ၏။

အတ္ထပညတ်သည် သူတစ်ပါးကိုနားလည်အောင် ပြောပြအပ်, သိစေအပ်သော အကြောင်းအရာအနက် ဒြပ်များဖြစ်ကြ၏။ ထိုအနက် ဒြပ်ဟူသည်မှာ စိတ်၌ထင်လာသမျှသော အကောင်အထည် ဝတ္ထုများ ပင်တည်း။

သဒ္ဒပညတ်သည်စကားသံဖြစ်၏။ ပါဠိစကားသံ,မြန်မာစကား သံ, အင်္ဂလိပ်စကားသံ, ထိုထိုစကားသံ (သဒ္ဒ) ဟူသမျှသည် မိမိတို့ ဘာသာအလျောက် ဆိုလိုရာအနက်ဒြပ်, အထည်ဝတ္ထုတစ်ခုခုကို အမျိုး မျိုးအစားစားအားဖြင့် သိစေသည်ချည်းဖြစ်၏။ ဤသို့အပြောအားဖြင့်

http://www.dhammadownload.com



သိစေအပ်သောကြောင့်စကားသံကို သဒ္ဒပညတ်ဟုခေါ်၏။

## အတ္ထပညတ်အကျယ်

အတ္ထပညတ်အမျိုးမျိုးကို ဆွေးနွေးရာ၌ ဗဟိဒ္ဓအဋ္ဌကကလာပ်ရုပ်အစုတို့ကို "မဟာဘုတ်" ဟူ၍သာ ခေါ်ဝေါ်သုံးစွဲသွားပါမည်။

၁။ **သဏ္ဌာနပညတ်** – မဟာဘုတ်တို့၏ပေါင်းစုတည်နေပုံအခြင်းအရာ (ဝါ) မဟာဘုတ်တို့၏ တွဲယှက်တည်နေပုံ အစဉ်သဏ္ဌာန်ကိုစွဲ၍ သမုတ်ထားအပ်သော အမည်ပညတ်များကို သဏ္ဌာနပညတ်ဟု ခေါ်၏။ သမူဟပညတ်ဟုလည်းခေါ်၏။

**ပုံစံ**။ ။ မဟာဘုတ်တို့၏ ပြန့်ကျယ်ပြားချပ်လျက် တွဲယှက်တည်နေပုံအခြင်းအရာကို အာရုံပြု၍ ဤအရာသည် "ဘူမိ" (မြေကြီး)ဟု အမည်သမုတ်အပ်၏။

မဟာဘုတ်တို့တွဲယှက်ကာ မို့မောက်မတ်စောက်စွာ စုပုံတည်နေသောအခြင်းအရာကို အာရုံပြု၍ ဤအရာသည် "ပဗ္ဗတ" (တောင်) ဟုအမည်သမုတ်အပ်၏။

၂။ **သဏ္ဌာနပညတ်** – မဟာဘုတ်များ အစဉ်အဆက် တွဲယှက်ကာ ပေါင်းစုတည်နေဟန်ပုံသဏ္ဌာန်ကိုစွဲ၍ သမုတ်ထားအပ်သော အမည်ပညတ်များကို သဏ္ဌာနပညတ်ဟု ခေါ်၏။ သမူဟပညတ်ဟုလည်းခေါ် သေးသည်။

**ပုံစံ**။ ။ ဂေဟ (အိမ်)၊ ရထ (ရထား)၊ သကဋ (လှည်း)၊ ဂါမ (ရွာ)၊ ဃဋ (အိုး)၊ ပဋ (ပုဆိုး)။

၃။ **သတ္တပညတ်** – ခန္ဓာငါးပါး အပေါင်းအစု ဖြစ်ကြသည့် သတ္တဝါများကိုစွဲ၍ သမုတ်ထားအပ်သော အမည်ပညတ်များကို သတ္တပညတ် ဟုခေါ်၏။

http://www.dhammadownload.com



**ပုံစံ**။ ။ ပုရိသ (ယောကျ်ား)၊ ဣတ္ထိယ (မိန်းမ)၊ ပုဂ္ဂလ (ပုဂ္ဂိုလ်)

၄။ **ဒိသာပညတ်** – နေလနက္ခတ်တို့၏ အသွားအလာကိုစွဲ၍ ထိုဂြိုဟ်နက္ခတ်တို့ ရှေးဦးစွာ ထွက်ပေါ်လာသောအရပ်ကို "ပုဗ္ဗဒိသာ = ပုရတ္ထိမဒိသာ" (အရှေ့အရပ်) ဟုလည်းကောင်း၊ ထိုဂြိုဟ်နက္ခတ်တို့ နောက်ဆုံးဖြစ်ရာအရပ်ကို "ပစ္ဆိမဒိသာ" (အနောက်အရပ်) ဟုလည်းကောင်း၊ လက်ယာဘက်အရပ်ကို "ဒက္ခိဏဒိသာ"(တောင်အရပ်)ဟုလည်းကောင်း၊ လက်ဝဲဘက်အရပ်ကို "ဥတ္တရဒိသာ" (မြောက်အရပ်)ဟု လည်းကောင်းပညတ်ထားကြ၏။ ဤသို့ အရပ်မျက်နှာနှင့် ပတ်သက်သော အမည်ပညတ်များကို ဒိသာပညတ်ဟုခေါ်၏။

၅။ **ကာလပညတ်** – အချိန်ကာလကိုစွဲ၍ သတ်မှတ်ထားသည့် အမည်ပညတ်များကို ကာလပညတ်ဟုခေါ်၏။

**ပုံစံ**။ ။ "ပုဗ္ဗဏှ" (နံနက်ပိုင်း)၊ "မဇ္ဈန္ဟ" (နေ့လည်ပိုင်း)၊ "အပရဏှ" (ညနေပိုင်း)။

ဥတုရာသီကိုစွဲ၍ သမုတ်ထားသော ပညတ်များကို ဥတုပညတ်ဟုခေါ်၏။

၆။ **အာကာသပညတ်**– မဟာဘုတ်ရုပ်ကလာပ်တို့ ထိစပ်ခြင်းမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေပုံကို အာရုံပြု၍ သမုတ်ထားသည့် အမည်ပညတ်များကို အာကာသပညတ်ဟုခေါ်၏။

**ပုံစံ**။ ။ ကူပ(တွင်း)၊ ဂုဟာ (ဂူ)၊ လေဏ (လိုဏ်)၊ ဆိဒ္ဒ (အပေါက်)။

၇။ **ကသိဏပညတ်** – လွှန်ကဲသော မဟာဘုတ်၏ အာရုံကို စွဲ၍ ပထဝီဓာတ်လွှန်ကဲသော ရုပ်ကလာပ် မြေအဝန်းကို "ပထဝီကသိဏ" (မြေကသိုဏ်း)၊ အာပေါဓာတ်လွှန်ကဲသော

http://www.dhammadownload.com



ရုပ်ကလာပ်ရေအယဉ်ကို "အာပေါကသိဏ" (ရေကသိုဏ်း) စသည်ဖြင့် ပညတ်ထားကြ၏။ ဤအမည်ပညတ်များကို ကသိဏပညတ်ဟုခေါ်၏။

ကမ္မဋ္ဌာန်းဘာဝနာအစဉ်ထူးကိုစွဲ၍ပညတ်ထားသည့် "ပရိကမ္မနိမိတ်", "ဥဂ္ဂဟနိမိတ်", "ပဋိဘာဂနိမိတ်" တို့ကို နိမိတ္တပညတ်ဟု ခေါ်၏။

**မှတ်ချက်။** ။ အတ္ထပညတ်စုသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိပါ။ ပရမတ္ထတရားတို့ကိုစွဲ၍ ထင်ယောင်မြင်ယောင်ဖြစ်လာသော စိတ်စေတသိက်တို့၏ အာရုံမျှသာ ဖြစ်၏။ စိတ္တုပ္ပါဒ်၌ ထင်လာသော အခြင်းအရာအရိပ်အယောင်မျှသာဖြစ်၏။

## သဒ္ဒပညတ်အကျယ်

ဘာသာစကားအမျိုးမျိုး၏စကားသံတို့သည် သဒ္ဒပညတ် ချည်းဖြစ်ကြ၏။ သဒ္ဒပညတ်ဟူသမျှသည်လည်း နာမ, နာမကမ္မ, နာမဓေယျ, နိရုတ္တိ, ဗျဉ္ဇန, အဘိလာပ ဟုအမည် ၆–မျိုးရ၏။ လူတစ်ဦးက အမည် ၆–မျိုးရသကဲ့သို့တည်း။

**၁။ နာမမည်ပုံ –** "နာမ" သဒ္ဒါသည် "အနက်သို့ညွတ်တတ်၏" (ဝါ) "မိမိထံသို့ အနက်ကို ညွတ်လာစေတတ်၏" ဟု အဓိပ္ပါယ်ရ၏။

**ပုံစံ။** ။ "ဘူမိ" သဒ္ဒါသည် "မြေကြီး" ဟူသော အနက်ကို ဟောခွမ်းနိုင်၏။ ထိုသို့ဟောစွမ်းနိုင်သော သတ္တိရှိသည့် အားလျော်စွာ "မြေကြီး" ဟူသည့်အနက်ကိုဟောဖို့ရာ အမြဲညွတ်နေသကဲ့သို့ ဖြစ်၏။

ထို့အပြင် ထိုသို့ဟောစွမ်းနိုင်သော သတ္တိရှိသည့်အားလျော်စွာ "ဘူမိ" သဒ္ဒါသည် "မြေကြီး" ဟူသောအနက်ကို မိမိ၏ ဟောနက်အဖြစ်

http://www.dhammadownload.com



ဖြင့်အမြဲကိုင်းညွတ်လာစေသကဲ့သို့ရှိ၏။

ထို့ကြောင့် "ဘူမိ"သည် "နာမ" ဟူသောအမည်ကို ရ၏။

၂။ **နာမကမ္မမည်ပုံ** - ထို "ဘူမိ" ဟူသော သဒ္ဒါသည်ပင် အရေးပါ အရာရောက်သည့် ရှေးပညာရှိတို့ သမုတ်အပ်သော အမည်နာမဖြစ်ခြင်းကြောင့် "နာမကမ္မ" ဟု အမည်ရပြန်၏။

၃။ **နာမဓေယျမည်ပုံ** - ထို "ဘူမိ" ဟူသော သဒ္ဒါနာမ သည်ပင် ပညာရှိတို့ ပညတ် တင်ထားအပ်သော ကြောင့် "နာမဓေယျ" မည်ပြန်၏။

၄။ **နိရုတ္တိမည်ပုံ** - ထို "ဘူမိ" ဟူသော သဒ္ဒါနာမသည်ပင် မရွတ်ဆိုမီ တိမ်မြုပ်ငုပ်လျှိုးနေသော အဖြစ်မှ ထုတ်ဖော်၍ ရွတ်ဆို အပ်သော ကြောင့် "နိရုတ္တိ" မည်၏။

၅။ **ဗျဉ္ဇန မည်ပုံ** - ထို "ဘူမိ" ဟူသော သဒ္ဒါနာမသည်ပင် အနက်ကို ထင်ရှားစွာ ပြတတ်သော ကြောင့် "ဗျဉ္ဇန" မည်၏။

၆။ **အဘိလာပမည်ပုံ** - ထို "ဘူမိ" ဟူသော သဒ္ဒါနာမသည်ပင် ဝဒန္တပုဂ္ဂိုလ်တို့က အနက်ကို ရှေးရှု၍ ရွတ်ဆိုအပ်သောကြောင့် "အဘိလာပ" မည်၏။

## ဝိဇ္ဇမာနစသည့် သဒ္ဒပညတ် ၆-မျိုး

သဒ္ဒပညတ်သည် ဝိဇ္ဇမာနပညတ် စသည်အားဖြင့်လည်း ၆-မျိုးရှိ၏။

၁။ **ဝိဇ္ဇမာနပညတ်** - ပညတ်အပ်သော အနက်ဒြပ်အတ္ထပညတ်က ပရမတ္ထအားဖြင့် ထင်ရှားရှိလျှင် ထိုအနက်ဒြပ်အတ္ထပညတ်ကိုသိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်သည်

http://www.dhammadownload.com



ဝိဇ္ဇမာနပညတ် မည်၏။

ပုံစံ။ ။ ရူပ၊ စိတ္တ၊ စေတသိက၊ ဝေဒနာ၊ သညာ၊ ဝိတက်။

၂။ **အဝိဇ္ဇမာနပညတ်** – ပရမတ္ထအားဖြင့်ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်ကို သိစေကြောင်း ဖြစ်သည့် သဒ္ဒပညတ်သည် အဝိဇ္ဇမာနပညတ်မည်၏။

ပုံစံ။ ။ ပဗ္ဗတ၊ ဂေဟ၊အိမ်၊ ကျောင်း၊ လိုဏ်၊ ဂူ။

၃။ **ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** = ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ဒြပ်အတ္ထပညတ်နှင့် ထင်ရှားမရှိသည့် အနက်ဒြပ်အတ္ထပညတ်ကို ရောစပ်၍ သိစေကြောင်းဖြစ်သည့်သဒ္ဒပညတ်ကို ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဟုခေါ်၏။

ပုံစံ။ ။ ဆဠဘိည = ခြောက်ပါးသော အဘိညာဏ်ရှိသူ။

တေဝိဇ္ဇ = ဝိဇ္ဇာဉာဏ် ၃–ပါးနှင့်ပြည့်စုံသူ။
လောဘလူသား၊ ရာဂကွန်ယက်၊ မောဟအမှောင်။

၄။ **အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** = ပရမတ္ထအားဖြင့် ထင်ရှား မရှိသော အနက်ဒြပ်အတ္ထပညတ်နှင့် ထင်ရှားရှိသည့် အနက်ဒြပ်အတ္ထပညတ်ကို ရောစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် ဟုခေါ်၏။

ပုံစံ။ ။ ဣတ္ထိသဒ္ဒ (မိန်းမအသံ)၊ ဣတ္ထိရူပ (မိန်းမအဆင်း)၊ ပုရိသသဒ္ဒ။

၅။ **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** = ပရမတ္ထအားဖြင့်ထင်ရှားရှိသောအနက်ဒြပ်အတ္ထပညတ် ၂–ခုကိုတွဲစပ်၍သိစေကြောင်းဖြစ်သည့်သဒ္ဒပညတ်ကို ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဟုခေါ်၏။

ပုံစံ။ ။ စက္ခုဝိညာဏ၊ သောတပသာဒ၊ စက္ခုသမ္ဖဿ၊ ရူပတဏှာ။

http://www.dhammadownload.com



၆။ **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**=ပရမတ္ထအားဖြင့်ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ် ၂–ခုကို ဝွဲစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဟုခေါ်၏။

ပုံစံ။ ။ ရာဇပုတ္တ (ဘုရင့်သား)၊ သေဋ္ဌိပုတ္တ (သူဌေးသား)၊ ရုပ်ရှင်မင်းသား၊ ဇာတ်မင်းသမီး။

*************

http://www.dhammadownload.com

# အခန်း (၉)

## ကမ္မဋ္ဌာန်းပိုင်း

### ဘာဝနာ

လွှန်စွာအကျိုးများသဖြင့် မိမိတို့၏သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သောတရားကို "ဘာဝနာ" ဟုခေါ်၏။

၁။ **သမထဘာဝနာ။** ။ ကုသိုလ်တရားနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ မဖြစ်ပေါ်နိုင်အောင် ပိတ်ပင်တားဆီးတတ်သော နီဝရဏ တရားတို့ ကိုလည်းကောင်း၊ ဝိတက်, ဝိစာရ, ပီတိ, သုခတည်းဟူသော အောက်ချာန် အင်္ဂါများကိုလည်းကောင်း၊ ငြိမ်သက်စေနိုင်သည့်သမာဓိကို "သမထဘာဝနာ" ဟုခေါ်၏။

တရားကိုယ်မှာ လောကီကုသိုလ်စိတ်တို့နှင့် မဟာကြိယာစိတ်တို့၌ ယှဉ်တွဲဖြစ်ပေါ်သော သမာဓိခေါ် ဧကဂ္ဂတာ စေတသိက်ဖြစ်၏။

၂။ **ဝိပဿနာဘာဝနာ။** ။ ဘုံသုံးပါး၌ ထင်ရှားရှိကြသော တေဘူမက ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု မြင်တတ်သည့် ဉာဏ်ပညာကို "ဝိပဿနာဘာဝနာ" ဟုခေါ်၏။

တရားကိုယ်မှာ မဟာကုသိုလ်စိတ်နှင့် မဟာကြိယာစိတ်တို့၌

http://www.dhammadownload.com



ယှဉ်တွဲဖြစ်ပေါ်သော ဉာဏ်ပညာခေါ် ပညိန္ဒြေစေတသိက်ဖြစ်၏။

## ကမ္မဋ္ဌာန်း

သမထဘာဝနာပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း စသည့်အာရုံများသည်လည်းကောင်း၊ ဝိပဿနာဘာဝနာ ပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ရုပ်နာမ် အာရုံတို့သည်လည်းကောင်း "ကမ္မဋ္ဌာန်း" ဖြစ်ကြ၏။

၁။ **သမထကမ္မဋ္ဌာန်း။** ။ ကသိုဏ်း၁၀ပါး, အသုဘ ၁၀-ပါး, အနုဿတိ ၁၀-ပါး, အပ္ပမညာခေါ် ဗြဟ္မဝိဟာရ ၄-ပါး, အာရုပ္ပ ၄-ပါး, အာဟာရေပဋိကူလသညာ ၁-ပါး, စတုဓာတုဝဝတ္ထာန် ၁-ပါး ဟူသည့်၄၀သော ကမ္မဋ္ဌာန်းတို့ကို "သမထကမ္မဋ္ဌာန်း" ဟု ခေါ်၏။

၂။ **ဝိပဿနာကမ္မဋ္ဌာန်း။** ။ ရုပ်နာမ်တို့၏အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တည်းဟူသော လက္ခဏာရေးသုံးပါးကို "ဝိပဿနာ ကမ္မဋ္ဌာန်း" ဟုခေါ်၏။

## ကသိုဏ်း ၁၀-ပါး

ကမ္မဋ္ဌာန်းရှုသူက အကြွင်းအကျန်မရှိ, အလုံးစုံ အကုန်အစင် တစ်ပြိုင်နက်ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော အာရုံကို "ကသိုဏ်း" ဟုခေါ်၏။ ကသိုဏ်းဝန်းသည် အချင်း ၁-ထွာနှင့်လက်၄-သစ်ခန့်ရှိသင့်၏။

၁။ ပထဝီကသိုဏ်း = မြေကသိုဏ်း (မြေသားဒြပ်အဝန်း)

၂။ အာပေါကသိုဏ်း = ရေကသိုဏ်း (သပိတ်ဖုံးစသည်၌ထည့်ထားသောရေအဝန်း)

http://www.dhammadownload.com



၃။ တေဇောကသိုဏ်း = မီးကသိုဏ်း (အဝန်းအဝိုင်းသဏ္ဌာန် စီထားသော မီးကျည်းစု)

၄။ ဝါယောကသိုဏ်း = လေကသိုဏ်း (ဆံပင်ဖျား, မြက်ပင်ဖျားတို့ကို လေတိုးဝေ့သွားသည့် အခြင်းအရာ)

၅။ နီလကသိုဏ်း = အညိုရောင် အဆင်းကသိုဏ်း (အဖြူခံပေါ် အညိုရောင်အဝန်း)

၆။ ပီတကသိုဏ်း = ရွှေရောင်အဆင်းကသိုဏ်း

၇။ လောဟိတကသိုဏ်း = အနီရောင်အဆင်းကသိုဏ်း

၈။ ဩဒါတကသိုဏ်း = အဖြူရောင်အဆင်းကသိုဏ်း (အမည်းခံပေါ်အဖြူရောင်အဝန်း)

၉။ အာကာသကသိုဏ်း = ကောင်းကင်ဟင်းလင်းပြင်ကသိုဏ်း (နံရံပေါက်စသည်)

၁၀။ အာလောက ကသိုဏ်း = အလင်းရောင်ကသိုဏ်း (နံရံပေါက်မှဝင်လာသော နေရောင်ကွက်)

## အသုဘ ၁၀-ပါး

သေလွန်ပြီးနောက်ဖြစ်ပေါ်လာသော မတင့်တယ်သည့် ကိုယ်ခန္ဓာ၏ ပုံသဏ္ဌာန်ဒြပ်အမျိုးမျိုးကို "အသုဘ"ဟု ခေါ်၏။

၁။ ဥဒ္ဓုမာတက = သေလွန်ပြီး ၂ရက်, ၃ရက်ကြာသည့်အခါ ဖူးဖူးရောင်ပုပ်သဖြင့် စက်ဆုပ်ဖွယ်သော မသာလောင်း။

၂။ ဝိနီလက = အနီအဖြူရောစပ်လျက် ညိုမည်းပုပ်ပွနေသော မသာလောင်း။

၃။ ဝိပုဗ္ဗက = ပြည်တစိုစိုပေါက်ကွဲယိုလျက်စက်ဆုပ်ဖွယ်ရာ မသာလောင်း။

http://www.dhammadownload.com



၄။ ဝိစ္ဆိဒ္ဒက = အထက်အောက် ၂ပိုင်း ၃ပိုင်းပြတ်နေသော မသာလောင်း။

၅။ ဝိက္ခာယိတက = ခွေး ငှင်းတ ကျီးစသည်တို့ ခဲစားကိုက်ဖြတ်ထားသောမသာလောင်း။

၆။ ဝိက္ခိတ္တက = လက်ခြေဦးခေါင်းကိုယ်ခန္ဓာ တို့ကို တစ်ကွဲတစ်ပြားစီ ဖရိုဖရဲ ကြဲပစ်ထားသော မသာလောင်း။

၇။ ဟတဝိက္ခိတ္တက = ဒါး လှံ လက်နက်တို့ဖြင့် အစိတ်စိတ်အမြွှာမြွှာ လှီးဖြတ်နှိပ်စက်ထားသော မသာလောင်း။

၈။ လောဟိတက = သွေးများထွက်ယိုလျက် တစ်ကိုယ်လုံး သွေးလိမ်းကျံနေသော မသာလောင်း။

၉။ ပုဠုဝက = ပိုးလောက်များ ပြည့်နှက်နေသော မသာလောင်း။

၁၀။ အဋ္ဌိက = အရိုးများသာ စုပေါင်း၍လည်းကောင်း၊ ပြန့်ကြဲ၍လည်းကောင်းကြွင်းကျန်ရစ်သော မသာလောင်း။

## အနုဿတိ ၁၀-ပါး

အဖန်ဖန်အောက်မေ့ဆင်ခြင်မှု (သတိစေတသိက်) ကို "အနုဿတိ" ဟုခေါ်၏။

၁။ ဗုဒ္ဓါနုဿတိ = ဘုရား၏ ပုံသဏ္ဌာန်တော်နှင့် ဂုဏ်တော်များကို အဖန်ဖန်အောက် မေ့ ဆင်ခြင်မှု။

၂။ ဓမ္မာနုဿတိ = ပိဋကတရား, မဂ်ဖိုလ်နိဗ္ဗာန် တရားများ ၏

http://www.dhammadownload.com



ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၃။ သံဃာနုဿတိ = အရိယာသံဃာတော်များ၏ ဂုဏ်တော် ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၄။ သီလာနုဿတိ = မိမိစောင့်ထိန်းထားသော သီလ၏ ဂုဏ်တော်များနှင့် မကျိုးမပေါက် မပြောက် မကျားပုံ တို့ကို အဖန်ဖန်အောက် မေ့ ဆင်ခြင်မှု။

၅။ စာဂါနုဿတိ =ရက်ရက်ရောရော မိမိစွန့်ကြဲလှူဒါန်းအပ်သော အလှူဒါန၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု။

၆။ ဒေဝတာ နုဿတိ= နတ်ဗြဟ္မာများကို သက်သေပြု၍ မိမိ ကုသိုလ်ကောင်းမှုများကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု။

( သဒ္ဓါ, သတိ, ဝီရိယ, သုတ, ပညာ, ဟိရီ, ဩတ္တပ္ပ ဟူသော သူတော်ကောင်းတရားတို့နှင့် ပြည့်စုံသူများသည်သေလွန်ကြသည့်အခါ နတ်ဗြဟ္မာများ ဖြစ်ကြရ၏။ ငါ့တွင်လည်းထိုတရားများရှိပေ၏ဟု မိမိ၏ ကုသိုလ်တရားတို့ကို အောက်မေ့ကာအားရနေမှု)

၇။ ဥပသမာနုဿတိ =နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးများကိုအဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၈။ မရဏာနုဿတိ = မိမိ၏သေခြင်းသဘောကို အဖန်ဖန် တွေးတောအောက်မေ့ဆင်ခြင်မှု။

၉။ ကာယဂတာသတိ = ဆံပင်, မွေးညင်း စသည့်၃၂ ကောဋ္ဌာသကို ထင်မြင်အောင် အဖန်ဖန်ကြည့်ရှု အောက် မေ့ဆင်ခြင်မှု။

၁၀။ အာနာပါနုဿတိ= ထွက်သက်ဝင်သက်ကို အောက်မေ့ဆင်ခြင်သော သတိတရား။

http://www.dhammadownload.com



## အပ္ပမညာ ၄-ပါး

သတ္တဝါတစ်ဦး၌ဖြစ်စေ၊ အများ၌ဖြစ်စေ "ဤ၍ ဤမျှ" ဟု အတိုင်း အတာပမာဏ ကန့်သတ်မထားဘဲ သတ္တဝါပညတ်၌ ဖြစ်သော တရားကို "အပ္ပမညာ" ဟုခေါ်၏။

၁။ မေတ္တာ = သတ္တဝါအများ ကို ကောင်းစားစေလိုခြင်း, ချစ်ခင်မြတ်နိုးခြင်းသဘော၊ တရားကိုယ်မှာ အဒေါသ စေတသိက်ဖြစ်၏။

၂။ ကရုဏာ =ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍သနားကြင်နာ ခြင်းသဘော၊ တရားကိုယ်မှာ ကရုဏာ စေတသိက်ဖြစ်၏။

၃။ မုဒိတာ = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊ တရားကိုယ်မှာ မုဒိတာ စေတသိက်ဖြစ်၏။

၄။ ဥပေက္ခာ = သတ္တဝါပညတ်ကို အာရုံပြု၍ ကံစီမံရာဖြစ်ကြ ၏ ဟု အောက်မေ့ဆင်ခြင်ကာ လျစ်လျူရှုခြင်း သဘော။ တရားကိုယ်မှာ တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်၏။

အပ္ပမညာ ၄-ပါးတွင် တစ်ပါးပါးဖြင့် နေခြင်းသည် ဗြဟ္မာတို့၏ နေခြင်းနှင့်တူသောကြောင့် အပ္ပမညာ ၄-ပါးကို ဗြဟ္မဝိဟာရ ၄-ပါးဟုလည်း ခေါ်၏။ မြတ်သောအကျင့်ဖြစ်၍ ဗြဟ္မစိုရ် တရား ၄-ပါးဟုလည်းခေါ်၏။

## အာဟာရေ ပဋိကူလသညာ

စားသောက်မျိုသွင်းအပ်သော ခဲဖွယ်ဘောဇဉ်စသည့် အစာအာဟာရတို့၌ စက်ဆုပ်ဖွယ်ဟုထင်မြင်လာအောင်အောက်မေ့ဆင်ခြင် ရှုမှတ်တတ်သော သညာကို "အာဟာရေ ပဋိကူလသညာ" ဟု ခေါ်၏။

http://www.dhammadownload.com



## စတုဓာတုဝဝတ္ထာန်

ခန္ဓာကိုယ်၌ ပထဝီ, အာပေါ်, တေဇော, ဝါယော ဟူသည့် ဓာတ်ကြီး ၄–ပါးကို ပိုင်းခြားတတ်သော ဉာဏ်သည် "စတုဓာတုဝဝတ္ထာန်" ဖြစ်၏။

## အာရုပ္ပ ၄–ပါး

အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်တို့ ဖြစ်ပွားရန်ရှုပွားရသော ကမ္မဋ္ဌာန်း ၄–ပါးကို "အာရုပ္ပ ၄–ပါး" ဟုခေါ်၏။

## စရိုက် ၆–ပါး

ပင်ကိုရိုးရာ သူတကာဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များသည့် အမူအရာကို "စရိုက်" ဟုခေါ်၏။

ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိ (ပညာ) စရိုက်နှင့် ဝိတက်စရိုက်ဟူ၍ စရိုက် ၆–ပါးရှိ၏။

၁။ ရာဂစရိုက်ရှိသူသည် လောကီအာရုံကာမဂုဏ်များကို မရှက်မကြောက်လိုက်စား၏။

၂။ ဒေါသစရိုက်ရှိသူသည် နေရာတကာတွင် ရှူးရှူးရှဲရှဲ အမြဲစိတ်တို၏။

၃။ မောဟစရိုက်ရှိသူသည် ထိုင်းမှိုင်းဖျင်းအ, ပြီး အောက်ကျနောက်ကျရှိ၏။

၄။ သဒ္ဓါစရိုက်ရှိသူသည် ရတနာမြတ်သုံးပါးကို လွန်စွာကြည်ညို၏။

၅။ ဗုဒ္ဓိစရိုက်(ဝါ) ပညာစရိုက်ရှိသူသည် ထက်မြက်သော ဉာဏ်

http://www.dhammadownload.com



ပညာဖြင့်အရာရာတွင်စဉ်းစားဆင်ခြင်လေ့ရှိ၏။ သူများပြောတိုင်း မယုံချေ။

၆။ ဝိတက်စရိုက်ရှိသူသည့် အကြံအစည်များပြီး အလုပ်မတွင်ကျယ်ဘဲ ရှိတတ်၏။

## သပ္ပါယဘေဒ

စရိုက်နှင့် ကမ္မဋ္ဌာန်းကို သင့်တင့်လျောက်ပတ်အောင် တွဲစပ်သော အခန်းကို "သပ္ပါယဘေဒ" ဟုခေါ်၏။

၁။ **ရာဂစရိုက်**ရှိသူသည် အသုဘ ၁၀–ပါးနှင့် ကာယဂတာသတိ ဟူသော ကမ္မဋ္ဌာန်း ၁၁–ပါးတို့နှင့် လျော်ပတ်၏။ ဤကမ္မဋ္ဌာန်းတို့သည်ရာဂမီးကိုငြိမ်းအေးစေနိုင်၏။

၂။ **ဒေါသစရိုက်**ရှိသူသည်မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော အပ္ပမညာ ၄–ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတ ဟူသော ကသိုဏ်း ၄–ပါး၊ ပေါင်း ၈–ပါး သောကမ္မဋ္ဌာန်းတို့နှင့် လျော်ပတ်၏။ ဤကမ္မဋ္ဌာန်းတို့သည် သန့်ရှင်းကြည်လင်ကြသဖြင့် အာရုံပြုသူတို့အား စိတ်ရွှင်လန်းဝမ်းမြောက်စေ၏။

၃။ **မောဟစရိုက်နှင့်ဝိတက်စရိုက်**ရှိသူတို့သည် အာနာပါနဿတိကမ္မဋ္ဌာန်းနှင့် သင့်လျော်လျောက်ပတ်၏။ မောဟစရိုက်ရှိသူသည် ဝိစိကိစ္ဆာနှင့် ဥဒ္ဒစ္စတို့ အယှဉ်များသဖြင့် စိတ်ပျံ့လွင့် တုန်လှုပ်၏။ ဝိတက်စရိုက်ရှိသူသည်လည်း စိတ်ကူးအကြံအစည်များသဖြင့် စိတ်ပျံ့လွင့်၏။ အာနာပါနဿတိကမ္မဋ္ဌာန်းကား ထွက်သက်နှင့်ဝင်သက်တို့ကို အချက်ကျကျ လိုက်၍ ရှုမှတ်ရသဖြင့် တုန်လှုပ်ပျံ့လွင့်သည့် စိတ်ကို ချုပ်ထိန်း ဖမ်းဆွဲထားနိုင်၏။

၄။ **သဒ္ဓါစရိုက်**ရှိသူသည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ ဟူသော

http://www.dhammadownload.com



ကမ္မဋ္ဌာန်း ၆–ပါးတို့နှင့် သင့်လျော်၏။ ပင်ကိုကကောင်းနေသော သဒ္ဓါတရားသည် ဘုရားတရားသံဃာစသည့် အာရုံများနှင့် ကြုံတွေ့လျှင်ပို၍ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရာရှိ၏။ ထို့ကြောင့် အကျိုးများ၏။

၅။ **ပညာစရိုက်ရှိသူ**သည်သိမ်မွေ့နက်နဲသော မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝ ဝတ္ထာန် ဟူသော ကမ္မဋ္ဌာန်း ၄–ပါးနှင့် သင့်လျော်လျောက်ပတ်၏။ ပင်ကိုက စဉ်းစားချင့်ချိန်လေ့ရှိသူသည် သိမ်မွေ့နက်နဲသော အာရုံနှင့် ကြုံတွေ့လျှင် ပို၍ နက်နက်နဲနဲ စဉ်းစား ဆင်ခြင်သဖြင့် ဉာဏ်ပညာတိုးပွားထက် မြက်လာဖွယ်ရာရှိ၏။

၆။ **အများနှင့်ဆိုင်သော ကမ္မဋ္ဌာန်း**တို့ကား ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်းနှင့် အာရုပ္ပ ၄–ပါးတို့ဖြစ်ကြ၏။

## ဘာဝနာ ဘေဒ

ကမ္မဋ္ဌာန်း၄၀တို့ကိုဘာဝနာ အမျိုးအစားအားဖြင့်ခွဲပြရာ ကဏ္ဍကို ဘာဝနာဘေဒ ဟုခေါ်၏။

၁။ **ပရိကမ္မဘာဝနာ** = ကသိုဏ်းဝန်းစသည့် ကမ္မဋ္ဌာန်းကို အာရုံပြု၍ "ပထဝီ–ပထဝီ" စသည်ဖြင့်ရွတ်ဆို၍ လည်းကောင်း၊ စိတ်ဖြင့်မှန်းဆ၍လည်းကောင်း ရှေးဦးစွာ ပွားများမှုကို ပရိကမ္မ ဘာဝနာ ဟုခေါ်၏။ ဤဘာဝနာသည် အထက်အထက်သော ဘာဝနာ တို့ဖြစ်ပွားရန် ပြုပေးတတ်၏။

၂။ **ဥပစာရဘာဝနာ** = ရာဂ်, မဂ်, ဖိုလ် တရားတည်းဟူသော အပ္ပနာဘာဝနာ၏အနီးအပါးဖြစ်သည့် ဘာဝနာပွားများမှုကို ဥပစာရ ဘာဝနာဟု ခေါ်၏။ပရိကမ္မဘာဝနာသည်ပင် တဖြည်းဖြည်း ရင့်သန် လာသည့်အခါ ဥပစာရဘာဝနာဟု အမည်ရ၏။

http://www.dhammadownload.com



၃။ အပ္ပနာဘာဝနာ = ဆိုင်ရာအာရုံ၌ စွဲမြဲစွာ သက်ဝင်တည်နေ သော ဈာန်၊ မဂ်၊ ဖိုလ် တရားများကို အပ္ပနာဘာဝနာ ဟုခေါ်၏။ ဥပစာရဘာဝနာထက် လွန်ကဲ၍ အာရုံ၌ စွဲမြဲစွာ သက်ဝင်တည်နေသော ဘာဝနာသည် အပ္ပနာဘာဝနာ ဖြစ်၏။

## ဘာဝနာဖြင့် ကမ္မဋ္ဌာန်းများကို ဝေဖန်ပုံ

| စဉ် | ဘာဝနာ | ကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|---|
| ၁။ | ပရိကမ္မဘာဝနာ | ကမ္မဋ္ဌာန်းအားလုံး။ | ၄၀ |
| ၂။ | ပရိကမ္မဘာဝနာနှင့် ဥပစာရ ဘာဝနာ | ဗုဒ္ဓါနုဿတိမှမရဏာနုဿတိအထိ ၈-ပါး၊အာဟာရေပဋိကူလသညာ၊စတုဓာတုဝဝတ္ထာန်။ | ၁၀ |
| ၃။ | အပ္ပနာ ဘာဝနာ အထိဘာဝနာ ၃-ပါး စလုံး | ကသိုဏ်း၁၀-ပါး၊ အသုဘ ၁၀-ပါး၊အပ္ပမညာ၄-ပါး အာရုပ္ပ၄-ပါး၊ကာယဂတာသတိ၊အာနာပါနဿတိ | ၃၀ |

## ဈာန်ဖြင့် ကမ္မဋ္ဌာန်းများကို ဝေဖန်ပုံ

| စဉ် | ကမ္မဋ္ဌာန်း | ပေါင်း | ရနိုင်သောဈာန် |
|---|---|---|---|
| ၁။ | ကသိုဏ်း၁၀ပါး၊ အာနာပါနဿတိ | ၁၁ | ရူပါဝစရဈာန်၅-ပါးစလုံး |
| ၂။ | အသုဘ၁၀-ပါး၊ ကာယဂတာသတိ | ၁၁ | ရူပ ပဌမ ဈာန်၁-ပါး |
| ၃။ | မေတ္တာ၊ကရုဏာ၊ မုဒိတာ | ၃ | ပ-ဒု-တ-စရူပဈာန်၄-ပါး |

http://www.dhammadownload.com



| စဉ် | ကမ္မဋ္ဌာန်း | ပေါင်း | ရနိုင်သောဈာန် |
| --- | --- | --- | --- |
| ၄။ | ဥပေက္ခာ ၁–ပါး | ၁ | ရူပါဝစရပဉ္စမဈာန် ၁–ပါး |
| ၅။ | အာရုပ္ပ ၄–ပါး | ၄ | အရူပဈာန် ၄–ပါး |

ထို့ကြောင့်

၁။ ပထမဈာန်၏ အာရုံကမ္မဋ္ဌာန်းများ (ဝါ) ပထမဈာန်ကို ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်းများ = ၂၅–ပါး (ဇယားစဉ် ၁ + ၂ + ၃ အရ)

၂။ ဒုတိယတတိယစတုတ္ထ ဈာန်တို့၏ အာရုံကမ္မဋ္ဌာန်းများ = ၁၄–ပါး (ဇယားစဉ် ၁ + ၃)

၃။ ပဉ္စမဈာန်၏ အာရုံကမ္မဋ္ဌာန်းများ = ၁၂–ပါး (ဇယားစဉ် ၁ + ၄)

၄။ အရူပဈာန်တို့၏ အာရုံကမ္မဋ္ဌာန်းများ = အာရုပ္ပ၄–ပါး။

၅။ ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိအထိ ရှေ့အနုဿတိ ၈–ပါး၊ အာဟာရေပဋိကူလသညာ နှင့် စတုဓာတုဝဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်း ၁၀–ပါးတို့သည် မည်သည့်ဈာန်ကိုမျှ မဖြစ်စေနိုင်ကြပါ။

## ဂေါစရဘေဒ

နိမိတ်အာရုံကို အခြေခံ၍ ကမ္မဋ္ဌာန်းများကိုခွဲခြားဝေဖန်မှုကို ဂေါစရဘေဒ ဟုခေါ်၏။

၁။ **ပရိကမ္မနိမိတ်** = ပရိကမ္မဘာဝနာ၏ အာရုံ၊ ကမ္မဋ္ဌာန်းစ၍ စီးဖြန်းသောအခါ အာရုံပြုအပ်သော ပထဝီကသိုဏ်းဝန်းစသည့်အာရုံကို ပရိကမ္မနိမိတ် ဟုခေါ်၏။

http://www.dhammadownload.com



၂။ ဥဂ္ဂဟနိမိတ် = မျက်စိဖြင့်တိုက်ရိုက်မကြည့်တော့ဘဲစိတ်ဖြင့် မှန်း၍ယူနိုင်သော ပရိကမ္မနိမိတ်ကို ဥဂ္ဂဟ နိမိတ်ဟုခေါ်၏။

ကမ္မဋ္ဌာန်းစီးဖြန်းစအခါ၌ ကသိုဏ်းဝန်းစသည်တို့ကိုတိုက်ရိုက်ကြည့်ရှုရသဖြင့် မြင်ရသောအာရုံသည် ပရိကမ္မနိမိတ်ဖြစ်၏။ ထိုနိမိတ်သည် ရှုမှတ်ဖန်များသောအခါ၌ စိတ်ထဲဝယ် စွဲမြဲလာသဖြင့် မျက်စိကို ပိတ်လိုက်လျှင်ဖြစ်စေ၊ မျက်နှာလွှဲလိုက်လျှင် ဖြစ်စေ ပကတိ မြင်ရသကဲ့သို့ပင် ထင်ထင်ရှားရှား ထင်ပေါ်နေ၏။ ဤသို့ထင်ပေါ်လာသော နိမိတ်သည် ဥဂ္ဂဟနိမိတ်ဖြစ်၏။

၃။ **ပဋိဘာဂနိမိတ်** = ဥဂ္ဂဟနိမိတ်ကို ဆက်လက်၍ ကမ္မဋ္ဌာန်း ရှုမှတ်ဖန်များလာသောအခါ ထိုနိမိတ်သည် ကြေးမုံအိမ်မှ ကြည်လင်သည့် ကြေးမုံချပ်ကို ထုတ်ယူလိုက် သကဲ့သို့ အလွန် သန့်စင်ကြည်လင်လာ၏။ ဤနိမိတ်သည် မူလစီစဉ်ခဲ့သော ကသိုဏ်းဝန်းစသည်နှင့်တူစွာစိတ်ထဲ၌ထင်ပေါ်လာသောအာရုံဖြစ်၏။ သို့သော် ပရိကမ္မနိမိတ်ထက် အဆပေါင်းများစွာ ကြည်လင် တောက်ပနေပြီး အပြစ် အနာ အဆာ ကင်းစင်နေ၏၊ ငြိမ်သက်၏။ ဤနိမိတ်ကို ပဋိဘာဂ နိမိတ်ဟု ခေါ်၏။

## နိမိတ်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

| စဉ် | ကမ္မဋ္ဌာန်း | ပေါင်း | ရနိုင်သောနိမိတ် |
|---|---|---|---|
| ၁။ | ကမ္မဋ္ဌာန်းအားလုံး | ၄၀ | ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟ နိမိတ် (အချို့ကမ္မဋ္ဌာန်းတို့၌ ခွဲခြား၍ မရ။) |
| ၂။ | ကသိုဏ်း ၁၀–ပါး<br>အသုဘ ၁၀–ပါး<br>ကာယဂတာသတိ၊<br>အာနာပါနဿတိ၊ | ၂၂ | ပရိကမ္မနိမိတ်နှင့်ဥဂ္ဂဟနိမိတ်တို့ကိုခွဲခြား၍ရကောင်း၏။<br>ပဋိဘာဂ နိမိတ်ကိုပါ ရကောင်း၏။ |

http://www.dhammadownload.com



| စဉ် | ကမ္မဋ္ဌာန်း | ပေါင်း | ရနိုင်သောနိမိတ် |
|---|---|---|---|
| ၃။ | ရှေ့အနုဿတိ ၈–ပါး, အပ္ပမညာ ၄–ပါး, အာရုပ္ပ ၄–ပါး, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန် | ၁၈ | ပရိကမ္မနိမိတ်နှင့်ဥဂ္ဂဟနိမိတ် ၂ပါးကို ပရိယာယ်ဖြင့်ရကောင်း၏။ ပဋိဘာဂနိမိတ်ကို မရနိုင်။ |

## ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ

ပရိကမ္မဘာဝနာသည် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို အာရုံပြု၏။ ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာတို့သည် ပဋိဘာဂနိမိတ်ကို အာရုံပြုကြ၏။

၁။ **ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ**။ ။ တစ်ထွာလက်လေးသစ်ခန့်ရှိသော ပထဝီကသိုဏ်းဝန်းကို မျက်စိပကတိ အနေအထားဖြင့် ကြည့်ရှု၍ "ပထဝီ–ပထဝီ" သို့မဟုတ် "မြေ–မြေ" ဟု နှုတ်ကရွတ်ဆို၍ ဖြစ်စေ၊ မရွတ်ဆိုဘဲ စိတ်ဖြင့်ရှုမှတ်၍ ဖြစ်စေ အဖန်ဖန်ပွားများအပ်၏။ ရံခါ မျက်စိကို မှိတ်၍ ကသိုဏ်းဝန်းအာရုံကို မှန်းဆ၍ ပွားများအပ်၏။ ဤသို့ ယူအပ်သော အာရုံကို "ပရိကမ္မနိမိတ်" ဟုခေါ်ပြီး ရှုမှတ်ပွားများမှုကို "ပရိကမ္မဘာဝနာ" ဟုခေါ်၏။

၂။ **ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ**။ ။ ပရိကမ္မနိမိတ်ကို ရှုမှတ်ဖန်များသည့်အခါ ထိုနိမိတ်သည် မျက်စိကိုမှိတ်ထားလျှင်လည်း မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ စိတ်ထဲ၌ ထင်ထင်ရှားရှား ထင်ပေါ်လာ၏။ ဤသို့ စိတ်ဖြင့်ကောင်းစွာ ယူမိသောအာရုံကို "ဥဂ္ဂဟနိမိတ်" ဟုခေါ်၏။ ဤနိမိတ်ကို ပွားများသော ဘာဝနာသည် ရှေးကထက် သမာဓိရင့်ကျက် တည်ကြည်လာသော်လည်း "ပရိကမ္မဘာဝနာ" ဟုပင် ခေါ်ဆိုရ၏။

http://www.dhammadownload.com



၃။ **ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ**။ ။ဥဂ္ဂဟနိမိတ်ကိုပရိကမ္မဘာဝနာဖြင့် ဆက်လက်ပွားများပြန်သောအခါ တစ်ချိန်၌ ထို ဥဂ္ဂဟနိမိတ်နှင့်ပုံသဏ္ဌာန်အရွယ်တူသောအာရုံတစ်မျိုးသည်စိတ်၌ ငြိမ်သက်စွာ တည်လာ၏။ စိတ်ထဲ၌ ကောင်းစွာ သွင်းထားအပ်သကဲ့သို့တည်ငြိမ်နေ၏။ မပျောက်မပျက် ကွက်ကွက်ကွင်းကွင်း ထင်ပေါ်နေ၏။ ဤကားပဋိဘာဂနိမိတ်တည်း။ ပဋိဘာဂ နိမိတ်ပေါ်လာသည့် အချိန်မှစ၍ဘာဝနာ စိတ်အစဉ်သည် ပရိကမ္မဘာဝနာ အဆင့်ကို လွန်၍ ဥပစာရဘာဝနာအဆင့်သို့ ရောက်လေပြီ။

ဥပစာရဘာဝနာ ဖြစ်ပေါ်လာသည့်အခါနီဝရဏများကင်းကွာ၍ ဈာန်အင်္ဂါ ၅–ပါးတို့သည် မိမိတို့၏ ဆိုင်ရာကိစ္စများကို အထင်အရှားဆောင်ရွက်ကြလေပြီ။ သို့အတွက် ဥပစာရ ဘာဝနာကို "ဥပစာရဈာန်" ဟုလည်းခေါ်၏။

၄။ **ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ**။ ။ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ဆက်လက်အားထုတ်သည့်အခါ ဉာဏ်ပညာ ထက်မြက်သူဖြစ်လျှင် မကြာမတင်ပင် "အပ္ပနာဘာဝနာ" ဟုခေါ်သော ရူပါဝစရဈာန်ဖြစ်ပေါ်လာ၏။ ဉာဏ်ပညာ မထက်မြက်သူတို့လည်း ရအပ်ပြီးသောပဋိဘာဂနိမိတ်ကိုမပျောက်မပျက်အောင်အထူးစောင့်ရှောက်၍အဆက်မပြတ် ပွားများအားထုတ်လျှင် "အပ္ပနာဘာဝနာ" သို့ အနှေးနှင့်အမြန်ရောက်ရှိနိုင်၏။

ပထမအကြိမ် အပ္ပနာဘာဝနာသို့ ရောက်သော ယောဂီသည် ရူပါဝစရ ပထမဈာန်ကို ရလေပြီ။ (အထက်ပါ ၁–မှ ၄–အထိ စကားစဉ်သည် ပထမဈာန်ကို ရအောင် အားထုတ်မှုပင်တည်း။)

## ဒုတိယဈာန် စသည်တက်ပုံ

ရူပါဝစရ ပထမဈာန်ရပြီးသော ယောဂီသည် ထိုဈာန်ကို ၅–တန်သော ဝသီဘော်တို့ဖြင့် အစွမ်းထက်မြက်အောင် လေ့ကျင့်ရ၏။

http://www.dhammadownload.com



၁။ အာဝဇ္ဇနဝသီဘော် = ဈာန်အင်္ဂါများကို လျင်မြန်စွာ ဆင်ခြင်နိုင်သော စွမ်းရည်။

၂။ သမာပဇ္ဇနဝသီဘော် = လျင်မြန်စွာ ဈာန်ဝင်စားနိုင်သော စွမ်းရည်။

၃။ အဓိဋ္ဌာနဝသီဘော် = ဘဝင်စိတ်ကိုလွှမ်းမိုး၍ ဈာန်စိတ်အစဉ်ကို အလိုရှိသမျှ ထိန်းထားနိုင်သော စွမ်းရည်။

၄။ ဝုဋ္ဌာနဝသီဘော် = ရည်မှန်းထားသော ကာလ အပိုင်းအခြားကို မကျော်လွန်စေဘဲ ဈာန်မှထနိုင်သော စွမ်းရည်။

၅။ ပစ္စဝေက္ခဏဝသီဘော် = ဈာန်အင်္ဂါဆင်ခြင်သော ဝီထိတို့ကို ဘဝင်များစွာ မခြားစေဘဲ ဆင်ခြင်နိုင်သော စွမ်းရည်။

ပထမဈာန်၌ ဝသီဘော် နိုင်လာသောအခါ ထိုဈာန်၏ အင်္ဂါများအနက် ဝိတက်သည်ရုန့်ရင်းကြမ်းတမ်းသည်ဟု ထင်မြင်လာ၏။ ဝိတက်သည်ကာမဂုဏ်အာရုံသို့ စိတ်ကိုတင်ပေးတတ်သဖြင့် ကာမစ္ဆန္ဒနီဝရဏဟူသော ရန်သူကို ဖိတ်ခေါ်နေသကဲ့သို့ ရှိ၏။ ဝိတက်မပါသော ဒုတိယဈာန်သည် ပိုငြိမ်သက်၏။

ဤသို့ ဝိတက်ကို စက်ဆုပ်၍ ဝိတက်ကို ပယ်စွန့်ပြီး ဒုတိယဈာန်သို့တက်လှမ်းနိုင်အောင် ရည်မှန်းကာ ရရှိထားပြီးသော ပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် ဘာဝနာသုံးပါးကို အစဉ်အတိုင်းဖြစ်ပေါ်စေ၏။ ဝိတက်ကို စက်ဆုပ်ခြင်းသဘောပါသော ဤဘာဝနာအစဉ်သည် "ဝိတက္ကဝိရာဂဘာဝနာ" ဟု အမည်ရ၏။

ပဋိဘာဂနိမိတ်ကို ပရိကမ္မဘာဝနာဖြင့် ပြန်လည်ပွားများရာ၌ ဝိတက်အပေါ် တပ်မက်တွယ်တာနေသည့် နိကန္တိတဏှာ ကောင်းစွာ

http://www.dhammadownload.com



ကင်းကွာသွားသည့်အခါ ဒုတိယ ဈာန်၏ အနီးဥပစာဖြစ်သော ဥပစာရ ဘာဝနာသို့ ရောက်၏။ ထို့နောက်ဆက်၍ အားထုတ်သော် ဝိတက်မပါ ဘဲ ယခင်ပထမဈာန်တုန်းကထက်ပိုမိုသိမ်မွေ့ ထက်မြက်သည့်ဈာန်အင်္ဂါ ၄–ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ခေါ် အပ္ပနာဘာဝနာသို့ ရောက်၏။

ထို့နည်းအတူ ဝိစာရကို ပယ်စွန့်၍ တတိယဈာန်သို့ လည်း ကောင်း၊ ပီတိကို ပယ်စွန့်၍စတုတ္ထဈာန်သို့လည်းကောင်း၊ သုခကို လျစ်လျူရှု၍ ပဉ္စမဈာန်သို့လည်းကောင်း အဆင့်ဆင့် တက်လှမ်းနိုင် ပါသည်။

## အာရုပ္ပဈာန်တက်ခန်း

ရူပါဝစရ ပဉ္စမဈာန်ကို အခြေခံ၍ အာရုပ္ပဈာန်သို့တက်လှမ်း ရ၏။ ပဉ္စမဈာန်ကို ဝသီဘော်နိုင်အောင် လေ့ကျင့်ပြီးလျှင် ရုပ်ခန္ဓာ အပေါ် အပြစ်မြင်၍အာကာသာနဉ္စာယတနဈာန် (ပထမာရုပ္ပဈာန်) သည် သိမ်မွေ့ငြိမ်သက်လှ၏ဟုယုံကြည်ရန်လို၏။ ထို့နောက် အာကာသ ကသိုဏ်းမှ အပဖြစ်သော ကျန်ကသိုဏ်း၉–ပါးတို့တွင် တစ်ပါးပါးကို ဘာဝနာဖြင့်ပယ်ခွာ၍ ရအပ်သည့် ကောင်းကင်ပညတ်ကို အာရုံပြုလျက် ရူပဝိရာဂဘာဝနာကို ဘာဝနာစဉ်အတိုင်း ပွားများ အားထုတ်ရ၏။

ပွားများအားထုတ်ပုံမှာ ကသိုဏ်းဝန်း၏ ပဋိဘာဂနိမိတ်ကို မိမိအလိုရှိသောအတိုင်းအတာအထိဖြန့်ကျက်ထားပြီးလျှင် ထိုကသိုဏ်း ဝန်းကို အာရုံမပြုတော့ဘဲ ထိုကသိုဏ်းဝန်းပျံ့နှံ့ရာ အရပ်ကို "အနန္တော အာကာသော = ကောင်းကင်ပညတ်သည်ဥပါဒ်–ဘင်အားဖြင့် အဆုံး အပိုင်း အခြားမရှိ" ဟုနှလုံးသွင်းဆင်ခြင်ရ၏။ ဤသို့ဆင်ခြင်မှုကို ပရိကမ်ပြု သည်ဟုခေါ်၏။

ဤသို့ဆင်ခြင်ရှုမှတ်ဖန်များသော် ထမင်းအိုးဝ၌ ဖုံးအုပ်ထား သော အဝတ်ကို ဆွဲဖွင့်လိုက်သည့်အခါ အဝတ်ကွယ်ပျောက်၍ အိုးဝ

http://www.dhammadownload.com



ဟင်းလင်းပေါ်ပေါက်လာသကဲ့သို့ ထိုအတူ ကသိုဏ်းနိမိတ်ကွယ်ပျောက်၍ ထိုနိမိတ်ပျံ့နှံ့ခဲ့ရာ အရပ်တို့၌ ဟင်းလင်းပြင် (ဝါ) ကောင်းကင်ပညတ်ထင်လာ၏။

ထိုကောင်းကင်ပညတ်ကို ပရိကမ္မဘာဝနာဖြင့် ဆက်လက်ရှုမှတ်၍ ရူပပဉ္စမဈာန်အပေါ်၌ နှစ်သက်မှု နိကန္တိတဏှာကင်းကွာသွားသောအခါ ဥပစာရဘာဝနာအဆင့်သို့ရောက်၏။ ထိုကောင်းကင်ပညတ်ကိုပင် ဆက်လက်အာရုံပြု၍ တိုးတက်ကာ အားထုတ်လျှင် အာကာသာနဉ္စာယတနဈာန် အပ္ပနာသို့ရောက်၏။

ထို့နောက် ဒုတိယာရုပ္ပခေါ် ဝိညာဏဉ္စာယတနဈာန်ကို အလိုရှိသော် ပဌမအာရုပ္ပဝိညာဏ်ကိုအာရုံပြု၍ "ဝိညာဏံ အနန္တံ–ပဌမာရုပ္ပဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ" ဟု ပရိကမ် ပြုရ၏။ ပဌမာရုပ္ပဈာန်၌ နိကန္တိတဏှာကင်းကွာသောအခါ ဥပစာရဘာဝနာသို့ရောက်၏။

ထို့နောက် တစ်ဖန် ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၍ တတိယာရုပ္ပဈာန် အပ္ပနာသို့လည်းကောင်း၊ တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ စတုတ္ထာရုပ္ပဈာန် အပ္ပနာသို့ လည်းကောင်း တက်လှမ်းနိုင်ပါသည်။

## အဘိညာဉ်ခန်း

အလွန်အကျူးအထူးသိတတ်သော ရူပပဉ္စမဈာန်နှင့် ယှဉ်သည့်ဉာဏ်ကို "အဘိညာ" ဟုခေါ်သည်။

ရူပါဝစရ ပဉ္စမဈာန်ကို အခြေခံ၍ လောကီအဘိညာဉ် ၅–ပါးသို့မဟုတ် ၇–ပါးကိုရအောင် အားထုတ်နိုင်၏။

၁။ ဣဒ္ဓိဝိဓအဘိညာဉ် = တန်ခိုးအမျိုးမျိုးကိုဖန်ဆင်းနိုင်သောအဘိညာဉ်။

၂။ ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်မျက်စိကဲ့သို့မြင်နိုင်သော

http://www.dhammadownload.com



အဘိညာဉ်။

၃။ ဒိဗ္ဗသောတအဘိညာဉ် = နတ်နားကဲ့သို့ ကြားနိုင်သော အဘိညာဉ်။

၄။ ပရစိတ္တဝိဇာနနအဘိညာဉ် = သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သော အဘိညာဉ်။

၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် = ရှေးရှေးဘဝများကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော အဘိညာဉ်။

၆။ ယထာကမ္မူပဂအဘိညာဉ် = ကံအားလျော်စွာ ထိုထိုဘုံများ၌ ဖြစ်ရသော သတ္တဝါများကို မြင်နိုင်သည့် အဘိညာဉ်။

၇။ အနာဂတံသအဘိညာဉ် = နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သောအကြောင်းအရာများကို သိနိုင်သည့် အဘိညာဉ်။

အဘိညာဉ် ၅–ပါးကို ရေတွက်သည့်အခါ အမှတ် ၆ နှင့် ၇ အဘိညာဉ် ၂–ပါးကို ဒိဗ္ဗစက္ခုအဘိညာဉ်၌ သွင်း၍ ရေတွက်ရ၏။

"အဘိညာဉ် ၆–ပါးဟု ရေတွက်သည့်အခါ အမှတ် ၁- မှ ၅အထိ အဘိညာဉ်၅–ပါးကိုဖော်ပြပြီးနောက် လောကုတ္တရာ အဘိညာဉ်ဖြစ်သည့် အာသဝက္ခယအဘိညာဉ်ကို ထည့်ပေါင်းရ၏။

၈။ အာသဝက္ခယအဘိညာဉ် = အာသဝေါတရား ၄–ပါးတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်။

## ဝိပဿနာကမ္မဋ္ဌာန်း

ဤအခန်းဝယ် သိမှတ်ဖွယ်ရာ အကြောင်းအရာများမှာ ဝိသုဒ္ဓိ ၇–ပါး, လက္ခဏာ ၃–ပါး, အနုပဿနာ ၃–ပါး, ဝိပဿနာဉာဏ် ၁၀–ပါး,

http://www.dhammadownload.com



ဝိမောက္ခ ၃–ပါး, ဝိမောက္ခမုခ ၃–ပါးတို့တည်း။

**က။ ဝိသုဒ္ဓိ ၇–ပါး။** ။ အထူးစင်ကြယ်သောတရား ၇–ပါး။

၁။ သီလဝိသုဒ္ဓိ = သီလ၏ စင်ကြယ်ခြင်း။

၂။ စိတ္တဝိသုဒ္ဓိ = နီဝရဏအညစ်အကြေးတို့မှ စိတ်၏စင်ကြယ်ခြင်း။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ = နာမ်ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် ဆင်ခြင်သဖြင့် အတ္တဟု စွဲလမ်းသော မိစ္ဆာအယူမှ စင်ကြယ်ခြင်း။

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ = နာမ်ရုပ်တို့နှင့် ပတ်သက်သည့် ၁၆ ပါးသော ယုံမှားသံသယကို လွန်မြောက်ကြောင်း ဖြစ်သည့်ဉာဏ်။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = လမ်းမှန်နှင့် လမ်းမှားတို့ကို ပိုင်းခြား၍ ထင်ရှားစွာ သိမြင်တတ်သောဉာဏ်။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ = မဂ်ဖိုလ်သို့ ရောက်ကြောင်းဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း။

၇။ ဉာဏဒဿနဝိသုဒ္ဓိ = နိဗ္ဗာန်ကို သိမြင်တတ်သော မဂ်ဉာဏ် ၄ပါး။

**ခ။ လက္ခဏာ ၃ ပါး။** ။ သင်္ခါရတရားတို့၏ အမှတ်အသား ၃ ပါး။

၁။ အနိစ္စလက္ခဏာ = ရုပ်နာမ်တရားတို့၏မတည်မြဲခြင်း၊ ပျက်စီးတတ်ခြင်း အမှတ်အသား။

၂။ ဒုက္ခလက္ခဏာ= ရုပ်နာမ်တရားတို့၏ အဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲခြင်း ပျက်စီးကုန်ဆုံးခြင်းတို့ဖြင့် နှိပ်စက်ညှဉ်းပန်းအပ်သော ဆင်းရဲပင်ပန်းခြင်း အမှတ်အသား။

၃။ အနတ္တလက္ခဏာ =ရုပ်နာမ်တရားတို့သည် ဖြစ်မြဲဓမ္မတာ အတိုင်း ဖြစ်ပျက်သွားခြင်း, ပုဂ္ဂိုလ်တစ်ဦးဦး၏ အလိုသို့ မလိုက်ပါ

http://www.dhammadownload.com



ခြင်း, အနှစ်သာရမရှိခြင်း, ငါဟုမှတ်အပ်သည့်အတ္တမရှိခြင်း တည်းဟူသော အခြင်းအရာ အမှတ်အသား။

**ဂ။ အနုပဿနာ ၃ ပါး။** ။ သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု အဖန်ဖန် ရှုတတ်သော ဉာဏ် ၃ ပါး။

၁။ အနိစ္စာနုပဿနာ = ရုပ်နာမ်တို့ကို အနိစ္စတည်းဟု အဖန်ဖန် ရှုမှတ်တတ်သော ဉာဏ်။

၂။ ဒုက္ခာနုပဿနာ = ရုပ်နာမ်တို့ကို ဒုက္ခတည်းဟု အဖန်ဖန် ရှုတတ်သော ဉာဏ်။

၃။ အနတ္တာနုပဿနာ = ရုပ်နာမ်တို့ကို အနတ္တတည်းဟု အဖန်ဖန် ရှုတတ်သော ဉာဏ်။

**ဃ။ ဝိပဿနာဉာဏ် ၁၀ ပါး။** ။ အနုပဿနာဉာဏ်တို့ကို ဝိပဿနာ ဉာဏ်အဖြစ်ဖြင့် ၁၀ ပါး ခွဲခြားရ၏။

၁။ သမ္မသနဉာဏ် = ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့ဖြင့် ဆင်ခြင် သုံးသပ်တတ်သောဉာဏ်။

၂။ ဥဒယဗ္ဗယဉာဏ် = ရုပ်နာမ်တို့၏ ဖြစ်ပျက်ခြင်းကို ရှုသိသော ဉာဏ်။

၃။ ဘင်္ဂဉာဏ် = ရုပ်နာမ်တို့၏ ပျက်ခြင်းသဘောကိုသာ ရှုသိသော ဉာဏ်။

၄။ ဘယဉာဏ် = ရုပ်နာမ်သင်္ခါရတို့သည် ကြောက်လန့်ဖွယ်ရာ ဘေးဆိုးကြီးပါတကားဟု မြင်သိသောဉာဏ်။

၅။ အာဒီနဝဉာဏ် = ရုပ်နာမ်တရားတို့၏အပြစ်ကို မြင်သိသော ဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ် = ရုပ်နာမ်သင်္ခါရတို့ကို ငြီးငွေ့ဖွယ်အဖြစ်

http://www.dhammadownload.com



ရှုမြင်သည့် ဉာဏ်။

၇။ မုဉ္စိတုကမျတာဉာဏ်= ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရန် အလိုရှိသောဉာဏ်။

၈။ ပဋိသင်္ခါဉာဏ် = ရုပ်နာမ်အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းအကြောင်း၏ ပြည့်စုံခြင်းအကျိုးငှာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တစ်ဖန် သိမ်းဆည်းသောဉာဏ်။

၉။ သင်္ခါရုပေက္ခာဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်လန့်ခြင်း နှစ်သက်ခြင်း မဖြစ်ဘဲ လျစ်လျူရှုတတ်သော ဉာဏ်။

၁၀။ အနုလောမဉာဏ် =အောက်ဝိပဿနာဉာဏ်တို့အားလည်းကောင်း၊ အထက်ဖြစ်သော ဗောဓိပက္ခိယတရား ၃၇ပါးတို့အားလည်းကောင်း လျော်စွာ ဖြစ်သော ဉာဏ်(ဝါ)မဂ်ဖြစ်ခြင်းငှာလျော်သော ဉာဏ်။

၈။ ဝိမောက္ခ ၃ ပါး။ ။ ကိလေသာတို့မှ လွတ်သော မဂ်ဖိုလ်တရားကို ဝိမောက္ခဟု ခေါ်၏။

၁။ သုညတဝိမောက္ခ = ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၌ "အတ္တ" မရှိဟု အနတ္တာနုပဿနာဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်ဖိုလ်။

၂။ အနိမိတ္တဝိမောက္ခ = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ "နိမိတ္တ" ခေါ် ပုံသဏ္ဌာန် မရှိကြောင်းကို အနိစ္စာနုပဿနာဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်ဖိုလ်။

၃။ အပ္ပဏိဟိတဝိမောက္ခ = ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌ "တဏှာပဏိဓိ" ခေါ် တောင့်တတတ်သော တဏှာဖြင့် တောင့်တအပ်သည့် "သုခ" မရှိကြောင်းကို ဒုက္ခာနုပဿနာဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်ဖိုလ်။

http://www.dhammadownload.com



**စ။ ဝိမောက္ခမုခ ၃ ပါး။** ။မဂ်ဖိုလ်တည်းဟူသော ဝိမောက္ခသို့ ဝင်ရောက်ဖို့ရာ တံခါးပေါက်နှင့်တူသည့် ဝိပဿနာ တရားကို ဝိမောက္ခမုခဟု ခေါ်၏။

၁။ အနတ္တာနုပဿနာ = သုညတာနုပဿနာ မည်သော ဝိမောက္ခမုခ။ ခန္ဓာကိုယ် ရုပ်နာမ်သင်္ခါရ၌ အတ္တမရှိဘဲ သုညချည်းဖြစ်သည်ကို ရှုမြင်တတ်သော အနတ္တာနုပဿနာသည် သုညတာနုပဿနာမည်သော ဝိမောက္ခမုခဖြစ်၏။

၂။ အနိစ္စာနုပဿနာ = အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခမုခ။ ခန္ဓာကိုယ်ရုပ်နာမ် သင်္ခါရ၌ ပုံသဏ္ဌာန်နိမိတ် မရှိကြောင်းကို ရှုမြင်တတ်သောအနိစ္စာနုပဿနာသည် အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခဖြစ်၏။

၃။ ဒုက္ခာနုပဿနာ = အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခမုခ။ ခန္ဓာကိုယ်ရုပ်နာမ်သင်္ခါရ၌ ချမ်းသာ "သုခ" မရှိကြောင်းကို ရှုမြင်တတ်သော ဒုက္ခာနုပဿနာသည် အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခမုခဖြစ်၏။

## ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်ပုံ

မဇ္ဈိမပဋိပဒါ လမ်းစဉ်ဟု အမည်ရသော အင်္ဂါရှစ်ပါးရှိသည့် မဂ်လမ်းကြောင်း(ဝါ) သတိပဋ္ဌာန် ၄ ပါးနှင့်အညီ ပွားများအားထုတ်သည့် ဝိပဿနာလမ်းကြောင်းသည် ဝိသုဒ္ဓိ ၇ပါး၊ ဝိပဿနာဉာဏ်စဉ် ၁၀ ပါးနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကိုဖြစ်ပေါ်စေနိုင်သည့်တစ်ကြောင်းတည်းသော လမ်းကြောင်းဖြစ်၏။

ဤလမ်းစဉ်တွင် သီလသိက္ခာ, သမာဓိသိက္ခာနှင့် ပညာသိက္ခာတို့ ပါဝင်ကြပြီးလျှင် ဤလမ်းစဉ်အတိုင်းကျင့်ကြံပွားများမှု၌ ဉာဏ်စဉ်အဆင့်ဆင့် ဝိသုဒ္ဓိအဆင့်ဆင့် ဖြစ်ပေါ်ပုံကို တင်ပြပါအံ့။

http://www.dhammadownload.com



၁။ **သီလဝိသုဒ္ဓိ**။ ။ သီလ၏ စင်ကြယ်ခြင်း။ လူပုဂ္ဂိုလ်တို့၌ ငါးပါးသီလ မကျိုးမပေါက် မပြောက်မကျားအောင် လုံခြုံစွာ ထိန်းထားနိုင်လျှင် သီလဝိသုဒ္ဓိ ဖြစ်၏။ ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ တစ်မျိုးမျိုးကို လုံခြုံစွာ စောင့်ထိန်းနိုင်လျှင် ပိုကောင်း၏။

ရဟန်းသံဃာများ၌ စတုပါရိသုဒ္ဓိသီလဟုခေါ်သော အောက်ပါ သီလ ၄ မျိုးစလုံး ထက်ဝန်းကျင် စင်ကြယ်မှသာလျှင် သီလဝိသုဒ္ဓိဖြစ်၏။

က။ **ပါတိမောက္ခသံဝရသီလ** = "ဒွေမာတိကာ" ဟုခေါ်သော ပါတိမောက် နှင့် ဝိနည်းပါဠိတော်လာ သိက္ခာပုဒ်များကို ကောင်းစွာ စောင့်ထိန်းခြင်း။

ခ။ **ဣန္ဒြိယသံဝရသီလ** = စက္ခုန္ဒြေ, သောတိန္ဒြေ စသည့် ဣန္ဒြေ ၆ ပါး၌ အကုသိုလ် မဖြစ်အောင် စောင့်စည်းခြင်း၊ ရူပါရုံ, သဒ္ဒါရုံ စသည့် အာရုံ ၆ ပါး နှင့် ဒွါရ ၆ ပါးတို့ အသီးသီး တွေ့ဆုံကြသည့်အခါ လောဘ, ဒေါသစသော ကိလေသာမဖြစ်ပေါ်အောင် စောင့်စည်းခြင်း ဖြစ်၏။

ဂ။ **အာဇီဝပါရိသုဒ္ဓိသီလ** = အသက်မွေးမှု သန့်ရှင်းစင်ကြယ်အောင် စောင့်စည်းခြင်း၊ ဒကာများထံမှ ချော့မော့ဖြားယောင်း သွေးဆောင် ဟန်ဆောင်မှုစသည့် မိမိပယောဂမပါဘဲ စင်ကြယ်စွာ ရအပ်သည့် ပစ္စည်းလေးပါးကို ခံယူသုံးစွဲခြင်းဖြစ်၏။

ဃ။ **ပစ္စယသန္နိဿိတသီလ** = ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတည်း ဟူသော ပစ္စည်း ၄ ပါးတို့ကို သုံးစွဲရသဖြင့် ရရှိသည့် အကျိုးကျေးဇူးများကို ဆင်ခြင်သုံးစွဲလျှင် ဤသီလလုံခြုံ၏။

သီလဝိသုဒ္ဓိနှင့်ပြည့်စုံလျှင် ကျူးလွန် ဖြစ်မှားတတ်သော ဝီတိက္ကမကိလေသာတို့ကို ထိန်းကွပ်ထားနိုင်သဖြင့် ဒုစရိုက်မှုများကို ကျူးလွန်မှုမရှိတော့ချေ။

http://www.dhammadownload.com



၂။ စိတ္တဝိသုဒ္ဓိ။ ။ စိတ်၏စင်ကြယ်ခြင်း။ သမထဘာဝနာကို ပွားများသဖြင့် "ဥပစာရသမာဓိ" သို့ ရောက်လျှင် နီဝရဏ အညစ်အကြေးများကို ဖယ်ရှားထားနိုင်လေပြီ။ သို့အတွက် ဥပစာရသမာဓိကို ရလျှင်ပင် စိတ္တဝိသုဒ္ဓိဖြစ်၏။

အပ္ပနာသမာဓိကို ရလျှင်မူ ဆိုဖွယ်ရာ မရှိပြီ။ ဝိပဿနာဘာဝနာပွားများမှု၌ ရရှိသော ခဏိကသမာဓိသည် ဥပစာရသမာဓိနှင့် ဆင်တူ၏။

သမာဓိတရားသည်ငြိမ်ဝပ်နေရာမှနိုးကြားထကြွလာသော ပရိယုဋ္ဌာနကိလေသာတို့ကို နှိပ်ကွပ်ထားနိုင်၏။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ။ ။ အသိ အမြင် ကြည်လင် သန့်ရှင်းခြင်း။ စိတ်စေတသိက်ဟူသော နာမ်တရား, နိပ္ဖန္နရုပ် ၁၈ ပါးတည်းဟူသော ရုပ်တရား၊ ဤနာမ်ရုပ်တို့အပေါ်၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တင်၍ အထပ်ထပ်ဆင်ခြင်သောအခါ သိမှုသည် စိတ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ်သားမှုသည် သညာ၊ ပြုလုပ်အားထုတ်မှုသည် သင်္ခါရ၊ ဖောက်ပြန်တတ်သော ခန္ဓာကိုယ်သည် ရုပ်တည်း။ ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့မှတစ်ပါး အတ္တဟူသည့် အသက်ကောင် (ဝါ) လိပ်ပြာကောင် ဟူ၍ မရှိပြီဟု သိမြင်လာ၏။

ဤသို့ သိမြင်ခြင်းသည်အတ္တစွဲလမ်းမှုဟူသော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သည့် ဉာဏ်ဖြစ်သဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဟု မှတ်ယူရ၏။

တစ်ဖန် အာရုံကို သိမှုသည် ဝိညာဏက္ခန္ဓာဖြစ်၏။ ကိုယ်နှုတ်စိတ်တို့ဖြင့်ပြုလုပ်မှု, ပြောဆိုမှု, ကြံစည်မှုတို့သည် သင်္ခါရက္ခန္ဓာဖြစ်၏။ ထိုအာရုံကို မှတ်သားမှုကား သညာက္ခန္ဓာဖြစ်၏။ ကောင်းကောင်းဆိုးဆိုး ဝေဒနာအမျိုးမျိုးကို ခံစားမှုကား ဝေဒနာက္ခန္ဓာဖြစ်၏။ ဤကိုယ်ခန္ဓာသည် ဖောက်ပြန် ပျက်စီးတတ်သည့်သဘောရှိသော ရုပ်တည်း။ ဝင်ရိုး, လှည်းဘီး, လှည်းအိမ်စသည်တို့ကို ပေါင်းစုထားသော အဆောက်အအုံ

http://www.dhammadownload.com



ကို ယာဉ်ရထားဟု ခေါ်ဆိုရသကဲ့သို့ ထို့အတူ ခန္ဓာငါးပါးတို့၏ အပေါင်းအစုကို သတ္တဝါဟု ခေါ်ဆိုရ၏။ စင်စစ်သော်ကား "ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ" စသည်တို့ မရှိကြကုန်။ ရုပ်နာမ် ၂ ပါးသာ ရှိကြကုန်၏။

ဤသို့ နာမ်ရုပ် ၂ပါးကို ကွဲကွဲပြားပြား ပိုင်းခြားသိတတ်သော ဉာဏ်သည် "နာမရူပ ပရိစ္ဆေဒဉာဏ်" ဖြစ်၏။ ဤဉာဏ်သည် အတ္တဒိဋ္ဌိ အညစ်အကြေးမှ ကင်းစင်သဖြင့် "ဒိဋ္ဌိဝိသုဒ္ဓိ" ဟု မှတ်ယူရ၏။

**၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။** ။ ယုံမှား သံသယမှ လွန်မြောက်ကြောင်း ဖြစ်သော ဉာဏ်။ ရုပ်တရားတို့သည် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရား ၄ ပါးကြောင့် ဖြစ်ပေါ်ကြ၏။ နာမ်တရားတို့သည် ယောနိသောမနသိကာရစသည့် အကြောင်းများကြောင့် ဖြစ်ပေါ်လာ၏။

အရာရာဝယ် သင့်တင့်အောင် နှလုံးသွင်းတတ်သည့် ယောနိသောမနသိကာရကြောင့် ကုသိုလ်ကံဖြစ်၏။ မသင့်မတင့် နှလုံးသွင်းလေ့ရှိသည့် အယောနိသောမနသိကာရကြောင့် အကုသိုလ်ကံ ဖြစ်၏။ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကြောင့် ဝိပါက်စိတ်များ ဖြစ်ပေါ်ကြ၏။ ဝိပါက်စိတ်များ၌ တစ်ဖန် စက္ခုဝိညာဏ်ဖြစ်ဖို့ရာ စက္ခုပသာဒ, ရူပါရုံ, အာလောကခေါ် အလင်းနှင့် မနသိကာရဟူသည့် နှလုံးသွင်းမှုတို့ စုဆုံကြရ၏။ ဤအကြောင်း ၄ ပါးမပြည့်စုံလျှင် ထာဝရဘုရားပေါင်း ထောင်သောင်းမက ဝိုင်း၍ ဖန်ဆင်းကြသော်လည်း စက္ခုဝိညာဏ် မဖြစ်ပေါ်နိုင်ချေ။

ထို့ကြောင့် ရုပ်နာမ်တရားတို့သည် အဟေတုကဒိဋ္ဌိအဆိုအရ အကြောင်းမရှိဘဲ ဖြစ်ပေါ်လာကြသည်မဟုတ်။ ဝိသမဟေတုကဒိဋ္ဌိ၌ ယူဆသကဲ့သို့ ဖန်ဆင်းရှင်ဖန်တီး၍ဖြစ်ပေါ်လာကြသည်လည်း မဟုတ်။ ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် ပဋ္ဌာန်းဒေသနာတော်တို့၌ ဖော်ပြထားသည့်

http://www.dhammadownload.com



အတိုင်းအကြောင်းတရားများစွာတို့ ပေါင်းဆုံမိရာမှ ဖြစ်ပေါ်လာကြခြင်း ဖြစ်၏။

ဤသို့ ရုပ်နာမ်တရားတို့၏ အကြောင်းမှန်များကို ဆင်ခြင်သိမြင်သော ဉာဏ်သည် ယထာဘူတဉာဏ်(ဝါ)ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်၏။ ဤဉာဏ်သည် ပင်ယုံမှားခြင်းကင်္ခါ ၁၆ ပါးတို့မှ ကင်းစင်သော "ကင်္ခါဝိတရဏဝိသုဒ္ဓိ" ဖြစ်ပေတော့၏။

**စူဠသောတာပန်။** ။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို မိမိသန္တာန်၌ အကြွင်းအကျန် မရှိအောင် ပယ်ထားနိုင်သောသူသည် သောတာပန်အစစ် ဖြစ်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ ရောက်ပြီးသော ယောဂီသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့မပယ်သတ်နိုင် သေးစေကာမူ အတော်ကြာအောင် ပယ်ခွာ ထားနိုင်၏။ ထို့ကြောင့် ထိုယောဂီသည် သောတာပန်နှင့် အလားတူသည့် စူဠ သောတာပန်ဖြစ်၏။

စူဠသောတာပန်သည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့နှင့် ပြည့်စုံပြီးဖြစ်၍ ကမ္မပထမြောက်သည့် ဒုစရိုက်မှုများကို ပြုကျင့်တော့မည် မဟုတ်ချေ။ ထို့ကြောင့် အရိယာစခန်းသို့ မတက်လှမ်းမီ ကွယ်လွန်သွားလျှင်လည်း သုဂတိဘဝသို့ ကေန်မုချရောက်ပေလိမ့်မည်။

**၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ။** ။ လမ်းမှန်နှင့်လမ်းမှားကို ခွဲခြား၍ သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း။

ဤဝိသုဒ္ဓိစခန်း၌ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်းတို့ပါဝင်ကြ၏။ သမ္မသနဉာဏ်သည် ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်တတ်သော ဉာဏ်ဖြစ်၏။

ရုပ်နာမ်တရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်၍ သုံးသပ်တတ်သော သမ္မသနနည်း ၄ မျိုး ရှိ၏။ တစ်မျိုးထက် တစ်မျိုးပို၍ အနုစိတ်သွား၏။

http://www.dhammadownload.com



၁။ **ကလာပသမ္မသနနည်း** = ရူပက္ခန္ဓာ အားလုံး, ဝေဒနာက္ခန္ဓာ အားလုံး စသည်ဖြင့် ခန္ဓာတစ်ပါးစီကို အလုံးစုံ သိမ်းကျုံးယူပြီး " ရုပ်ခန္ဓာ သည် ကုန်ခန်းခြင်းသဘော ရှိသဖြင့် အနိစ္စဖြစ်၏၊ ကြောက်မက်ဖွယ် ဖြစ်သောကြောင့် ဒုက္ခဖြစ်၏၊ အနှစ်သာရကင်းမဲ့သောကြောင့် အနတ္တ ဖြစ်၏ "ဟု ဆင်ခြင်သုံးသပ်၏။ ကျန်နာမ်ခန္ဓာ ၄ ပါးကိုလည်း ဤနည်း အတိုင်း ဆက်လက်၍ သုံးသပ်ရ၏။

၂။ **အဒ္ဓါနသမ္မသနနည်း** = ဤနည်းသည်ရုပ်နာမ်တရားများကို အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝဖြင့် ပိုင်းခြား၍ သုံးသပ်ပွားများ သည့် နည်းဖြစ်၏။ ပွားများပုံမှာ–

" အတိတ်ဘဝ၌ ဖြစ်သော ရုပ်ခန္ဓာသည် ထိုအတိတ်ဘဝ၌ပင် ချုပ်ခဲ့လေပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်နိုင်။ ဤသို့ ကုန်ခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ရာ ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရ မရှိသောကြောင့် အနတ္တတရားချည်းပါတကား " ။

၃။ **သန္တတိသမ္မသနနည်း** = ဤနည်းသည် "အအေးရုပ်အစဉ်၊ အပူရုပ်အစဉ် "စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုး ခွဲခြား၍ သုံးသပ်သော နည်းဖြစ်၏။ ပွားများပုံမှာ–

" အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့ မရောက်၊ ချုပ်ပျောက်ခဲ့လေပြီ။ ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရ မရှိသောကြောင့် အနတ္တတရားချည်းပါတကား "

ထို့အတူ ရူပါရုံကို အာရုံပြုသော စိတ်ဝီထိအစဉ်သည် သဒ္ဒါရုံကို အာရုံပြုသည့်စိတ်ဝီထိအစဉ်သို့ မရောက်။ အနိဋ္ဌာရုံကို အာရုံပြုသော ဒုက္ခဝေဒနာသည် ဣဋ္ဌာရုံကို အာရုံပြုသည့် သုခဝေဒနာသို့ မရောက်။ ရူပါရုံကိုမှတ်သားသော သညာက္ခန္ဓာအစဉ်သည်သဒ္ဒါရုံကို မှတ်သားသည့် သညာက္ခန္ဓာအစဉ်သို့ မရောက်စသည်ဖြင့် ကျယ်ဝန်းစွာ ချဲ့ထွင်၍ သုံးသပ်ရာ၏။

http://www.dhammadownload.com



၄။ **ခဏသမ္မသနနည်း** = ရုပ်နာမ်တို့၏ ခဏအားဖြင့် သုံးသပ်ပွားများမှုကို ခဏသမ္မသနနည်းဟု ခေါ်သည်။

"အတိတ်ခဏ၌ ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်သို့ မရောက်၊ ချုပ်ပျောက်ခဲ့လေပြီ။ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်သဘောကြောင့် ဒုက္ခ၊ အနှစ်သာရ မရှိသောကြောင့် အနတ္တတရားချည်းပါတကား "။

" အတိတဘဝ၌ ဖြစ်သော စိတ်စေတသိက်တို့သည် အတိတဘဝခဏ၌ ချုပ်ငြိမ်းခဲ့ကြလေပြီ၊ ဘဝဂ်စလနသို့ မရောက်ချေ၊ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ......."

**ဥဒယဗ္ဗယဉာဏ်**။ ။ ရုပ်နာမ်တို့၏ ဖြစ်ခြင်း "ဥပါဒ်" နှင့် ပျက်ခြင်း "ဘင်" တို့ကို ထင်မြင်အောင် ရှုတတ်သော ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟု ခေါ်၏။

သမ္မသနဉာဏ်ရင့်သန်ပြီးသော ယောဂီသည် ရုပ်နာမ်တရားတို့ကို အကြောင်းနှင့် တွဲဖက်၍ ဆက်လက်ရှုမှတ်ရာ၏။

ရုပ်ကိုဖြစ်စေသောအကြောင်းတရားတို့သည်အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရတို့တည်း။ စေတသိက်နာမ်တို့ကိုဖြစ်စေသော အကြောင်းတို့ကား အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿတို့တည်း။ စိတ်နာမ်တရားကိုဖြစ်စေသော အကြောင်းတို့ကား အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမရူပတို့တည်း။

ဤသို့ ရှုမှတ်ဖန်များလျှင် ဥပါဒ်ခဏ၊ ဘင်ခဏ အားဖြင့် အဖြစ်အပျက်တို့ အလိုလိုထင်ပေါ်လာကြ၏။ ထိုအခါ အကြောင်းကို မစဉ်းစားတော့ဘဲ ဥပါဒ်ခဏ, ဘင်ခဏကိုသာ သတိထား၍ ခဏသမနုပဿနာနည်းဖြင့် ဆက်လက်ပွားများသော် အဖြစ်အပျက်များ အလွန်ထင်ရှားလာပြီး ဥဒယဗ္ဗဉာဏ် ဖြစ်ပေါ်လာ၏။ ထိုအခါ သြဘာသစသည့် ဥပက္ကိလေသ တို့လည်း ဖြစ်ပေါ်လာကြ၏။

http://www.dhammadownload.com



ဥပက္ကိလေသ ၁၀ ပါး = ဝိပဿနာကို ညစ်နွမ်းစေတတ်သော တရားကို ဥပက္ကိလေသဟုခေါ်သည်။ ဝိပဿနုပက္ကိလေသဟုလည်း ခေါ်၏။

၁။ ဩဘာသ = ကိုယ်ရောင်ကိုယ်ဝါ။ စိတ်တတ်၏ လွန်စွာကြည်လင်မှုကြောင့် ကိုယ်မှ ထွက်သော အရောင်အဝါ။

၂။ ပီတိ = ဝိပဿနာဉာဏ်နှင့် ယှဉ်သော ပီတိစေတသိက်။

၃။ ပဿဒ္ဓိ = ဝိပဿနာဉာဏ်နှင့် ယှဉ်သော ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ စေတသိက် ၂ ပါး။

၄။ အဓိမောက္ခ= ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်သော သဒ္ဓါ စေတသိက်။

၅။ ပဂ္ဂဟ = ဝိပဿနာစိတ်ကို နောက်မဆုတ်အောင် အားပေးချီးမြှောက်တတ်သည့် ဝီရိယ။

၆။ သုခ = တစ်ကိုယ်လုံးကို မွှန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် ထုံမွှမ်း၍ ချမ်းမြစေသည့် သုခဝေဒနာ။

၇။ ဉာဏ = ဝဇိရစိန်လက်နက် မိုးကြိုးစက်ကဲ့သို့ သွက်လက် လျင်မြန် အမြင်သန်သည့် ဝိပဿနာဉာဏ်။

၈။ ဥပဋ္ဌာန = ကမ္မဋ္ဌာန်း အာရုံ၌ စွဲမြဲစွာတည်သော သတိစေတသိက်။

၉။ ဥပေက္ခာ = တတြမဇ္ဈတ္တုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာ။ ဗျာပါရမများဘဲ အသင့်အားဖြင့် ရှုစားတတ်သော တတြမဇ္ဈတ္တတာ စေတသိက်သည် တတြမဇ္ဈတ္တုပေက္ခာဖြစ်၏။ ဖြစ်မှုပျက်မှုကို အလွန်လျင်မြန်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့်ယှဉ်သည့် စေတနာကို "အာဝဇ္ဇနုပေက္ခာ" ဟုခေါ်၏။

၁၀။ နိကန္တိ = သိမ်မွေ့သော တဏှာ။ ဤတဏှာကား ဩဘာသ၊ ပီတိ၊

http://www.dhammadownload.com



ပဿဒ္ဓိ စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ဝိပဿနာဉာဏ်ကို သာယာနှစ်သက်သည့်တဏှာဖြစ်၏။ ဩဘာသမှစ၍ဥပေက္ခာတိုင်အောင် ရှေ့ဥပက္ကိလေသ ၉ ပါးတို့သည် အကုသိုလ်တရားများ မဟုတ်ကြပါ။ ပီတိမှဥပေက္ခာအထိဖြစ်သော ဥပက္ကိလေသ ၆ ပါးတို့သည် ဝိပဿနာဉာဏ်နှင့်ယှဉ်သော စေတသိက်များဖြစ်ကြ၏။

သို့ရာတွင် ဩဘာသ စသည်တို့ ဖြစ်ပေါ်လာသောအခါ "ငါ့မှာဖြစ်၏" ဟုစွဲလမ်းသော ဒိဋ္ဌိ၊ "အလွန်နှစ်သက်ဖွယ်ကောင်း၏" ဟုထင်မှတ်တတ်သည့်မာနနှင့် "ငါ၏ဩဘာသတည်း" ဟုစွဲလမ်းတပ်မက်သောတဏှာတို့ ဖြစ်ပေါ်လာကြ၏။ ဤတဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် ဝိပဿနာစိတ်ကို ညစ်နွမ်းစေတတ်သော ဥပက္ကိလေသတို့တည်း။

နောက်ဆုံးဥပက္ကိလေသဖြစ်သော နိကန္တိတဏှာသည်ကား မုချအားဖြင့် ဥပက္ကိလေသဖြစ်၏။ ၎င်းကို အာရုံပြု၍ နောက်ထပ် တဏှာ၊ မာန၊ ဒိဋ္ဌိတို့လည်း ဖြစ်ပေါ်လာကြ၏။

ဥပက္ကိလေသ ၁၀ ပါးကို ၎င်းတို့အား အာရုံပြုကြသည့် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့နှင့် မြှောက်ပွားသော် "ဝိပဿနုပက္ကိလေသ ၃၀" ဖြစ်၏။

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**=ဩဘာသ၊ ပီတိ၊ ပဿဒ္ဓိစသည်တို့ ဖြစ်ပေါ်လာကြသည့်အခါ ပရိယတ်၌ မကျွမ်းကျင်ကြသော အချို့ယောဂီတို့သည် ထိုကိုယ်ရောင် ကိုယ်ဝါ၊ ပီတိ၊ ပဿဒ္ဓိ စသည်တို့ကို မဂ်စိတ်၊ ဖိုလ်စိတ်က ဖြစ်ပေါ်စေသည်ဟု အထင်မှား၍ "ငါမဂ်ဖိုလ်ရပြီ" ဟု တစ်လွဲယူဆမိကြ၏။ ထိုအခါ ဝိပဿနာလမ်းလွဲ၍ သာယာမှု တဏှာ၊ အထင်ကြီးမှုမာနနှင့် စွဲလမ်းမှု ဒိဋ္ဌိတို့ ဖြစ်ပေါ်ကြ၏။ ထို့ကြောင့်ဝိပဿနာညစ်နွမ်းသွား၏။

ပရိယတ်၌ ကျွမ်းကျင်ကြသည့် ယောဂီတို့ကား ထိုဩဘာသ၊ ပီတိ၊ ပဿဒ္ဓိ စသည်တို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့၏ တည်ရာဖြစ်၍

http://www.dhammadownload.com



ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဘေးရန်များတည်း။ ထိုဩဘာသ စသည်ကို နှစ်သက် စွဲလမ်းနေမှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်း လမ်းမှန်မဟုတ်၊ လမ်းမှားဖြစ်သည့် "အမဂ္ဂ" တည်း၊ ထိုဩဘာသ စသည်တို့ကို ဂရုမစိုက်ဘဲ အားထုတ်မြဲဖြစ်သည့် ဝိပဿနာကို ဆက်လက်အားထုတ်ခြင်းသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်း "မဂ္ဂ" ဖြစ်၏။ ဤသို့ လမ်းမှန် – မမှန်ကို ထင်ရှားစွာ ခွဲခြားသိမြင်တတ်သည့် ဉာဏ်ကို "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" ဟုခေါ်သည်။

၆။ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**=မဂ်ဖိုလ်ရောက်ကြောင်း စင်ကြယ်သည့် ဉာဏ်အမြင်။ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းမှစ၍ အနုလောမဉာဏ်တိုင်အောင် ၉ ပါးသော ဉာဏ်စုကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟုခေါ်၏။

**ဥဒယဗ္ဗယဉာဏ်** = လမ်းမှန်နှင့်လမ်းမှားကို ပြတ်သားစွာ ပိုင်းခြားသိမြင်ပြီးသောအခါ ဥဒယဗ္ဗယဉာဏ်ထက်သန်လာအောင် တစ်ဖန် အားထုတ်ရ၏။ ထိုအခါ ရုပ် နာမ်၏ အဖြစ်အပျက် ၂ မျိုးလုံးကို ထင်ရှားစွာ မြင်ရ၏။

**ဘင်္ဂဉာဏ်** = ရုပ်နာမ်အဖြစ်အပျက်တို့ အလွန်ထင်ပေါ်လာသောအခါ ထိုအဖြစ်အပျက်တို့သည် အလွန်လျင်မြန်လှသဖြင့် အဖြစ်ကို အာရုံမပြုမိတော့ဘဲ အပျက်ကိုသာ ရှုမိလေ၏။ ရုပ်နာမ်တို့၏ အပျက်ကိုသာ မြင်သိသောဉာဏ်ကို ဘင်္ဂဉာဏ်ဟုခေါ်၏။ သင်္ခါရတရား ၁ ခု၏ ဘင်ကို အာရုံပြုသော ဘင်္ဂဉာဏ်၏ ဘင်ကို တစ်ဖန် နောက်ထပ် ဉာဏ် ၁ ခု က ဆက်၍ အာရုံပြုနိုင်သည့်အခါ ဘင်္ဂဉာဏ်အထွတ်အထိပ်သို့ ရောက်၏။

**ဘယဉာဏ်** = ရုပ်နာမ် သင်္ခါရတို့၌ အပျက်သဘောချည်းကိုသာ ဆက်တိုက်မြင်နေရသည့်အခါ ရုပ်နာမ်တို့ကို ကြောက်စရာ ဘေးအဖြစ် ထင်မြင်လာသော ဘယဉာဏ်ဖြစ်ပေါ်၏။

http://www.dhammadownload.com



**အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ** = ရုပ်နာမ် သင်္ခါရတို့ကို ကြောက်စရာဘေးအဖြစ် မြင်သိလာသည့်အခါ ထိုသင်္ခါရတို့၌ အပြစ်မြင်သော အာဒီနဝဉာဏ်လည်း ဖြစ်ပေါ်လာ၏။ အပြစ်မြင်လျှင် ထိုသင်္ခါရတို့၌ မပျော်ပိုက်နိုင်တော့ဘဲ ငြီးငွေ့သည့် နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်လာ၏။

ရုပ်၊ နာမ်၊ သင်္ခါရတို့၌ ငြီးငွေ့လာသည့်အခါ ပိုက်ကွန်တွင်းမှ ငါးသည် ပိုက်ကွန်တွင်းမှ လွတ်မြောက်လိုသကဲ့သို့၊ မြွေ၏ခံတွင်း၌ အဖမ်းခံနေရသော ဖားငယ်သည် ထိုမြွေခံတွင်းမှ လွတ်မြောက်လိုသကဲ့သို့ ယောဂီ၏ သန္တာန်၌ ထိုသင်္ခါရမှ လွတ်မြောက်လိုသော မုစ္စိတုကမျတာဉာဏ်လည်း ဖြစ်ပေါ်လာ၏။

**ပဋိသင်္ခါဉာဏ်** = ရုပ်၊ နာမ် သင်္ခါရမှ လွတ်မြောက်လိုသော ယောဂီသည် လွတ်မြောက်နိုင်ရေးအတွက် ရုပ်၊ နာမ်၊ သင်္ခါရတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတင်၍ တစ်ဖန်ရှုမှတ်ပြန်၏။

ဥပမာဆိုသော် ရေမြွေဟောက်တစ်ကောင်ကို ငါးအထင်ဖြင့် အုပ်ဖမ်းမိသော ယောကျ်ားသည် မြွေဆိုး၏ အမှတ်လက္ခဏာဖြစ်သည့် လည်ရေးသုံးရစ်ကို မြင်လေလျှင် ကြောက်ရွံ့ ရွံမုန်းသည်ဖြစ်လျက် မြွေကို အလျင်အမြန် လွှင့်ပစ်လို၏။ သို့သော် မြွေအကိုက်မခံရရန် မြွေပင်ပန်းသွားအောင် မြွေကို မိမိဦးခေါင်းအထက်သို့ ကိုင်မြောက်၍ သုံးလေးပတ်မျှ မွှေ့ယမ်းပြီးနောက်မှ အဝေးသို့ လွှင့်ပစ်လိုက်သကဲ့သို့တည်း။

**သင်္ခါရုပေက္ခာဉာဏ်** = ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရတို့ကို စွန့်လွှတ်နိုင်ပြီးသည့်နောက် သင်္ခါရတို့ကို ကြောက်စရာ ရွံမုန်းစရာအဖြစ် မရှုတော့ဘဲ လျစ်လျူရှုသည့် အနေဖြင့် ရှုမှတ်နိုင်လာ၏။ ပမာဆိုသော် ဖောက်ပြန်တတ်သော ဇနီးသည်အား ကွာရှင်းလိုက်သည့် ယောကျ်ားသည် ထိုဇနီးသည်ဟောင်းက တစ်ဖန် ဖောက်ပြန်သည်ကို မြင်ရလျှင်လည်း မိမိနှင့် မသက်ဆိုင်တော့သဖြင့် လျစ်လျူရှုနေနိုင်သကဲ့သို့တည်း။

.http://www.dhammadownload.com



ရုပ်၊ နာမ်တို့ကို သာယာနှစ်သက်ခြင်းလည်း မရှိ၊ ကြောက်ရွံ့ခြင်းလည်း မရှိဘဲ လျစ်လျူရှုသည့်အနေဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဆင်ခြင်တတ်သော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်ဟု ခေါ်၏။

**အနုလောမဉာဏ်** = သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့၌ လျစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုဖန်များလေသော် သင်္ခါရတို့ကို အာရုံမပြုလိုတော့ဘဲ သင်္ခါရမှ လွတ်ကင်းရာ နိဗ္ဗာန်သို့ စိတ်ညွတ်နေ၏။ ယောဂီ၏ စိတ်သည် နိဗ္ဗာန်ကို မမြင်သေးသမျှ သင်္ခါရကိုပင် အာရုံပြု၍ နိဗ္ဗာန်ကို ဆက်လက်ရှာဖွေနေ၏။ နိဗ္ဗာန်ကို မြင်လောက်သည့် အကြိမ်၌ကား ပရိကမ်၊ ဥပစာ၊ အနုလုံ ဟု အမည်ရကြသော အနုလောမဉာဏ် ဖြစ်ပေါ်လာပြီးနောက် ဂေါတြဘုဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် မဂ်ဖိုလ်ရောက်အောင် တိုးတက်သွားလေသည်။

ရှေးအခါက ပင်လယ်ခရီးသွားသည့် ရွက်လှေကြီးမှ ဒိသာကာကခေါ် ကျီးငှက်ကို လွှတ်လိုက်သောအခါ ကျီးငှက်သည် ကမ်းခြေကို မမြင်လျှင် ရွက်တိုင်ထိပ်သို့ ပြန်လာ၏။ ကမ်းခြေကိုတွေ့သည့်အခါ ပြန်မလာတော့ဘဲ ကမ်းအရောက်ပျံသွားလေ၏။ ဤဥပမာအားဖြင့် အနုလောမဉာဏ်ဖြစ်ပုံကို နှိုင်းယှဉ်အပ်၏။

ထို့ကြောင့် အနုလောမဉာဏ်သည် မဂ္ဂဝီထိ၌ ပါသော ပရိကမ်၊ ဥပစာ၊ အနုလုံတို့ပင်တည်း။ ဂေါတြဘုကား သင်္ခါရကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြုသောကြောင့် ဝိပဿနာဉာဏ်၌ မပါဝင်ချေ။ သို့သော် ဝိပဿနာဉာဏ်များ၏ အထွတ်အထိပ်နှင့်တူသောကြောင့် "ဝိပဿနာတွင် သွင်းယူရမည်" ဟုဆို၏။

**ဂေါတြဘုစိတ်** = ပုထုဇဉ်အနွယ်ကို လွှမ်းမိုးကျော်လွန်နိုင်သောစိတ်။ မဂ္ဂဝီထိ၌ ပါဝင်ကြသော ပရိကမ်၊ ဥပစာ၊ အနုလုံစိတ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာတစ်ပါးပါးကို အာရုံပြု၏။ ဂေါတြဘုစိတ်သည်ကား ရုပ်နာမ်သင်္ခါရကို အာရုံ မပြုဘဲ နိဗ္ဗာန်ကို အာရုံပြု၏။ ဂေါတြဘုသည် "မဂ်ရှေ့မှ နိဗ္ဗာန်ကို ညွှန်ပြတတ်

http://www.dhammadownload.com



သောကြောင့် မဂ်ဇောဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သည့် အာဝဇ္ဇန်းနှင့်တူ၏" ဟု မှတ်ချက်ချကြ၏။

၇။ **ဉာဏဒဿနဝိသုဒ္ဓိ** = မဂ်ဉာဏ်လေးပါး။ ဂေါတြဘုစိတ်ချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက် နိဗ္ဗာန်ကို အာရုံပြုလျက် မဂ်စိတ်ဖြစ်ပေါ်လာ၏။

ဆီမီးသည် မီးစာကို လောင်၊ အမှောင်ပယ်ခွင်း၊ အလင်းရောင်လွှမ်း၊ ဆီကုန်ခန်းစေမှု၊ ဤကိစ္စ ၄ ခုကို တစ်ပြိုင်တည်း ပြုနိုင်သကဲ့သို့ ထို့အတူ မဂ်တရားသည်လည်း ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စ ၄ ချက်ကို တစ်ပြိုင်နက်တည်း ပြီးစေနိုင်၏။

မဂ်စိတ်တစ်ကြိမ် ဖြစ်ပြီးနောက် မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်စိတ် ၂ ကြိမ်ဖြစ်၏။ တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်စိတ် ၃ ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်ကျ၏။

## မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ

"န်–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–" ဘဝင်–ဘဝင်

## တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ

" န်–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်– " ဘဝင်–ဘဝင်....

**ပစ္စဝေက္ခဏာဝီထိ** = မဂ္ဂဝီထိနောက် ဘဝင်ကျ၍ ဘဝင်အစဉ် ပြတ်သည့်အခါ (၁) မဂ်ကိုဆင်ခြင်သော ဝီထိ၊ (၂) ဖိုလ်ကိုဆင်ခြင်သော ဝီထိ၊ (၃) နိဗ္ဗာန်ကိုဆင်ခြင်သော ဝီထိ၊ (၄) ပယ်ပြီးသည့် ကိလေသာကို ဆင်ခြင်သော ဝီထိ၊ (၅) ကြွင်းကျန်သည့် ကိလေသာကို ဆင်ခြင်သော ဝီထိဟူ၍ ပစ္စဝေက္ခဏာဝီထိ ၅ မျိုးဖြစ်၏။

http://www.dhammadownload.com



**ဉာဏဒဿနဝိသုဒ္ဓိ** = သီလဝိသုဒ္ဓိမှစ၍အားထုတ်ခဲ့ရာတွင် မဂ်၏ရှေ့နားရှိ အနုလုံသို့ ရောက်လျှင် အောက်ဝိသုဒ္ဓိ ၆ ပါး ပြည့်စုံလေပြီ။ သောတာပတ္တိမဂ်၊သကဒါဂါမိမဂ်၊အနာဂါမိမဂ်နှင့် အရဟတ္တမဂ် ဟူ သော မဂ် ၄ ပါးသည် ကိလေသာမှ စင်ကြယ်၍ သစ္စာ ၄ ပါးကိုတိုက်ရိုက် သိတတ်သောကြောင့် "ဉာဏဒဿနဝိသုဒ္ဓိ" ဟုခေါ်၏။

# အရိယာပုဂ္ဂိုလ်များ

ပထမအကြိမ် မဂ်ဆိုက်ပြီးသော ပုဂ္ဂိုလ်ကိုသောတာပန်၊ ဒုတိယအကြိမ် မဂ်ဆိုက်ပြီးသော ပုဂ္ဂိုလ်ကို သကဒါဂါမ်၊ တတိယအကြိမ် မဂ်ဆိုက်ပြီးသော ပုဂ္ဂိုလ်ကို အနာဂါမ်၊ စတုတ္ထအကြိမ် မဂ်ဆိုက်ပြီးသော ပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်၏။

၁။ **သောတာပန်** = အရိယာမဂ်တည်းဟူသော ရေအလျဉ်သို့ ရောက်သူဟု အဓိပ္ပါယ်ရှိ၏။ အရိယာမဂ္ဂင်ရေအလျဉ်သို့ ရောက်ပြီးဖြစ်၍ ရှေ့တိုးလျှင် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာ သို့ ဝင်ဖို့ရာသာ ရှိတော့၏။

သောတာပတ္တိမဂ်သည် ကိလေသာ ၁၀ ပါးတွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းအကျန်မရှိ ပယ်၏။ ဥဒ္ဓစ္စမှ တစ်ပါး ကျန်ကိလေသာများကို အပါယဂါမနိယသတ္တိ (အပါယ် ကျရောက်ဖို့ရန် ရှန်းရင်း ကြမ်းတမ်းသောသတ္တိ)လောက်ကိုသာ ပယ်သေး၏။

အကုသိုလ်စိတ် ၁၂ ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ပါး၊ ပေါင်း ၅ ပါးကို အကြွင်းမရှိပယ်၏။ ဥဒ္ဓစ္စသည် အပါယ်မချနိုင်သဖြင့် ဥဒ္ဓစ္စသဟဂုတ်စိတ်ကို တို့ရုံမျှမတို့သေး။ ကြွင်းသော အကုသိုလ်စိတ် ၆ ပါးတို့၏ အပါယ်ချနိုင်သော အစွမ်းသတ္တိကိုကား ဖယ်ရှားလိုက်လေပြီ။

ထို့ကြောင့် သောတာပန်သည် အပါယ်ရောက်စေနိုင်သည့်အမှု

http://www.dhammadownload.com



များကို မပြုလုပ်တော့။ ကာမဘုံ၌ ၇ ကြိမ်ထက် လွန်၍လည်း ပဋိသန္ဓေ မနေတော့။ ဗြဟ္မာဘုံ၌ကား ၇ ကြိမ်ထက်ပို၍ ပဋိသန္ဓေနေနိုင်၏။ သောတာပန် ၃ မျိုးရှိ၏။

(၁) ကောဗီဇီသောတာပန် = ကာမဘုံ၌ ပဋိသန္ဓေမျိုးစေ့ တစ်ကြိမ်သာရှိသူ။

(၂) ကောလံကောလ သောတာပန် = ကာမဘုံ၌ ၂ ကြိမ်မှ ၆ ကြိမ်တိုင်အောင် အမျိုးကောင်း တစ်မျိုးမှ အမျိုးကောင်း တစ်မျိုးသို့ ပြောင်း၍ ပဋိသန္ဓေနေသူ။

(၃) သတ္တက္ခတ္တုပရမသောတာပန် = ကာမဘုံ၌ ၇ ကြိမ် ပဋိသန္ဓေ နေပြီးလျှင် ရဟန္တာဖြစ်သူ။

၂။ **သကဒါဂါမ်** = ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်။ သကဒါဂါမိမဂ်သည် သောတာပတ္တိမဂ် မပယ်နိုင်သော ကိလေသာများကို နည်းပါးအောင်သာ ပြုနိုင်၏။

၃။ **အနာဂါမ်** = ကာမဘုံ၌ ပဋိသန္ဓေထပ်မံနေခြင်းမရှိသော ပုဂ္ဂိုလ်။ အနာဂါမိမဂ်သည် ကာမရာဂခေါ် ကာမဂုဏ်ငါးပါး၌ တပ်မက်သော တဏှာနှင့် ဗျာပါဒခေါ် ဒေါသကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်၏။ ထို့ကြောင့် အနာဂါမ်သည် ကာမဂုဏ်ခံစားခြင်းမရှိ၊ ဒေါသ လည်း မထွက်တော့ပြီ။

၄။ **ရဟန္တာ** = ကိလေသာ အားလုံးမှ ဝေးကွာသော ပုဂ္ဂိုလ်။ အရဟတ္တမဂ်သည် အောက်မဂ်များ အကြွင်းမဲ့ မပယ်သတ်နိုင်သဖြင့် ကြွင်းကျန်ရစ်သည့် ကိလေသာ ၇ ပါးစလုံးကို ပယ်သတ်၏။ စိတ်အားဖြင့် ရေတွက်သော် ရူပရာဂနှင့် အရူပရာဂတို့ကို ပြု တတ်သည့် ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄ ပါးကို လည်းကောင်း၊ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို လည်းကောင်း အကြွင်းမဲ့ပယ်သတ်၏။

http://www.dhammadownload.com



သန့်ရှင်း၍ မြေဩဇာကြွယ်ဝသော လယ်မြေ၌ စိုက်ပျိုးကြဲချလိုက်သည့် မျိုးစေ့ဟူသမျှသည် သန်မာထွားကျိုင်းစွာ ပေါက်ပွားရှင်သန်လာကြပြီးလျှင် အသီးအပွင့်များစွာကို ဆောင်သကဲ့သို့ ထို့အတူ ကိလေသာအညစ်အကြေး ကင်းစင်သဖြင့် သန့်ရှင်းမြင့်မြတ်သော အဖြစ်သို့ ရောက်ပြီးသည့် ရဟန္တာအရှင်မြတ်သည် လှူဒါန်းပူဇော်သူတို့အား ကြီးကျယ်သည့် အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေ၏။ ထို့ကြောင့် ရဟန္တာသည် အလှူခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးအလှူခံ ဖြစ်တော်မူ၏။

## ဖလသမာပတ္တိဝီထိ

အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိပြီးသော မဂ်၏ အကျိုးဖြစ်သည့် ဖိုလ်ကို အလိုရှိသမျှ ခံစားနိုင်ကြ၏။ သောတာပန်သည် သောတာပတ္တိဖိုလ်ကို ဝင်စားနိုင်၏။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်ကို ဝင်စားနိုင်၏။ အနာဂါမ်သည် အနာဂါမိဖိုလ်ကို ဝင်စားနိုင်၏။ ရဟန္တာသည် အရဟတ္တဖိုလ်ကို ဝင်စားနိုင်၏။ ဖိုလ်စိတ်တစ်မျိုးတည်းက ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဖြစ်နေခြင်းကို ဖလသမာပတ် ဝင်စားသည်ဟု ခေါ်၏။

" မည်မျှကြာအောင် ဖိုလ်ဝင်စားမည် " ဟု မူလရည်မှန်းထားသည့် အချိန်သို့ ရောက်လျှင် ဖိုလ်စိတ်အစဉ်ရပ်၍ ဘဝင်စိတ်အစဉ် ဖြစ်ပေါ်လာ၏။ ထိုဖိုလ်စိတ်အစဉ် ရပ်စဲခြင်းကိုပင် ဖလသမာပတ်မှထခြင်းဟုခေါ်သည်။

## မန္ဒပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိ

" တီ–န–ဒ–မ–ပ–ဉ–နု–ဝေါ–ဖိုလ်–ဖိုလ်(များစွာ)–"
ဘွင်–ဘွင်

## တိက္ခပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိ

" တီ–န–ဒ–မ–ဉ–နု–ဝေါ–ဖိုလ်–ဖိုလ်(များစွာ)–"
ဘွင်–ဘွင်

http://www.dhammadownload.com



## နိရောဓသမာပတ်

သမာပတ် ၈ ပါး ဝင်စားနိုင်သော အနာဂါမ်များနှင့် ရဟန္တာများသာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြ၏။ နိရောဓသမာပတ်ကို ဝင်စားလိုသော် ရှေးဦးစွာ လောကီပထမဈာန်ကို ဝင်စားပြီးနောက် ထိုဈာန်မှထကာ ထိုဈာန်၌ ပါဝင်သော သင်္ခါရ(စိတ်စေတသိက်)တို့ကို အနိစ္စ-ဒုက္ခ-အနတ္တတင်၍ ဝိပဿနာ ရှုရ၏။ ထိုနည်းအတူ ဒုတိယဈာန်, တတိယဈာန် စသည်ဖြင့် အာကိဉ္စညာယတန ဈာန်အထိ အစဉ်အတိုင်း ဈာန်တစ်ခုစီကို ဝင်စားပြီးလျှင် ထိုဈာန်မှထကာ ထိုဈာန်၌ ပါသော သင်္ခါရတရားတို့ကို ဝိပဿနာရှုရ၏။

ထို့နောက် နေဝသညာနာသညာယတနဈာန်ကို မဝင်စားသေးဘဲ ပုဗ္ဗကိစ္စ ၄ ပါးကို ပြု၏။ ၄င်းနောက် နေဝသညာနာသညာယတနဈာန်ကို ဝင်စားရာ အပ္ပနာဇော ၂ ကြိမ်သာ ဖြစ်ပြီးနောက် စိတ်အစဉ်ပြတ်စဲလေ၏။ ထိုအခါ စေတသိက်များနှင့် စိတ္တဇရုပ်များလည်း ဖြစ်ခွင့်မရှိတော့ဘဲ ချုပ်ငြိမ်းနေကြ၏။ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်များကား ဆက်လက်ဖြစ်ပျက်နေကြ၏။

ထိုသို့ စိတ်စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ငြိမ်းနေခြင်းကိုပင် "နိရောဓသမာပတ်ဝင်စားသည်" ဟုဆို၏။

"ထမင်းအသက် ခုနစ်ရက်" ဟူသော စကားနှင့်အညီ လူ့ဘုံ၌ ၇ ရက်အထိသာ နိရောဓသမာပတ်ကို ဝင်စားနိုင်၏။ အစာမသုံးဆောင်ကြရသော ရူပဗြဟ္မာများမှာ ကြာရှည်စွာ ဝင်စားနိုင်ကြ၏။ အရူပဗြဟ္မာများကား ရူပဈာန်ကို မဝင်စားနိုင်ကြသဖြင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ကြချေ။

အဓိဋ္ဌာန်ခဲ့သည့် အချိန်စေ့ရောက်၍ စိတ်စေတသိက်တို့ ပြန်လည်ဖြစ်ပေါ်ခြင်းကို "နိရောဓသမာပတ်" မှ ထသည်ဟု ဆို၏။ ထိုအခါ အနာဂါမ်ပုဂ္ဂိုလ်၌ အနာဂါမိဖိုလ်စိတ် ၁ ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်၌ အရဟတ္တ

http://www.dhammadownload.com



ဖိုလ်စိတ် ၁ ကြိမ်ဖြစ်ပြီးနောက် ဘဝင်ကျပြီးလျှင် မိမိဖိုလ်ကို ပြန်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဖြစ်၏။

✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## စိတ်ပိုင်းဇယားချုပ်

| စိတ်အမည် | | အကုသိုလ် | ကုသိုလ် | ဝိပါက် | ကြိယာ |
|---|---|---|---|---|---|
| လောဘမူ | ၈ | ဒိဋ္ဌိသံ့ဒိဋ္ဌိဝိ ++++−−−− အသ | | | |
| ဒေါသမူ | ၂ | ပဋိဃသံ * * အသ | | | |
| မောဟမူစိတ် | ၂ | ဝိစိသံ့ဥဒ္ဓစ္စသံ | | | |
| အကုသလဝိပါက် | ၇ | | | စက္ခုသောတဃာနဇိဝှာကာယ သမ္ပဋိစ္ဆိုဏ်သန္တီရဏ | |
| အဟိတ်ကုသလဝိပါက် | ၈ | | | စက္ခုသောတဃာနဇိဝှာကာယ သမ္ပဋိစ္ဆိုဏ်သန္တီရဏ | |
| အဟိတ်ကြိယာ | ၃ | | | | ပဉ္စဒွါရ ဟသိတ မနောဒွါရ |
| မဟာကုသိုလ် | ၈ | | ဉာသံ့ဉာဝိ ++++−−−− အသံ | | |
| မဟာဝိပါက် | ၈ | | | ++++−−−− | |
| မဟာကြိယာ | ၈ | | | | ++++−−−− |
| ရူပါဝစရကုသိုလ် | ၅ | | ဝိတက်ဝိစာရပီတိသုခဧကဂ္ဂတာ ပ ဒု တ စ ပဉ္စ | | |
| ရူပါဝစရဝိပါက် | ၅ | | | ++++− | |
| ရူပါဝစရကြိယာ | ၅ | | | | ++++−ဘိ |
| အရူပါဝစရကုသိုလ် | ၄ | | အာကာသာအာကိ ဝိညာ နေဝ | | |
| အရူပါဝစရဝိပါက် | ၄ | | | −−−− | |
| အရူပါဝစရကြိယာ | ၄ | | | | −−−− |
| လောကုတ္တရာကုသိုလ် | ၄ | | သောတာ သကဒါ အနာ အရ ± ± ± ± | | |
| လောကုတ္တရာဝိပါက် | ၄ | | | ± ± ± ± | |
| သောတာပတ္တိမဂ် | ၅ | | ဝိတက်ဝိစာရပီတိသုခဧကဂ္ဂတာ ပ ဒု တ စ ပဉ္စ | | |
| သကဒါဂါမိမဂ် | ၅ | | ++++− | | |
| အနာဂါမိမဂ် | ၅ | | ++++− | | |
| အရဟတ္တမဂ် | ၅ | | ++++− | | |
| သောတာပတ္တိဖိုလ် | ၅ | | | ++++− | |
| သကဒါဂါမိဖိုလ် | ၅ | | | ++++− | |
| အနာဂါမိဖိုလ် | ၅ | | | ++++− | |
| အရဟတ္တဖိုလ် | ၅ | | | ++++− | |

**စိတ်ပေါင်း**

- အကုသိုလ်စိတ် - ၁၂
- အဟိတ်စိတ် ၁၈
- ကာမသောဘဏ ၂၄
- ရူပါဝစရစိတ် ၁၅
- အရူပါဝစရစိတ် ၁၂
- [မဂ်စိတ် - ၂၀]
- [ဖိုလ်စိတ် - ၂၀]
- အသောဘဏစိတ် - ၃၀ *
- မဟဂ္ဂုတ်စိတ် - ၂၇
- လောကုတ္တရာစိတ် - ၄၀
- ကာမာဝစရစိတ် - ၅၄
- (၆၇) ပါး
- စိတ် ၈
- လောကီစိတ် - ၈၁
- [သောဘဏစိတ် - ၅၉]
- [စိတ်ပေါင်း - ၈၉]

| | | | | | |
|---|---|---|---|---|---|
| စိတ်အကျဉ်း | ၁၂ | ၂၁ | ၃၆ | ၂၀ | ပေါင်း = ၈၉ |
| စိတ်အကျယ် | ၁၂ | ၃၇ | ၅၂ | ၂၀ | ပေါင်း = ၁၂၁ |

သင်္ကေတအမှတ်များ =
- \+ = သောမနဿသဟဂုတ်
- − = ဥပေက္ခာသဟဂုတ်
- * = ဒေါမနဿသဟဂုတ်
- ∧ = ဒုက္ခသဟဂုတ်
- ∨ = သုခသဟဂုတ်
- ± = သော - ဥအရော

http://www.dhammadownload.com



# စေတသိက်ပိုင်း - သမ္ပယောဂနည်း - ၁၆

| စေတသိက်များ | | ကာမစိတ် - ၅၄ : အကုသိုလ် ၁၂ | အဟိတ် - ၁၈ | ကာမသောဘဏ ၂၄ | မဟဂ္ဂုတ် ၂၇ | လောကုတ္တရာ ကျဉ်း / လောကုတ္တရာ ကျယ် | ယှဉ်စိတ် (ကျဉ်း) | ယှဉ်စိတ် (ကျယ်) | နည်း |
|---|---|---|---|---|---|---|---|---|---|
| ဖဿ, ဝေ, သဉ္ဉာ, စေ, ဧ, ဇီ, မန | သဗ္ဗစိတ္တ (၇) | ॥ | ॥ | ॥ | ॥ | ॥ | ၈၉ | ၁၂၁ | ၁ |
| ဝိတက် | ပကိဏ်း ၆ | ॥ | × ॥ | ॥ | ॥ × | ॥ × | | ၅၅ | ၁ |
| ဝိစာရ | | ॥ | × ॥ | ॥ | ॥ ॥ × | ॥ ॥ × | | ၆၆ | ၁ |
| အဓိမောက္ခ | | ॥ × ॥ | × ॥ | ॥ | ॥ | ॥ | ၇၈ | ၁၁၀ | ၁ |
| ဝီရိယ | | ॥ | × ॥ | ॥ | ॥ | ॥ | ၇၃ | ၁၀၅ | ၁ |
| ပီတိ | | သော ၄ × | × သော ၁ × ဟသိ ၁ | သော ၁၂ | ॥ ၉ × | ॥ ၂၄ × | | ၅၁ | ၁ |
| ဆန္ဒ | | ॥ × | × | ॥ | ॥ | ॥ | ၆၉ | ၁၀၁ | ၁ |
| မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ | မောစတုက် ၄ | ॥ | × | × | × | × | ၁၂ | | ၁ |
| လောဘ | လောဘတြိ ၃ | ॥ × | × | × | × | × | ၈ | | |
| ဒိဋ္ဌိ | | ဒိဋ္ဌိသံ ၄ × | × | × | × | × | ၄ | | ၁ |
| မာန | | ဒိဋ္ဌိဝိ ၄ × | × | × | × | × | ၄ | | |
| ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ | ဒေါစတုက် ၄ | × ॥ × | × | × | × | × | ၂ | | ၁ |
| ထိန, မိဒ္ဓ | ဒွိ | သသင်္ခါ ၅ × | × | × | × | × | ၅ | | ၁ |
| ဝိစိကိစ္ဆာ | ၁ | × ॥ × | × | × | × | × | ၁ | | ၁ |
| သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တ (ပဿဒ္ဓိ, လဟု, မုဒု, ကမ္မည, ပါဂုည, ဥဇု) ကာယ, စိတ္တ - ၂ ချက်ဆို | သောဘဏသာဓာရဏ ၁၉ | အသောဘဏ × | အသောဘဏ × | သောဘဏ ॥ | သောဘဏ ॥ | သောဘဏ ॥ | ၅၉ | ၉၁ | ၁ |
| သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ | ဝိရတိ ၃ | × | × | ရုံ သီး × | × | အမြဲတပေါင်း ॥ တည်း | ၁၆ | ၄၈ | ၁ |
| ကရုဏာ, မုဒိတာ | အပ္ပမညာ ၂ | × | × | ရုံ သီး × ရုံ သီး | ရုံ ॥ သီး × | × | ၂၈ | | ၁ |
| ပညိန္ဒြေ | ပညာ ၁ | × | × | ဉာဏယှဉ် ၁၂ | ॥ | ॥ | ၄၇ | ၇၉ | ၁ |

Right-hand column (by row groups): ပေါင်း (၇) · ပေါင်း (၆) · ပေါင်း (၅)

| ပေါင်း | | | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅၂ | ၁၉ / ၁၉ | ၂၀ | ၁၅ | ၁၅ | ၇ | ၁၁ | ၁၁ | ၁၀ | ၁၀ | ၃၈ | ၃၃ | ၃၅ | ၃၅ | ၃၄ | ၃၃ | ၃၂ | ၃၀ | ၃၆ | ၃၅ | ၃၄ | ၃၃ | ၃၃ | ပေါင်း | ၁ | ၆ |

| သင်္ဂဟနည်းလူပုံ | | | | | | |
|---|---|---|---|---|---|---|
| ၁၈ / ၁၈ | ၂၀ | ၁၀ | ၁၂ | ၃၇ | ၃၂ | ၃၄ |
| ၂၁ / ၂၁ | | | | ၃၇ | ၃၂ | ၃၄ |
| ၂၀ / ၂၀ | | | | ၃၆ | ၃၁ | ၃၃ |

| သင်္ဂဟနည်းပေါင်း | | | | | | |
|---|---|---|---|---|---|---|
| ၇ | ၄ | ၁၂ | ၅ | ၅ | ပေါင်း | ၃၃ |

http://www.dhammadownload.com



## ပကိဏ်းပိုင်း - ဟေတုသင်္ဂဟ

| ဟိတ်အမည် | အကု ၁၂: လောဘ၊ဒေါသမူ ၁၀ | အကု ၁၂: မောဟမူ ၂ | အဟိတ် ၁၈ | ကာမသောဘဏ ၂၄: ဉာဏ်သမ္ပယုတ် ၁၂ | ကာမသောဘဏ ၂၄: ဉာဏ်ဝိပ္ပယုတ် ၁၂ | မဟဂ် ၂၇ လောကုတ် ၈: မဟဂ္ဂုတ် ၂၇ | မဟဂ် ၂၇ လောကုတ် ၈: လောကုတ္တရာ ၈ | ပေါင်း | ဟိတ် |
|---|---|---|---|---|---|---|---|---|---|
| အဟိတ် | | | ။ | | | | | ၁၈ | × |
| ဧကဟိတ် | | ။ | | | | | | ၂ | မောဟ |
| ဒွိဟိတ် | ။ | | | | ။ | | | ၂၂ | လောဘမောဒေါသမော အလောဘအဒေါသ |
| တိဟိတ် | | | | ။ | | ။ | ။ | ၄၇ | အလောဘအဒေါသ အမောဟ |

| တိုက်စသည်ဖြင့်ခွဲပုံ | | | | | |
|---|---|---|---|---|---|
| တိုက် | ကု ၃ | အကု ၃ | အဗျာ ၃ | | ၉ |
| ဇာတ် | ကု ၃ | အကု ၃ | ဝိ ၃ | ကြိ ၃ | ၁၂ |
| ဘုံ | ကာမ ၆ | ရူ ၃ | အရူ ၃ | ကုတ် ၃ | ၁၅ |
| ပုဂ္ဂိုလ် | ပုထု ၆ | သော ၆ | ဒါ ၆ | နာ ၅ | ရဟာ ၃ | ၂၆ |

## ကိစ္စသင်္ဂဟ

| ကိစ္စအမည် ၁၄ / ဌာနအမည် ၁၀ | အကု ၁၂: အကုသိုလ် ၁၂ | အဟိတ်-၁၈: စက္ခုဒွေ | သောတဒွေ | ဃာနဒွေ | ဇိဝှာဒွေ | ကာယဒွေ | သမ္ပဋိစ္ဆိုန်းဒွေ | ဥ-သန္တီရဏ ၂ | သော-သန္တီရဏ ၁ | ပဉ္စဒွါရာဝဇ္ဇန်း ၁ | မနောဒွါရာဝဇ္ဇန်း ၁ | ဟသိတုပ္ပါဒ် ၁ | ကာမသောဘဏ ၂၄: မဟာကုသိုလ် ကြိ ၁၆ | မဟာဝိပါက် ၈ | မဟဂ် ၂၇: မဟဂ္ဂုတ်ကုသိုလ် ကြိ ၁၈ | မဟဂ္ဂုတ်ဝိပါက် ၉ | ကုတ် ၈: လောကုတ္တရာ ၈ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပဋိသန္ဓေ၊ဘဝင်၊စုတိ | | | | | | | | ။ | | | | | | ။ | | ။ | | ၁၉ |
| အာဝဇ္ဇန်း | | | | | | | | | | (။ | ။) | | | | | | | ၂ |
| (ဒဿန၊သဝန၊ဃာယန၊သာယန၊ဖုသန) | | ။ | ။ | ။ | ။ | ။ | | | | | | | | | | | | ၂ စီ |
| သမ္ပဋိစ္ဆိုန်း | | | | | | | ။ | | | | | | | | | | | ၂ |
| သန္တီရဏ | | | | | | | | (။ | ။) | | | | | | | | | ၃ |
| ဝုဋ္ဌော | | | | | | | | | | | ။ | | | | | | | ၁ |
| ဇော | ။ | | | | | | | | | | | ။ | ။ | | ။ | | ။ | ၅၅ |
| တဒါရုံ | | | | | | | | (။ | ။) | | | | | ။ | | | | ၁၁ |
| တကိစ္စစသည်တပ် | ၁ | ၁ | | | | | ၁ | ၅ | ၂ | ၁ | ၂ | ၁ | ၁ | ၄ | ၁ | ၃ | ၁ | |
| ကိစ္စတပ်စိတ်ပေါင်း | ၁၂ | ၁၀ | | | | | ၂ | ၂ | ၁ | ၁ | ၁ | ၁ | ၁၆ | ၈ | ၁၈ | ၉ | ၈ | |

| ကိစ္စ | စိတ် |
|---|---|
| ၁ | ၆၈ |
| ၂ | ၂ |
| ၃ | ၉ |
| ၄ | ၈ |
| ၅ | ၂ |

## ဒွါရသင်္ဂဟ

| ဒွါရအမည် | ပဉ္စဒွါရာဝဇ္ဇန်း ၁ | စက္ခုဝိညာဏ် ၂ | သောတဝိညာဏ် ၂ | ဃာနဝိညာဏ် ၂ | ဇိဝှာဝိညာဏ် ၂ | ကာယဝိညာဏ် ၂ | သမ္ပဋိစ္ဆိုန်း ၂ | သော-သန္တီရဏ ၁ | ဥ-သန္တီရဏ ၂ | ဝုဋ္ဌော ၁ | ကာမဇော ၂၉ | အပ္ပနာဇော ၂၆ | တဒါရုံ ၁၁ | မဟဂ္ဂုတ်ဝိပါက် ၉ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စက္ခု၊သောတ၊ဃာန၊ဇိဝှာ၊ကာယ (ရုပ်ပဉ္စဒွါရ) | ။ | ။ | ။ | ။ | ။ | ။ | ။ | (။ | ။) | ။ | ။ | | ။ | | ၄၆ စီ |
| မနောဒွါရ (နာမ်ဒွါရ) | | | | | | | | | | ။ | ။ | ။ | ။ | | ၆၇ |
| ဒွါရဝိမုတ် (ဒွါရမှလွတ်) | | | | | | | | | ။ | | | | ။ | ။ | ၁၉ |
| တဒွါရစသည်၌ဖြစ် | ၅ | ၁ | ၁ | ၁ | ၁ | ၁ | ၅ | ၆ မြဲ | ၆ ရံခါ | ၆ မြဲ | ၆ မြဲ | ၁ | ၆ ရံခါ | ၆ မြဲလွတ် | |
| ဒွါရ၌ဖြစ်သောစိတ်ပေါင်း | ၁ | ၁၀ | | | | | ၂ | ၁ | ၂ | ၁ | ၂၉ | ၂၆ | ၁၁ | ၉ | |

| ဒွါရ | စိတ် |
|---|---|
| ၁ | ၃၆ |
| ၅ | ၃ |
| ၆ မြဲ | ၃၁ |
| ၆ ရံခါ | ၁၀ |
| မြဲလွတ် | ၉ |

http://www.dhammadownload.com



## အာရမ္မဏ သင်္ဂဟ


| | အာရမ္မဏပစ္စည်း=အာရုံ | | | | | | ပစ္စယုပ္ပန်=အာရမ္မဏိက | စိတ်ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ပစ္စုပ္ပန်ရူပါရုံ / သဒ္ဒါရုံ / ဂန္ဓာရုံ / ။ ရသာရုံ / ဖောဋ္ဌဗ္ဗာရုံ | | | | | ပစ္စုပ္ပန် ပဉ္စာရုံ | စက္ခုဝိညာဏ် ၂/ သော ၂/ ဃာန ၂/ ဇိဝှာ ၂/ ကာယ ၂ | ၁၀ ဒသ | ကာမ ဧကန် ၂၅ |
| ၂ | ပစ္စုပ္ပန်အာရုံ ၅ ပါး | | | | | ပစ္စုပ္ပန် ပဉ္စာရုံ | မနောဓာတ် ၃ (ပဉ္စဒွါရာဝဇ္ဇန်း+သမ္ပဋိစ္ဆိုန်း ၂) | ၃ တိန် | |
| ၃ | ကာမစိတ် ၅၄ | စေတသိက် ၅၂ | ရုပ် ၂၈ | | | ကာမအာရုံ ၆ ပါး | တဒါရုံ ၁၁, ဟသိတုပ္ပါဒ် ၁ | ၁၂ ဒွါဒသ | |
| ၄ | လောကီစိတ် ၈၁ | စေတသိက် ၅၂ | ရုပ် ၂၈ | ပ ညတ် | | လောကီအာရုံ ၆ ပါး | အကုသိုလ် ၁၂, မဟာကု၊ကြိ ဉာဏဝိပ္ပယုတ် ၈ | ၂၀ ဝီသ | ကာမ မဟဂ္ဂုတ် ပညတ် |
| ၅ | အရဟတ္တမဂ်ဖိုလ်ကြဉ်စိတ် ၈၇ | စေတသိက် ၅၂ [ကာလ | ရုပ် ၂၈ ၃ ပါး] | ပညတ် [ကာလ | နိဗ္ဗာန် ဝိမုတ်] | အရဟတ္တမဂ် ဖိုလ်ကြဉ် အာရုံ ၆ ပါး | မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄ ရူပကုသိုလ် အဘိညာဏ် ၁ | ၅ ပဉ္စ | အနေကန် / နိဗ္ဗာန် အနေကန် ၁၁ |
| ၆ | စိတ် ၈၉ | စေတသိက် ၅၂ [ကာလ | ရုပ် ၂၈ ၃ ပါး] | ပညတ် [ကာလ | နိဗ္ဗာန် ဝိမုတ်] | အလုံးစုံသော အာရုံ ၆ ပါး | မဟာကြိယာ ဉာဏသမ္ပယုတ် ၄ ကြိယာအဘိညာဏ် ၁, မနောဒွါရာဝဇ္ဇန်း ၁ | ၆ ဆ | |
| ၇ | ကသိုဏ်း ၁၀ | အသုဘ ၁၀ | ကာယဂတာသတိ ၁ | အာနာပါန သတိ ၁ | ဗြဟ္မဝိဟာရ ၄ | ပညတ်အာရုံ [ဓမ္မာရုံ] ၂၆ | အဘိညာဏ် ဖွဲ့ကြဉ် ရူပါဝစရစိတ် ၁၅ | ၂၁ | ပညတ် ဧကန် ၂၁ |
| ၈ | ကောင်းကင် ပညတ် နတ္ထိဘော ပညတ် | | | | | ပညတ်အာရုံ [ဓမ္မာရုံ] | အာကာသာနဉ္စာယတန ၃ အာကိဉ္စညာယတန ၃ | ဧကဝီသတိ | |
| ၉ | အာကာသာနဉ္စာယတန ကု၊ကြိ အာကိဉ္စညာယတန ကု၊ကြိ | | | | | ဓမ္မာရုံ | ဝိညာဏဉ္စာယတနစိတ် ၃ နေဝသညာနာသညာယတနစိတ် ၃ | ၆ ဆ | မဟဂ္ဂုတ် ဧကန် ၆ |
| ၁၀ | နိဗ္ဗာန် | | | | | ဓမ္မာရုံ | လောကုတ္တရာ စိတ် ၈ | ၈ အဋ္ဌ | နိဗ္ဗာန်ဧကန် ၈ |
| | ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ် ၁ ပါးပါး | | | | | အာရုံ ၆ ပါး | ပဋိသန္ဓေ-ဘဝင်-စုတိ ၁၉ စိ | ၁၉ | |

## ဝတ္ထုသင်္ဂဟ

| | အကု ၁၂ | | | အဟိတ် ၁၈ | | | | | | | | | ကာမသောဘဏ ၂၄ | | | ရူပ ၁၅ | အရူပ ၁၂ | | | လောကုတ် ၈ | | ဘုံဝတ္ထု ဝိညာဏဓာတ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝတ္ထုစေတသိက် | ၈ လောဘမူ | ၂ ဒေါသမူ | ၂ မောဟမူ | ၂ စက္ခုဝိညာဏ် | ၂ သောတ | ၂ ဃာန | ၂ ဇိဝှာ | ၂ ကာယ | ၃ မနောဓာတ် | ၁ မနောဒွါရာဝဇ္ဇန | ၃ သန္တီရဏ | ၁ ဟသိတုပ္ပါဒ | ၈ မဟာကုသိုလ် | ၈ မဟာဝိပါက် | ၈ မဟာကြိယာ | ၁၅ ရူပါဝစရ | ၄ အရူပကုသိုလ် | ၄ အရူပဝိပါက် | ၄ အရူပကြိယာ | ၁ သောတာပတ္တိမဂ် | ၇ အသေသ | ပေါင်း | ဓာတ် - ဝတ္ထု | ၇ ကာမ | ၈ ရူပ | ၄ အရူပ |
| စက္ခု၊သော၊ဃာ၊ဇိ၊ကာ | | | | ॥ | ॥ | ॥ | ॥ | ॥ | | | | | | | | | | | | | | ၁၀ | | ၆ | ၃ | x |
| ဟဒယအမြဲ | | ॥ | | | | | | | ॥ | | ॥ | ॥ | | ॥ | | ॥ | | | | ॥ | | ၃၃ | ၄၃ | ၇ | ၄ | ၁ |
| ဟဒယ ရံခါ | ॥ | | ॥ | | | | | | | ॥ | | | ॥ | | ॥ | | ॥ | | ॥ | | ॥ | ၄၂ | ၄၂ | | | |
| ဝတ္ထုရုပ် မမှီ | | | | | | | | | | | | | | | | | | ॥ | | | | ၄ | ၄ | | | |

http://www.dhammadownload.com





http://www.dhammadownload.com



## ဘုံပိုင်း – ကံအကျိုးပုံ

| ကံဖလပေး | စိတ်စေတနာ | | ပဋိသန္ဓေကာလ | ပဝတ္တိကာလ | ဘုံ | | အကုသိုလ် ၈ ဖြေ | အကုသိုလ်ကြွင်း | ၈ ဖြေ ကုသိုလ် | ကုသိုလ်ကြွင်း | ၄ ဖြေ | ၄ ဖြေ | ရူပါဝစရ ဝိပါက် | အရူပါဝစရ ဝိပါက် | ဝိပါက်စိတ်ပေါင်း | ပဋိသန္ဓေ အမည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အကုသိုလ်ကံ | ဥဒ္ဓစ္စကြဉ်အကုသိုလ်စေတနာ | ၁၁ | ॥ | | အပါယ် | ၄ | ॥ | | | | | | | | ၁ | အပါယ် |
| | အကုသိုလ်စေတနာ | ၁၂ | | ॥ | ကာမ | ၁၁ | ॥ | ॥ | | | | | | | ၇ | ဒုဂ္ဂတိအဟိတ် |
| | | | | | အသညကြဉ် ရူပ | ၁၅ | ယာဒိကြဉ် ၄ | | | | | | | | ၄ | |
| ကာမာဝစရကုသိုလ်ကံ | မဟာကုသိုလ် ဉာဏ်ဝိပ္ပယုတ်ဩမကကံ | ၄ | ॥ | | လူ့စတုမဟာ | ၂ | | | ॥ | | | | | | ၁ | ကာမသုဂတိအဟိတ် |
| | | | | ॥ | ကာမ | ၁၁ | | | ॥ | ॥ | | | | | ၈ | |
| | | | | | ရူပ | ၁၅ | | | ယာဒိကြဉ် | | | | | | ၅ | |
| | မဟာကုသိုလ် ဉာဏ်ဝိပ္ပယုတ် ဥက္ကဋ္ဌကံ | ၄ | ॥ | | ကာမသုဂတိ | ၇ | | | | | ॥ | | | | ၄ | ကာမသုဂတိဒွိဟိတ် |
| | မဟာကုသိုလ်ဉာဏ်သံ တိဟိတ်ဩမကကံ | ၄ | | ॥ | ကာမသုဂ | ၇ | | | ॥ | ॥ | ॥ | | | | ၁၂ | |
| | | | | | အပါယ် | ၄ | | | ॥ | | | | | | ၈ | |
| | | | | | ရူပ | ၁၅ | | | ယာဒိကြဉ် | | | | | | ၅ | |
| | မဟာကုသိုလ် ဉာဏ်သံ တိဟိတ်ဥက္ကဋ္ဌကံ | ၄ | ॥ | | ကာမသုဂ | ၇ | | | | | | ॥ | | | ၄ | ကာမသုဂတိတိဟိတ် |
| | | | | ॥ | ကာမသုဂ | ၇ | | | ॥ | ॥ | | ॥ | | | ၁၆ | ကာမသုဂတိ ပဋိသန္ဓေ ↑ |
| | | | | | အပါယ် | ၄ | | | ॥ | | | | | | ၈ | |
| | | | | | ရူပ | ၁၅ | | | ယာဒိကြဉ် | | | | | | ၅ | |
| ရူပါဝစရကုသိုလ်ကံ | ရူပပဌမဈာန်ကုသိုလ်ကံ | ပရိတ္တ | ॥ | | ဗြဟ္မပါရိသဇ္ဇာ | | | | | | | | ပဌမဈာန်ဝိပါက် | | ၁ | ရူပပဋိသန္ဓေ ၆ ပါး (အသညသတ် ၁) |
| | | မဇ္ဈိမ | ॥ | | ဗြဟ္မပုရောဟိတာ | | | | | | | | ॥ | | | |
| | | ပဏီတ | ॥ | | မဟာဗြဟ္မာ | | | | | | | | ॥ | | | |
| | ဒုဈာန်ကုသိုလ်ကံ တဈာန်ကုသိုလ်ကံ | ပရိတ္တ | ॥ | | ပရိတ္တာဘာ | | | | | | | | ဒုဈာန်ဝိ တ | | ၂ | |
| | | မဇ္ဈိမ | ॥ | | အပ္ပမာဏာဘာ | | | | | | | | ॥ | | | |
| | | ပဏီတ | ॥ | | အာဘဿရာ | | | | | | | | ॥ | | | |
| | စတုဈာန်ကုသိုလ်ကံ | ပရိတ္တ | ॥ | | ပရိတ္တသုဘာ | | | | | | | | စတုဈာန်ဝိ | | ၁ | |
| | | မဇ္ဈိမ | ॥ | | အပ္ပမာဏသုဘာ | | | | | | | | ॥ | | | |
| | | ပဏီတ | ॥ | | သုဘကိဏှာ | | | | | | | | ॥ | | | |
| | ပဉ္စမဈာန် ကုသိုလ်ကံ | သာမည | ॥ | | ဝေဟပ္ဖိုလ် | | | | | | | | ပဉ္စမဈာန်ဝိ | | ၁ + ရုပ် | |
| | | သညာဝိရာဂ | ॥ | | အသညသတ် | | | | | | | | ဇီဝိတနဝကရုပ် | | | |
| | | အနာဂါမ် | ॥ | | သုဒ္ဓါဝါသ ၅ | | | | | | | | ပဉ္စမဈာန်ဝိ | | | |
| အရူပါဝစရကုသိုလ်ကံ | အာကာသာနဉ္စာယတန | ၁ | ॥ | | အာကာသာနဉ္စာ | | | | | | | | | အာကာသာဝိ | ၁ | အရူပပဋိသန္ဓေ ၄ ပါး |
| | ဝိညာဏဉ္စာယတန | ၁ | ॥ | | ဝိညာဏဉ္စာယတန | | | | | | | | | ဝိညာဏဉ္စာဝိ | ၁ | |
| | အာကိဉ္စညာယတန | ၁ | ॥ | | အာကိဉ္စညာ | | | | | | | | | အာကိဉ္စညာဝိ | ၁ | |
| | နေဝသညာနာသညာ | ၁ | ॥ | | နေဝသညာနာ | | | | | | | | | နေဝသညာဝိ | ၁ | |

## ရုပ်ပိုင်း – စိတ် ၇၅ ပါးတို့ဆောင်ရွက်သည့်ကိစ္စများ

| ရုပ်ဖြစ်ကြောင်းနှင့်အခြားကိစ္စ ဆောင်ရွက်ကြသောစိတ် | | ရုပ်ဖြစ်သည် | ဣရိယာပုထ် ထောက်ပံ့နိုင်ရေ | ဝိညတ် ၂ ပါး | ပုထုဇဉ် ပြုံးရယ် | သေက္ခ ပြုံးရယ် | ဘုရား ရဟန္တာပြုံး | ငိုယိုငြီး တွားကြ | ဘာကိုမျှ မဖြစ်စေ | ပေါင်း ကိစ္စတာဝ |
|---|---|---|---|---|---|---|---|---|---|---|
| မနောဓာတ်၃၊ တဒါရုံ၁၁၊ ရူပဝိ ၅ | ၁၉ | ॥ | | | | | | | | ၁ |
| အဘိညာဉ်ကြဉ်အပ္ပနာဇော | ၂၆ | ॥ | ॥ | | | | | | | ၂ |
| မနောဒွါ ၁၊ ကာမဇော ၂၉၊ အဘိ ၂ | ၃၂ | ॥ | ॥ | ॥ | | | | | | ၃ |
| လောဘမူသော ၄၊ မဟာကုသော ၄ | ၈ | ॥ | ॥ | ॥ | ॥ | | | | | ၄ |
| လောဘမူဒိဋ္ဌိဝိ သော ၂၊ မဟာကုသော ၄ | ၆ | ॥ | ॥ | ॥ | | ॥ | | | | ၄ |
| ဟသိတုပ္ပါဒ်၊ မဟာကြိသော ၄ | ၅ | ॥ | ॥ | ॥ | | | ॥ | | | ၄ |
| ဒေါသမူ | ၂ | ॥ | ॥ | ॥ | | | | ॥ | | ၄ |
| ဒွေပဉ္စ ၁၀၊ အရူပဝိ ၄၊ စုတိ ရဟန္တာ၏ စုတိ | ၁၄ | | | | | | | | ॥ | × |
| ရုပ်စသည်ကိစ္စဖြစ်စေနိုင်သောစိတ်ပေါင်း | ၇၅ | ၇၅ | ၅၈ | ၁၂ | ၈ | ၆ | ၅ | ၂ | ၁၄ | ၁၉၈ |

http://www.dhammadownload.com



# ရုပ်ပိုင်း

## နိပ္ဖန္နရုပ်,သဘာဝ,သလက္ခဏ,ရူပ,သမ္မသနရုပ် | အနိပ္ဖန္နရုပ် | ဝေဖန်ချက်

| ရုပ်ပေါင်း | မဟာဘုတ် ၄ | ပသာဒရုပ် ၅ | ဂေါစရရုပ် ၄\|၇\| | ဘာဝ ၂ | ဟဒယ ၁ | ဇီဝိတ ၁ | အာဟာရ ၁ | ပရိစ္ဆေဒ ၁ | ဝိကာရ-၅ (ဝိညတ် ၂, ဝိကာရ ၃) | လက္ခဏ ၄ | ဥပ+သန္တ=ဇာတိ ၁ ခုယူ \|ပ,တေ,ဝ\|=ဖောဋ္ဌဗ္ဗ ၁ ယူ |
|---|---|---|---|---|---|---|---|---|---|---|---|
| ရုပ်အမည် | ပထဝီ, အာပေါ, တေဇော, ဝါယော | စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ | ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ | ဣတ္ထိဘာဝ, ပုရိသဘာဝ | ဟဒယဝတ္ထု | ဇီဝိတ | ကဗဠီကာရာဟာရ | အာကာသဓာတ် | ကာယဝိညတ်, ဝစီဝိညတ်, လဟုတာ, မုဒုတာ, ကမ္မညတာ | ဇာတိ {ဥပစယ, သန္တတိ}, ဇရတာ, အနိစ္စတာ | |

### ဝေဖန်ချက်

| ဖော်ပြပါရုပ်ပေါင်း | အမည် | | ကျန် |
|---|---|---|---|
| ၄ | မဟာဘုတ် | ၂၄ | ဥပါဒါရုပ် |
| ၅ | အဇ္ဈတ္တိက ဂေါစရဂ္ဂါဟိက | ၂၃ | ဗာဟိရ အဂေါစရဂ္ဂါဟိ |
| ၆ | ဝတ္ထုရုပ် | ၂၂ | အဝတ္ထု |
| ၇ | ဒွါရရုပ် | ၂၁ | အဒွါရ |
| ၈ | ဣန္ဒြိယရုပ် | ၂၀ | အနိန္ဒြိယ |
| ၁၂ | ဩဠာရိက သန္တိက သပ္ပဋိဃ | ၁၆ | သုခုမ ဒူရ အပ္ပဋိဃ |
| ၂ | အသမ္ပတ္တ ဂါဟက | ၂၃ | အဂါဟက |
| ၃ | သမ္ပတ္တ ဂါဟက | | |
| ၈ | အဝိနိဗ္ဘောဂ | ၂၀ | ဝိနိဗ္ဘောဂ |
| ၁ | သနိဒဿန | ၂၇ | အနိဒဿန |

ရုပ်ဖြစ်ကြောင်း: ကံ,စိတ်,ဥတု,အာဟာရ | ကမ္မဇကောင်း | ၄ | စိတ်-ဥတု | ၄ | ကမ္မဇ ဇကောင်း | ၄ | ၄ | စိတ္တဇ ဇကောင်း | စိတ်ဥတု အာဟာရ | စတုဇ်ရုပ်

ကမ္မဇ=ကောင်း ၉+အနေကဇ် ၉
စိတ္တဇ=ကောင်း ၂+အနေကဇ် ၁၃
ဥတုဇ= — +အနေကဇ် ၁၃
အာဟာရဇ= — +အနေကဇ် ၁၂

ရုပ်ကလာပ် ၂၁ ပေါင်း:


- ကမ္မဇကလာပ် ၉: အဝိနိဗ္ဘောဂ-၈ ...
- စိတ္တဇကလာပ် ၆: အဝိနိဗ္ဘောဂ-၈ ...
- ဥတုဇကလာပ် ၄: အဝိနိဗ္ဘောဂ-၈ ...
- အာဟာရဇ ၂: အဝိနိဗ္ဘောဂ-၈ ...
- ၂၁

| | |
|---|---|
| ၉ | ဇီဝိတနဝကကလာပ် |
| ၁၀ | စက္ခုဒသကာဒိ-၈ |
| ၈ | သုဒ္ဓဋ္ဌက ကလာပ် |
| ၉ | ကာယဝိညတ္တိနဝက |
| ၁၀ | ဝစီဝိညတ္တိသဒ္ဒ ဒသက |
| ၁၁ | လဟုတာဒိ ဧကာဒသက |
| ၁၂ | ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ် |
| ၁၃ | ဝစီဝိညတ္တိ သဒ္ဒ လဟုတာ ဒိတေရသက ကလာပ် |
| ၈ | သုဒ္ဓဋ္ဌက ကလာပ် |
| ၉ | သဒ္ဒနဝက ကလာပ် |
| ၁၁ | လဟုတာဒိ ဧကာဒသက ကလာပ် |
| ၁၂ | သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် |
| ၈ | သုဒ္ဓဋ္ဌက ကလာပ် |
| ၁၁ | လဟုတာဒိ ဧကာဒသက ကလာပ် |
| | ပေါင်း ၂၁ စည်း |

မှတ်ချက်။ မဟာအဋ္ဌကထာနည်းဖြင့်|၁|သဒ္ဒနဝကကလာပ်|၂|သဒ္ဒ လဟုတာဒိဒွါဒသကကလာပ်ဟု စိတ္တဇကလာပ် ၂ စုတိုး၏။

http://www.dhammadownload.com


## ▫ စက္ခုဒွါရ၌ အတိမဟန္တာရုံ ဝီထိဖြစ်ပုံ ▫




စိတ်ပြင်းအား = စိတ် လှုပ်ရှားမှု ကိုသာ ဆိုလိုသည်

t = 0 ၌ အာရုံ၊ စက္ခုပသာဒ နှင့် အတီတဘဝင်တို့ ပြိုင်ဖြစ်ကြ၏၊ t = 17 ၌ စိတ် ၁၇-လုံးဖြစ်ပျက်ပြီးဖြစ်၍ အာရုံနှင့် စက္ခုပသာဒတို့ ချုပ်ငြိမ်းကြ၏။ ဝီထိပြီးဆုံးပြီး ဘဝင်ကျ၏။

## ▫ ရုပ်ပိုင်း ▫ အကြောင်းလေးပါးကြောင့် ရုပ်ဖြစ်ပျက်ပုံ ▫




| | | ရုပ်ဖြစ်ပုံ | ရုပ်ပျက်ပုံ (စုတိ) |
|---|---|---|---|
| စိတ်အစဉ် | | | |
| ကမ္မဇရုပ် | | ပဋိသန္ဓေ စိတ်ဥပါဒ် မှစ၍ ခဏမစဲ ဖြစ်၏ | စုတိစိတ်အထက် ၁၇-ချက်မြောက်စိတ်ဥပါဒ်ထိ [စုတိချိန် အကုန်ချုပ်] |
| စိတ္တဇရုပ် | | ပထမဘဝင်ဥပါဒ်မှစ၍ စိတ်ဥပါဒ်တိုင်းဖြစ်၏ | စုတိစိတ် ဥပါဒ်ထိဖြစ် [စုတိချိန်ခဏငယ် ၄၈-ကျန်] |
| ဥတုဇရုပ် | | ပဋိသန္ဓေ စိတ် ဌီမှစ၍ ခဏမစဲ ဖြစ်၏ | အရိုးဆွေးသည့်တိုင် ဆက်လက်ဖြစ်ပျက်၏ |
| အာဟာရဇရုပ် | ဗဟိဒ္ဓ ဩဇာ —ပါစက တေဇော→ ချေးနှင့်ပြန့် —အဇ္ဈတ္တ ဩဇာ→ အာဟာရဇရုပ် | မဟိဒ္ဓဩဇာ + အဇ္ဈတ္တဩဇာ ပေါင်းပြီး ဌီမှစ၍ ခဏမစဲဖြစ် | စုတိစိတ်၏ ဘင်တိုင်ဖြစ်၊ [စုတိချိန်ခဏငယ် ၅၀-ကျန်] |

http://www.dhammadownload.com

http://www.dhammadownload.com

# နိဂုံး

စိတ္တေန နီယတိ လောကော။

စိတ်သည် ကမ္ဘာလောကကို လွှမ်းမိုး၏။

မှန်ပေသည်။ လူတစ်ဦးစိကို လွှမ်းမိုး၍ လူတစ်ဦးစီ၏ ကြီးပွား တိုးတက်ရေးကို ဦးဆောင်ပေးနေသည့်အရာမှာ လူ၏စိတ်ပင်ဖြစ်သည်။

စိတ်က ဦးဆောင် လမ်းညွှန်ပေးသည့်အတိုင်း ဘဝလမ်းကြောင်း ကို ကပြရေးဆွဲနေရခြင်းဖြစ်ရာ စိတ်က အကောင်းဆုံး ဦးတည်ချက်ကို သိနားလည်ပါမှ အကောင်းဆုံး ဘဝလမ်းခရီးကို ဖော်ဆောင်နိုင်ကြမည် ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာသည် ဘဝဇာတ်ကြောင်းကိုအနုစိတ်ကာ အတွင်း ပရမတ်သားဆိုက်အောင် ခွဲခြမ်းစိတ်ဖြာ ပြထားပြီးလျှင် အကောင်းဆုံး ဘဝဦးတည်ချက်ကိုလည်း ပြတ်ပြတ်သားသား ညွှန်ပြထားပေ၏။

ဗုဒ္ဓအဘိဓမ္မာကို နားလည်သဘောပေါက်သူသည် အကောင်း ဆုံး ဘဝလမ်းကြောင်းကို ဖော်ဆောင်ရန် အဆင်သင့်ဖြစ်ပါလေပြီ။

ဗုဒ္ဓအဘိဓမ္မာသည် မှန်ကန်သော အတွေးသစ် အမြင်သစ်ကို မြင်သိလာစေပြီးလျှင် အကျိုးရှိဆုံးဘဝကို ကူညီဖော်ဆောင်ပေးမည်မှာ ယုံမှားဖွယ်ရာ မရှိချေ။

ထို့ကြောင့်ဗုဒ္ဓအဘိဓမ္မာကိုသိနားလည်အောင်ကြိုးစားဆောင်

http://www.dhammadownload.com



ရှက်ကြရပေမည်။

"ဖတ်ဖန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း" ဆိုသည့်အတိုင်း ထပ်ခါဖန်ဖန် လေ့လာသူအား အဘိဓမ္မာသဘောတရားသည် အနေးနှင့်အမြန် ထင်ရှားပေါ်လွင်လာမည်သာတည်း။

အဖိုးတန်ဆုံး ဘဝပညာကို လူတိုင်း တတ်သိနားလည်၍ အကောင်းဆုံး ဘဝကို လူတိုင်း ဖော်ဆောင်နိုင်ကြပါစေသတည်း။

- ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းစေသော်။
- ဗုဒ္ဓဟောကြားမြတ်တရားရှည်လျားကာလတည်စေသော်။
- ဗုဒ္ဓအဘိဓမ္မာ မြတ်ကွန်ချာ ကမ္ဘာလွှမ်း၍ တင့်စေသော်။
- ကမ္ဘာငြိမ်းချမ်း နိဗ္ဗူနန်း တက်လှမ်းနိုင်ကြပါစေသော်။

သာဓု.....သာဓု..... သာဓု....

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအပေါင်းတွင် တရားအလှူသည် အမြတ်ဆုံး ဖြစ်၏။
အမြတ်ဆုံးတရားတော်ဖြစ်သည့် ဗုဒ္ဓအဘိဓမ္မာကို ဓမ္မဒါန
အဖြစ် ဖြန့်ချိကြပါလော့။

http://www.dhammadownload.com

# " အဖိုးတန်ဆုံးဘာဝပညာ " ကို ဆက်လှေလာပါ

ဤ "ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်" ကိုအတော်အတန် အကျယ်ချဲ့၍ ဖွင့်ဆိုရေးသားထားသော–

ဒေါက်တာ မင်းတင်မွန်၏ " အဖိုးတန်ဆုံး ဘာဝပညာတက္ကသိုလ် အဘိဓမ္မာ " အတွဲ(၁)၊ (၂)၊ (၃) ပေါင်းချုပ်ကို ဆက်လက်လှေလာပါ။

အတွဲ(၁) – စိတ်၊ စေတသိက်၊ ပကိဏ်း
အစိုးရအဘိဓမ္မာ(ရိုးရိုးတန်း) စာမေးပွဲ ပထမဆင့် အတွက်။

အတွဲ(၂) – ဝိထိ၊ ဘုံ၊ ရုပ်
အစိုးရအဘိဓမ္မာ(ရိုးရိုးတန်း)စာမေးပွဲဒုတိယဆင့် အတွက်။

အတွဲ(၃) – သမုစ္စည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်း
အစိုးရအဘိဓမ္မာ(ရိုးရိုးတန်း)စာမေးပွဲ တတိယ ဆင့် အတွက်။

အသိလွယ်သည်၊ အမြင်ရှင်းသည်၊ အကောင်းဆုံး အဘိဓမ္မာ စာအုပ်ဟု ချီးမွမ်းကြသည်။

သာသနာရေးဦးစီးဌာန အဘိဓမ္မာစာမေးပွဲ မေးခွန်းဟောင်းများ ကိုပါ ဖော်ပြထားသည်။

သာသနာရေးဦးစီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် အမြို့မြို့အနယ်နယ်တွင် စာဖြေဌာနများ ဖွင့်ကာ နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပပေးသော အဘိဓမ္မာ(ရိုးရိုးတန်း)စာမေးပွဲကို ဝင်ရောက်ဖြေဆို ကြပါ။

http://www.dhammadownload.com

# ကျမ်းကိုးစာရင်း


၁။ အရှင်ဇနကာဘိဝံသ၏ " အခြေပြုသင်္ဂြိုဟ် " သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၁ ခုနှစ်။

၂။ သေက္ခတောင် အရှင်တိလောက၏ "အဘိဓမ္မတ္ထသင်္ဂြိုဟ်ပဒီပနီ" ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၉ ခုနှစ်။

၃။ မူလပဌာန်းဆရာတော် ဦးနာရဒ၏ " သင်္ဂြိုဟ် ၉ ပိုင်း သရုပ်ခွဲ ဇယားများ"၊ စကြာဝဠာပုံနှိပ်တိုက်၊ ၁၃၁၅ခုနှစ်။

၄။ အရှင် ဇနကာဘိဝံသ၏ " သင်္ဂြိုဟ်ဘာသာဋီကာ "၊ ဆဋ္ဌမ အကြိမ်၊ သုဓမ္မဝတီပုံနှိပ်တိုက်။

၅။ မေဓာဝီဆရာဆိုင် ပြန်ဆိုသော "ဋီကာကျော်မြန်မာပြန်" ပ-ဒု-တတွဲ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၅ ခုနှစ်။

၆။ သာသနာရေး ဦးစီးဌာန ကျမ်းပြု ဌာနစု၏ " ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် "၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။

၇။ ဆရာဦးကျော်ထွတ်၏ " ဝိုင်အမ်ဘီအေ အဘိဓမ္မာ " သာသနာ ရေး ဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၀ ခုနှစ်။

၈။ လယ်တီဆရာတော်ဘုရားကြီး၏ " ပရမတ္ထသံခိပ်ကျမ်း " သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၀ ခုနှစ်။

၉။ Narada Maha Thera "A Manual of Abhidhamma" 4th Revised Ed. Colomlbo 1979.

http://www.dhammadownload.com

# ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

ဤဓမ္မရတနာစာအုပ်များကို ဖတ်ရှုလေ့လာလျှင်
ကြီးကျယ်သော ဓမ္မသဝနကုသိုလ်နှင့်
ကောင်းကျိုးချမ်းသာ မင်္ဂလာအပြာပြာကို ရရှိမည်ဖြစ်သည်။

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။

၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်ပုံစောင့်ရှောက်မလဲ။

၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့် အမြတ်ဆုံး ရတနာ ဖြစ်သလဲ။

၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျ ဘူး။

၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာပြန်ရိုက်ရသော စာအုပ်။

၆။ **ဘဝ လမ်းနှစ်သွယ်** – သုဂတိ အလင်းလမ်းနှင့် အပါယ်ဒုဂ္ဂတိလမ်း ဘယ်လိုလှမ်း?

၇။ **ဘဝ ချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံး ချမ်းသာ တွေက ဘာလဲ ။

၈။ **ဖားအောက်တောရဆိတ်ဆက်** – ဗုဒ္ဓအလိုတော်ကျ သမထဝိပဿနာ ရှုနည်းက ?

၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာ ရေးခြားကြဖို့။

၁၀။ **မေတ္တာနှင့် သစ္စာ သရုပ်ဖော်** – အလှဆုံးတရားနှင့် အမြတ်ဆုံး တရားတို့ကို လက်တွေ့ကျင့်ဖို့။

http://www.dhammadownload.com

၁၁။ **မေတ္တာနှင့်သစ္စာအဖွင့်** – တစ်လောကလုံးကို အလှဖုံးစေ, မြင့်မြတ်စေသော တရားနှစ်ပါး။

၁၂။ **တော်ကူးဝိပဿနာဂုဏ်ထူးဆောင်** – ထူးဆန်းစွာ ရောဂါပျောက်ခြင်းများ။

၁၃။ **ဆေးမကုဘဲ ငြိမ်းအေးနည်း** – ကျန်းမာချမ်းသာစွာ နေနိုင်သည့် တရားရှုနည်း။

၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အကျိုးကြီးအောင် ဘယ်လိုလှူဒါန်းရမလဲ။

၁၅။ **မြတ်သီလ** – အလှဆုံးတန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်စာရိတ္တ၊ လိုတိုင်းရစေ။

၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း ဘာဝနာရှုနည်းများ။

၁၇။ **ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာ သိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲ လက်စွဲ။

၁၈။ **ဘဝရည်မှန်းချက်နှင့်ဘဝလမ်းစဉ်** – The Aim and Way of Life.

၁၉။ **ဗုဒ္ဓဘာသာစာရိတ္တနှင့် ကျင့်ဝတ်များ** – Buddhist Ethics and Duties.

၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.

၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.

၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of The Buddha.

၂၃။ **တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား** – တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။

http://www.dhammadownload.com

၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျအထောက်အထားများ** – အတိတ်ဘဝတွေကို ဘယ်လိုသိနိုင်သလဲ။

၂၅။ **အမြတ်ဆုံးပန်းတိုင် နေကိုပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော တရားရှုနည်း။

၂၆။ **တက္ကသိုလ် အဘိဓမ္မာပေါင်းချုပ်** – ဗုဒ္ဓဒဿန အဘိဓမ္မာကိုအရှင်းဆုံး တင်ပြထားသည့် စာအုပ်။
စာသင်သားများအား အဘိဓမ္မာအထောက်အကူပြု။

၂၇။ **The Essence of Buddha - Abhidhamma** – ဗုဒ္ဓအဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။

၂၈။ **Good English** – အင်္ဂလိပ်စာကို ထာတ်အောင် တော်အောင်သင်ပြမယ့် စာအုပ်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသားလက်စွဲ။

၂၉။ **ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ** (အိတ်ဆောင်) – မူ–လယ်–ထက် စာရိတ္တပညာ လက်စွဲ။

၃၀။ **တော်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှု ရယူနည်း။

၃၁။ **ဖားအောက်တောရ မိတ်ဆက်** (အိတ်ဆောင်) – သမာဓိ ပြည့်မီအောင် ထူထောင်၍ ပရမတ်တရားများကို မြင်အောင် ဝိပဿနာရှုနည်း။

၃၂။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချကြီးပွားတိုးတက်မည်။

၃၃။ **အဘိဓမ္မာမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး** – သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး။

http://www.dhammadownload.com

၃၄။ သောက, ဒေါသ, အတ္တ ဘဝအခက်အခဲဟူသမျှ ကျော်လွှားအံ့– How to Live without Fear and Worry (I).

၃၄။ ပျော်ရွှင်အောင်မြင်သော နေထိုင်နည်း – How to Live without Fear and Worry (II).

၃၅။ ခေတ်အမြင်နှင့်သိမှတ်စရာ ဗုဒ္ဓဘာသာအကျဉ်း – Buddhism in Nutshell.

၃၆။ အမြတ်ဆုံးပန်းတိုင် ကောန်ပိုင် (ဒုတိယတွဲ)– ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော ဝိပဿနာရှုနည်း။

၃၇။ ဗုဒ္ဓစကားတော် – The Word of the Buddha.

တရားကို ပေးလှူခြင်းသည် အမြတ်ဆုံးအလှူဖြစ်သည်။
တရားအရသာသည် အမွန်မြတ်ဆုံး အရသာ ဖြစ်သည်။
တရားနှင့် မွေ့လျော်ခြင်းသည် အကောင်းဆုံးမွေ့လျော်ခြင်းဖြစ်သည်။
တရားကို သိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံး ချမ်းသာကို ရယူနိုင်ကြပါစေ။

မြမွန်ရတနာ စာပေဖြန့်ချိရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
အုံမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com